www.burmeseclassic.com

BURMESE CLASSIC .com

ချမ်းမြေ့ရတနာစာအုပ်တိုက်



www.burmeseclassic.com

ချမ်းမြေ့ရတနာ စာအုပ်တိုက်
တ – ၆/၈၇၊ ၆၅ လမ်းနှင့် ငုပြာလမ်းထောင့်
ချမ်းမြသာစည်မြို့နယ်၊ မန္တလေး။
✆ ၀၂ – ၈၀၂၈၂

www.burmeseclassic.com

## ပြည်သူ့သဘောထား

★ ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး

★ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး

★ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

★ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။

★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။

★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။

★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက် သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

★ ဈေးကွက်စီးပွားရေးစံနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။

★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။

★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

www.burmeseclassic.com

# ဆံရစ်ဝိုင်း

## ဝတ္ထုတို များ

## ခင်ခင်ထူး

ချမ်းမြေ့ရတနာ

ဖြန့်ချိရေး
**Echo Media**
အမှတ် ၁၅၈၊ ၁၆၈၊ အခန်း ၁၇
ပထမထပ်
မဟာဗန္ဓုလပန်းခြံလမ်း (အလယ်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၁-၂၅၄၂၅၂
wintiger @ mptmail.net.mm

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၁၁၈၇ / ၂၀၀၃ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၁၁၈၁/၂၀၀၃ (၁၀)

■

စီစဉ်ထုတ်လုပ်သူ
လှပိုင်

■

ပထမအကြိမ် – အုပ်ရေ (၁၀၀၀)
အောက်တိုဘာလ၊၂၀၀၃

မျက်နှာဖုံး နှင့် အတွင်းသရုပ်ဖော်
မြင့်မောင်ကျော်

ကွန်ပျူတာစာစီ
m&a

စာအုပ်ချုပ်
ကိုမြင့်

■

ဦးခင်မောင်သိန်း၊ သလ္လာဝတီစာပေ
၂၄၀၅ – ဓေယျသုခလမ်း၊ သုဝဏ္ဏက ထုတ်ဝေ၏
ဒေါ်ခင်အေးမြင့် (ရာပြည့်အော့ဖ်ဆက် – ၀၅၉၀၁)
အမှတ် ၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံးနှင့် အတွင်းစာသားများကို ပုံနှိပ်သည်။

တန်ဖိုး – ၈၀၀ ကျပ်

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ဘအို | ၇ |
| ၂။ | သမီးကလေး | ၁၉ |
| ၃။ | ရင်မှာပိုက်ပါလို့ | ၃၅ |
| ၄။ | လယ်ကြားလမ်းကလေး | ၄၉ |
| ၅။ | စက္ကူမြင်းသား | ၆၁ |
| ၆။ | နွားတစ်ကောင် | ၇၃ |
| ၇။ | ရုပ်သေးရုပ်ကလေး | ၈၇ |
| ၈။ | သရက်ပင်ကလေး | ၁၀၁ |
| ၉။ | တိမ်သေ | ၁၁၃ |
| ၁၀။ | အိုးလှေ | ၁၂၉ |
| ၁၁။ | နီဂရိုး | ၁၄၇ |
| ၁၂။ | ပိုလိုကားချပ်များ | ၁၆၁ |
| ၁၃။ | လွန်ကြိုး | ၁၈၁ |
| ၁၄။ | ဖွတ်ဘောလ်တေလာ | ၁၉၉ |
| ၁၅။ | လမ်းလျှောက်တုတ်ကလေး | ၂၁၃ |
| ၁၆။ | ချလံ | ၂၃၁ |
| ၁၇။ | မဂေါက်စံသရက် | ၂၄၉ |

www.burmeseclassic.com

# ကျွန်မရဲ့ဆရစ်ဝိုင်း

ကျွန်မသည် ၁၉၉၃ ခုနှစ်မှစ၍ ဝတ္ထုတိုများကို ရေးဖွဲ့ခဲ့ပါသည်။ ၂၀၀၃ ခုနှစ်မှာ စာရေးသက် ၁၀ နှစ်ပြည့်ပြီ။ ဖြတ်သန်းခဲ့ရသော ယင်း ၁၀ နှစ်တာ ကာလအတွင်းတွင် ကျွန်မရေးဖွဲ့ခဲ့သော ဝတ္ထုတိုအပုဒ်ပေါင်း ၅၀ ကျော်ရှိခဲ့ပြီ။

၁၉၉၉ ခုနှစ်တွင် ကျွန်မ၏ ပထမဆုံး ဝတ္ထုတိုပေါင်းချုပ် 'သနပ်ခါးပွင့် ဝတ္ထုတိုများ' ကို အားမာန်သစ်စာပေ ဦးညိုမှိုင်းက ထုတ်ဝေခဲ့ပါသည်။ ၂၀၀၂ ခုနှစ် ရွှေအမြုတေမဂ္ဂဇင်း အယ်ဒီတာချုပ် ဆရာဦးဝင်းငြိမ်းမှ ရွှေအမြုတေ မဂ္ဂဇင်းတွင်ပါသော ကျွန်မ၏ ဝတ္ထုတိုများကို စုစည်း၍ ဝတ္ထုတိုပေါင်းချုပ် ထုတ်ဝေရန် စီစဉ်ခဲ့ပါသည်။ ထိုစာအုပ်မှာ ကျွန်မ၏ ဒုတိယမြောက် ဝတ္ထုတို ပေါင်းချုပ်ဖြစ်ပြီး 'ဖက်စိမ်းကွမ်းတောင် ရွှေဝတ္ထုတိုများ' ဟု ကျွန်မ အမည်ပေး ခဲ့ပါသည်။

ကျွန်မ၏ ဝတ္ထုတိုပေါင်းချုပ် စာအုပ်အမည်များမှာ စာအုပ်ထဲတွင်ပါသော ဝတ္ထုတစ်ပုဒ်ကို ကိုယ်စားပြု အမည်မှည့်ခေါ်ခဲ့ခြင်း မဟုတ်ဘဲ ဝတ္ထုတိုများ အားလုံးကို စုစည်းသိမ်းကျုံး၍ ကျွန်မနှစ်သက်သော မြန်မာမှုနယ်ပယ်မှ ကျေးလက်ကို ထင်ဟပ်သော အမည်တစ်ခုခုကို တပ်ခဲ့ခြင်းသာ ဖြစ်သည်။ ယခု ကျွန်မ၏ တတိယမြောက် ဝတ္ထုတိုပေါင်းချုပ်စာအုပ်ကို ချမ်းမြေ့ရတနာ စာပေမှ ဆရာဦးလှပိုင်က ထုတ်ဝေဖြစ်ခဲ့ရာတွင်လည်း ကျွန်မ နှစ်သက်သော

www.burmeseclassic.com

မြန်မာမှုနယ်ပယ်မှ ကျေးလက်ဆန်သော အမည်တစ်ခုကို ရွေးချယ် အမည်ပေးဖို့ ခံစားမှု ရှိလာခဲ့ပြန်ပါသည်။ သည်ဝတ္ထုတိုပေါင်းချုပ် အမည်ကိုတော့ ကျွန်မက 'ဆံရစ်ဝိုင်း ဝတ္ထုတိုများ' ဟုအမည်ပေးလိုက်ပါသည်။

ဆံရစ်ဝိုင်းဆိုသည်မှာ အားလုံးသိကြသည့်အတိုင်း ရှေးက မြန်မာ လုံမငယ်တို့ ဆင်ယင်ထုံးဖွဲ့လေ့ရှိခဲ့ကြသော ဆံပင်ပုံစံတစ်မျိုးကို ခေါ်ခြင်း ဖြစ်သည်။ နဖူးဆံစမှ ဦးခေါင်းပတ်ပတ်လည် စက်ဝိုင်းသဏ္ဍာန် ရစ်ထားသော ဆံပင်များကို အောက်သို့ အတန်းလိုက်ချတာကချ၊ အပေါ်သို့ စုထုံးဖို့ လှန်တင်တာက တင်ထားရသည်။ ကြားတွင် ဆံပင်ပန်းကုန်းကြောင်းကလေး ပေါ်နေတတ်သည်။ ပန်းကုံးညီမှ လှသည်။ ဆံရစ်ဝိုင်းပုံစံမှာ အရိုးရှင်းဆုံးနှင့် အကြော့ရှင်းဆုံးဖြစ်ပြီး ကလေးဆန်ခြင်းကို ပြသည့်သဘောလည်းဖြစ်သည်။ အသက် လေးငါးနှစ်သမီး အရွယ် ဆံပင်စထားပြီဆိုကတည်းက ဆံရစ်ဝိုင်းပုံကို စတင်ထားတတ်ကြသည်မှာ ရှေးမြန်မာတို့ဓလေ့ပဲ ဖြစ်သည်။ ဆယ်ကျော်သက်အရွယ်ရောက်လျှင်တော့ ဆံပင်ကို အုပ်လုံးသိမ်းပြီး ဆံထုံး၊ ဆံတောက် စသဖြင့် အလှအပ အဆင် တန်ဆာတွေစိတ်ကြိုက်ပြုပြင်ကြတော့သည်။

ကျွန်မငယ်ငယ်က ရွာမှာနေခဲ့ရ၍ ရွာက မိကြီးဖကြီးများ၏ ဆန္ဒအရ နားပန်းဆံကလေး တစ်ဘက်တစ်ချက် ချထားခဲ့ရတာကို သတိရမိပါသည်။ ချိုစောင်းတစ်ဘက်တစ်ချက် ဆံစရှည်ရှည်ချကာ ပန်းစည်းကြိုးကလေးနှင့် ချည်ထားရသည့် ဆံစုဖားလျားကလေး ဖြစ်သည်။ အဘတို့က နောက်ချေးခံ ရုပ်ကလေးနဲ့ တူလိုက်တာဟု ပြောတတ်ပါသည်။ ကျွန်မသူငယ်ချင်း မြပုတို့ မြစုတို့ကတော့ နားပန်းဆံမဟုတ်ဘဲ ကြာကွက်ကလေးများနှင့် ဖြစ်သည်။ ကျွန်မ အရွယ်ကလေးရောက်လာတော့ ဘူးပွင့်ကလေးလို ငိုက်ကျနေသည့် ကြက်တောင်စည်းကလေး ထုံးခဲ့ရသည်။ နဖူးစပ်အထိ ဆံပင်ကို ကိုက်ချ ထားပြီး အတိုချထားသည့် ဆံရစ်ဝိုင်းကလေးကို ကြက်တောင်စည်းကြသူတွေ

လည်း ရှိသည်။ ကျွန်မဆံပင်တွေ သန်လာသည့်အခါမှာတော့ ဆံရစ်ဝိုင်းပီပီ ကလေး ထုံးနိုင်လာခဲ့သည်။

ကျွန်မငယ်ငယ်က ဆံရစ်ဝိုင်းကလေးနှင့် အတော်ကြာကြာ နေခဲ့ရဖူးသည်။ ဆံရစ်ဝိုင်းထားလျှင် ငါ့မြေးကို တစ်လ တစ်ကျပ် မုန့်ဖိုးပေးမည်ဟု ဆိုခဲ့သော အဘကြောင့် ဖြစ်သည်။ ကျွန်မချစ်သော အဘ (မေမေ့၏အဖေ) က ကျွန်မကို ရွာမှာ ဆံရစ်ဝိုင်းကလေး ညှပ်ပေးလိုက်တိုင်း မြို့ကျောင်းကိုရောက်လျှင် ကျွန်မ ငို ကြွေးရမြဲ ဖြစ်သည်။ မြို့ကျောင်းမှ သူ ငယ်ချင်းတွေက ကျွန်မကို ပြောင်ကြ လှောင်ကြသဖြင့် ကျွန်မ ရှက်၍ ငိုမိခဲ့ခြင်းပဲဖြစ်၏။ ကျွန်မက ငိုလျှင် မေမေက ဆံရစ်ဝိုင်းကလေးကိုဖျက်၍ မြို့က သူငယ်ချင်းတွေလို ဘိုကေပါးကလေး ပြန်ညှပ် ပေးတတ်သည်။ နွေကျောင်းပိတ်ရက် ရွာပြန်လျှင်တော့ အဘက ကျွန်မကိုဆီးပြီး ဆံရစ်ဝိုင်းပြန်ညှပ်ပေးပြန်သည်။ ကျောင်းဖွင့်ချိန် မြို့ပြန်ရောက်၍သူငယ်ချင်းများ က ပြောင်ကြလျှင် ကျွန်မ ငိုရမြဲ ဖြစ်၏။ မေမေကလည်း ဘိုကေပါး ပြန်ညှပ် ပေးရစမြဲဖြစ်၏။ သို့သော် ရွာသို့ ရောက်တိုင်း ကျွန်မမှာ ဆံရစ်ဝိုင်း ပြန်ဖြစ်ရစမြဲ ဖြစ်ပါသည်။ ဘိုကေနှင့်ဆံရစ်ဝိုင်းတစ်ကျော့စီ။

ဤသို့ဖြင့် ငယ်ဘဝတစ်လျှောက်လုံး ကျွန်မဦးခေါင်းပေါ်က ဆံရစ်ဝိုင်း ကလေးမှာ ငုတ်ချည်ပေါ်ချည်ဖြင့် စခန်းသွားခဲ့ရပါသည်။ ယခုအချိန်တွင် သည်အကြောင်းအရာကို ပြန်တွေးမိတိုင်း ကျွန်မရင်မှာ လွမ်းလွမ်းဆွတ်ဆွတ် ခံစားနေရတတ်ပါသည်။ ရှေးဆန်သော၊ မြန်မာပီသသော၊ ကျေးလက်စရိုက်ကို မြတ်နိုးခုံမင်သော အဘကို ကျွန်မ ပိုပြီး လေးစားတန်ဖိုးထားလာမိသလို ဆံရစ်ဝိုင်းကလေးဘဝကို ပိုပြီး နှမြောတသ ရှိခဲ့ရပါသည်။ သည်အချိန်မှာ ကျွန်မ၏ ကလေးဘဝတွေ ပြန်မရနိုင်တော့သလို ကျွန်မဦးခေါင်းပေါ်မှာ ဆံရစ် ဝိုင်းကလေး တင်ထားဖို့ မဖြစ်နိုင်တော့ပြီ။ ဒါကြောင့်လည်း ဆံရစ်ဝိုင်းကို ကျွန်မ ပိုပြီးမြတ်နိုး တန်ဖိုးထားမိလေသလား မပြောတတ်ပါ။

ချမ်းမြေ့ရတနာ

www.burmeseclassic.com

ကျွန်မရင်ထဲတွင် သည်ခံစားချက်ကလေး စီးဝင်လာခဲ့ပြီး ကျွန်မ၏ ဝတ္ထုတိုပေါင်းချုပ်ကို 'ဆံရစ်ဝိုင်း ဝတ္ထုတိုများ' ဟု အမည်ပေးလိုက်ရပါသည်။ ကျွန်မ၏ ဝတ္ထုတိုရေးသက် ၁၀ နှစ်အတွင်း ဝတ္ထုတိုကလေးများသည် တကယ်တော့ ဆံရစ်ဝိုင်းထားစ အရွယ်ကလေးပဲဟု ကျွန်မ တင်စားလိုက်ခြင်းလည်း ဖြစ်ပါသည်။ ကျွန်မ ဝတ္ထုတိုကလေးများသည် အုပ်လုံးမသိမ်းရသေးပါ။ တစ်ပတ်လျှိုဆံထုံး၊ နှစ်ပတ်လျှိုဆံထုံး မထုံးရသေးပါ။ ထိုမှတစ်ဆင့် လှပခံ့ညားသော ဘီးကျော့ပတ်ဆံထုံး၊ ပျားအုံပုံ ဘီပိုက်ဆံထုံး၊ ဗျာပါဆံ ဆံထုံးများ ထုံးဖို့အထိ အလှမ်းမမီသေးပါ။

ယခုအခါတွင် မြန်မာဆန်သော ဆံရစ်ဝိုင်း ဆံပင်ပုံစံကို ကျေးလက်တောရွာများ၌ ရှားရှားပါးပါးသာ တွေ့မြင်နိုင်ပါသည်။ ကျွန်မ၏ဝတ္ထုတို တော်တော်များများသည်လည်း အညာကျေးလက် ခံစားမှုကို အခြေခံရေးဖွဲ့သော ဝတ္ထုတိုများသာ ဖြစ်သည်။ ဒါကြောင့်လည်း ကျွန်မ၏ ဝတ္ထုတိုပေါင်းချုပ်ကို 'ဆံရစ်ဝိုင်း ဝတ္ထုတိုများ' ဟု အမည်ပေးလိုက်ရခြင်းကို နားလည်ပေးကြလိမ့်မည်ဟု ကျွန်မ ယုံကြည်မိပါသည်။

သည်ဝတ္ထုတိုပေါင်းချုပ်ကလေးအတွက် ကျေးဇူးစကားကို ကျွန်မ ဆိုချင်ပါသေးသည်။ ဝတ္ထုတိုများကို စုစည်း ထုတ်ဝေဖြစ်ဖို့ စီစဉ် တွန်းအားပေးခဲ့သော ချမ်းမြေ့ရတနာစာပေမှ ဆရာဦးလှပိုင်၊ ဝတ္ထုတိုများကို စိစစ်ရွေးချယ် ဖော်ပြပေးခဲ့ကြသော မဂ္ဂဇင်းအယ်ဒီတာများနှင့်တကွ စာဖတ် ပရိသတ်အားလုံးကို ကျွန်မ လေးစားစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**ခင်ခင်ထူး**

၂၀၀၃ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်

www.burmeseclassic.com



ခင်ခင်ထူး
ဘစို

# ဘအို

(၁)

ကျွန်မတို့အိမ်ရဲ့အရှေ့မျက်နှာစာ ဇောင်းအောက်မှာ ကွပ်ပျစ်တစ်ချပ် ခင်းထားတယ်။ အုန်းပင်နှစ်ပင်ရဲ့အလက်တွေက ဇောင်းပေါ်မှာ ဖြာကျနေတာမို့စိမ်းမြကြည်လင်တဲ့နေရာလေးပါ။ အဲဒီကွပ်ပျစ်ပေါ်မှာ ဖျင်တဘက်ကြီးခေါင်းပေါင်းပြီး တင်ပျဉ်ခွေထိုင်နေတတ်တဲ့ 'ဘ' ကို အမြဲလိုလို တွေ့ရတတ်ပါတယ်။

'ဘ' ဟာဥပဓိရုပ် အလွန်ကောင်းတဲ့မြန်မာအဘိုးကြီးတစ်ယောက်ပါ။ ကော့ပျံနေတဲ့မျက်ခုံးမွေး ဖြူဖြူကြီးနှစ်သွယ်ဟာ မျက်ခွံထက်မှ ထင်းခနဲမြင်ရတယ်။ အသက်အရွယ် အိုမင်းလာပေမယ့်အသားအရေက ဝင်းဝါနေသလို နှုတ်ခမ်းထူပြည့်ပြည့်ဟာလည်း ရဲစိုနေဆဲပါ။ နှုတ်ခမ်းမွေး၊ ပါးသိုင်းမွေးမထားတဲ့ ဘရဲ့မျက်နှာပြင်ဟာ ပကတိ ရှင်းသန့်နေတယ်။ ထောင်ထောင်မောင်းမောင်းနဲ့ကျန်းမာဖျတ်လတ်တဲ့ဘဟာ အလွန်စိတ်အားထက်သန်တတ်သူ တစ်ယောက်လည်းဖြစ်ပါတယ်။

'ဘ' ဟာ မာနကြီးပြီး ဆွေဂုဏ်မျိုးဂုဏ်ကို အလွန်ယူတတ်သူပါ။ ကျွန်မတို့မြေးတွေကို မကြာခဏ ပြောလေ့ရှိတဲ့ ဘရဲ့စကားကတော့–

"ဘတို့အမျိုးတွေဟာ ဘယ်တုန်းမှ အောက်တန်းမကျဘူး။ အစဉ်အဆက် ရွာကို အုပ်ချုပ်ခဲ့ကြသူတွေ သူကြီးမျိုးတွေပေါ့ကွာ။ မဟုတ်မခံ

သတ္တိရှိတဲ့အမျိုး၊ သူများက လက်တစ်လုံးကြောသွားရင် ထမင်းတောင် မစားနိုင်တဲ့အမျိုး"

'ဘ' ဟာ စိတ်ထက်တယ်။ အကင်းပါးတယ်။ မှတ်ဉာဏ်ကောင်းပြီး စကားအရာလည်း ကြွယ်တယ်။ တစ်ချိန်တုန်း က ရွာမှာ ဘဟာ မင်္ဂလာ စကားပြော အလွန်နာမည်ရခဲ့ဆိုပဲ။

'ဘ' မင်္ဂလာစကားပြောကောင်းတာကို ကျွန်မတို့ မကြားမမီ လိုက်ရပေမယ့် မြေးတွေကို ပုံပြင်၊ ဇာတ်၊ နိပါတ်တော်တွေ ပြောပြတဲ့ နေရာမှာတော့ သိပ်ကောင်းတယ်။ ဘ နားမှာဝိုင်းပြီး ကျွန်မတို့က ဘကို အမြဲပုံပြောခိုင်းတာပေါ့။ ဘရဲ့ပုံပြင်တွေကို စိတ်ဝင်တစား နားထောင်ရင်း စားဖို့၊ အိပ်ဖို့ကိုတောင် သတိမရဘူး။ အဲသလို ပြောပြတိုင်း ဘက နောက်ဆုံးမှာ သွေးသောက်ကြီးမျိုးဆိုသူတွေနဲ့နိဂုံးသတ်လေ့ရှိပါတယ်။

"မြင်းခြံမြောက်လက်နယ်မှာ သွေးသောက်ကြီးဆိုတာ နှယ်နှယ်ရရ မဟုတ်ဘူးကွ။ လက်မောင်းသွေးကို ဖောက်သောက်ပြီး ဘုရင့်သစ္စာတော် ခံခဲ့တဲ့ မင်းတို့ရဲ့ဘိုး သွေးသောက်ကြီးဆိုတဲ့ နာမည်နဲ့ ဆယ့်နှစ်ရွာ အုပ်ချုပ်ခဲ့တာပေါ့"

ကျွန်မတို့က ဘိုးကို မမီ၊ ဘကိုမီသူတွေလေ။ ကျွန်မတို့မီတဲ့ ဘတောင် ဒီလောက်မာန်ရှိတာ ဘိုးဆိုရင် ဆိုတဲ့ စိတ်ကူးနဲ့မှန်းဆကြည့် ကြတယ်။ ကျွန်မတို့ မသိလိုက်ရတဲ့ ဘရဲ့ညီတော် နောင်တော်တွေ အကြောင်း ပြောပြတိုင်း ကျွန်မတို့တအံ့တသြ ဖြစ်ခဲ့ရတယ်။

ဘဟာ သူ့မျိုးရိုးနဲ့ပတ်သက်ပြီး ကြိဖန်ဂုဏ်ယူတတ်သလို ကျွန်မတို့ မောင်နှမတစ်တွေကိုလည်း ဂုဏ်ယူတတ်ဖို့စည်းရုံးခဲ့တယ်။ ကျွန်မတို့ဟာ ဘရဲ့အမျိုးမာန်တွေကြားမှာ ကြီးပြင်းခဲ့ရသူတွေပေါ့လေ။

(၂)

လက်ဦးဆရာ၊ မည်ထိုက်စွ၊ ပုပ္ပစရိယ မိနှင့်ဖလို့ဆိုထားပေမယ့် ကျွန်မတို့မောင်နှမခြောက်ယောက်စလုံးအတွက်တော့ ဘက လက်ဦးဆရာ လို့ပြောရမှာပါ။

ငယ်စဉ်ကလေးဘဝကို မှတ်မိစ အရွယ်ကတည်းက ဘရဲ့ဆုံးမ စကား၊ သွန်သင်လမ်းပြမှုများနဲ့အတူနေထိုင်ခဲ့တယ်။ ဘရဲ့အမူအကျင့် စဉ်းစားတွေးခေါ်ဉာဏ်တို့ဟာ ကျွန်မတို့အတွက် အလွန်အတုယူစရာ ကောင်းပါတယ်။ တစ်ခါက ဘကို လူတစ်ယောက် လာမေးတဲ့အကြောင်း ပြောပြတော့ ဘက –

"ဘိုးကံသာလို့မေးတာလား၊ဦးကံသာလို့မေးတာလား၊ကိုကံသာ လို့ မေးတာလား" တဲ့။

သူ့နာမည် အခေါ်အဝေါ်ကို ဖမ်းပြီး ဘယ်သူဆိုတာ ခန့်မှန်းရအောင် လို့တဲ့လေ။

ကျွန်မတို့ကို ဆုံးမတဲ့ ဘရဲ့စကားလေးတွေဟာ မှတ်သားနာယူဖို့ အင်မတန်ကောင်းပါတယ်။

"မင်းတို့တုံးအောက်က ဖားတော့ မဖြစ်စေနဲ့ဟေ့" တဲ့။

"တုံးအောက်က ဖားဆိုတာ ဘာကိုပြောချင်တာလဲဘ"

ဘဟာ ထူထဲ ရဲစိုနေတဲ့ နှုတ်ခမ်းအစုံကို မိန့်မိန့်ကြီးပြုံးတယ်။ ဘဟာ လေးလေးနက်နက် စကားဆိုချင်တိုင်း အဲသလို ပြုံးတတ်တယ်။

"တုံးအောက်က ဖားများ ဘယ်လိုပဲ တုံးပေါ်တင်တင် တုံးအောက်ပဲ ပြန်ဝင်တာ ငါ့မြေးရဲ့" တဲ့။

ကျွန်မတို့ပညာကြိုးစားဖို့ဆုံးမတာတောင် ဘက အမြှောက်အပင့် လေးနဲ့။

"မင်းတို့သိပ်ကံကောင်းတယ်။ ခေတ်ကာလကောင်းနဲ့ကြုံတော့ ပညာကို အေးအေးဆေးဆေး သင်ခွင့်ရတာပေါ့။ စာပညာတတ်ခြင်းက လူကို အထက်တန်းကျစေခြင်း တစ်မျိုးပဲကွ။ ပညာတတ်ရင် လူ့အောက် မကျဘူး။ အရာရာကို တွေးတောဆင်ခြင်နိုင်တဲ့ ဦးနှောက်ရှိလာမယ်၊ ဘဝကို မြင့်သထက်မြင့်အောင် လျှောက်လှမ်းနိုင်မယ်၊ နည်းတဲ့ပါရမီတွေ လားကွာ။ မှတ်ထားကြ ငါ့မြေးတွေ၊ မင်းတို့ဟာ သွေးသောက်ကြီးမျိုး တွေကွ၊ ဘယ်တော့မှ အောက်တန်းမကျစေရဘူး"

ကျွန်မတို့ အကြီးသုံးယောက် ဆယ်တန်းအောင်လို့ တက္ကသိုလ် ဆက်တက်ကြတော့ ဂုဏ်အယူဆုံးနဲ့ အားအပေးဆုံးသူဟာ ဘပါ။ ဘနဲ့ သိသမျှ လူတွေ၊ ရွာက လာသမျှလူတွေအားလုံးကို ဘက သူ့မြေး သုံးယောက်အကြောင်းနဲ့ ဧည့်ခံတယ်။ ကျွန်မတို့ စာကျက်သံတွေကို နားစွင့်ပြီး ပြန်ပြောတတ်တယ်။

တစ်ခါမှာ ရွာက သူ့တူ ဘကြီးချော အိမ်ကို ရောက်လာတယ်။ မောမောပန်းပန်းနဲ့ အထုပ်ကြီး ဘေးချပြီး ဘကို နှုတ်ဆက်တယ်။

"ဘကြီးကံ နေကောင်းလား"

"ကောင်းပ့ါမောင်ရာ၊ မင်းလာတာ ဘာကိစ္စနဲ့လဲကွ"

"ဘုန်းကြီးက မီးစက်ဝယ်ဖို့ စုံစမ်းခိုင်းလိုက်လို့ပါ"

"ဟေ – မီးစက် ဟုတ်လား၊ အင်း ငါ့မြေးတွေ စာကျက်ကြတဲ့ အထဲမှာတော့ လျှပ်စစ်မီးလုံးတွေအကြောင်း ပါတယ်ကွ၊ သူတို့ဘွဲ့ရရင် လျှပ်စစ်မီးလုံးတွေ လုပ်ခိုင်းပြီး မင်းတို့ရွာကို လာဆင်ပေးရဦးမယ်"

ဘစကားကြားတော့ ကျွန်မတို့ ရယ်မိကြတယ်။ ရယ်သာရယ်ကြ တာပါ။ ကျွန်မတို့ စိတ်မကောင်းဘူး။ ဘရဲ့ မျှော်လင့်ချက်အပေါ် ကျွန်မတို့ မလုံမလဲ ဖြစ်ကြရတယ်။

ကျွန်မတို့လည်း ကျောင်းတက်ရ၊ စာကျက်ရနဲ့ ဘအနားကို မကပ် နိုင်ကြတော့ဘူး။ ကျွန်မတို့တစ်တွေနဲ့ စကားလက်ဆုံကျချိန် မရှိသလောက် ဖြစ်လာတယ်။ ကွပ်ပျစ်ပေါ်မှာ တစ်ယောက်တည်း ငူငူကြီး ထိုင်နေရှာတဲ့ ဘကို ကျွန်မ သိပ်သနားမိတယ်။ ဟိုတုန်းက ကျွန်မတို့ကို စကားတွေ အများကြီးပြောခဲ့တဲ့ ဘဟာ အခုတော့ ကျွန်မတို့ စာကျက်သံတွေကို နားထောင်သူ ဖြစ်လာခဲ့တယ်။ ကျွန်မတို့မြေးတွေ စာကျက်သံအောက်မှာ ဘရဲ့ အမျိုးမာန်စကားတွေ လျော့ပါးလာခဲ့တယ်။ မြေးတွေရဲ့ စာအုပ်ထဲက လောကဓာတ်အကြောင်းတွေက ဘရဲ့ သွေးသောက်ကြီးမျိုးကွ ဆိုတဲ့ အကြောင်းနေရာမှာ အစားထိုး နေရာယူလာတယ်။

အိမ်ကို လာသမျှ ဧည့်သည်တွေဟာ ဘရဲ့မြေးတွေ ပညာရေး အကြောင်း နားထောင်ရတော့တာပေ့ါလေ။

(၃)

'ဘ' ဟာ အစွဲတစ်ခုကို ယုံကြည်စွာ စူးနစ်သူလည်း ဖြစ်တယ်။

ဘရဲ့သားသမီးအားလုံးထဲမှာ မေမေက စီးပွားရေး အတောင့်တင်း ဆုံးပါ။ အစားအသောက် အနေအထိုင် ချောင်လည်လို့ဘက ကျွန်မတို့နဲ့ လာနေတာ မဟုတ်ဘူးတဲ့။ ကျွန်မတို့မိသားစုက မန္တလေးမှာ နေတာမို့ အတူလာနေတာလို့ပြောပါတယ်။

"အသက်ကလေးရယ်တဲ့ ရှည်စေလို မန်းတောင်ရိပ်ခိုတဲ့၊ မန္တလေး က မင်းနေပြည်တော်ကွ၊ အခုထိ ကျုံးမြို့ရိုး အထင်အရှား ရှိသေးတယ်။ ထီးရိပ်နန်းရိပ် အငွေ့မှာ နေရတာကိုက ကံထူးလို့ပဲ။ ငါ မန္တလေးမှာပဲ သေတဲ့အထိ နေမယ်"

ကျွန်မတို့ထက် ဘဟာ မန္တလေးကို ချစ်တယ်။ စွဲလန်းတယ်။ ဘယ်လောက်အထိ စွဲလန်းသလဲဆိုရင် ဘနဲ့ မေမေ စကားများတော့ ဘက စိတ်ဆိုးပြီး ရွာပြန်သွားဖူးတယ်။

စကားများရတာကလည်း သူ့မြေးအကြီးနဲ့ပတ်သက်လို့ပါ။ အစ်ကို က လမ်းထဲက ရွယ်တူကောင်လေးတစ်ယောက်နဲ့ရန်ဖြစ်တယ်။ မေမေက သွားဆွဲရင်း မိဘချင်း စကားဆက်များကြတာပေါ့လေ။ မေမေက စကား နည်း ရန်စဲ ပြန်လာပေမယ့် မိန်းမကြီးက စကားတစ်ခွန်း အတွန့်တက် လိုက်တယ်။

"အလကားနေရင်း သွေးနားထင်ရောက်နေတဲ့ဟာတွေ။ ဘယ်လို အမျိုးအစားတွေဖြစ်ဖြစ် တို့ကတော့ အထင်မကြီးဘူးဟေ့"

ဒါကို ကြားလိုက်တဲ့ဘဟာ တောင်ဝှေးဆွဲပြီး အိမ်ရှေ့ထွက်တော့ တာပဲ။

"ဟေ့သတ္တိရှိရင် ယှဉ်ချင်ရာနဲ့ယှဉ်လိုက်စမ်း၊ နားထင်ရောက်နေတဲ့ သွေး ဘယ်လောက်နီတယ်ဆိုတာ ပြလိုက်စမ်းမယ်၊ ထွက်ခဲ့ကြ"

ဘာညာနဲ့ ထွက်ရမ်းတော့ တစ်အိမ်သားလုံး ဘကို ထွက်ဆွဲရ တာပေါ့။ ကျွန်မတို့လက်ထဲမှာ ကန့်လန့်ကန့်လန့်နဲ့ပါလာတဲ့ ဘဟာ

အံ့ဩစရာကောင်းလောက်အောင် သန်မာနေခဲ့တယ်။ ဘဟာ မကျေမနပ်နဲ့ အံကို တင်းနေအောင်ကြိတ်ထားတယ်။ ဘလက်ထဲက တောင်ဝှေးကို ဆွဲယူလို့မရခဲ့ဘူး။ သူပြောချင်သလောက် မပြောလိုက်ရတော့ ဘက မေမေ့ကို ဆက်ရမ်းတာပေါ့။ နိုင်အောင် မပြောရကောင်းလား၊ အညှဉ့်ခံခဲ့ရ မလားဆိုပြီး စကားများကြတယ်။ မေမေက ပြန်အော်တော့ ဘက စိတ်ဆိုးပြီး ရွာပြန်သွားတယ်။

ဖေဖေ ရွာကို ပြန်ပြီးချော့မော့ခေါ်တယ်။ မလိုက်ဘူး။ မေမေ ကိုယ်တိုင် ကျွန်မနဲ့နောက်ထပ်တစ်ခေါက် သွားခေါ်တယ်၊ မလိုက်ဘူး။

ဘယ်ကျမှ ဘပြန်လာသလဲဆိုရင် အပြင်းဖျားတော့မှ အရေးပေါ် ပြန်လာတာ။ ဘပြန်လာတဲ့နေ့ကို ကျွန်မ မှတ်မိပါသေးတယ်။ ဘရဲ့ တူတွေက ဘကိုပွေ့ပြီး အိမ်ထဲဝင်လာတော့ ဘ သတိလစ်နေတာ။ ဘရဲ့ တစ်ကိုယ်လုံးလည်း ခြစ်ခြစ်တောက်ပူလို့။

ကျွန်မတို့လည်း ဆရာဝန် ချက်ချင်းပြေးပင့် ဆေးထိုး၊ ဆေးသွင်း အားချင်းကုကြတာပေါ့။ ရက်တစ်ပတ်လောက်နေတော့ ဘ နာလန်ထလာ တယ်။ ကြက်စွပ်ပြုတ်ရည်လေး၊ ဆန်ပြုတ်လေး သောက်နိုင်လာတယ်။ တဖြည်းဖြည်းနဲ့ဘမျက်နှာ ပြန်ကြည်လင်လာတယ်။

"ဘ စ,ဖျားဖျားချင်း ဆေးသောက်ပါတယ်။ မရဘူးကွ၊ အပြင်းဖျား လာတော့ ဘ ကြောက်လာတယ်။ သေရမှာကို ကြောက်တာမဟုတ်ဘူး။ ဘ ဆုံးဖြတ်ချက်ချထားတဲ့ မန္တလေးမှာ မသေရမှာကို ကြောက်တာ။ ဒါကြောင့် ဆွေမျိုးတွေ တားတဲ့ကြားက မန္တလေးကို ဇွတ်ပြန်လာတာ။ လမ်းမှာ မသေဖို့ဘက အားတင်းလာတာကွယ့်။ မန္တလေးကိုဝင်တော့မှ ဘ စိတ်လျှော့ချလိုက်တာ"

မသေကောင်း မပျောက်ကောင်း ဘတစ်ယောက် စိတ်ကြီးပုံတွေလေ။ ကျွန်မတို့မှာ ငိုအားထက် ရယ်အားသန်ရတော့မလို၊ ကလေးဆိုးကြီးဘကို အချစ်ပိုခဲ့ရတယ်။

အဲသည်လောက်ထိ ဘက မန္တလေးကို စွဲတာ။

(၄)

ကျွန်မတို့ကျောင်းပြီးလို့ဘွဲ့အသီးသီး ရကြတော့ ဘက မေးတယ်။

“မင်းတို့ဘွဲ့ရပြီ၊ ဘာဆက်လုပ်ကြမလဲ။ ဘကို ပြောကြစမ်း”

ဘရဲ့စိတ်အားထက်သန်နေတဲ့ မျက်နှာကြီးကို ကျွန်မ ဘယ်တော့မှ မေ့လို့ရမှာမဟုတ်ပါဘူး။

အဲသလို ဘက မေးတော့ ငယ်ငယ်တုန်းက ကျွန်မတို့ရွတ်ဆိုခဲ့ဖူးတဲ့ ကဗျာလေးကို သတိရမိတယ်။ “လူလေးကြီးရင် ဘာလုပ်မယ်၊ မေမေ မေးရင်ကွယ်” ဆိုတဲ့ ကဗျာလေးကိုပါ။

ဘ စိတ်ကျေနပ်အောင် တစ်ယောက်တစ်မျိုး အဖြေပေးလိုက်ရ ပေမယ့် ကျွန်မတို့အဖြေတွေအတိုင်း ဖြစ်မလာကြပါဘူး။

အစ်ကိုကြီးက ဖေဖေရဲ့အလုပ်ကို ဆက်လုပ်တယ်။ အစ်ကိုလတ်က အရောင်းအဝယ်လုပ်တယ်။ ကျွန်မကတော့ မူလတန်းပြဆရာမလေးပေါ့။ တကယ်တန်း ကျောင်းသူ ကျောင်းသားဘဝကို စွန့်လွှတ်ပြီး အပြင် လောကကို ထိုးဖောက်ဝင်ရောက်ကြည့်ကာမှ ကျော်ဖြတ်ရတဲ့ အခက်အခဲ တွေ ရင်ဆိုင်ရတဲ့ ပြဿနာတွေကို ကျွန်မတို့သိလာရတယ်။

အစ်ကိုကြီးက လုပ်ငန်းတွေ မကောင်းတော့တဲ့အကြောင်း၊ အစ်ကို လတ်က အရောင်းအဝယ်မှာ စကားမပီတဲ့သူတွေကို မထိုးဖောက်နိုင်တဲ့ အကြောင်း၊ ကျွန်မက ကလေးတွေရဲ့အနာဂတ်အကြောင်း ဘကွယ်ရာမှာ ပြောဖြစ်ကြတယ်။ ဘရှေ့မှာတော့ ကျွန်မတို့က တကယ့်ကို လူစွမ်းကောင်း ကြီးတွေလို အိုက်တင်အပြည့်နဲ့ပေါ့လေ။

ကျွန်မတို့ရဲ့ဟန်ဆောင်မှုတွေကို ဘ မသိရှာပါဘူး။ ဘက အကင်း ပါးပေမယ့် အိုရှာပြီလေ။ ဘရဲ့မျက်စိတွေ နားတွေလည်း အိုကြပြီပေါ့။ ဒါပေမဲ့ ဘက စိတ်မကျဘူး။ ကျွန်မရဲ့အောက်က အငယ်သုံးယောက်ကို သူ့မျိုးရိုးအကြောင်း၊ ကျွန်မတို့လို ပညာတတ်အောင် ကြိုးစားကြဖို့ အကြောင်းတွေ ပြောဟော ဆုံးမနေတုန်းပဲ။

တစ်ညမှာတော့ ဘက ကောက်ကာငင်ကာနဲ့ပဲ။

"မင်းတို့မီးလုံးတွေ မလုပ်ကြသေးဘူးလား၊ ငါက ရွာကို ကတိပေးထားတာကွ၊ အဲဒါ ကြိုးစားကြဦး" တဲ့။

ကျွန်မတို့လည်း တစ်ယောက်မျက်နှာကို တစ်ယောက်လှမ်းကြည့်ကြရင်းနဲ့မျက်ရည်တွေ လည်လာတယ်။ ဘကို ဘယ်လို နှစ်သိမ့်ရမလဲဆိုတဲ့စကားစကို ရှာနေဆဲမှာပဲ လျှပ်စစ်မီးတွေ ပြတ်တောက်သွားတယ်။

ကျွန်မတို့ဘကို အဖြေမပေးလိုက်မိဘူးလေ။

(၅)

တစ်နေ့မှာ ကျွန်မတို့အိမ် ရွှေ့ပြောင်းရဖို့အကြောင်းပေါ်လာတယ်။ အနှစ် (၂၀) ကျော် နေလာတဲ့ ကျွန်မတို့နေရာကို အရမ်းပဲ တွယ်တာ နေမိပြီ။ သစ်ပင်ပန်းမာလ်တွေနဲ့ စိုပြည်နေတဲကျွန်မတို့ခြံလေးကို ကြည့်ပြီး စိတ်မကောင်းဘူး။ ဘ ထိုင်နေကျ ကွပ်ပျစ်လေးကို မြင်လိုက်ရတော့ ကျွန်မ မျက်ရည်ကျလာတယ်။

ဘယ်တတ်နိုင်မလဲ။ ကျွန်မတို့ရွှေ့ဖို့ပြောင်းဖို့စီစဉ်ရတော့တာပေါ့။ ဘ မသိအောင် လှုပ်ရှားကြပေမယ့် ဘက သိဖြစ်အောင်ကို သိသွားတယ်။

"ဘယ်ရွှေ့ကြမလို့လဲဟ၊ နင်တို့ဟာ"

"ဟိုလေ ဒီထက် အေးဆေးတဲ့နေရာကိုပေါ့ ဘရဲ့"

"အိုဗျာ၊ ဒီမှာ ဘာပူနေလို့လဲ၊ မန္တလေးမှာပဲ ငါကနေမှာ၊ နင်တို့ရွှေ့ချင်ရွှေ့ကြ"

"အို ဘကလည်း မန္တလေးတော့ မန္တလေးပါပဲ ဘရဲ့"

ကျွန်မတို့မှာ ပစ္စည်းတွေသယ်ကြ၊ ပြောင်းကြဖို့အရေးက မခက်ခဲဘဲ ဘကို နားချဖို့ခက်ခဲလာတယ်။ အကျိုးအကြောင်းကို ဘ သဘောပေါက်အောင် ရှင်းပြပြီး အတော်ကြီးကို နားချယူရတယ်။ ဒါပေမဲ့ ဘက အစာကြေပုံတော့ မရပါဘူး။

အသက် (၈၀) ကျော်လာတော့လည်း ဘရဲ့သွေးသောက်ကြီးမျိုး ဆိုတဲ့ သွေးတွေလည်း မဆူပွက်နိုင်တော့ပါဘူး။ ကျွန်မတို့နဲ့အတူ နေရာသစ်ကို လိုက်ခဲ့ရရှာတယ်။

နေရာသစ်မှာ ဘ မပျော်ရှာဘူး။ ကျွန်မတို့သိတာပေါ့။ ကျွန်မတို့မှာ လောလောဆယ် ဘထိုင်ဖို့ကွပ်ပျစ်ကလေးတစ်ချပ်တောင် ခင်းမပေးနိုင်သေးဘူး။ အုန်းပင်ကလေးတွေလည်း မစိုက်နိုင်သေးဘူး။

စိပ်ပုတီးကို တစ်ချောက်ချောက်စိပ်ရင်း ဘုရားခန်းအတွက် ကန့်ထားတဲ့အဖီလေးအောက်မှာ ဘထိုင်နေတတ်တယ်။ အလုပ်တွေ များနေလို့ မြေးတွေလည်း ဘအနား မကပ်နိုင်ကြဘူး။ မျက်ခုံးမွေးဖြူဖြူကြီးနှစ်သွယ်ကို တွန့်ချိုးထားတဲ့ ဘရဲ့မကျေမနပ်မျက်နှာကြီးကိုပဲ မြင်နေရတယ်။


စကားသိပ်ပြောချင်တဲ့ဘဟာ ဘာစကားမှ သိပ်မပြောတော့ဘူး။ ကျွန်မတို့ကို လျှပ်စစ်မီးလုံးတွေ လုပ်ဖို့လည်း မတိုက်တွန်းတော့ဘူး။

ကျွန်မကတော့ ထူထဲရဲစိုနေတဲ့ ဘရဲ့နှုတ်ခမ်းနှစ်လွှာကြားက ထွက်လာမယ့် စကားတွေကို ကြောက်ရွံ့စွာ စောင့်စားနေမိတယ်။ ဒါပေမဲ့ ဘဟာ ခပ်တိုးတိုးတောင် မပြောတော့ဘူး။

တကယ်တော့ ဘဟာ မျက်စိလုံးလုံးကွယ်သလိုလည်း ဖြစ်သွားပြီ မှတ်လား။

ရုပ်ရှင်အမြုတေမဂ္ဂဇင်း၊ ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ

www.burmeseclassic.com



ခင်ခင်ထူး

သမီးကလေး

# သမီးကလေး

(၁)

ကျွန်မ ငိုချင်နေမိသည်။ ရင်ထဲတွင် တင်းကျပ် ပိတ်လှောင်ထားရသော ဝေဒနာတစ်ခုနှင့် ငိုချင်သည်။

ငိုတယ်ဆိုတာ မျက်ရည်ကျမှလား ...။

မျက်ရည်မကျဘဲ ငိုချင်နေမှုက အခံရခက်လှသည်။ ထိုင်နေရင်းလည်း ငိုချင်သည်။ လမ်းလျှောက်ရင်းလည်း ငိုချင်သည်။ အို ... ဘာပဲလုပ်လုပ် ကျွန်မ ငိုချင်သည်။

သို့ သော် မျက်ရည်မကျ ...။ မကျ ...။ မကျပါ။

လည်ချောင်းဝတွင် ခံစားချက်တို့ဖြင့် တစ်ဆို့ နာကျင်နေသည်။ နှလုံးသားကတော့ ပေါက်ပြဲကွဲအက်နေမှာ သေချာသည်။ ဆောက်တည်ရာမဲ့စွာ စာရွက်များပေါ်တွင် မရေရာသော ပုံတွေ ရေးခြစ်နေမိသည်။ ထိုပုံများသည် ကျွန်မအတွက် နိမိတ်ပုံများ ဖြစ်မလာခြင်းကိုတော့ ကြေကွဲရသည်။

ရင်တွင်းမှ ခံစားချက်တို့ ကို လျှို့ဝှက်သိမ်းဆည်းခဲ့ရသော မိန်းကလေးတစ်ယောက်အတွက် မျှော်လင့်ချက်ဆိုတာ ဘာလဲ။ ဘယ်မှာလဲ။

တစ်ဦးတည်းသော သမီး ...။ ဘဝ၏ အထီးကျန်ဆန်မှု ...။ နှလုံးသား၏ ခံစားချက်များ ...။

စာရွက်များကို အပိုင်းပိုင်း ဆုတ်ဖြဲလုံးချေကာ နံရံဆီသို့ ပစ်ပေါက်လိုက်သည်။

"သမီး ထမင်းစားတော့မလား"

အခန်းထဲဝင်လာသော မေမေ့ကို နာကျင်စွာ လှမ်းကြည့်ပြီး နှုတ်ခမ်းကို ဖိကိုက်ထားလိုက်သည်။ မေမေသည် ကျွန်မကို ဂရုမစိုက်သလိုနှင့်။

"မစားရသေးဘူးမဟုတ်လား၊ လာလေ၊ မေမေနဲ့အတူစားရအောင်"

ကျွန်မ ခေါင်းကို ခါရမ်းပစ်လိုက်သည်။ မေမေ့ကို စကားတစ်လုံးမှ မပြောဘူးဟုလည်း ဆုံးဖြတ်ထားသည်။

"သမီး ပျင်းနေတယ်မဟုတ်လား၊ မေမိုးသူတို့ အိမ် မေမေနဲ့သွားလည်ကြမယ်လေ"

ကျွန်မ မျက်လုံးအကြည့်ကို နံရံပေါ်မှ နှင်းဆီပွင့်ချပ်ကြီးဆီသို့ ပို့ ပစ်လိုက်ပါသည်။

သမီး ဘယ်ကိုမှ မသွားချင်ပါ မေမေ။ နှင်းဆီပွင့်ကြီးကိုကြည့်ပြီး သူ့ကိုသာ လွမ်းနေပါရစေတော့။

အပေါ်ဝတ်အင်္ကျီ လျော့ရဲရဲပေါ်တွင် ဖရိုဖရဲကျနေသည့် ဆံပင်များဖြင့် လူမမာပုံပေါက်နေသော ကျွန်မကို မေမေ မျက်စောင်းမထိုးပါ။ ခါတိုင်းလိုလည်း –

"လှလှပပလေး နေစမ်းပါသမီးရယ်။ ဣတ္ထိ နဋ္ဌ ခန့် ရူပံ – မိန်းမတို့ ရဲ့ ဥစ္စာကား အဆင်းတဲ့။ မိန်းကလေးဆိုတာ ..."

အစရှိသည့် စကားရှည်ကြီးကိုလည်း မပြောပါ။ ခုတင်စွန်းကို လက်နှစ်ဘက်ထောက်ပြီး ခြေတွဲလောင်းချထိုင်နေသော ကျွန်မဘေးတွင် မေမေ လာထိုင်သည်။

"သမီး ... မနက်ဖြန် ဝင်းလိုက်ရုံမှာ ရုပ်ရှင်သွားကြည့်မယ်၊ ဟင်နရီ စနားဒါးရဲ့ကားလေ သိပ်ကောင်းတာပဲတဲ့"

မေမေက ချော့တော့ ကျွန်မ ပိုငိုချင်လာသည်။ မေမေရယ်၊ သမီး အချော့မခံချင်ဘူး။ အရိုက်ပဲခံချင်တယ်။ ရိုက်ပစ်လိုက်၍ အသားတွေ နာကျင်သွားလျှင် နှလုံးသားကပါ မျက်ရည်တွေ သွန်ကျလာနိုင်သည်။

www.burmeseclassic.com


"မေမိုးသူ ဝယ်လာတဲ့ ဘူးပါတိတ်ဆင်လေး သိပ်လှတာပဲ သမီးရဲ့ မေမေမှာခဲ့မလို့ ပဲ။ ဒါပေမဲ့ မနက်ဖြန်ကျမှ သမီးစိတ်ကြိုက် အတူသွား ဝယ်မယ်ဆိုပြီး ..."

ဘာလို့ များ သိသိသာသာကြီး လိုက်လျောနေရတာလဲ မေမေ။ သမီးမှာ ဒါတွေ မလိုအပ်ဘူးဆိုတာ မေမေသိသားနဲ့။

ကျွန်မထံမှ စကားတစ်လုံးမျှ ထွက်ပေါ်မလာသေးခြင်းကို မေမေ ကျေနပ်ဟန်မတူပါ။ အကြင်နာသက်ပြင်းနှင့်အတူ ကျွန်မ စာကြည့်စားပွဲ ပေါ်မှ စာရွက်အပိုင်းအစများကို ဖြန့်ကျက်ကြည့်ရှုနေပြန်သည်။ ကျွန်မ၏ မရေရာသော ဂျီသြမေထြီပုံ အစအနလေးများကို အဓိပ္ပာယ် ဖော်နေသည်။ စတုရန်းပုံလေးများ ကွင်းဆက်တန်းကာ ဆွဲထားသောပုံကို မေမေ ငေး စိုက်ကြည့်နေပါသည်။ ထိုပုံကို ကျွန်မက အရိပ်မဲ့ပုံတူဟု အမည်ပေးထား သည်။

"မနက်ဖြန် ရုပ်ရှင်က အပြန်ဈေးဝင်မယ်။ သမီးကို အဲဒီပါတိတ် မျိုးလေး ဝယ်ပေးမယ်။ ယူမယ်မဟုတ်လားသမီး"

ကျွန်မကို ဂါဝန်လေးတွေ ဝယ်ပေးစဉ်ကလို အမေးမျိုးနှင့် မေမေက မေးလာသည်။ကျွန်မ မျက်ဝန်းကို သေသေချာချာ စိုက်ကြည့်ပြီး မေးနေ သော မေမေ့မျက်လုံးများ၏ စူးစမ်းရိပ်တွေကို ကျွန်မ ရင်မဆိုင်ရဲပါ။ မျက်လွှာကို ချလျက် ဒုတိယအကြိမ် ခေါင်းကို ခါရမ်းလိုက်မိပြန်သည်။ မေမေသည် ကျွန်မလက်အစုံကို တင်းကျပ်စွာ ဆုတ်ကိုင်လာပါသည်။

"သမီးကို မေမေချစ်တယ်ကွယ်"

ကျွန်မလည်း မေမေ့ကို ချစ်သည်။ သို့သော် ကျွန်မ မခံစားနိုင်သော လျောင်ပိတ်မှုတစ်ခုကို မေမေလုပ်နေသည်။ တစ်ဦးတည်းသောသမီးမို့ ကျွန်မ၏ဆန္ဒများအားလုံးလိုလို လိုက်လျောခဲ့သော မေမေသည် ကျွန်မ အတွက် လွတ်လပ်ခွင့်များကိုတော့ မပေးခဲ့ပါ။ မေမေနှင့်အတူ ရှင်သန် ကြီးပြင်းလာခဲ့ရသော ကျွန်မ၏ လုပ်ဆောင်ချက်တိုင်း မေမေ၏ ဆုံးဖြတ် ချက်များသာ ဖြစ်ခဲ့ရပါသည်။

ကျွန်မ နှလုံးသားရေးရာမှာ ဝင်ရောက်ဆုံးဖြတ်ပေးနေတာတော့ မေမေ မတရားဘူး။

(၂)

ကျွန်မ၏ မျက်ဝန်းရိပ်တွင် သူသည် အမြဲခိုတွယ်နေသည်။

သူနှင့် ကျွန်မကြားမှာ အဖြူရောင် စံပယ်ကုံးလေး အမြဲရှိသည်။ တစ်ခါတစ်ရံမှာတော့ သူက နှင်းဆီကို ချစ်တဲ့အကြောင်း ပြောသည်။ ထိုအခါတွင် ကျွန်မက နှင်းဆီပွင့်လေးတစ်ပွင့် ဖြစ်သွားတတ်သည်။ မိန်းကလေးတစ်ယောက်သည် သူမကို သူမ နှင်းဆီနှင့် တူသည်ဟု ထင်ရသည့်အခါလောက် အပျော်ဆုံးအချိန်ရှိမည်မထင်ပါ။ ထိုနှင်းဆီကို နမ်းရှိုက်လာမည့်အချိန်ကို စောင့်စားရခြင်းသည်လည်း ရင်ခုန်စရာကောင်းလှ၏။

ကျွန်မ နှင်းဆီပွင့် ဖြစ်သွားတတ်သည့်အခါတိုင်း မေမေသည် ဥယျာဉ်မှူးတစ်ယောက် ဖြစ်သည်ဆိုခြင်းကို မေ့ထား၍မရပါ။ ဥယျာဉ်မှူးတစ်ယောက်က သူ့ပန်းခင်းထဲမှ ပန်းတစ်ပွင့်ကို လွယ်လင့်တကူ ပေးရူးမည်မဟုတ်ကြောင်းနှင့် ခပ်ဆင်ဆင်တူသည့် စကားများကို မေမေ ခဏခဏပြောသည်။ သို့သော် ပန်းပင်၏ ညွတ်ကိုင်းနေမှုကိုတော့ ဥယျာဉ်မှူး မေမေက မမြင်ချင်ဟန် ဆောင်နေခဲ့သည်။

တကိုး၏ 'ချစ်သူ့လက်ဆောင်' ကဗျာစာအုပ်ကလေးကြားတွင် ညှပ်ထားသော နှင်းဆီပန်းခြောက်လေးကို မေမေက ချေမွ ဖျက်ဆီးပစ်ခဲ့သည်။

လူတစ်ယောက်မှာ အခြားသူတစ်ယောက်နဲ့ပတ်သက်ပြီး ကြွင်းကျန်ရစ်ခဲ့တဲ့အရာဆိုရင် ပန်းခြောက်ကလေးလည်း မြတ်နိုးတတ်ကြပါတယ် မေမေရယ်။

ရင်ခုန်နေ့လေးတစ်နေ့က မြတ်နိုးစွာ လက်ခံရယူခဲ့ရသော နီညိုရောင် နှင်းဆီဖူးငုံကလေးသည် ကျွန်မအတွက် အမှတ်တရပစ္စည်းတစ်ခု ဖြစ်ပါသည်။ ထိုပန်းခြောက်လေးကို ခိုးနမ်းနေစဉ် တစ်ချိန်ချိန်မှာ မေမေတွေ့

သွားခဲ့ဖူးလေသလား။ ကျွန်မ၏ အိပ်ခန်းနံရံများတွင် မျက်လုံးပေါင်းများစွာ ရှိနေသလို အသက်ရှူကျပ်ခဲ့ရသည့် နေ့နေ့ညည ရက်ပေါင်းများစွာ ...။

ပြတင်းတံခါးဘောင်ပေါ်မှာ လှုပ်ရှားနေသော အုန်းလက်၏ အရိပ်များကို ငေးကြည့်ရင်း ကျွန်မ၏ အရိပ်များကို ရှာဖွေနေမိပါသည်။ ကျွန်မ၏ အရိပ်ပေါင်းများစွာသည် မေမေ့လက်ထဲမှာ ရှိနေကြောင်း သိရသောအခါ ကြေကွဲဖွယ်ကောင်းသွားပါသည်။

ယခုအချိန်တွင် ကျွန်မ မျှော်လင့်တောင့်တမိသောအရာမှာ အတောင်ပံတပ်၍ မိုးကောင်းကင်ကြီးဆီသို့ ပျံသန်းသွားနိုင်ခွင့်ပင် ဖြစ်သည်။ သို့သော် ကျွန်မသည် ငှက်တစ်ကောင် မဟုတ်ဘဲ လူတစ်ယောက် ဖြစ်နေခြင်းအတွက် လွတ်လပ်စွာ ပျံသန်းခွင့် မရှိပါ။

"သမီးရေ ... ခင်ဝင်းရီလာတယ်"

မေမေ့လှမ်းအော်လိုက်သံကြောင့် ကျွန်မအတွေးများ လန့်ဖျပ် ပျောက်ကွယ်သွားသည်။ ရင်မှာ လှိုက်ခနဲခုန်သည်။ ခင်ဝင်းရီသည် ကျွန်မ၏ အခင်မင်ဆုံး သူငယ်ချင်း ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ကျွန်မ ရင်ဖွင့်ဖောက်ခွဲပစ်ဖို့ လူတစ်ယောက် အနားမှာရှိလာခြင်းသည် ရယ်မောရခြင်းထက်ပင် တန်ဖိုးရှိပါသည်။

"သမီး လာလေ၊ ခင်ဝင်းရီ ဧည့်ခန်းထဲက စောင့်နေတယ်"

ခါတိုင်းလိုပဲ ခင်ဝင်းရီကို သမီးအခန်းထဲ လွှတ်ပေးပါလား မေမေရယ်။ ဒါမှမဟုတ် မေမေ့ရှေ့မှာမဟုတ်တဲ့ တစ်နေရာမှာ သမီးတို့ တွေ့ဆုံပါရစေ။

အိပ်ရာမှ လူးလဲထပြီး မေမေ့နောက်သို့ လိုက်လာခဲ့သည်။

"အမွန်"

ခင်ဝင်းရီ၏ အံ့အားသင့် ရေရွတ်သံနှင့် မျက်လုံးအကြည့်တွင် ကျွန်မသည် သနားစရာကောင်းသည့် ဒဏ်ရာရ သမင်ငယ်တစ်ကောင်ဖြစ်သွားပါသည်။

"နင်ဖတ်ဖို့ မဂ္ဂဇင်းတွေ လာပို့တာ၊ ရော့ ..."

မေမေ မြင်သာအောင် စာအုပ်တွေကို ခပ်ကြမ်းကြမ်း ခါရမ်းပေးလိုက်ခြင်းကြောင့် ကျွန်မအတွက် မျှော်လင့်ချက် တစ်စုံတစ်ရာ မပါကြောင်း သိလိုက်ရသည်။

"အမွှန် မနေ့တုန်းက ငါတို့ အိမ်မှာ ထုံချိုင်းအခွေ ကြည့်ကြတယ်"

ခင်ဝင်းရီ ပြောသောစကားဝှက်ကို မေမေမသိနိုင်ဟု ကျွန်မ မထင်ပါ။ မေမေနှင့် ကျွန်မသည် လူတစ်ယောက်၏ ရှေ့မှာပင် အမည်ဝှက်ကို ခပ်တည်တည်သုံး၍ ရယ်ပွဲဖွဲ့ခဲ့ဖူးပါသည်။ ပါးနပ်သော မေမေ့ရှေ့မှာ ခင်ဝင်းရီ ဘာကိုမျှ ပြော၍မဖြစ်ပါ။

ခင်ဝင်းရီစကားကို စိတ်မဝင်စားလေဟန်နှင့် မဂ္ဂဇင်းစာရွက်များကို လှန်ကြည့်တော့ 'သီတာခုနစ်တန်' ဇာတ်ဝင်ခန်းပုံများကို တွေ့ရသည်။

"ကဲ … သမီးတို့ စကားပြောကြဦး၊ အန်တီ လက်ဖက်သွားသုပ်လိုက်ဦးမယ်"

အံ့ဩထိတ်လန့်စွာ မေမေ့ကို ကျွန်မ မော့ကြည့်မိသည်။ ဤသို့သော အခွင့်အရေးမျိုး မေမေပေးလိမ့်မည်ဟု ကျွန်မ လုံးဝမျှော်လင့်မထားပါ။

"တစ်နေ့ တုန်းက ထုံချိုင်း ငါ့ဆီလာတယ်"

မေမေသွားလျှင်သွားချင်း ခင်ဝင်းရီက လေသံလေးနှင့် စကားစသည်။ မလုံမလဲနှင့် မေမေဝင်သွားရာ တံခါးပေါက်ကို ကျွန်မ လှမ်းကြည့်မိ သည်။ မေမေသည် ခန်းဆီးနောက်ကွယ်မှ ချောင်းကြည့်တတ်သော မိန်းမမျိုးမဟုတ်မှန်းသိလျက်နှင့် လိပ်ပြာမလုံ ဖြစ်နေသည်။

ခြေဖျား လက်ဖျားများ အေးစက်တုန်ရင်လျက် နှုတ်ဖျားမှာ စကားစတွေ ဆွံ့အနေသည်။

"ထုံချိုင်းက နင်နဲ့အရမ်းတွေ့ချင်တယ်တဲ့။ နင်နဲ့တွေ့ပြီးရင် သူဆုံးဖြတ်ချက်တစ်ခုခု ချမယ်လို့ လည်း ပြောတယ်"

သူ၏ မာကြောသောစိတ်ဓာတ်ကို ကျွန်မ သိသည်။ ကျွန်မနှင့် မတွေ့လည်း သူတစ်ခုခု ဆုံးဖြတ်မှာ အမှန်ပင်ဖြစ်သည်။

"ဘယ်လိုတွေမှာလဲဟာ၊ ငါ့ကို မေမေက အိမ်ထဲကကို ပေးမထွက်ဘူး"

"နင် စဉ်းစားပြီး တစ်ခုခုပြောဟာ၊ အန်တီထွက်လာရင် ဘာမှဖြစ်လာမှာ မဟုတ်တော့ဘူး"

သွေးကျဲနေသော ကျွန်မ၏ သတ္တိများကို ခင်ဝင်းရီက အားမလိုအားမရ ဖြစ်ဟန်ရှိသည်။

"ည ၈ နာရီနဲ့ ၉ နာရီကြား အိမ်ရှေ့ကို လာခဲ့လို့ သူ့ကို ငါ..."

စကားကို အမြန်ပြောလျက်နှင့် မေမေပြန်လာချိန်က အုပ်မိသွားသည်။ မေမေနှင့် ခင်ဝင်းရီတို့ စကားကောင်းနေစဉ်မှာ ကျွန်မစိတ်သည် ည ၈ နာရီနှင့် ၉ နာရီကြားသို့ ပြေးလွှားနေမိပါသည်။

(၃)

"သမီး ဒီညတီဗွီက သမီးကြိုက်တဲ့ The Last Snow of Spring ကားလေ ကြည့်မယ်မဟုတ်လား"

ဒီတစ်ခါတော့ မေမေ့ကို စိတ်လိုလက်ရ ခေါင်းညိတ်ပြလိုက်သည်။ စောင့်စားရခြင်းအလုပ်သည် စက္ကန့်ပေါင်းများစွာကို ရေတွက်ရသည်နှင့် တူပါသည်။ တိုင်ကပ်နာရီမှ ည ၈ နာရီထိုးသံသည် အကျယ်လောင်ဆုံး ထွက်ပေါ်လာသည်။ ကျွန်မအခန်းပြတင်းကို ဖွင့်၍ မာကျူရီမီးရောင်အောက်မှ လမ်းမဆီသို့ ကြည့်နေမိသည်။ ကြည်လင်အေးမြသော မေမေ့ ဘုရားရှိခိုးသံကို ကြားရပြီ။

သူ ဒီအချိန်ရောက်လာလျှင် ကောင်းမည်။ မေမေ ဘုရားရှိခိုးလျှင် နာရီဝက်တော့ အနည်းဆုံးကြာတတ်သည်။ ကျွန်မရင်တွေ တထိတ်ထိတ်နှင့် လမ်းမပေါ်က ကောင်လေးတွေကို မလွတ်တမ်း ကြည့်နေမိသည်။ သို့သော် မည်သည့်ကောင်လေးတစ်ယောက်ယောက်ကမှ ကျွန်မ၏ အခန်း ပြတင်းဝကို မော့မကြည့်ကြပါ။

ကြေးစည်ထု အမျှဝေသံ ကြားလိုက်ရသည်။ ကျွန်မရင်မှာ ဝမ်းနည်းသွားသည်။ နာရီကို ကမန်းကတန်း ကြည့်လိုက်တော့ ည ၉ နာရီမတ်တင်း ရှိနေပြီ။

"သမီး ... မေမေ ခေါင်းနောက်လို့ အခန်းထဲ ခဏဝင်လှဲဦးမယ်၊ သမီး တီဗွီကြည့်ချင်ကြည့်နော်"

မေမေ့ကို ပြုံးပြလိုက်စဉ် ကျွန်မရင်မှာ ပေါ့ပါးသွားသည်။ အခန်း ပြတင်းဝမှာ ရပ်မနေတော့ဘဲ ခြံဝင်းထဲသို့ ဆင်းခဲ့သည်။ ခြံတံခါးသော့မှာ ချိတ်ရုံသာ ချိတ်ထားသည်။ ကျွန်မသည် ဘာမှ စဉ်းစားမနေတော့ဘဲ တံခါးကိုဖွင့်၍ အပြင်သို့ ထွက်လိုက်ပါသည်။

မာကျူရီမီးရောင်အောက်မှ လှုပ်ရှားမှုများကြားမှာတော့ သူမရှိပါ။ သူ ဘာလို့ မလာတာလဲ။ ခင်ဝင်းရီကတော့ ပြောဖြစ်အောင်ပြောမည့်သူ ဖြစ်သည်။ သူ တစ်ခုခုများ ဖြစ်နေလို့ လား။ ကျွန်မစိတ်တွေ ပူလာသည်။ ဘာပဲဖြစ်ဖြစ် သူ့အိမ်သို့ လိုက်သွားဖို့ ကျွန်မ ဆုံးဖြတ်လိုက်သည်။ ခြေလှမ်းတို့ ကို သွက်သွက်လှမ်းရင်း သူနှင့်တွေ့လျှင် သူ့ရင်ခွင်မှာ ပြေးဝင် ငိုပစ်လိုက်ဖို့ အားတင်းထားသည်။

"သမီး ..."

ကျွန်မနောက်မှ မေမေ ပြေးလိုက်လာသည်။ ခြေအစုံ ညှတ်ခွေ မသွားစေရန် ထိန်းရင်း မေမေ့ကို လှည့်ကြည့်လိုက်သည်။ မေမေ့မျက်ဝန်းမှာ မျက်ရည်များဖြင့် လက်လက်ခါနေသည်။ ကျွန်မ ငိုချင်လာပြန်သည်။

"ဘယ်သွားမလို့ လဲ သမီး"

ကြောင်အမ်းအမ်းနှင့် မေမေ့ကိုသာ ကြည့်နေမိသည်။ မေမေ၏ မျက်နှာပြင်ဝယ် ကြေကွဲဝမ်းနည်းရိပ်တွေ စွန်းထင်းနေသည်။

"သမီးကောင်လေး ဒီမြို့မှာ မရှိတော့ဘူး"

"ဟင် ..."

"မနေ့ညနေက မေမေ သူနဲ့သွားတွေ့လိုက်တယ်။ သူကပြောသွားတယ်။ မေမေ့ကို ဂုဏ်ခနေမက်မောတဲ့မိန်းမကြီးတဲ့။ အဲလို လူတန်းစားတွေကို သူရွံတယ်တဲ့"

"အို … မေမေရယ်"

ကျွန်မ ခြေတွေ ခွေယိုင်လဲသွားစဉ် မေမေက ထွေးပွေ့လိုက်ပါသည်။ ကျွန်မကို တင်းကျပ်စွာ ဖက်ထားသော မေမေ့လက်တွေ တုန်ရင်နေသည်။

"သမီး မေမေလေ သမီးကို ယောကျ်ားတစ်ယောက်ရဲ့လက်ထဲကို အလွယ်တကူ ပေးမထည့်ရက်ဖူးကွယ်"

ကျွန်မတွင် တစ်ချိန်လုံး သိုဝှက်ပိတ်လှောင်နေသော မျက်ရည်များ ဒလဟော ကျဆင်းလာပါသည်။ ထိုမျက်ရည်များသည် ပါးချင်းအပ်ထားသော မေမေ့မျက်ရည်များနှင့် ရောထွေးကာ ရင်ဘတ်တစ်လျှောက် ဝယ် စီးဆင်းကျလာသည်။

"အချိန်တန်ရင် မေမေ့ရင်ခွင်ထဲက သမီးလေး ခွဲထွက်သွားမှာကို ခံစားနားလည်ပေးနိုင်ပါတယ်ကွယ်။ ဒါပေမဲ့ မေမေမှတ်ကျောက်တင်ပေးနေတဲ့ သမီးလေးဟာ တန်ဖိုးမဲ့ ပန်းတစ်ပွင့် မဖြစ်စေချင်ဘူး။ ကောင်လေးနဲ့ သမီးကို မေမေ သဘောမတူဘူး"

ကျွန်မအသည်းတွေ တဆတ်ဆတ်တုန်ခါလျက်၊ နှလုံးသွေးတွေ ပြိုဆင်းလျက်၊ မေမေ့ကို ဖက်တွယ်လျက် ရှိုက်ကြီးတငင် ငိုကြွေးနေမိပါသည်။ မေမေလည်း ငိုနေသည်။

မေမေ ဘာလို့ငိုတာလဲ။ ကျွန်မကရော ခုမှ ဘာလို့ မျက်ရည်တွေ တအားသွန်ကျနေရတာလဲ။ သူနဲ့ဝေးရလို့လား၊ ဟင့်အင်း … မဟုတ်သေးဘူး။ သူနဲ့ဝေးနေတဲ့တစ်ချိန်လုံး မျက်ရည်မှ မကျတာ။ ခုမှ …။ ခုမှ …။

"မေမေ …"

မေမေ့ကိုယ်ခန္ဓာကို ပိုတိုး၍ ဖက်လိုက်သည်။ ကျွန်မပါးပြင်မှ မျက်ရည်စများကို မေမေက တွန်းဖယ်ပြီး ကျွန်မကို နမ်းပါသည်။

"ဪ … သမီး အိမ်ထဲဝင်ရအောင်နော်။ မေမေတို့ လမ်းမကြီး မှာကွယ်"

မေမေ့ပခုံးကို မှီနွဲ့ရင်း ကျွန်မတို့ အိမ်ထဲသို့ ဝင်ခဲ့ကြပါသည်။

(၄)

"သမီးလေးက နှင်းဆီတစ်ပွင့် မဟုတ်ဘူးကွဲ့"

ကျွန်မမှာ ရှိုက်နေဆဲ ဖြစ်သော်လည်း မေမေ့မျက်နှာက ပကတိ တည်ကြည်နေသည်။

"နှင်းဆီတစ်ပွင့်ဖြစ်ဖို့ လိုအပ်ချက်တွေ အများကြီးရှိသေးတယ်။ နှင်းဆီမှာ ဆန်းကြယ်တဲ့ အရောင်အသွေးရှိတယ်။ ဖူးကြွတဲ့အလှ ရှိတယ်။ ပြီးတော့ ဆူးတွေ ရှိတယ်ကွဲ့။ သမီးကို ဆူးလေးတွေ မေမေတပ်ပေး ပါရစေဦး"

မေမေ့စကားကြောင့် ကျွန်မ ကြက်သီးတွေ ဖြန်းခနဲထသွားသည်။ ဆူးတွေတဲ့ …။

"နှင်းဆီပန်းကို လူတွေ တန်ဖိုးထား မြတ်နိုးကြတာဟာ သူ့ရဲ့ အလှတစ်ခုတည်းကြောင့် မဟုတ်ဘူး။ ဆူးတွေကြောင့်ပဲ။ ရိုးတံမှာ တွယ် ကပ်ထားတဲ့ ဆူးတက်တွေဟာ သူ့ကို ခူးဆွတ်မယ့် လက်ချောင်းတွေကို ဆူးတတ်စေတာကြောင့် နှင်းဆီကို ဂရုတစိုက် တရိုတသေ ခူးရတယ်"

ညင်သာသိမ်မွေ့သော မေမေ့စကားများကို မကြားရမည်စိုးသဖြင့် ကျွန်မရှိုက်သံများကို လျှော့ချလိုက်မိသည်။

"ထိကရုန်းပင်လေးတွေကို သမီးသိတယ်နော်။ လက်နဲ့ထိလိုက်ရင် ညှိုးကျသွားတာလေ။ အဲဒီအပင်လေးတွေကို တွေ့ရင် လူတွေဟာ လက်နဲ့ တို့ထိ ဆော့ကစားချင်ကြတယ်။ အရွက်ကလေးတွေ ညှိုးကျသွားတာကို ကြည့်ရင်း ပျော်တတ်ကြတယ်။ တချို့လူတွေက လက်နဲ့တောင်မဟုတ်ကြ ဘူး။ ခြေထောက်နဲ့ ထိတို့ ပစ်ကြတယ်။ လက်နဲ့တို့ တို့၊ ခြေနဲ့တို့ တို့ သူတို့ ညှိုးရတာပဲကွယ်"

မေမေ့ဆိုလိုရင်းအဓိပ္ပာယ်တို့သည် ကျွန်မ၏ သွေးကြောတွေထဲမှာ စီးဝင်း ပျံ့နှံ့လာပါသည်။ ကျွန်မ၏ နုနယ်သော နှလုံးသား၊ မရင့်ကျက်သေးသော အတွေးအခေါ်များ၊ မပြည့်စုံသေးသော ကွက်လပ်များ။ စသည် စသည်တို့ ...။

"သမီးက ထိကရုန်းပင်လေးနဲ့သိပ်တူတယ်။ ဘယ်သူ့အထိအတို့မှ မခံနိုင်သေးဘူးလေ။ သမီးမှာ ပညာတွေဆက်သင်ယူဖို့၊ လူတွေအကြောင်း နားလည်ဖို့၊ ပြီးတော့ အချစ်ထက် ဘဝကို လှမ်းမျှော်ကြည့်တတ်ဖို့ ဒါတွေ မေမေပေးလိုက်ပါရစေဦး ဟုတ်လားသမီး"

ကျွန်မ ခေါင်းကို ညင်သာဖြည်းလေးစွာ ညိတ်ပြလိုက်သည်။

"သမီးကို မေမေ တစ်ခုပြောပြမယ်၊ နားထောင်နော်"

မြတ်စွာဘုရားရှင်လက်ထက်တော်တုန်းကပေါ့ကွယ် ...

"ပသေနဒီ ကောသလမင်းကြီးဟာ သူ့ရဲ့မိဖုရား မလ္လိကာဒေဝီကို ... မလ္လိကာ၊ သင့်မှာ မိမိကိုယ်ထက် ပို၍ချစ်သောသူ တစ်စုံတစ်ယောက် ရှိသလားလို့ မေးတယ်။ မလ္လိကာဒေဝီက – အရှင်မင်းကြီး၊ အကျွန်ုပ်မှာ မိမိထက်ပို၍ချစ်သောသူ တစ်စုံတစ်ယောက်မျှ မရှိပါလို့ ဖြေပြီးတော့၊ အရှင်မင်းကြီးမှာရော မိမိကိုယ်ထက်ပို၍ ချစ်သောသူ တစ်စုံတစ်ယောက် ရှိသလားလို့ ပြန်မေးတယ်။

ကောသလမင်းကြီးက ငါ့မှာလည်း မိမိကိုယ်ထက် ပို၍ချစ်သောသူ တစ်စုံတစ်ယောက်မျှ မရှိပါလို့ ပြန်ဖြေသတဲ့။ ကောသလမင်းကြီးဟာ မိမိတို့စကား မှန်ကန်တယ်လို့ မမှတ်ယူသေးဘဲ မြတ်စွာဘုရားထံကို သွားပြီး လျှောက်ထားကြတယ်"

ကျွန်မသည် မေမေ့စကားတွင်နစ်မျောရင်း ရှိုက်ဖို့ရာပင် မေ့လျော့သွားပါသည်။

"အဲဒီအခါမှာ မြတ်စွာဘုရားက အရပ်ဆယ်မျက်နှာနှံ့အောင် စိတ်ဖြင့် ရှာဖွေစုံစမ်းသော်လည်း မိမိကိုယ်ထက် ပို၍ချစ်သောသူကို မည်သည့်အရပ်တွင်မှ မရနိုင်။ သတ္တဝါဟူသမျှသည် အသီးသီး ကိုယ်စီကိုယ်ငှ အခြားသူများထက် မိမိကိုယ်ကို ချစ်ကြသူတွေချည်းသာ ဖြစ်သည်။ ဒါကြောင့် မိမိ၏ စီးပွားချမ်းသာကို အလိုရှိသောသူသည် သူတစ်ပါးကိုလည်း မညှဉ်းဆဲရာလို့ မိန့်တော်မူသတဲ့"

ကျွန်မရင်ထဲတွင် အပူလှိုင်းများ ညင်သာလာသည်။ မေမေ့ကို လေးစားမြတ်နိုးစွာ မော့ကြည့်နေမိသည်။

"ဒီတော့ သမီးရယ်၊ မိမိကိုယ်ကို ချစ်ရမယ်လေ၊ သမီးကိုယ်သမီး အရည်အချင်းတွေ၊ စိတ်ဓာတ်ရေးရာတွေ ဖြည့်ဆည်းပါဦး။ ဒါတွေ သမီးမှာ မရှိသေးဘူး။ ပြီးတော့ ကောင်လေးမှာလည်း မရှိသေးဘူး"

မေမေက ပြောရင်းဆိုရင်းဖြင့် ကျွန်မဘေးမှာ ဝင်ထိုင်သည်။

"တကယ်တော့ သမီးဟာ ကိုယ့်ကိုယ်ကိုယ် ချစ်ပါတယ်။ ကဲ ... အခု သမီးကောင်လေးဆီ ရောက်နေရင် ဘယ်လိုရှိမလဲ၊ စဉ်းစားကြည့်စမ်း"

"ဟင့်အင်း၊ ဟင့်အင်း"

ရှက်အားပိုစွာဖြင့် မေမေ့ရင်ခွင်ထဲကို ခေါင်းတိုးဝင်လိုက်သည်။

"ကောင်လေးကို သမီးချစ်တာမဟုတ်ဘူး။ မေမေက အိမ်ထဲက ပေးမထွက်လို့ သမီးစိတ်ကျဉ်းကျပ်ပြီး မေမေ့ကို မကျေမနပ်ဖြစ်နေတာ။ အဲဒါ သမီးကိုယ်သမီး ချစ်လို့ ပေါ့"

## (၅)

သည်မနက် အိပ်ရာကနိုးတော့ ကျွန်မစိတ်တွေ ကြည်လင်လန်းဆန်းနေသည်။ နေရောင်ခြည်နုနုလေးက အခန်းပြတင်းဝကို ဝင်းပနေစေသည်။ အိပ်ရာက လူးလဲထလိုက်တော့ ပြတင်းဝ နေရောင်က ကျွန်မကိုယ်ပေါ်

ဖြာဆင်းလာသည်။ နံရံပေါ်မှာ ကျွန်မ အရိပ်ထင်လာသည်။ ကျွန်မ၏ အရိပ်ကို ကျွန်မ တွေ့မြင်လိုက်ရသည်။

မီးဖိုချောင်တံခါးဝသို့ သွား၍ မေမေ့ကို ချောင်းကြည့်လိုက်ပါသည်။

"ဟင် ... မေမေ ဒီမှာမရှိပါလား"

မေမေသည် အခန်းထဲမှာပင် အိပ်လျက်ရှိနေသည်။ မေမေ့ခုတင်ပေါ်သို့ တင်ပါးလွှဲဝင်ထိုင်ပြီး မေမေ့ကို နှိုးသည်။

"မေမေ မထသေးဘူးလား၊ နေမကောင်းလို့လား"

မေမေ့နဖူးပေါ် လက်တင်စမ်းကြည့်တော့ သိပ်ပူနွေးမနေပါ။

"နေကောင်းပါတယ်၊ အစာမရှိလို့ နုံးနေတာပါ"

ချောင်ကျသွားသော မေမေ့မျက်နှာကိုကြည့်ရင်း ကျွန်မ စိတ်မကောင်းဖြစ်သွားရသည်။ ကျွန်မ စိတ်ကောက်နေစဉ် တစ်ချိန်လုံး မေမေ အစာဝင်ဟန်မတူပါ။

"မေမေ ဘာစားမလဲ၊ သမီး ဘာလုပ်ပေးရမလဲ"

"မုန့်ဟင်းခါး စားချင်တယ်"

ကျွန်မရင်မှာ လှိုက်ဟာသွားပါသည်။ ကျွန်မ မုန့်ဟင်းခါးသိပ်ကြိုက်မှန်းသိ၍ တမင်ရွေးပြောခြင်းဖြစ်သည်။ မေမေ့ကိုယ်ပေါ်သို့ ကျွန်မ မှီနွဲ့လိုက်ပါသည်။

"သမီး သွားဝယ်လိုက်မယ်လေ၊ ဪ ... မေမေ၊ သမီး သွားရမှာလားဟင်"

"သွားလေ သမီး၊ မေမေနဲ့သမီး နှစ်ယောက်အတူစားမယ်။ နှစ်ပွဲတော့မရဘူးထင်တယ်။ တို့သားအမိ စိတ်ကောက်နေကြတာနဲ့ဗိုက်ထဲမှာ အစာပြည့်ဖို့ အများကြီးလိုနေတယ်။ လေးပွဲ ဝယ်ခဲ့၊ လေးပွဲ"

မေမေက လက်လေးချောင်း ထောင်ပြသည်။ ကျွန်မတို့သားအမိ ပြိုင်တူရယ်မောလိုက်ပါသည်။ မျက်နှာသစ်ပြီး စက်ဘီးစီးကာ လမ်းထိပ်သို့ ထွက်ခဲ့၏။ မုန့်ဟင်းခါးလေးပွဲ ဝယ်ပြီးပြန်အလာ၊ လမ်းမှာ ခင်ဝင်းရီနှင့် တွေ့သည်။

"အမွှန် နင်အပြင်ထွက်ရပြီပေါ့ ဟုတ်လား"

"အင်း"

"အတော်ပဲ၊ ထုံချိုင်းပေးသွားတဲ့စာ ငါ့ဆီမှာရှိတယ်၊ နင်အိမ်လိုက်ယူလေ"

ကျွန်မရင်မှာ ဆွေးမြည့်သွားသည်။ သူ၏ ပုံရိပ်များ တဝဲဝဲ ပေါ်လာသည်။ သူ ဘာတွေရေးထားမလဲ။ ကျွန်မကို တွေ့ချင်တယ်လို့ ရေးမှာလား ...။ ဒါမှမဟုတ် ...။

"မေမေ့ကို ဂုဏ်ခနမက်မောတဲ့ မိန်းမကြီးတဲ့၊ အဲလိုလူတန်းစားတွေကို သူရွံတယ်တဲ့"

မေမေ့မျက်ရည်စများနှင့် မေမေ့စကားသံတို့ က ကျွန်မနှလုံးသားထဲသို့ စူးနစ်ဝင်ရောက်လာသည်။ အခုအချိန်မှာ အချစ်ကို ကျွန်မ ဘယ်လိုမှ နားမလည်နိုင်တော့ပါ။ သူနှင့် တွေ့ဆုံလျှင် ကျွန်မ ဘာဆက်လုပ်ရမလဲ ကျွန်မမသိပါ။ ရင်မှာ တင်းကျပ်လေးလံလာသဖြင့် ခေါင်းကို ခါရမ်းပစ်လိုက်သည်။

"ဟင့်အင်း ... ဟင့်အင်း၊ ငါမဖတ်ချင်တော့ဘူး။ ခင်ဝင်းရီ ... သူ့ကိုတွေ့ရင် ပြောလိုက်ဟာ၊ ငါ မေမေ့စကားပဲ နားထောင်တော့မယ်လို့"

ပြောပြောဆိုဆိုဖြင့် စက်ဘီးကို စီးပြီး ထွက်ခဲ့သည်။ ခင်ဝင်းရီက ကျွန်မကို ပါးစပ်အဟောင်းသားဖြင့် ကြည့်ပြီး ကျန်ရစ်သည်။

မန္တလေး ယဉ်ကျေးမှုဂျာနယ်၊ ၁၉၉၅ ခုနှစ်၊ ဩဂုတ်လ

www.burmeseclassic.com

ခင်ခင်ထူး

# ရင်မှာဝိုက်ပါလို့



www.burmeseclassic.com

# ရင်မှာပိုက်ပါလို့

မိဆောင်းက တောသူဆိုပေမယ့် လည်ပါတယ်တော့။ လည်မှာပေါ့။ မိဆောင်းတို့ ရွာက မန္တလေး – မတ္တရာရထားလမ်းဘေးမှာ ရှိတယ်။ တစ်နေ့ သုံးခေါက်နှုန်း ပြေးဆွဲနေတဲ့ ရထားကြီးပေါ်မှာ နေ့တိုင်း မိဆောင်း ဈေးလိုက်ဝယ်နေကျကိုး။ မနက်ရထားနဲ့မန္တလေးကို ဈေးလိုက်ဝယ်၊ နေ့လယ်ရထားနဲ့ပြန်လာ။ ညနေ ရွာထဲ ဈေးလည်ရောင်းနဲ့ အမေနဲ့ မောင်လေးကို မိဆောင်း လုပ်ကျွေးနေတာ။

မိဆောင်း လေးတန်းအောင်တော့ အဖေဆုံးသွားလို့ ကျောင်းဆက် မတက်ရတာ။ မိဆောင်းက စာတော်တယ်တော့။ အတွက်အချက်လည်း သွက်တယ်။

ကြည့်လေ။

မန္တလေးက ဝယ်လာတဲ့ ကုန်စိမ်းကုန်ခြောက်တွေကို ရထားကြီးပေါ်မှာ တင်ရောင်းလိုက်သေးတယ်။ လိုချင်သလောက်သာ ဝယ်။ မိဆောင်းက ဖျတ်ခနဲ ဖျတ်ခနဲ ချိန်ပေးလိုက်၊ ထုပ်ပိုးပေးလိုက် အမြတ်တွက်ကြည့် လိုက်နဲ့အလုပ်ကိုဖြစ်လို့။

မိဆောင်းတို့ ရွာက လယ်စိုက်ကြတော့ ရွယ်တူမိန်းကလေးတွေဆို ရင် ကောက်စိုက်၊ အမှိုက်ကောက် လိုက်ကြပေမယ့် မိဆောင်းကတော့

ဈေးပဲရောင်းတယ်။ မိဆောင်းတို့ မှာ တစ်ဧက မရှိတရှိ လယ်ကွက်လေး တစ်ကွက်တော့ရှိပါရဲ့။ အဲသည်လယ်ကွက်လောက်တော့ အမေနဲ့မိဆောင်း လုပ်နိုင်ပါတယ်။ အမေ့ရဲ့မောင်ကလည်း နည်းနည်းပါးပါးတော့ ဝိုင်းပေးပါ တယ်။ ဘာပဲဖြစ်ဖြစ် မိဆောင်းတို့ သားအမိသုံးယောက်တော့ ချောင် ချောင် လည်လည်ရှိတာအမှန်ပဲ။

ရှာကျောင်းမှာတက်နေတဲ့ မိဆောင်းရဲ့မောင်လေး ညိုကြီးအတွက် လိုအပ်သမျှ စာအုပ်၊ ခဲတံ အားလုံး မိဆောင်းဝယ်ပေးနိုင်တယ်။ မိဆောင်း ကိုယ်တိုင် စာတတ်ပေတတ်ကြီး မဖြစ်ပေမယ့် မောင်လေးကိုတော့ ဘွဲ့ရတဲ့ အထိ ကျောင်းထားပေးဖို့ ရည်ရွယ်ထားတယ်။ မိဆောင်းတို့ ရွာကို စာလာ သင်ပေးတဲ့ မန္တလေးက ဆရာမလေးကို မိဆောင်း သိပ်ချစ်တာ။ ဆရာမ လေးက ရုပ်ချော သဘောကောင်းရုံတင်မကဘူး။ တစ်ရွာလုံးနဲ့လည်း ခင်ခင်မင်မင်ရှိတယ်။ ဆရာမလေး ကျောင်းလာတဲ့အချိန်နဲ့ မိဆောင်း ဈေးသွားတဲ့အချိန် နေ့ တိုင်း လမ်းမှာ ဆုံတွေ့နေကျပါ။

"မဆောင်း၊ ညိုကြီး ညည စာကျက်ရဲ့လား"

"ဟုတ်ကဲ့၊ ကျက်ပါတယ်ဆရာမ၊ ကျွန်မက အလီတွေ သင်ပေး တာ"

"ဟုတ်လား၊ မဆောင်းက သိပ်တော်တာပဲ။ ကျောင်းမှာ လာလုပ်အား ပေးပါဦး"

အဲသလို ဆရာမလေးက ပြောလိုက်ရင် မိဆောင်း သိပ်သဘောကျ တာ။ တစ်ခါတလေ မောင်လေးကို စာချပေးရင်း ကိုယ့်ကိုယ်ကိုယ် ဆရာမတစ်ယောက်လို စိတ်ကူးယဉ်ကြည့်ရတာလည်း အမောသား။

ညိုကြီးကိုတင်မကပါဘူး။ ရွာထဲက ကလေးတွေကို ညတိုင်း စာချ ပေးတာ။ ညတိုင်းဆိုပေမယ့်လည်း မိဆောင်းမှာ ဖယောင်းတိုင်ဖိုး မရှိရင် တော့ မိဆောင်းရဲ့ညကျောင်းလေး ပိတ်ထားရတာပေါ့။ မိဆောင်းတို့ ရွာ မှာသာ မြို့ကြီးတွေလို လျှပ်စစ်မီးတွေရှိရင် ကောင်းမှာပဲလို့ တွေးမိပေမယ့် မိဆောင်း ဈေးဝယ်သွားတိုင်း မီးမလာလို့ ညည်းညူတတ်တဲ့ မန္တလေးက လူတွေရဲ့အသံကို ကြားကြားနေရတော့။

"အင်း – မရှိတော့ မညည်းရတော့ဘူး"

လို့ ထင်မိပြန်ရော။ ဘာပဲဖြစ်ဖြစ် မိဆောင်းဘဝလေးကို မိဆောင်း ပျော်ရွှင်မိပါတယ်။

*　*　*

"အမေ ဘာဖြစ်လို့ လဲ၊ နေမကောင်းဘူးလား"

သည်နေ့ မိဆောင်း မန္တလေးက ပြန်လာတော့ ခါတိုင်းလိုမဟုတ်ဘဲ အိပ်ရာထဲ ခွေနေတဲ့ အမေ့ကို တွေ့ရတယ်။

"အေး – မိဆောင်း ဒီမှာကြည့်စမ်း၊ ငါ့ရင်ဘတ်တွေ နာနေလို့ "

အမေက သူ့ရွှေးခံအင်္ကျီလေးကို လှန်ပြီး မိဆောင်းကို ပြတယ်။ မိဆောင်း စမ်းကြည့်လိုက်တော့ အမေ့ရဲ့ညာဘက်ရင်မှာ အကျိတ်ကြီးကို တွေ့ရတယ်။ အကျိတ်ဘေးက အရေပြားလေးတွေလည်း ခပ်ရှုံ့ရှုံ့ဖြစ်နေ တယ်။

"ဟင် – အမေ အကျိတ်ကြီးပါလားတော့"

"အေး – ဟုတ်တယ်၊ အဲဒီအကျိတ်က နာနေလို့ "

"အမေ ညကျရင် ဆရာလေးကို သွားပြကြည့်ရအောင်လေ"

မိဆောင်းတို့ ရွာမှာ တိရစ္ဆာန်ဆေးကုနေတဲ့ ဆရာလေးရှိတယ်။ မိဆောင်းတို့ မှာ လူကုတဲ့ဆရာဝန်မရှိတော့ ရွာကလူတွေ ဘာပဲဖြစ်ဖြစ် အဲဒီဆရာလေးကိုပဲ ပြကြည့်ရတယ်။

"အို – နေပါစေအေ၊ ဒီလိုပါပဲ၊ တစ်ခါတစ်ရံမှပါ၊ ပြီးတော့ ပျောက် သွားတာပါပဲ"

အမေက သည်လိုပြောတော့ မိဆောင်းလည်း ခပ်ပေါ့ပေါ့နေလိုက် မိတယ်။ ရက်တစ်ပတ်လောက်ကြာတော့ အမေ့ရင်ဘတ်က အနာကြီးလို ကွဲအက်လာတယ်။ အမေလည်း အော်နေရတယ်။ မိဆောင်းလည်း ဈေး မသွားနိုင်တော့ဘူး။ အမေ့ရင်ဘတ်ကို မန်းဆေးကြိတ် လိမ်းပေးလိုက်၊ ထမင်းချက်လိုက်နဲ့ အလုပ်များနေတော့တာပေါ့။

"မဆောင်း၊ ဒေါ်ဒေါ်နေမကောင်းလို့ ဆို"

"ဩော် – ဆရာမလေးပါလား၊ လာပါရှင့်"

ဆရာမလေးထိုင်ဖို့ သင်ဖြူးဖျာကို ကတိုက်ကရိုက် ခင်းပေးလိုက်တယ်။ အမေက အိပ်ရာထဲ လှဲနေရာက ဆရာမလေးရဲ့အသံကြားလို့ ထ,လာတယ်။

"ဘာဖြစ်တာလဲ ဒေါ်ဒေါ်၊ မဆောင်း ဈေးလာတာမတွေ့လို့ ညိုကြီးကို မေးကြည့်တော့မှ ဒေါ်ဒေါ် နေမကောင်းမှန်း သိတာ"

အမေက ပါးစပ်ကမပြောဘဲ အင်္ကျီကို လှန်ပြလိုက်တယ်။

"အို အနာကြီးဖြစ်နေတာပါလား။ ဘာတွေလိမ်းထားတာလဲ။ ကျွန်မကိုင်ကြည့်မယ်နော်"

ဆရာမလေးက အမေ့ရင်ဘတ်ကို နှိပ်ကြည့်ရင်း မျက်နှာပျက်သွားတယ်။

"ဒီလိုပေါ့ပေါ့နေလို့ မဖြစ်ဘူး ဒေါ်ဒေါ်။ ဆေးရုံကို သွားပြပါ"

"အို – ကျွန်မက ဒီမန်းဆေးနဲ့တည့်ပါတယ် ဆရာမရယ်။ ဆေးရုံကို သွားမပြချင်ပါဘူး"

"မကြောက်ပါနဲ့ ဒေါ်ဒေါ်ရယ်၊ ဆေးရုံမပြရင် အမြစ်တွယ်ပြီး ဒုက္ခရောက်သွားနိုင်တယ်။ ခုတောင် ခွဲထုတ်ရမယ်ထင်တယ်"

ဆရာမလေးက ခွဲထုတ်ရမယ်လို့ ပြောတော့ အမေမျက်လုံးပြူးသွားတယ်။ မိဆောင်းတို့ ရွာက လူတွေဟာ ဆေးရုံသိပ်ကြောက်ကြတာ။ ခွဲစိတ်ခံဖို့ ဆိုတာ ဝေလာဝေးရော။

မိဆောင်းဆို ဟိုတစ်နေ့ က အနောက်ရွာကို ဈေးသွားရောင်းရင်း လယ်ထဲမှာ ငုတ်ထိုးမိတာ ဆေးထိုးရမှာ ကြောက်လို့ ကိုယ့်ဘာသာ သွေးဆေးတွေသိပ်လိုက်တာ ပျောက်ရောပဲ။

ဆရာမလေးက ပြန်သွားတဲ့အထိ ဆေးရုံကို သွားပြဖို့ တတွတ်တွတ် မှာသွားတယ်။

* * *

www.burmeseclassic.com

ဆရာမလေးရဲ့တိုက်တွန်းချက်နဲ့ဘဒွေးက ဦးဆောင်ပြီး မိဆောင်းတို့ မန္တလေးဆေးရုံကြီးကို လာခဲ့ကြတယ်။ အမေ့ကို ဆေးရုံတင်ရမယ်ဆိုလို့ ဆေးရုံတင်လိုက်ကြတယ်။ မိဆောင်းပဲ ပင်ပန်းတာပါပဲ။ နေ့ ရော ညရော ဆေးရုံမှာပဲနေရတယ်။

အမေ့ရောဂါက ရင်သားကင်ဆာတဲ့။

ဆရာဝန်ကြီးက စမ်းသပ်ပြီးတော့ အမေ့ကို ခွဲရမယ်တဲ့။ အမေ၀ို လိုက်ပုံများ ပြောမပြောချင်တော့ဘူး။ ဆေးရုံက ဆရာမ အနီလေးတွေ ငေါက်လိုက်မှပဲ တိတ်သွားတော့တယ်။ ဒါတောင် ကြောက်ကြောက်နဲ့ ကျိတ်ရှိုက်နေသေးတာ။

အမေကျိတ်ရှိုက်နေသလို မိဆောင်းလည်း ကျိတ်မောနေရတယ်။ အမေ့ကို ခွဲစိတ်မယ်ဆိုရင် ငွေလိုမယ်လေ။ အဲသည်ငွေကို မိဆောင်း ဘယ်မှာရှာရပါ့မလဲ။ တစ်ကွက်တည်းသော လယ်ကို ပေါင်လိုက်ဖို့ ပဲရှိ တယ်လေ။ လူမသေ ငွေမရှားတဲ့။ အမေနေကောင်းလို့ ရှိရင် သည်လယ်ကွက် ရွေးနိုင်ဖို့ မိဆောင်းရှာရတော့မှာပေါ့။ ရွာကိုပြန်ပြီး မိဆောင်းတို့ လယ်ကို ပေါင်လိုက်တယ်။

ဆေးရုံပေါ်မှာ အမေ့လို ခွဲစိတ်ရမယ့် ရောဂါသည်တွေ အများကြီးပါ။ ကြောက်ရွံ့ထိတ်လန့်နေတဲ့ အမေ့ကို အားပေးရင်း မိဆောင်း အားငယ် လိုက်တာ။

အမေ့ကို ခွဲစိတ်တဲ့နေ့ က ဆရာမလေး ရောက်လာလို့ မိဆောင်း ဝမ်းသာမိတယ်။ ဆရာမလေးက မိဆောင်းကို အားပေးရင်း အမေ ခွဲစိတ် ခန်းက ထွက်လာတဲ့အထိ စောင့်ပေး ကူညီတယ်။ ခွဲစိတ်တယ်လို့ သာ ဆိုတာပါ၊ တကယ်တမ်းကျတော့ အမေ့ရဲ့ညာဘက်ရင်သားတစ်ခုလုံး ဖြတ်ထုတ်ပစ်လိုက်တာပါပဲ။

အမေ့ကို ခွဲစိတ်ပြီး ဓာတ်ရောင်ခြည် ကင်ရဦးမှာတဲ့။ မိဆောင်းတော့ ဘာမှ နားမလည်ပါဘူး။ မိဆောင်း နားလည်တာက မိဆောင်းတို့ မောင်နှမ စို့ ခဲ့ကြတဲ့အမေ့ရဲ့နို့ တစ်ဘက် မရှိတော့ဘူးဆိုတာပါပဲ။

အမေ့အတွက် မိဆောင်း ငွေထပ်ရှာရဦးမယ်လေ။ ဓာတ်ရောင်ခြည် ကင်တာ ဘယ်လောက်ကုန်ကျမယ် မိဆောင်းမသိပါဘူး။ သည်တော့ ရွာကို မိဆောင်း ခဏပြန်ခဲ့တယ်။ လယ်ကလေး ပေါင်နှံကြေးထပ်တောင်း ဖို့ ပေါ့။

“ညည်းတို့ လယ်က အပြတ်ရောင်းတောင် ဒီလောက်မပေးနိုင်ဘူး။ ဒါပေမဲ့ တစ်ရွာတည်းသားချင်း ကူညီတဲ့အနေနဲ့ ညည်းတောင်းတဲ့ငွေနဲ့ ငါ့ကို အပြတ်သာရောင်းလိုက်တော့”

ဒေါ်သိန်းခင်ရဲ့စကားက မိဆောင်းရင်ဝကို ဆီးတွန်းလိုက်သလိုပါပဲ။ မိဆောင်းတို့ လယ်က တစ်နှစ်ကို နှစ်သီးစားလယ်ပါတော့။ အဲသလောက် ထက်မကတဲ့ ဈေးရတောင် မိဆောင်းမရောင်းပေါင်။ သည်လယ်ကလေးက အဖေ့ရဲ့အမွေ။ အမေသိရင် မိဆောင်း သေအောင်အရိုက်ခံရမှာ။ အမေက မောင်လေးအရွယ်ရောက်တဲ့အထိ မလှူနိုင်ခဲ့ရင် သည်လယ်ကို ရောင်းပြီး လှူဖြစ်အောင်ကို လှူမယ်လို့ ပြောထားတာ။

မိဆောင်း ဘဒွေးနဲ့တိုင်ပင်ရတယ်။ ဘဒွေးတို့ ကလည်း ချောင်လည် ရှာတာမဟုတ်ဘူး။ မိသားစုများရတဲ့အထဲ ကိုယ်ပိုင်လယ်မရှိတော့ ဘဒွေး ကိုယ်တိုင်က သူများအိမ်မှာ လူငှားနေရတာ။

“ဒီလိုလုပ်ဟာ မိဆောင်း တို့ လယ်ရှင် ကိုထွန်းမောင်ကို ပြောင်းပြီး ပေါင်ရအောင်လား။ ဒီမိန်းမကြီးက သိပ်စီးတာဟ၊ ကိုထွန်းမောင်ကတော့ သဘောကောင်းပါတယ်”

တော်သေးတယ်၊ ဘကြီးထွန်းမောင်က ပြောင်းပြီး အပေါင်ခံလို့ ။ နောက်ထပ်ငွေကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး အမေ့ဆီကို မိဆောင်း ပြန်ခဲ့တယ်။

* * *

အမေက မိဆောင်းကို စိတ်ဆိုးနေတာ။ သူ့ကိုပစ်ပြီး ရွာပြန်လို့ ပေါ့ လေ။ မိဆောင်း ဘာတွေလုပ်နေရတယ်ဆိုတာ အမေမသိရှာဘဲကိုး။

“အမေကလည်း၊ ကျုပ်ဖျားနေလို့ ပါတော့”

အဲသလို မိဆောင်းက လိမ်ပြောလိုက်တော့ အမေ စိတ်ပူပြီး –

"ခုတော့ သက်သာသွားပြီလား"

ဆိုပြီး မိဆောင်းနဖူးကို လက်နဲ့စမ်းတယ်။ မိဆောင်းမျက်ရည်တွေတောင် စို့တက်လာမိတယ်။

"သက်သာပါတယ်အမေ၊ အမေရော ဘယ်လိုနေလဲဟင်"

"နာတော့ နာတာပေါ့အေ၊ ငါ့သားလေးရော မခေါ်ခဲ့ဘူးလား"

"စာမေးပွဲနီးနေလို့ ကျောင်းပျက်မှာစိုးလို့ အမေရဲ့"

"အေး – အေး၊ ငါ့သားက စာသိပ်ကြိုးစားတာအေ့"

သားအမိချင်းတောင် အမေက သူ့သားအကြောင်း ကြွားနေသေးတယ်။ အမေက ကွယ်ရာမှာ မိဆောင်းအကြောင်းလည်း ကြွားတာပါပဲလေ။ မိဆောင်းဈေးရောင်းလည်တဲ့အကြောင်း၊ ညည ကလေးတွေကို စာပြပေးတဲ့အကြောင်း၊ အင်း … ဘာလိုလိုနဲ့ မိဆောင်းလည်း ဈေးရောင်းပျက်တာ တစ်လနီးပါးရှိနေပြီ။

အမေ့ခြေထောက်ကလေးတွေကို ဆုပ်နယ်ပေးရင်း ပိန်ကျသွားတဲ့ အမေ့မျက်နှာကိုကြည့်ပြီး မိဆောင်း ငိုချင်လာတယ်။ အမေများ သေသွားခဲ့ရင်ဆိုတဲ့ အတွေးနဲ့အတူ မိဆောင်းရဲ့မျက်ရည်တစ်စက်က အမေ့ပေါ် ကျသွားတော့တယ်။ အမေက မျက်လုံး ဖွင့်ကြည့်ပြီး –

"မိဆောင်း ညည်း ဘာလို့ ငိုနေတာတုံး၊ ငါသေမှာမို့ လား"

အမေက စိတ်တိုတိုနဲ့ အော်တော့ မိဆောင်း မျက်ရည်တွေ ကပျာကယာ သုတ်ရင်း –

"အို အမေကလည်း နိမိတ်မရှိ ပြောရော့မယ်။ ကျုပ်က အမေ နာနေမှာကို တွေးပြီး သနားလို့ ပါတော့"

အမေ့ရင်ဘတ်ကို မကြည့်မိအောင် မျက်နှာလွှဲနေလိုက်ရတယ်။

"အစ်မ ငါ့ဖို့ စာအုပ်ဝယ်ပေးဦး၊ ရေးစရာမရှိတော့ဘူး"

ညီ့ကြီးအသံကို နားထဲကြားလာမိပြန်တယ်။ ခါတိုင်းဆိုရင် မပူဆာခင်က ဝယ်ပေးချင်နေတဲ့ မိဆောင်း စိတ်မကောင်းဖြစ်ရတယ်။ ခုတော့

မိဆောင်းမှာ နားကပ်လေးတောင် မရှိတော့ဘူး။ ဈေးရင်းငွေလည်း ပြုတ်ပြီ။ မိဆောင်း ဘာဆက်လုပ်ရမှန်းတောင် မသိတော့ပါဘူး။

"မိဆောင်းရယ်၊ ငါ့တင်ပါးတွေလည်း နာလှပြီ။ ဆေးတွေလည်း မသောက်ချင်တော့ဘူး။ ပျို့အန်ထွက်ကုန်ပြီ။ တော်ပြီအေ၊ ငါ ရွာပြန်မယ်။ ရွာကျမှ ဆရာလေးနဲ့ ဆေးထိုးတော့မယ်"

"ဘယ်ဖြစ်ပါ့မလဲ အမေရယ်။ ဆရာဝန်ကြီးက ဆင်းခွင့်မှမပေးသေးတာ"

"အိုအေ ... ညည်းမရှုည်ပါနဲ့။ ငါ ဒီဆေးရုံကြီးပေါ်မှာ မနေချင်တော့ဘူး"

ညစဉ်ညတိုင်း ကျိတ်ကျိတ်ငိုနေရှာတဲ့ အမေ့ကို မိဆောင်း မကြည့်ရက်တော့ဘူး။ သားအမိနှစ်ယောက် ဆေးရုံကနေ ဆင်းပြေးလာခဲ့ကြတယ်။

ရွာကိုရောက်တော့ အမေစိတ်ပျော်တယ်ထင်ပါရဲ့ထမင်းတွေလည်း စားတယ်၊ ဟိုဘက်အိမ် သည်ဘက်အိမ်တောင် လည်လိုက်သေး။ သည်တော့လည်း မိဆောင်းစိတ်တွေ ရွှင်လန်းလာမိတယ်။

"အမေ နေကောင်းရင် ညည်းနားကပ်လေး အစားပြန်လုပ်ပေးမှာပါ"

"အမေကလည်းတော်၊ အမေ့ရောဂါသာ သက်သာပါစေ၊ ကျုပ်ဈေးတောင်း နှစ်ဆရွက်ရောင်းလိုက်ရုံပါပဲတော်"

ဒါပေမဲ့ မိဆောင်းတို့ ကံခေပါတယ်။ အမေ့ရင်ဘတ်က ပြန်နာလာလို့ ဆေးရုံကို ထပ်ပြရတယ်။ ဆရာဝန်ကြီးကဆို ဆူလိုက်တာ အရမ်းပါပဲ။ မိဆောင်းလေ အမေ့အတွက် နောက်ဆုံးလက်နက် သုံးရတော့တယ်။ အမေ ဆူချင်လည်းဆူပေတော့။ လယ်ကွက်လေးကို အပြတ်ရောင်းပစ်လိုက်တယ်။

ဆရာဝန်ကြီးက စမ်းသပ်ပြီး အမေ့ကို အားပြန်ဖြည့်လိုက်ပါဦးဆိုလို့ မိဆောင်းတို့ ရွာကိုပြန်ခဲ့ရတယ်။ ရွာကိုရောက်တော့ အမေ့ဗိုက်ကြီး တဖြည်းဖြည်းနဲ့ဖောင်းပြီး ရောင်လာတယ်။ စဉ်းအိုးကြီးတစ်လုံးလို ဝိုင်းပြီး ပြောင်ဝင်းနေတာပဲ။

မိဆောင်းလည်း အမေ့ကို ရွာက ဆရာလေးနဲ့ ဆေးထိုးတာပေါ့။ ဒါပေမဲ့ ဆရာလေးက ထိုးမပေးချင်တော့ဘူးတဲ့။ မိဆောင်းက –

“ဒီမယ် ဆရာလေး၊ ဆေးဖိုးငွေတွေ အကြွေးမှတ်ထားတာကို ပြန်မဆပ်နိုင်ဘူး ထင်လို့လား။ ကျုပ် ဆရာလေးတို့ အိမ်မှာ ကျွန်ခံ ဆပ်ပါ့မယ်တော်”

မိဆောင်းက ရန်ထောင်တော့ ဆရာလေးက ဘာမှမပြောဘဲ ပြန်သွားတယ်။ မိဆောင်းလည်း သိပ်စိတ်တိုသွားတာပေါ့။ ဆရာလေးတင်မက ပါဘူး၊ တောင်ပိုင်းက ကုန်စုံဆိုင်ရှင် ကြီးသန်းမေကလည်း မိဆောင်း ကြွေးယူရင် မပေးချင်တော့ဘူး။ ကိုယ့်ဆွေမျိုးတွေကရော ဘာထူးသေးလဲ။ မိဆောင်း ငွေချေးရင် မယုံတာလိုလို ဘာလိုလိုနဲ့။

မိဆောင်း မိန်းကလေးပေမယ့် အဲသည်လောက်ကြွေးတော့ မကြောက်ဘူး။ ပစ္စည်းဥစ္စာဆိုတာ လူကရှာတာပါ။ မိဆောင်း လူပါတော့် လူပါ။ ဒေါင်းသန်မောင်းသန် မိဆောင်းပါ။ အခု အမေနေကောင်းကြည့် အခု ငွေရအောင် မိဆောင်းရှာနိုင်တယ်။

မိဆောင်းရင်ထဲ မခံချင်စိတ်တွေဟာ တစ်ကိုယ်လုံးကို စိမ့်တက်လာတယ်။ အံကို တင်းတင်းကြိတ်၊ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ဘဒွေးတို့ အိမ်ဘက် ပြေးထွက်ခဲ့တယ်။

* * *

ဘဒွေးတို့ အိမ်ဘက်ရောက်တော့ မိဆောင်း အော် အော် ငိုပစ်လိုက်တယ်။

“ဒီမှာ … ကျုပ်ကို အထင်မသေးကြပါနဲ့။ အမေနေကောင်းလာရင် ယူထားသမျှကြွေးတွေကို ကျုပ် အကုန်ဆပ်နိုင်ပါတယ်။ မိဆောင်းတဲ့၊ လူသာအသေခံမယ် နာမည်ကို အသေမခံဘူးတော့် သိကြရဲ့လား။ အီး … အီး”

မိဆောင်းအသံက တစ်ရွာလုံးကို ပွက်လောရိုက်သွားတယ်။ ဘဒွေး က ပြောင်းဖူးဖက်လိပ်ကြီးသောက်ရင်းနဲ့ မိဆောင်းကို လှည့်လှည့်ငေါက် တယ်။ မိဆောင်းကလည်း မရပ်ဘူး။ အတင်းအော်အော်ငိုတယ်။

"ကျုပ်မှာ ခြေနဲ့ လက်နဲ့ သိလား၊ ကျုပ်ကိုယ်ကျုပ် ခိုင်းစားလို့ ရ တယ်။ ဘယ်သူ့ပစ္စည်းကိုမှ အလကားမယူပါဘူးတော့ အီး ... အီး"

ဘဒွေးက စိတ်တိုတိုနဲ့ မိဆောင်းကို –

"ဟဲ့ မိဆောင်း၊ ဆရာလေးက စေတနာနဲ့ ဆေးထိုးမပေးတော့တာ၊ နင့်အမေရောဂါ ကုလို့ မရတော့ဘူး သိလား"

အို ... ဘုရား ဘုရား၊ အမေ့ရောဂါက ကုလို့ မရတော့ဘူးတဲ့။ ဒါကြောင့် ဆရာဝန်ကြီးက ပြန်လွှတ်လိုက်တာကိုး။ ကျွေးချင်ရာကျွေး တော့လို့ ပြောခဲ့တာကိုး။ စောစောက မိဆောင်းရဲ့ မခံချင်စိတ်တွေ၊ မာနတွေ ဘယ်ရောက်ကုန်မှန်း မသိတော့ပါဘူး။ မိဆောင်းလည်း အိမ်ကို အားသွန်ပြေးခဲ့တယ်။

"အမေ အမေ"

အိပ်ရာပေါ်မှာ ဗိုက်ကြီးအဖောင်းသားနဲ့ အိပ်နေတဲ့အမေ့ကို မိဆောင်း လှုပ်လှုပ်ခေါ်လိုက်တော့ အမေ လန့်နိုးလာတယ်။

"ဘာလဲ သမီး၊ ဘာလဲ အမေ လန့်လိုက်တာကွယ်"

အမေက မရှိတော့တဲ့ရင်ဘတ်ကလေးကို လက်နဲ့ဖိထားရင်း မိဆောင်း ကို မော့ကြည့်တယ်။ အမေ့ရဲ့မျက်လုံးတွေကလည်း အရောင်မတောက် တော့ဘဲ မွဲပြာနေတယ်။ ဆေးရုံပေါ်တုန်းက မိဆောင်းငိုတော့ အမေက –

"မိဆောင်း၊ ညည်း ဘာလို့ ငိုတာတုံး ငါသေမှာမို့ လား"

ဆိုတဲ့စကားကို ပြန်သတိရပြီး မိဆောင်းပါးစပ်ကို လက်ဝါးနဲ့အုပ် မျက်ရည်ကိုသုတ်ပြီး –

"ဘာမှမဖြစ်ပါဘူးအမေ၊ ဘာစားဦးမှာလဲလို့ မေးမလို့ ပါ"

မိဆောင်းရဲ့ အညာစကားကို သိသလိုနဲ့ အမေ ပြုံးပြီး လက်ခါပြ တယ်။ ပြီးတော့ မျက်စိပြန်မှိတ်သွားတယ်။ အမေက လက်ကလေးကိုတော့ ရင်ဘတ်ပေါ် တင်လျက်သား။

အမေရယ် – အမေ့ရင်ဘတ်မှာ အကျိတ်ကလေး စထွက်ကတည်းက ကင်ဆာမှန်းသိခဲ့ရင် အကောင်းသား။ ခုတော့ ကင်ဆာက အမေ့ကိုယ်တွင်းမှာ အမြစ်တွယ်နေပြီတဲ့။ အမေ့အသည်းတွေ နှလုံးတွေကို တွယ်ကုပ်ပြီး အမေ့အသက်ကို ထုတ်ပစ်ကြတော့မယ်။ လည်ပါတယ်ဆိုတဲ့ တောသူမ မိဆောင်း အမေ့ရောဂါအကြောင်းကိုတော့ မသိ နားမလည်ခဲ့ပါဘူး။

မိဆောင်း နေ့ တိုင်းစီးနေတဲ့ ရထားကြီးပေါ်က လူတွေက သူတို့ ရဲ့ စားဝတ်နေရေးအကြောင်း ရုန်းကန်လှုပ်ရှားမှုတွေအကြောင်းသာ ပြောကြတာ။

လူတွေမှာ ဖြစ်ပေါ်လာတတ်တဲ့ ရောဂါလက္ခဏာတွေအကြောင်း ပြောကြတာ မဟုတ်ဘူး။

မိဆောင်းတို့ ရွာက လူတွေက စပါးတွေ ပျိုးကြဲဖို့ ပျိုးနုတ်ကောက်စိုက်ဖို့ လောက်သာ သိတာ။

အမေ့ရောဂါအကြောင်း သိတာမဟုတ်ဘူး။

ရွာက ဆရာလေးက နွားတွေရဲ့ရောဂါကိုသာ ကုတတ်တာ။

အမေ့ရဲ့ကင်ဆာရောဂါကို ကုတတ်တာ မဟုတ်ဘူး။

မိဆောင်းတို့ ပိုင် လယ်တစ်ကွက်က အဖေ့ရဲ့အမွေလို့ လက်ညှိုးထိုးပြနိုင်ရုံသာ ရှိတာ။

အမေ့ရောဂါကို လုံလောက်တဲ့ဆေးဝါး ရှာပေးနိုင်တာမဟုတ်ဘူး။

မိဆောင်း နားလည်မိတာ အဲသလောက်ပါပဲအမေရယ်။ ဒီလောက်ပဲ သိတဲ့မိဆောင်းမှာ အပြစ်ရှိသလားအမေရယ်။

အမေ့ကိုကြည့်ရင်းက အမေဆိုနေကျသီချင်းလေးကို မိဆောင်း သတိရမိတယ်။

“ဖောခိရွှေကျောင်း” တဲ့။

“ရွှေစာကို အမေပိုက်ပါလို့ x x x လိုက်ပါရစေကွဲ့မောင်လှရယ် ...” တဲ့။

အမေ ... အမေ ...။ အမေ အဲဒီသီချင်းဆိုနေသလား။ အမေ့နှုတ်ခမ်းတွေ တလှုပ်လှုပ်နဲ့သီချင်းဆိုနေတာလား။


"အမေရယ်၊ အမေမရှိလည်း မောင်လေး ညီကြီးကို ကျုပ် လူဖြစ်အောင်လုပ်မှာပါတော့၊ မောင်လေးနောက်ကနေပြီး လိုက်ပါရစေလို့ အမေဆိုနေဦးမှာလား"

မိဆောင်းမျက်စိထဲမှာ မောင်ရှင်ဆောင်းပစ္စည်းတွေ ရှက်လို့၊ သက်န်းပန်းတွေ ပွေ့ထားတဲ့ အလှူ့အစ်မကြီးအမေ့ကို မြင်ယောင်လာမိတယ်။

ဒါပေမဲ့ အမေ တကယ်ပိုက်ထားရတာက ကင်ဆာရောဂါကိုပါ။ သေခြင်းတရားက ဆင်းရဲတဲ့လူတွေဆီကို အရင်လာတတ်ထင်ပါရဲ့တော်။

ပန်းဝေသီမဂ္ဂဇင်း၊ ၁၉၉၆ ခုနှစ်၊ မေလ

www.burmeseclassic.com



ခင်ခင်ထူး

လယ်ကြားလမ်းကလေး

www.burmeseclassic.com

# လယ်ကြားလမ်းကလေး

သိပ်ချစ်စရာကောင်းတာပဲကွယ်...။

အဲသည် ကျောင်းသွားလမ်းကလေးကိုပေါ့။ စိမ်းစိုလတ်ဆတ်နေတဲ့ စပါးပင်ကလေးတွေကို ဘောင်ခတ်ပြီး ကာဆီးထားတဲ့ လယ်ကြားလမ်းကလေးလေ။

လယ်ကန်သင်းဘောင်ပေါ်မှာ မခို့တရို့ပေါက်နေတဲ့ ထိကရုံးပင်လေးတွေ၊ လယ်ကန်စွန်းနွယ်လေးတွေဟာ သူတို့ ထက်မြင့်တဲ့ ပဲ့ပြားပင်လေးတွေနဲ့အတူ ရယ်မောယိမ်းနွဲ့နေတတ်တယ်။ လယ်ကြားချောင်းရေလေးကလည်း တသွင်သွင်စီးဆင်းနေလိုက်တာ။ ကျွန်မက ထိကရုံးပွင့်လေးတွေ ခူးပြီး ချောင်းရေထဲမှာ အပြေးပြိုင်ခိုင်းတယ်။ အလုအယက် ချောင်းရေစီးနဲ့အတူ မျောပါသွားတဲ့ ပန်းပွင့်လေးတွေကို လိုက်ကြည့်ရင်း ပျော်မိတယ်။ သူတို့ ဘယ်အထိ မျောပါသွားလေမလဲလို့ ကျွန်မဖြင့် စဉ်းစားကြည့်မနေပေါင်။

တစ်ခါတလေ ထိကရုံးပင်လေးတွေကို လက်နဲ့တို့ တို့ပြီး သူတို့ အချိန်ဘယ်လောက်ကြာကြာ စိတ်ကောက်နိုင်မလဲလို့ လက်ကနာရီကို ကြည့်ပြီး မှတ်ထားလိုက်တယ်။ ခဏလေးပါပဲ။ ငါးမိနစ်တောင်မပြည့်ဘူး။ သူတို့ စိတ်ကောက်ပြေသွားကြတယ်။

စပါးပင်လေးတွေကတော့ ကျွန်မ ကျောင်းလာတိုင်း ပုံစံအမျိုးမျိုးနဲ့ နှုတ်ဆက်နေတတ်ကြတယ်။ မစို့မပို့ ပြူထွက်စ ပျိုးပင်ပေါက်ကလေးတွေကနေ ကော့လတ်လတ်နဲ့ခေါင်းမော့လာတတ်ကြတယ်။ ပြီးရင် သူတို့ကို ဟိုးလယ်ကွင်းအကျယ်ကြီးတွေထဲကို ရွှေ့ပြောင်းစိုက်ကြတယ်။ ရွှေ့ပြောင်းစိုက်ကာစကတော့ သူတို့ ပျင်းတယ်ထင်ပါရဲ့ ခပ်ငိုက်ငိုက်ရယ်။ နောက်တော့လည်း အခြေတကျ ပျော်ရွှင်လာပြီး တသန်းသန်းနဲ့ကြီးထွားလာကြပြန်တယ်။ သူတို့မှာ အနှံကလေးတွေ ထိုးထွက်လာပြီဆိုရင် ကျွန်မကိုတောင် လှမ်းလှမ်းပြောင်လိုက်သေးရဲ့ သူတို့မှာ အသီးအပွင့်လေးတွေ ဝေဝေဆာလာပြီဆိုရင်တော့ အိန္ဒြေကြီးတစ်ခွဲသားနဲ့ဖြစ်သွားပြန်ရောလေ။

အဲ … သူတို့ တစ်ကိုယ်လုံး ရွှေဝါရောင်သန်းလာရင် ပိုလို့တောင် မာနကြီးကြသေးရဲ့ ကိုယ်ပြည့် လက်ပြည့်ကြီးနဲ့ဖြစ်လာရင်တော့ သူတို့ မလှုပ်နိုင်ကြတော့ဘူး။ မာန်မာနတွေ လျှော့ချပြီး တဖြည်းဖြည်း ညွတ်ကျလာတတ်ကြတယ်။ ပြည့်ဝသွားပြီကိုး။ သူတို့ ရင့်ချင်တိုင်းရင့်မှည့် ကျွမ်းခြစ်လာရင် လူတွေက ရိတ်သိမ်းလိုက်ကြတယ်။ အဲသည်အခါမှာ ရိုးပြတ်တွေချည်း ကျန်ရစ်ခဲ့တော့တာ။ ကျွန်မက စိတ်မကောင်းစွာနဲ့သူတို့ကို ကြည့်မိပေမယ့် သူတို့ကတော့ ဘာမှမဖြစ်သလိုဘဲ။

မိုးတွေ တအားကြီး ရွာလိုက်ရင် လမ်းကလေးက ဗွက်ပေါက်နေတော့တာ။ ရွှံ့တွေ တစိစိနဲ့စိတ်ပျက်စရာလည်း ကောင်း၊ မခံချင်စရာ လည်း ကောင်းတယ်။ ရွှံ့တွေ ဗွက်တွေ ပေလူးနေတဲ့ ကျွန်မရဲ့ခြေထောက် ကို ငုံ့ကြည့်ရင်း ချော်မလဲအောင် မနည်းထိန်းရတယ်။ သူက စိတ်မထင်ရင် ကျွန်မခြေထောက်တွေကို ချောဆွဲသလို ဆွဲခေါ်သွားတာ။ ကျွန်မမှာ ကိုယ်ဟန်ပျက်သွားတဲ့ပြီး တော်တောထိန်းမတ်ယူရတယ်။ ကဲ … ချောစမ်း ဟာ၊ ငါက ဘာဂရုစိုက်မလဲဟဲ့ … လို့ အားတင်းပြီး တစွက်စွက်နဲ့နင်းပစ် လိုက်တယ်။ ဒါပေမဲ့ သူက အမြဲတမ်းတော့ အနင်းအချေခံတာမဟုတ်ဘူး။ ကျွန်မခန္ဓာကိုယ်ကြီးကို ဗိုင်းခနဲ ဆွဲလှဲချင်လှဲပစ်လိုက်တာ။ ကြာတော့ သူနဲ့ရန်ဖြစ်ရတာကို ကျွန်မ ပျော်လာမိတယ်။

www.burmeseclassic.com

"မင်းက တယ်ဆိုးပါလားကွ"

ကျွန်မကပြောရင် သူက မထီတရီနဲ့ ရယ်တော့တာပဲ။ ဒါကိုပဲ ကျွန်မက မခံချင်တာ။ ရွှံ့တွေ ထုတက်နေတဲ့ ကျွန်မရဲ့ခြေထောက်တွေကို လယ်ကြားချောင်းရေနဲ့ဆေးတဲ့အခါ ချောင်းကလေးက အေးစက်နေတတ်တယ်။

"အေးလိုက်တာ" လို့ ကျွန်မ ညည်းညူမိရင် ချောင်းကလေးက –

"အေးမှာပေါ့ဗျ။ ကျုပ်က တစ်ညလုံး အအေးပတ်လာခဲ့ရတာ"

"ဟုတ်လား မင်းက ဘယ်ကလာရတာလဲ"

"ဆည်တော်ကြီးကလေ ခင်ဗျားသိလား။ ကျုပ်တို့နေတဲ့ဆည်ကြီးက အကျယ်ကြီးဗျ။ အခု လယ်တွေကို ရေပေးဖို့ ကျုပ်တို့ကို ဖွင့်လွှတ်လိုက်တာ"

"ဒါဖြင့် မင်းတို့ ..."

ကျွန်မစကားကို ဆုံးအောင်မပြောလိုက်ရပါဘူး။ သူက အပြေးအလွှား စီးဆင်းသွားတယ်။ သူတို့နဲ့အပြိုင်လိုက်ပြီး စကားပြောကြည့်ချင်သေးတယ်။ ကျွန်မသာ စက္ကူလှေကလေးဆိုရင်ပေါ့။

လေတွေကလည်း တအားတိုက်တာပဲ။ ကျွန်မခေါင်းပေါ်က ဆံနွယ်လေးတွေကို ကလူကျီစယ်ရုံမကဘူး။ ကျွန်မရဲ့အဝတ်အနားစကလေးတွေကို ရိုက်ဖြတ်နေလိုက်သေးရဲ့။ ကျွန်မပါးပြင်ကိုလည်း ရယ်သံမျှင်မျှင်လေးနဲ့ချစ်စနိုး လာနမ်းကြသေးတယ်။ ပကတိသန့်စင်တဲ့ လေတွေပါ။ သူတို့ သယ်ဆောင်လာခဲ့တာ လယ်ကွင်းရဲ့ရနံ့၊ အဲသည်ရနံ့ကို ကျွန်မ သိပ်နှစ်သက်တာပဲ။

လေတွေ တစ်ဝကြီးရှူသွင်းပြီးရင် ကျွန်မတစ်ကိုယ်လုံး လန်းဆန်းသွားတယ်။ လက်ဆွဲခြင်းလေးကို ကောက်ယူပြီး လမ်းဆက်လျှောက်မှာ မြက်ဖုတ်ပေါ်ကို တရှူရှူတက်လာတဲ့ ပုစွန်လုံးလေးတွေကို မြင်လိုက်ရရင် ...။ အို ... ကျွန်မ သိပ်အူယားတာပဲ။ တည့်တည့်ကြီး လျှောက်လာတာမဟုတ်ဘဲနဲ့ဘေးတိုက် ကားယား ကားယား လျှောက်လာရင်

ဘယ်လိုရှောင်လို့ ရှောင်ရမှန်းမသိဘူး။ တစ်ခါတလေ ကျွန်မခြေဖနောင့်ကို အလစ်ဝင်ညှပ်လိုက်သေးတာ။ တကယ်ဆိုးတဲ့အကောင်လေးတွေ။

စာကလေးတွေကတော့ အုပ်စုလိုက် အုပ်စုလိုက် ပျံသန်းလာတတ်ကြတယ်။ စာကလေးတွေတင်မကဘူး၊ တစ်ခါတစ်ခါ ဆက်ရက်ကလေးတွေနဲ့ ကျွန်မအမည်မသိတဲ့ ငှက်ဝါဝါလေးတွေရောပဲ။ စပါးသီးတွေမှည့်ဝင်းလာရင် သူတို့ ဟာ လယ်ကွင်းတွေပေါ်မှာ တဝဲဝဲနဲ့လေ။ လူတွေ ကပါးစပ်ကနေ တဟေးဟေးနဲ့အော်ပြီး သူတို့ ကို ခြောက်လှန့်ကြတယ်။ အဲသည်အခါ သူတို့ က စာခြောက်ရုပ်ကြီးတွေရဲ့ရင်ခွင်ထဲ ဝင်ဝင်ပုန်းကြတာလေ။ တကယ်ရယ်ရတယ်။ စာခြောက်ရုပ်ကြီးတွေကတော့ မျက်လုံးက ပြူးပြူး၊ ပါးစပ်ကပြဲပြဲနဲ့ ခြေကားယား လက်ကားယားရှိပေမယ့် အလှထုတ်ထားတဲ့ ပြယုဂ်တွေပဲပေါ့။ သူတို့ ဘာမှမလုပ်နိုင်တာ ငှက်ကလေးတွေကတောင် သိတယ်။ အဲ သူတို့ ကိုယ်ပေါ်မှာလည်း စာချေးတွေ ပွလို့ ။

ရာသီဥတု သာသာယာယာရှိရင် ကောင်းကင်ကြီးက အမြင်ရှင်းရှင်းနဲ့ပိုပြီး လှနေတတ်တယ်။ ကျွန်မကတော့ ဖြူဖွေးလိပ်ကြွနေတဲ့ တိမ်အခိုင်တွေကို ခုန်ခုန်ပြီး ရူးချင်နေမိတယ်။ မိုးကောင်းကင်ကြီးက ကျွန်မကို ပြုံးပြီး ငုံ့ကြည့်နေတယ်။ တိမ်တွေကို လိုချင်ရင် သူ့ဆီလာခဲ့ပါလားလို့ စိမ်ခေါ်နေသလိုပဲ။ ကျွန်မသာ ဇင်ယော်ငှက်ကလေးတစ်ကောင်ဆိုရင် သူ့ဆီ အရောက်ပျံသန်းသွားမိမှာ အသေအချာပါပဲ။ အဲဒီအခါကျရင် ကျွန်မရဲ့တောင်ပံအစုံနဲ့တိမ်တွေကို ချွေချွေချပစ်လိုက်မှာ။ ဟုတ်တယ်လေ။ အမြင့်ရောက်သွားပြီကိုး ...။ ကိုယ့်အတွေးနဲ့ကိုယ် ကျွန်မ ကြိတ်ပြုံးလိုက်မိသေးရဲ့။

လယ်ကွင်းတွေကို ဖြတ်ကျော်ခဲ့ပြီးရင်တော့ ဘုရားပျက်ကုန်းပေါ်ရောက်လာတယ်။ ပြိုကျသွားတဲ့အုတ်တွေကြားကနေ မြက်ပင်တွေ၊ ဆူးရစ်ပင်တွေ ပေါက်နေတယ်။ ဘုရားပျက်ကုန်းက ခပ်မြင့်မြင့်ဆိုတော့ ရေမရှိဘူး။ ပတ်ဝန်းကျင်တစ်ခုလုံးနဲ့စာရင် အဲဒီကုန်းလေးက ထူးခြားစွာ ခြောက်သွေ့နေတတ်တယ်။ လူတွေ ဖြတ်နင်းထားတဲ့ လမ်းအူကြောင်းလေးက

 www.burmeseclassic.com 

လွဲရင် နေရာအနှံ့အပြားမှာ ဆူးခြုံတွေနဲ့အပြည့်။ ဆူးကလေးတွေ ရင့်ခြောက်လာရင် လမ်းပေါ်မှာ ကြွေကြွေကျနေတတ်တယ်။ ဆူးတက်လေးတွေက သုံးခွ၊ လေးခွ ရှိတယ်။ စူးလည်း စူးလွယ် အဆိပ်လည်း ပြင်းတယ်။ စူးလိုက်ရင် တစ်ခါတည်း ထိုးအောင့်လာတော့တာ။ ဒါပေမဲ့ အဲဒီဝေဒနာကို သတိမေ့လျော့နေမိရင် ပျောက်သွားရော။ ထူးဆန်းလိုက်ပုံနော်။

အဲဒီဆူးကလေးတွေက မြေအရောင်နဲ့ရောထွေးနေလေတော့ မြင်ရတာ မဟုတ်ဘူး။ မမြင်နိုင်တဲ့ဆူးဆိုတော့လည်း ဘယ်လိုရှောင်ရမလဲနော့။ ဒီတော့ အဲဒီဘုရားပျက် ကုန်းလမ်းကလေးပေါ်ရောက်ရင် ခြေကို သာသာလေးနင်းရတာ။ တစ်နည်းဆိုရင်တော့ ဆူးစူးမယ်မှန်းသိရက်နဲ့ခပ်ဖွဖွလေး အစူးခံရတာပေ့ါ။ သေသေချာချာတွေးပြီး စိတ်ကူးထဲမှာ ဆူးအစူးခံကြည့်ပါလား။

ဘုရားပျက်ကုန်းလွန်ရင်တော့ မန်ကျည်းပင်တန်းကလေးကို ဖြတ်ရတယ်။ မန်ကျည်းပွင့်ကြွေလေးတွေပေါ် နင်းရတော့လည်း ရင်မှာ တစ်မျိုးလေး ခံစားရပြန်ရော။ မန်ကျည်းပင်တန်းကလေး ဆုံးသွားတော့ မယ်ဇလီပင်တွေနဲ့အုပ်ဆိုင်းနေတဲ့ စာသင်ကျောင်းကလေးကို တွေ့ရပြီ။

အဲဒီလမ်းကလေးပေါ်မှာ အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ကျွန်မလျှောက်လှမ်းခဲ့ရတာဆိုတော့ လမ်းကလေးနဲ့အတော်ကလေး ရင်းနှီးနေပြီလေ။ ကျွန်မ ကျောင်းလာတိုင်း သူက ဆီးကြိုနှုတ်ဆက်နေကျ။

“မင်္ဂလာပါ ဆရာမ”

“မင်္ဂလာပါ လမ်းကလေးရေ၊ မင်း ဒီနေ့ ပျော်ရဲ့လား”

“ပျော်တယ်ရယ်လို့ မဟုတ်ပါဘူးဆရာမရယ်။ ဒီလိုပါပဲ။ ကျွန်တော့်ဘဝက လူတွေရဲ့အနင်းခံဘဝ မဟုတ်လား။ ဒီတော့ ...”

“အို ... အို ... ဒီလိုလည်း မဟုတ်ပါဘူး လမ်းကလေးရဲ့။ မင်းရှိနေလို့ တို့တစ်တွေ ခရီးသွားလို့ ရနေတာပါကွယ်။ ဒါကို မင်းဂုဏ်ယူလိုက်စမ်းပါကွာ”

ကျွန်မက အဲသလို နှစ်သိမ့်ရင်း ချီးကျူးလိုက်ရင် လမ်းကလေးက ရယ်တယ်။

"ကျေးဇူးတင်ပါတယ်ဆရာမရယ်။ ဆရာမလိုသာ ကျွန်တော့်အပေါ် အားလုံး သဘောထားနိုင်ကြရင် ကောင်းမှာပေါ့။ ခုတော့ တချို့လူတွေက အင်မတန်ဆိုးရွားကြတာကလား။ ဟိုဘက် မအူပင်ကြီးနားက ကြားပေါက်ကို ဆရာမ သိတယ်မဟုတ်လား"

ရထားလမ်းနဲ့မနီးမဝေးက သစ်လုံးခင်းထားတဲ့နေရာလေးကို ကျွန်မ လှမ်းကြည့်လိုက်တယ်။ သစ်လုံးလေးရဲ့အောက်မှာ ချောင်းရေက စီးဆင်းရတာလေ။ သစ်လုံးလေးရဲ့အကျယ်က တောင်ဆုပ်လောက်ရှိတာမို့ အဲဒီနေရာကို ဖြတ်ကူးတိုင်း လူတွေ ဂရုတစိုက်ကူးရတာပေါ့။ ခုတော့ အဲဒီ သစ်လုံးလေးမရှိတော့ပါဘူး။ ဘယ်သူယူသွားလို့ ယူသွားမှန်းမသိတော့ ကွက်လပ်ကလေး ဖြစ်နေတာပေါ့။ ကျွန်မမှာ အဲဒီနေရာရောက်ပြီဆိုရင် ရှိသမျှအင်အား စုထည့်ပြီး လွှားခနဲ ခုန်ခုန်ကူးရတော့တာပဲ။ မတတ်နိုင်ဘူး။

"အခုဆိုရင် သစ်လုံးလေးမရှိတော့ လူတွေက ကျွန်တော့်ကို ဆဲဆဲသွားကြတယ်။ ဒါကို ကျွန်တော် သိပ်စိတ်ဆိုးတာပဲ။ ပြီးတော့ ရှိသေးတယ်၊ ညညမှာ ကျွန်တော့်ဆီလာပြီး ရေဖောက်ကြတာလေ။ ခုဆို ကျွန်တော့်မှာ မညီမညာ ဖြစ်နေရပြီ"

ကျွန်မက သက်ပြင်းကိုချရင်း –

"ဒါကတော့ ဒီလိုရှိပါတယ် လမ်းကလေးရယ်၊ သူတို့ က မင်းကို ပျက်စေလိုတဲ့ဆန္ဒတော့ မရှိကြပါဘူးကွဲ့။ အဲ ... သူတို့ ဆန္ဒက ..."

ကျွန်မ ဆက်ရှင်းပြဖို့ စဉ်းစားနေတုန်း လူတွေရောက်လာကြတယ်။ လူတွေဟာ လမ်းကလေးကို ဖောက်ထွင်းထားတဲ့နေရာကို သေသေချာချာ ကြည့်ကြတယ်။ တစ်ယောက်တစ်ပေါက် ငြင်းကြခုန်ကြတယ်။ ခဏနေတော့ သူတို့ ပြန်သွားကြတယ်။

www.burmeseclassic.com


"တွေ့တယ်မဟုတ်လား လမ်းကလေးရဲ့ မင်းကို သူတို့ ဂရုစိုက်ကြပါတယ်။ ခုဆို မင်းကို ဒီလိုလုပ်သွားတဲ့လူတွေကို သူတို့ အရေးယူကြတော့ မယ်လေ"

"လူတွေကို အရေးယူလို့ ဘာလုပ်မှာတုန်းဗျ။ ကျွန်တော့်ကို အရေးယူကြမှပေါ့"

စကားတတ်လိုက်တဲ့လမ်းကလေးနှယ်။ ကျွန်မလည်း စကားကြောရှည်နေရင် ကျောင်းနောက်ကျမှာစိုးတာနဲ့ ခပ်သုတ်သုတ်ပဲ လျှောက်ခဲ့ရတယ်။

တစ်ခါတစ်ရံ ကျောင်းအပြန်မှာ အချိန်ရနေခဲ့ရင် လယ်ကွင်းတွေကြားထဲက မို့မောက်နေတဲ့ကုန်းကမူလေးပေါ်မှာ ခြေဆင်းလဲလူ အနားယူမိတယ်။ လေတွေတိုက်ခတ်နေတဲ့ကြားမှာ သီချင်းဆိုရတာကို ကျွန်မ သိပ်သဘောကျတာပဲ။ လေသံလေးက ကျွန်မကို စည်းချက်လိုက်ပေးတယ်။ စပါးပင်လေးတွေက ကျွန်မ တေးသွားအလိုက် ကခုန်ကြတယ်။ လမ်းကလေးကတော့ ပွဲကြည့်ပရိသတ်ပေါ့။ ပတ်ဝန်းကျင်မှာ လူသူလေးပါးရှင်းနေတတ်လေတော့ ကျွန်မအသံကို မြှင့်ပြီး ခပ်ကျယ်ကျယ်လေးပဲ ဆိုပစ်လိုက်တယ်။

"ရှုမဆုံးတော့သည် … စိမ်းလဲ့လဲ့နှစ်စဉ် … လယ်ကွင်းတွေက တမျှော်တခေါ်စိုပြည်လွင် … ရိတ်သိမ်းချိန်ဆိုပြန်ရင် … ဝင်းမှည့်ရွှေစင်အိလို့ပင် … စပါးနှံတွေနဲ့အသီးတွေ သန်မြန်အောင်မြင်… "

ကျွန်မရှေ့က စိမ်းညို့နေတဲ့ လယ်ကွင်းတွေက သီချင်းကို သံပြိုင်လိုက်ဆိုကြတယ်။ တစ်နှစ်ပြီးတစ်နှစ် စိုက်လိုက် ပျိုးလိုက် သိမ်းလိုက်နဲ့ မရိုးနိုင်တဲ့ ရှုခင်းတွေကို ကျွန်မ ပန်းချီဆွဲနေမိတယ်။ အဲဒီပန်းချီကားတွေထဲမှာ လမ်းကလေးကတော့ ပုံတိုင်းပါတာပေါ့။ ထင်ထင်ရှားရှားတော့ ဆွဲလို့ မရဘူးလေ။ သူက စပါးပင်တွေကြားမှာ ကွယ်ပုန်းနေတာ မဟုတ်လား။

တစ်နေ့ကတော့ ကျွန်မ အလွမ်းသီချင်းတစ်ပုဒ်ကို ဆိုမိတယ်။ သူတို့တစ်တွေဟာ ကျွန်မရင်ထဲက ခံစားချက်ကို သိနေတဲ့ပုံမျိုးနဲ့ ငြိမ်သက်

လို့ ။ လေညှင်းကလေးက တိုက်ခတ်တယ်ဆိုရုံ ခပ်ပြေပြေလေး။ စပါးပင်လေးတွေကလည်း အသက်ရှုသံ မကြားရအောင် သဲ့သဲ့လေးလှုပ်လို့ ။ လမ်းကလေးကတော့ ပကတိ တိတ်ဆိတ်လို့ ပေါ့။ သီချင်းဆိုနေရင်းကနေ ကျွန်မမျက်ရည်တွေ စီးကျလာတယ်။ မျက်ရည်တွေဟာ ကျွန်မရဲ့ပါးပြင်ကို ပွတ်တိုက်ပြီး ရင်ဘတ်ပေါ်ကို ကြွေကျလိမ့်ဆင်းသွားတယ်။ သတိလက်လွတ်ပဲ ကျွန်မ ငိုနေမိတယ်။

"ဆရာမ ဘာလို့ ငိုတာလဲဟင်"

လမ်းကလေးက မေးလိုက်တော့မှ သတိဝင်လာပြီး မျက်ရည်တွေကို လက်ခုံနဲ့သုတ်ပစ်လိုက်တယ်။ လမ်းကလေးက ကျွန်မကို မေးခွန်းတွေ တစ်ခုပြီးတစ်ခု မေးတော့တာပဲ။

"ရွာကျောင်းကလေးမှာ အလုပ်လာလုပ်ရတာ မပျော်လို့ လား ဆရာမ"

"ဆရာမ ကျောင်းလာတက်နေရတဲ့ခရီးကို စိတ်ပျက်လို့ လား"

"ဘာလဲ ဆရာမရဲ့ဘဝကို စိတ်တိုင်းမကျတာလား"

"ဒါဖြင့် ဆရာမရဲ့လိုအပ်ချက်တွေအတွက် လုံလုံလောက်လောက် မရှိလို့ လား"

"ဆရာမရယ် လောကကြီးကို ငြီးငွေ့လို့ လား"

"ကျွန်တော်သိပါတယ်ဗျာ။ ဆရာမ ငိုနေတာ ဆရာမရဲ့ချစ်သူကို လွမ်းလို့ မဟုတ်လား"

ကျွန်မ ပြန်မဖြေမချင်း သူမေးနေတော့မှာပဲ။ လမ်းကလေးကို တစ်ချက်လှမ်းကြည့်ပြီး ကျွန်မ ရှက်ပြုံးကလေးပြုံးချလိုက်တယ်။

"အစုံပဲပေါ့ လမ်းကလေးရဲ့။ ငါ့ချစ်သူကိုလည်း ငါလွမ်းတာပဲ၊ ပြီးတော့ ..."

"သူက အခုဘယ်မှာလဲ"

ကျွန်မစကားကို ဆုံးအောင်နားမထောင်ဘဲ လမ်းကလေးက ဖြတ်မေးတယ်။

www.burmeseclassic.com


"သူက အဝေးမှာကွ။ တကယ့်ကို အဝေကြီးမှာ"

လမ်းကလေးက သက်ပြင်းလေးတစ်ချက်ချလိုက်ပြီး –

"ဘဝချင်းဝေးနေတာကို ဆိုလိုချင်တာလား ဆရာမရယ်" တဲ့။

လမ်းကလေးရဲ့အတွေးကို ကျွန်မ သဘောမကျဘဲ မနေနိုင်တော့ဘူး။ ကျွန်မ ရယ်ချလိုက်တယ်။ ကျွန်မရယ်လိုက်တော့မှ ကျွန်မ အလွမ်းသီးချင်းကြားမှာ နစ်မျောနေခဲ့တဲ့ စပါးပင်လေးတွေက တယိမ်းယိမ်းတနွဲ့နွဲ့နဲ့လိုက်ရယ်တယ်။ လေပြေလေးကလည်း အခုမှပဲ ခပ်သော့သော့လေး ပေါက်ချလာတယ်။

"ဆရာမရယ် အဲသလိုသာဆိုရင်တော့ ကျွန်တော့်မှာ ပျော်စရာကို ရှိမှာမဟုတ်ဘူးဗျ"

"ဟင်"

"ဟုတ်တယ်လေ …၊ ဆရာမကမှ တချိန်ချိန်မှာ အပြောင်းအလဲ ရှိလာနိုင်သေးတယ်။ မျှော်လင့်ချက်ရှိသေးတယ်။ ကျွန်တော့်မှာ ဘာမှ မျှော်လင့်စရာ မရှိပါဘူး။ အဲ … ကျွန်တော်တစ်ခုတော့ မျှော်လင့်ချင်တယ်ဗျာ။ သူတို့ ကျွန်တော့်ကို သတိမူလာကြဖို့ ပေါ့"

"သူတို့ …။ သူတို့ ဆိုတာ ဘယ်သူတွေလဲ။

"သူတို့ ဆိုတာ ကျွန်တော့်ချစ်သူတွေပေါ့ဗျ"

"အမယ် မင်းချစ်သူတွေက ဘယ်သူတွေလဲ"

လမ်းကလေးရဲ့မျက်နှာဟာ ခပ်တည်တည် ဖြစ်သွားတယ်။ သူက တော်တော်နဲ့အဖြေမပေးသေးဘဲ သူ့ရဲ့လမ်းကြောင်းလေးကို အစအဆုံး ဆန့်ထုတ်ပြတယ်။ ကျွန်မလည်း လမ်းကလေးကို မျှော်ခေါ်ကြည့်လိုက်တယ်။ မာယာတွေနဲ့ပြည့်နှက်နေတဲ့ အကွေ့အဝိုက်တွေကြားမှာ လမ်းကလေးကို ကျွန်မ တဖြောင့်တည်း မြင်လို့ ရတယ်။

"ကျွန်တော့်ရဲ့ချစ်သူတွေက ကျွန်တော့်အပေါ်ကို နင်းလျှောက်ကြတဲ့ သူတွေအားလုံးပါပဲ"

ကျွန်မဟာ လမ်းကလေးရဲ့စကားကို သေချာစဉ်းစားကြည့်နေမိတယ်။ သူဟာ တစ်ချိန်လုံး ဒီနေရာမှာပဲ မလှုပ်မယှက် ရှိနေခဲ့တယ်။ သူနဲ့လာရောက်ပတ်သက် နီးနွှယ်နေတဲ့ သက်ရှိသက်မဲ့ အရာအားလုံးကို စိတ်ရှည်သည်းခံပြီး တရင်းတနှီး ပေါင်းတယ်။ တစ်ခါတစ်ရံ ရယ်မောပျော်ရွှင်လိုက်၊ တစ်ခါတစ်ရံ စိတ်ဆိုးမာန်ဆိုး ရန်ဖြစ်လိုက်၊ တစ်ခါတစ်ရံ သူ့ကို ထိုးနှက်လိုက်၊ တစ်ခါတစ်ရံ သူ့ကို ပြုပြင်လိုက်၊ တစ်ခါတစ်ရံ စိုစွတ်လိုက်၊ တစ်ခါတစ်ရံ ခြောက်သွေ့လိုက်။ ဒါပေမဲ့ သူက အဲဒါတွေအားလုံးကို ချစ်သူတွေပါပဲတဲ့။

တကယ်တော့ လမ်းကလေးဟာ အလှအပတွေကြားထဲမှာ နစ်မြှုပ်နေတဲ့ အလှတရားတစ်ခုပါပဲ။

အဲဒါကြောင့် ကျွန်မပြောတာပေ့ါ။ အဲဒီလယ်ကြားလမ်းကလေးဟာ သိပ်ချစ်စရာကောင်းတာပဲလို့ ...။

မန္တလေး၊ ယဉ်ကျေးမှုဂျာနယ်၊ ၁၉၉၇ ခုနှစ်၊ ဧပြီလ

www.burmeseclassic.com



ခင်ခင်ထူး

ဝတ္ထုမြင်းသား

www.burmeseclassic.com

# စက္ကူမင်းသား

(၁)

"လွမ်းတော်မူလို့စာကိုစီတယ် … တိမ်နီ တိမ်ဝါ တိမ်ပြာ
တွေသန်းပြန်တော့ … ဘယ်ဆီသို့ ဘယ်ဝါသို့ လွမ်းပါရတယ်
…ညွန်းကာဆဘွယ် … ကြာပင်အိုင်ကြီးအလယ်"

ဘကြီးစံလက်ထဲက မင်းသားလေးဟာ ခြေနှစ်ဘက် လက်နှစ်ဘက် မြောက်တက်သွားလိုက် … ပြန်ကျလိုက်။ ကနေတဲ့ စက္ကူရုပ်ကလေးပါ။ ကြိုးတစ်ချောင်းထဲနဲ့ထိန်းဆွဲတာဆိုပေမယ့် အချိုးအဆစ်ကျတယ်။ ကျဆို စက္ကူကို ကိုက်ဖြတ်ကတည်းကိုက အဆစ်လိုက် အပိုင်းလိုက် ဆစ်ပိုင်းညှပ်ထားတာကိုး။ ဘကြီးစံက ဒူးယားဗူးခွံကလေးတွေကို စုပြီး ကပ်ကြေးနဲ့ပုံဖော်ညှပ်တယ်။ ဦးခေါင်းနဲ့ကိုယ်လုံး (တောင်ရှည်ပုဆိုး ခါးတောင်းကျိုက်ထားတဲ့ပုံစံ) က တစ်ပိုင်း၊ ဒူးဆစ်က တစ်ပိုင်း၊ ခြေသလုံးနဲ့ခြေနင်းက တစ်ပိုင်း၊ ပြီးတော့ လက်နှစ်ဘက်ကိုလည်း ကကြိုးသွယ်နေတဲ့ဟန် တစ်ခုစီ ညှပ်ထားတာပါ။ အဲသည် အပိုင်းအစလေးတွေကို တစ်ခုစီဆက်ပြီး ကြိုးနဲ့သီချုပ်တယ်။ ဝါးခြမ်းပြားလေးမှာ ကော်နဲ့ကပ်တယ်။ ပြီးတော့ ဆေးခြယ်ရတယ်။ အဲဒါ ဘကြီးစံကိုယ်တိုင် လုပ်ရောင်းတဲ့ စက္ကူမင်းသားရုပ်ကလေးပဲ။

ကြိုးကလေးကို ဆွဲလိုက်တိုင်း မင်းသားလေးက ခြေရော လက်ရော တစ်ပြိုင်နက် လှုပ်ရှားသွားတတ်တယ်။ ဘကြီးစံလက်ထဲက မင်းသားလေး က,နေတာပေါ့။ မင်းသားလေးရဲ့က ဟန်နဲ့ ဘကြီးစံရဲ့ သီချင်းက လိုက်ဖက်ညီနေလို့ထင်ပါရဲ့။ ဘကြီးစံဘေးမှာ ဝိုင်းအုံနေတဲ့ကလေးတွေဟာ ငြိမ်သက် ပြီး ကြည့်နေကြတယ်။ ဘကြီးစံကိုယ်တိုင်လည်း မျက်လုံးထဲမှာ တကယ့်ကို လွမ်းရိပ်တွေ ဝေ့သီလို့ပါ။

ဟိုတုန်းက ဘကြီးစံဟာ သည်လိုဘဝမျိုးရောက်လိမ့်မယ်လို့ဘယ် ထင်ပါ့မလဲ။ ရွှေထီးဆောင်းခဲ့ရသူပါ။ ဘကြီးစံတို့က ဟောသည် မန္တလေး ဇာတိစစ်စစ်တွေ။ ဘိုးစဉ်ဘောင်ဆက် ကုန်ရောင်းကုန်ဝယ် လုပ်ခဲ့ကြတယ်။ အနယ်နယ် အရပ်ရပ်ကလာတဲ့ ကုန်တွေ ဝယ်လှောင်ပြီး ရောင်းဝယ်ဖောက် ကားခဲ့ကြတယ်လေ။ အင်း … အနှစ် ၄၀ ကျော်လောက်တုန်းကတော့ ဘကြီးစံတို့သန်တုန်း မြန်တုန်းပေါ့။ ဆိုင်အလယ်တည့်တည့်က နှီးချောဖျာ ပုံကြီးပေါ်မှာ ကွမ်းအစ်တစ်လုံးနဲ့တင်ပျဉ်ခွေထိုင်ရင်း သမီးတွေကို ဈေး ရောင်းသင်ခဲ့တယ်။

“ဟဲ့ မယ်သင် … ဟောဟိုနှီးပုံတွေ တစ်လုံးကို ဆယ်ပြားတက် ရောင်းဟ၊ ခုလို နွေမှာ တစ်မတ်တက်လည်း ကုန်သွားမှာပဲ”

“တောင်တွင်းက ကိုဖိုးချက်တို့လာတယ်။ ဖျာတွေ ပို့ဦးမတဲ့။ ယူထားလိုက်ကွဲ့… ပုပ်ကုန် သိုးကုန်မဟုတ်ဘူး”

“ကျဈေးလည်း ရောင်းလိုက်ပကွယ် … နောက်ထပ် ကိုယ်ဝယ်ရတာ လည်း ဒီဈေးနဲ့ပဲမို့လား။ ကြည့်နေ မိုးဦးကျတော့ ထယ်တွေ ဈေးတက် လိမ့်မယ်။ သုံးလအတွင်း ထေမိပါတယ်လေ”

လွမ်းတယ်၊ ဘကြီးစံ တကယ်လွမ်းတယ်။ ရောင်းလို့ဝယ်လို့က လည်း ကောင်း၊ လူတွေကလည်း ကိုယ့်လူအချင်းချင်းကိုး။ ပြောကောင်း ဆိုကောင်း ရိုးသားလိုက်ကြတဲ့ ရွှေဗမာတွေပ။ အခုဆို ဘကြီးစံ အသက် ရှစ်ဆယ်နီးခဲ့ပါပြီ။ ကိုယ့်ရွှေမှာပဲ ပြောင်းလဲသွားလိုက်ကြတာ။ ပြောင်းပြန် တွေကို ဖြစ်လို့ မျက်စိလည်ပါဘိ။ ဟိုတုန်းက လမ်းတွေ အိမ်တွေ

ဘယ်ရောက်ကုန်မှန်းတောင် ဘကြီးစံ မသိတော့ဘူး။ အေးလေ … ကိုယ်ကိုယ်တိုင်ကမှ ကိုယ်နေခဲ့ဖူးတဲ့နေရာ ကိုယ်မမှတ်မိဘဲကလား။

ကုက္ကိုပင်ကြီးအရိပ်မှာ ခိုနေရပေမယ့် အညာနွေကတော့ ပူလွန်းလှတယ်။ မန္တလေးမှာ မပြောင်းမလဲ သစ္စာရှိရှိကျန်နေတာ အဲသည်အညာနွေပဲ။ ဘကြီးစံက ခေါင်းပေါင်းသဘက် ညစ်ထပ်ထပ်လေးနဲ့ ချွေးတွေကို သုတ်ပစ်လိုက်တယ်။ ခပ်သဲ့သဲ့ တိုက်ခတ်လာတဲ့ လေညှင်းကလေးကို ရှူရှိုက်ရင်း သမီးတွေကို သတိရမိတယ်။

ခေါင်းပေါင်းသဘက်ကလေး ညစ်ပတ်နေရင် ‘သမီးမရှိဘူးလား’ လို့ အမေးခံရတတ်သတဲ့။ ရှိပ့ါ ရှိပ့ါ။ ဘကြီးစံမှာ သမီးသုံးယောက် ရှိတာပ။ ဒါပေမဲ့ ‘ဆပ်ပြာကောင်းမှ ခေါင်းပေါင်းဖြူတယ်’ ဆိုတာကိုလည်း ဘကြီးစံ မမေ့ပါဘူးလေ။ ဘကြီးစံ ဒါတွေကို မတွေးချင်ပါဘူး။ ကိုယ့်ဘဝ ကိုယ်ရုန်း ကိုယ့်ဆံထုံးကိုယ်ဆီထည့်ခဲ့ရတဲ့ကာလတွေ ကြာပါပကော။

(၂)

သွားလေသူ မယ်သင်ကတော့ သမီးတွေကို ဗိုင်းကောင်းကျောက်ဖိ အုပ်ထိန်းနိုင်ခဲ့တယ်။ အမျိုးကောင်းသမီးလေးတွေပါ။ သူတို့ခမျာ လိမ္မာကြရှာပါတယ်။ အကြီးမ ခင်ကြည်က ဘကြီးစံတို့ဆိုင်မှာ နှီးချောဖျာတွေ လာလာသွင်းတဲ့ တောင်တွင်းသား စိန်အောင်နဲ့ အိမ်ထောင်ကျပြီး တောင်တွင်းပြောင်းသွားတယ်။ မယ်သင်ပြောခဲ့တဲ့စကား ဘကြီးစံ မှတ်မိသေးတယ်။

“တစ်ရွာမပြောင်း သူကောင်းမဖြစ်တဲ့ ကိုရင်ရဲ့ စိန်အောင်လိုလူမျိုး က ကျုပ်တို့သမီးကို အငတ်ထားမယ့်လူမျိုး မဟုတ်ဘူးတော့်”

စိန်အောင်ကတော့ အငတ်ပစ်မထားဘူးပေ့ါမယ်သင်ရယ်။ ဒါပေမဲ့ ခုခေတ်ကြီးထဲမှာ စိန်အောင်ရဲ့နှီးချောဖျာတွေအစား ဖယောင်းပုဆိုးတွေ၊ ကော်ဇောတွေ သုံးနေကြတာ နင် မြင်စေချင်လိုက်တာ။ ဘကြီးစံအတွေးက အလတ်မ ခင်ရီဆီ ရောက်သွားပြန်တယ်။ ခင်ရီကတော့ ဟောသည်

မန္တလေးမှာပါပဲ။ ဘကြီးစံနဲ့အတူနေတယ်။ သူ့ယောကျ်ား ကျော်အေးက ဆိုက်ကားနင်းတယ်။ အစတုန်းကတော့ ကျော်အေးလည်း ဘကြီးစံတို့နဲ့ ဆိုင်နီးနားချင်း မိတ်ဆွေကြီး ကိုဘတူသားပေါ့။ ခုတော့ သူတို့လည်း ဆိုင်ပျောက် မြေပျောက်။ ဘကြီးစံရတဲ့ မြို့သစ်အိမ်ကလေးမှာပဲ အတူစား အတူနေ။ မြေးတွေ တစ်အုပ်တစ်မကြီးကြားထဲ လူပိုကြီး မလုပ်ချင်တာနဲ့ ဘကြီးစံ ဟောသည်အရုပ်ကလေးတွေ လုပ်ရောင်းနေတာပေါ့။ အရင်း အနှီးလည်း သိပ်မကုန်၊ အိမ်မှာ ငုတ်တုတ်မဲတဲ ထိုင်ပျင်းနေရတာနဲ့စာရင် မြေးတွေ မုန့်ဖိုးရတာပ။ အငယ်မ ခင်သီကတော့ ကံကောင်းတယ် ပြောရမလား။ ကံဆိုးတယ် ပြောရမလားတောင် ဘကြီးစံ မသိတော့ပါဘူး။ သူ့ယောကျ်ားက ခေတ်ပညာတတ်လေး။ ဒါပေမဲ့ အလုပ်အကိုင် မယ်မယ် ရရမရှိတာ ခက်တာပေါ့။ ထီးထမ်းလမ်းလျှောက်။

"ဘဘကြီး မင်းသားရုပ်ကလေး တစ်ရုပ် ဘယ်လောက်လဲဟင်"

ဘကြီးစံရဲ့အတွေးစတွေ ပြတ်တောက်သွားတယ်။ မော့ကြည့်လိုက် တော့ သူ့မြေးတွေလို ခပ်ပေပေပုံစံလေးတွေ။

"ငါးကျပ်ပါကွယ်"

"ငါးကျပ်"

ကလေးက ဘကြီးစံလေသံအတိုင်း သံယောင်လိုက်ပြောရင်း နောက် ဆုတ်သွားတယ်။ မင်းသားရုပ်ကလေးကို ကြိုးဆွဲပြမယ့် ဘကြီးစံလက် တွေက ကလေးရဲ့ ဝလုံးလေးလို ဝိုင်းသွားတဲ့ နှုတ်ခမ်းလေးကြောင့် လမ်းမှာပဲ ရပ်တန့်သွားတယ်။ သည်အဖြစ်မျိုးကလေးတွေ ခဏခဏ ကြုံတွေ့ဖူးတာမို့ဘကြီးစံအဖို့ရိုးနေပါပြီလေ။

"ဩော် … ငါ့မြေးတို့ရယ်"

(၃)

သည်နေ့အရုပ်ရောင်းရတာ တယ်မဟန်ပါလား။ မဟန်ဆို ဘကြီးစံ လှည့်နေတဲ့ရုပ်ကွက်က ကလေးတွေလက်ထဲမှာ ငွေငါးကျပ်ဆိုတာ အရှား သားကလား။ အဲသည်တော့ ဘကြီးစံ မြို့ထဲဘက် သွားရောင်းဖို့စိတ်ကူး

လိုက်တယ်။ ဘတ်စ်ကားပေါ်ရောက်တော့ အရုပ်ကလေးတွေ ကျိုးကြေမသွားရအောင် လွယ်အိတ်ကလေးကို ရင်မှာ ပွေ့ပိုက်ထားလိုက်တယ်။

"ဟော ... ခင်ဗျား ကိုဘစံမို့လား"

လူတစ်ယောက်က လှမ်းနှုတ်ဆက်တာမို့ ဘကြီးစံ မော့ကြည့်လိုက်တယ်။ အဲသည်လူကို မြင်ဖူးသလိုလိုရှိပေမယ့် ဘကြီးစံ မမှတ်မိဘူး။ အင်း ... အသက်ကြီးလာတော့ မှတ်ဉာဏ်ကလည်း တယ်နည်းချင်သကိုး။ အေးလေ ... မန္တလေးမြို့ကြီးထဲ မရောက်တာလည်း အတော်ကြာမင့်ဟာ။ မိတ်ဟောင်းဆွေဟောင်းတွေ ဆိုတာလည်း ဘယ်ဆီရောက်ကုန်ပြီမသိ။

"ကိုဘစံ၊ ခင်ဗျား ကျုပ်ကို မမှတ်မိဘူးလား"

"ဩော် ... အင်း"

"ကျုပ် မြင်းခြံက ကိုဘညိုလေဗျာ။ ခင်ဗျားဆိုင်က ဖောက်သည်ကြီးလေ"

"ဟာ ... ကိုဘညို ... အေးဗျာ ကျုပ်ကို ခွင့်လွှတ်ပါ။ ကျုပ် ..."

ဘကြီးစံစိတ်တွေက အတိတ်ကို ပြန်ပြေးသွားတယ်။ ကိုဘညိုဟာ သူ့ရဲ့ရောင်းရင်းမိတ်ဆွေဟောင်းကြီး။ ကိုဘညိုရဲ့ကုန်တွေ သူက ဝယ်။ သူ့ကုန်တွေကို ကိုဘညိုကဝယ်နဲ့ လုပ်ငန်းကိစ္စရော ငွေကြေးကိစ္စရော အကုန် စိတ်ချလက်ချ ဆက်ဆံခဲ့ကြသူတွေပေါ့။ ကိုဘညိုတို့မြင်းခြံက ထွက်တဲ့ ချောင်းဒေါင်းအထည်ကြမ်းတွေ သူ့ဆိုင်မှာ အစည်းလိုက် ပုံရောင်းခဲ့တာပေါ့။ ဟိုတုန်းက ချောင်းဒေါင်းကွက်လို့ခေါ်တဲ့ ကွက်တူလေးတွေ အလွန်လူကြိုက်များတာပ။ အဖြူနဲ့အနက်ကွက်၊ အဖြူနဲ့အစိမ်းကွက်၊ အညိုနဲ့အနက်ကွက်။ လက်ရက်ထည်လေးတွေက ဘကြီးစံမျက်စိထဲ ဝဲခနဲ ပေါ်လာတယ်။

"ကိုဘညိုတို့ချောင်းဒေါင်းထည်တွေ ရက်ကြသေးလား"

"မရက်တော့ပါဘူး ကိုဘစံရာ၊ ချည်ဈေးတို့ ဆေးဆိုးရတာတို့နဲ့ တွက်ချက်ကြည့်လိုက်တော့ ဈေးက သိပ်မကိုက်တော့ဘူးလေ။ ကျုပ်တို့ရဲ့ လက်ရက်အထည်ကြမ်းတွေကို လူတွေကလည်း မဝတ်ကြတော့ပါဘူးဗျာ"

ဘကြီးစံရင်ထဲ ဆွေးမြေ့သွားတယ်။ သမီးခင်ရီရဲ့စကားကိုလည်း နားထဲ ကြားမိတယ်။

"တရုတ်စတွေက ဈေးလည်းပေါတယ်၊ ဝတ်လည်း ဝတ်ပျော်တယ် အဖေရဲ့"

"ညည်းတို့အထည်တွေက ဈေးသာပေါတာ ခိုင်မှမခိုင်ဘဲ"

"အဖေရယ် … ဒါတော့ ပေါ်ပင်ကိုး"

"ငါတို့ဝတ်တဲ့ ဟောသည်ဖျင်ကြမ်းထည်တွေများ လေးငါးဆယ်နှစ် ဒုံးခံတာအေ့"

ဆိုင်ပေါ်မှာ ချောင်းဒေါင်းကွက် ဖျင်ကြမ်းထည် အထပ်လိုက်ကြီး ထဲက ကိုယ်ကြိုက်တဲ့ ခေါင်ဆင်တွေကို ဟောတစ်ထည် ဟောတစ်ထည် ဝတ်ခဲ့ရပုံတွေ။ ဝတ်လို့များ … အသားကျပလားဆိုမှဖြင့် နုညက်လို့။

"ခင်ဗျား မန္တလေးကို ဘာလာလုပ်တာလဲ ကိုဘညို"

"ကျုပ်လား … ကျုပ် မဟာမုနိဘုရားကြီး လာဖူးတာလေ"

"သြော်"

"ခင်ဗျားကြည့်ရတာ အတော်နွမ်းပါးနေပုံပဲ။ အခု ခင်ဗျား ဘာလုပ် နေသလဲ ကိုဘစံ"

ဘကြီးစံ ပါးစပ်က အဖြေမပေးချင်တာနဲ့ လွယ်အိတ်ထဲက စက္ကူ မင်းသားရုပ်ကလေးတွေကို ထုတ်ပြလိုက်တယ်။

"ကျုပ် ဒါလေးတွေ လုပ်ရောင်းနေတာ"

ပြောပြောဆိုဆို ဘတ်စ်ကားထိုးအရပ်မှာ ကားပေါ်က ဆင်းဖို့ ပြင်လိုက်တယ်။ ကိုဘညိုက သူ့လက်ကို လှမ်းဆွဲလိုက်ပြီး –

"နေ … နေပါဦး ကိုဘစံ … ဟောသည်ပုဆိုးလေး ခင်ဗျားကို လက် ဆောင်ပေးလိုက်ပါရစေ။ ကျုပ်ဝတ်နေတဲ့ လက်ကျန် ချောင်းဒေါင်းထည် ကလေးပါ။ ကျုပ်ကတော့ ခုထိဝတ်တုန်း"

ပုဆိုးလေးကို လှမ်းယူပြီး ကိုဘညိုကို မျက်လုံးနဲ့ပဲ နှုတ်ဆက်လိုက် တယ်။ ဘတ်စ်ကားပေါ်က ဆင်းတော့ ဘကြီးစံ ခေါင်းထဲမှာ မိုက်ခနဲ။

ဘုရား … ဘုရား …။ ရေရွတ်ရင်း စက္ကူမင်းသားရုပ်ကလေးတွေ ကျိုးကြေသွားပလားလို့စိုးရိမ်သွားမိသေးတယ်။

(၄)

မြင့်မားလိုက်တဲ့ တိုက်ကြီးတွေ။ ခမ်းနားကြီးကျယ်လိုက်တာကလည်း အလွန်ပါပဲကလား။ ဘကြီးစံမျက်စိထဲမှာ အရာရာဟာ မယုံကြည်စရာကောင်းနေတယ်။ ဒါ ငါတို့ရဲ့မန္တလေး ဟုတ်ရဲ့လား။ နိုင်ငံရပ်ခြားက တိုင်းပြည်တစ်ခုကိုများ ရောက်နေသလား မှတ်ရ။ ပေါ်များလိုက်တဲ့ ကားတွေကလည်း လမ်းတောင်မကူးရဲပါကလား။

ဘကြီးစံ – အရုပ်ကလေးတွေကို ရောင်းဖို့နေရာရှာဖွေကြည့်မိတယ်။ နားခိုစရာ သစ်တစ်ပင်တောင် ကောင်းကောင်းမတွေ့ဘူး။ တတ်နိုင်ပါဘူး ဟောဟိုကလေးတွေဆော့နေတဲ့ တိုက်ရိပ်မှာ သွားထိုင်မှ။ ဘကြီးစံက လွယ်အိတ်ကလေးကို တင်ပျဉ်ခွေထဲထည့်ရင်း တိုက်ရိပ်မှာ ထိုင်ချလိုက်တယ်။ ကလေးတွေက ဘကြီးစံကို နားမလည်သလို ကြည့်ကြတယ်။ ဘကြီးစံက ကလေးတွေကို ပြုံးပြပြီး လွယ်အိတ်ထဲက စက္ကူမင်းသားရုပ်ကလေးတွေကို ထုတ်လိုက်တယ်။ ကလေးတွေ စိတ်ဝင်စားသွားကြပြီ။ ဘကြီးစံနားမှာလည်း ဝိုင်းအုံလာကြတယ်။ ဘကြီးစံက ကျကျနန ထိုင်တဲ့ပြီး မင်းသားလေးကို ကြိုးဆွဲက,ပြလိုက်တယ်။

"လွမ်းတော်မူလို့ စာကိုစီတယ်၊ တိမ်နီ တိမ်ဝါ တိမ်ပြာတွေ သန်းပြန်တော့ ဘယ်ဆီသို့ဘယ်ဝါသို့လွမ်းပါရတယ် ညွန်းကာဆဘွယ် ကြာပင်အိုင်ကြီးအလယ်"

မင်းသားရုပ်ကလေး ခြေမြှောက်လိုက် လက်မြှောက်လိုက် က,တာကို ကလေးတွေ သဘောကျကုန်ကြတယ်။

"ဘဘကြီး အရုပ်တစ်ရုပ် ရောင်းပါ"

ပန်းနုရောင် ဇာဂါဝန်ကလေးနဲ့ကလေးမလေးတစ်ယောက်။

"ယူလေငါ့မြေး … တစ်ရုပ် ငါးကျပ်ကွဲ့ ဟောသည်မှာ ကြည့် …"

ဘကြီးစံက မင်းသားရုပ်ကလေးကို ထပ်က,ပြလိုက်တယ်။

"လွမ်းတော်မူလို့စာကိုစီတယ် …"

"ဟင် … ဘဘကြီးကလည်း အဲဒီသီချင်းကြီး လီလီမကြိုက်ပါဘူး"

ကြိုးဆွဲရင်းတန်းလန်းက ဘကြီးစံလက်ကို ရပ်လိုက်တယ်။ စူပုပ်ပုပ်မျက်နှာလေးနဲ့ ကောင်မလေးကို ဘကြီးစံ ချစ်လိုက်တာ။ ပါးစုံ့လေးတွေက ဖောင်းကားပြီး မို့အစ်လို့ ဖြူဆွတ်နေတဲ့ အသားအရေလေးတွေများ နီရဲလို့ ခြေချောင်း လက်ချောင်းလေးတွေ ဆိုတာများ သန့်ပြီး ဝဝကစ်ကစ်လေးတွေ။

"မြေးက ဘာသီချင်းကြိုက်လဲ။ ကိုယ်ကြိုက်တာကို ဆိုပြီး က,ပေါ့ကွဲ့"

ကလေးမလေးက ရယ်လိုက်တာ မျက်စိမျက်ပေါက်လေးတွေ ပိတ်သွားပြီး သွားချွန်ချွန်လေးတွေ ပေါ်လာတယ်။

"လီလီက အတယ်တို့ဆိုတဲ့သီချင်းကိုပဲ ကြိုက်တယ်"

"ဘာသီချင်းလဲ မြေးရဲ့"

ကောင်မလေးက လက်ခုပ်လေးတီးပြီး ဆိုပြတယ်။ ဒါပေမဲ့ ဘကြီးစံ နားမလည်ပါဘူး။ ဘကြီးစံ နားလည်တာကတော့ ပိုက်ဆံငါးကျပ် ပေးဝယ်သွားတဲ့ စက္ကူမင်းသားရုပ်ကလေးဟာ သူနဲ့ဘယ်လိုမှ မလိုက်လျောတဲ့ ဆောင့်အင့်အင့်တေးသံတွေကြားမှာ ကို့ယို့ကားယား ပါသွားရှာတယ် ဆိုတာပါပဲ။

(၅)

အပြန်လမ်းမှာ ဘကြီးစံတစ်ကိုယ်လုံး နွံုးခွေနေတယ်။ လေးလံတဲ့ ခြေလှမ်းတွေနဲ့တစ်လှမ်းချင်း လှမ်းခဲ့တယ်။ အရုပ်ကလေးတွေ တော်တော်ရောင်းလိုက်ရပေမယ့် ဘကြီးစံရင်ထဲမှာ ပေါ့ပါးမသွားဘူး။ ပိုပြီး လေးလံ

နေတယ်။ မြင်ခဲ့ရတဲ့ မြင်ကွင်းတွေ၊ ကြားခဲ့ရတဲ့ စကားသံတွေ၊ ပြီးတော့ ဘကြီးစံရဲ့စက္ကူမင်းသားရုပ်ကလေးတွေ ...။

"ဟော့ ... ဟိုမှာ အရုပ်သည်ကြီး ပြန်လာပြီကွ"

ခါတိုင်း ရောင်းနေကျနေရာက ကလေးတွေဟာ ဘကြီးစံကိုမြင်တော့ ပြေးလာကြတယ်။ သြော် – အရုပ်မဝယ်နိုင်တဲ့ကလေးတွေ ...။

"ဘဘကြီး ကျွန်တော်တို့ကို မင်းသားရုပ် ကပြပါဦးနော်"

"အေးအေး ... က,ပြပါ့မယ်ကွယ်"

သစ်ပင်ရိပ်မှာ ဘကြီးစံ ထိုင်ချလိုက်တယ်။ ပြီးတော့ ကလေးတွေ ကို မင်းသားရုပ်ကလေး ကြိုးဆွဲက,ပြလိုက်တယ်။ နှစ်ခေါက် သုံးခေါက် လောက် က,ပြနေရင်း ဘကြီးစံရင်ထဲ မောလိုက်တာ။

သြော် ... စက္ကူမင်းသားရုပ်ကလေးရယ် ...။

ဘကြီးစံက ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပြီး ကလေးတွေကို ကြည့်လိုက်တယ်။

"ကဲ ... ရော့ကြ ... ရော့ကြ။ ငါ့မြေးတို့ကို ဘဘ အရုပ်တွေ အလကားပေးမယ် ... တစ်ယောက်တစ်ခုစီ ယူကြ"

ဝမ်းသာအားရနဲ့ကလေးတွေဟာ အရုပ်ကလေးတွေကို ယူကြတယ်။ ပိုက်ဆံပေးမဝယ်နိုင်တဲ့ ပစ္စည်းတစ်ခုကို အလကားရလို့ဝမ်းသာတာမျိုး မဟုတ်ဘူး။ သူတို့မြတ်နိုးတဲ့ပစ္စည်းလေးကို သူတို့ရင်မှာ သိမ်းဆည်းထား ခွင့် ရကြရှာလို့ပဲလို့ ဘကြီးစံ ထင်မိတယ်။ ကလေးတွေခမျာ မျက်ရည် လေးတွေတောင် လည်လို့၊ သနားစရာ။ ဘကြီးစံကိုယ်တိုင်လည်း မျက်ရည်လေးတွေ လည်လို့ပေါ့။

အရုပ်ကလေးတွေ ဝေပေးပြီးတော့ ဘကြီးစံလက်ထဲမှာ အရုပ်တစ်ရုပ် ကျန်နေသေးတယ်။ အဲသည်အရုပ်ကလေးကိုတော့ ဘကြီးစံက အိမ်ပြန် ယူခဲ့တယ်။ အိမ်ရောက်တော့ ခေါင်းရင်းထရံမှာ ထိုးညှပ်လိုက်တယ်။

"ငါ အရုပ်မရောင်းတော့ဘူး"

ခင်ရီတို့သားအမိတစ်တွေက သူ့ကို ငေးကြည့်နေကြတယ်။ ဘာကိုမှ နားမလည်တဲ့ပုံစံနဲ့ ကြောင်စီစီဖြစ်နေတဲ့ ခင်ရီကို ဘာမှ ရှင်းပြမနေတော့ ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဘကြီးစံမှာ အားလုံးရှင်းသွားပြီလေ။

အရုပ်မရောင်းတော့ပေမယ့် စက္ကူမြင်းသားရုပ်ကလေးတော့ ဘကြီးစံ က,ပြနေတုန်း။

"လွှမ်းတော်မူလို့စာကိုစီတယ်" တဲ့။

**ရတနာသစ်မဂ္ဂဇင်း၊ ၁၉၉၇ ခုနှစ်၊ ဇွန်လ**

ခင်ခင်ထူး

ရွာဝေတာခင်ကောင်

# နွားတစ်ကောင်

*အမကျီ*

မဇဗယ်လေးကို ရောင်းမဲကြားလို ငါ စာရေလိုက်ဒါဘာ။ မရောင်ဘာနဲ့ ငါ သနားဒယ်။ ညီးတို မမွေနိုင်ယင် စိမ်ချရတဲသူကို အဖက်ပေး မွေခိုင်လိုက်ဘာ။ လုံးဝမရောင်ရ။

ဒါပါပဲ

မျတင်

မန်းတလေး

စာကို တစ်ကျော့ထပ်ဖတ်ပြီး စာရွက်ကို ခေါက်လိုက်တယ်။ ပြီးမှ စာရွက်ခေါက်ပေါ်ကနေ လိပ်စာထပ်ရေးလိုက်တယ်။

ဥဒယရွာ

ဒေါ်ငွေကျီ ပေပါ။

ခဲတံကို စာရွက်ခေါက်ပေါ်တင်ပြီး ဆေးလိပ်ခွက်ထဲ ပြောင်းဖူးဖက်လိပ်ကို မီးညှိတယ်။ ဆေးလိပ်ကိုဖွာရင်းနဲ့မစံပယ်လေးအကြောင်း ကို အရီးမြတင် စဉ်းစားနေမိတယ်။

မနှစ်တုန်းက အရီးမြတင် ရွာပြန်တော့ 'ငွေမှုန်' ဆိုတဲ့ နွားမကြီးမှာ ဗီးကြီးနဲ့ အဲသည်နေ့က နေ့လယ်လောက် ရွာကိုရောက်ပြီး ရွာထဲ

ပတ်လည်လိုက်သေးတယ်။ ညရောက်လို့ထမင်းစားသောက်ပြီး စကား ထိုင်ပြောနေကြတုန်း ငွေမှုန် မွေးပါလေရော။ ဒီဇယ်ဆီမီးခွက်တွေ၊ ဖယောင်းတိုင်မီးတွေ၊ လက်နှိပ်ဓာတ်မီးတွေနဲ့ဝိုင်းအုံကြည့်လိုက်ကြတာ။ မီးရောင်အောက်မှာ ဆွတ်ဆွတ်ဖြူနေတဲ့ နွားကလေး။

"အမ,လေးဟေ့"

ကိုအေးသောင်းက အော်ပြောလိုက်တော့ အရီးမြတင်ရင်ထဲမှာ ဖိုခနဲ တောင်ဖြစ်သွားမိသေးတယ်။ နွားကလေးကို ပွေ့ဖက်နွေးထွေးပေးကြရင်း အဲသည်နေရာမှာပဲ ထိုင်စကားပြောဖြစ်ကြတယ်။

"ငွေမှုန်က အလွန်သားမွေးသဲ့နမကြီး။ မနှစ်တုန်းက ရောင်းလိုက် သဲ့ ငနီလေ။ အဲသာ ငွေမှုန်သားပေါ့။ သည်တစ်ခါတော့ ထူးထူးခြားခြား နမကလေးမွေးသယ်လေ"

အရီးငွေကြည်က အသံလေးတစာစာနဲ့သူ့နွားမကြီးငွေမှုန်အတွက် ဂုဏ်ယူပြီး ပြောနေလိုက်တာ။ အရီးမြတင်ကတော့ သားမွေးကောင်းတဲ့ ငွေမှုန်ထက် နီထွေးဖြူဥနေတဲ့ နွားမကလေးကိုပဲ စိတ်ဝင်စားနေမိတယ်။

"အစ်မကြည်၊ ဒီနွားမကလေး ငါ့ကိုပေးပါလား။ ငါမွေးချင်လို့"

အရီးငွေကြည်က ဘာမှမပြောဘူး။ ပြောင်းဖူးဖက်လိပ်ကြီးကိုပဲ တွင် တွင်ဖွာနေတယ်။

"ညည်းတောင်းချင်သလောက်တောင်းအေ။ ငါပေးပါ့မယ်။ ငါလာ တဲ့ညမှာမွေးလို့ ငါ့အတွက် အတိတ်နိမိတ်လည်းကောင်းတယ်။ ပြီးတော့ အမ,လေးမို့ အဖြူရောင်လေးမို့ငါလိုချင်တာ"

ဖွာရင်းက တစ်ခြမ်းစောင်းသွားတဲ့ ပြောင်းဖူးဖက်လိပ်ရဲ့နှုတ်ခမ်း သားတွေကို အရီးငွေကြည်က လက် တံတွေးစွတ်ပြီး ဖိလိုက်တယ်။

"မွေးသာက ဟုတ်ပါပြီ၊ ညည်းက မန်းလေးနေသာ။ နွားကလေး ဘယ့်နှယ့်လုပ်မှာတုံး"

"အိုအေ ညည်းတို့အဖက်မွေးပေးရမှာပေ့ါ။ နွားကတော့ ငါ့နွားပေါ့"

အရီးငွေကြည်က တစ်ချက်တွေစဉ်းစားလိုက်တယ်။

www.burmeseclassic.com


"သည့်လိုလုပ်အေ။ ညီအစ်မချင်း သာသယ်နာသယ် တွက်မနေနဲ့။ ညည်းတို့ခုတင်ကြီး ငါ့အပိုင်ပေးလိုက်တော့။ နွားကို ညည်းယူလိုက် မကောင်းဘူးလား"

မဟုတ်လည်း အဲသည်ခုတင်ကြီးက အရီးငွေကြည်တို့ပဲ အိပ်နေကြတာပါ။ သည်ခုတင်ကြီးက အဘရဲ့အမွေ။ ကျွန်းခုတင်ကြီး။ မန္တလေးသယ်မဖြစ် ဘာမဖြစ်နဲ့ဆိုတော့ ရွာမှာပဲ သောင်တင်နေတာ။ ဦးသာဒွန်းကလည်း သည်ခုတင်ကြီးကို လိုချင်နေတာ။ ဒါပေမဲ့ အဘရဲ့အမွေလေးဆိုတော့ –

"ကဲပါအေ။ လဲပါ။ ငါ့နွားမလေးသာ ဖြစ်အောင်မွေးပေး"

ကိုယ့်နွားမကလေး ဖြစ်ပြီဆိုတော့ နွားကလေးကို အရီးမြတင်သွားပွေ့တယ်။ အသွေးအမွေးကလည်း အဖြူဆိုမှအဖြူ။ ကြီးမှ အကွက်အပြောက်ပေါ်ရင်တော့ မသိဘူး။ အခုတော့ အဖြူရောင် စံပယ်ပန်းကလေးတစ်ပွင့်လိုပဲ။

"အင်း … ဟုတ်ပြီ။ ငါ့နွားမကလေးကို မစံပယ်လို့ နာမည်ပေးရမယ်"

အဲသည်ကစ 'မစံပယ်' လို့အမည်တွင်ပြီး ရွာကိုပြန်တိုင်း ငါ့နွားမလေးဟဲ့လို့အရီးမြတင်မှာ ကြည့်ရတာအမော။ အခုအရွယ်ကလေး ရောက်လာမှ သူတို့နွားတွေကို မနိုင်လို့ရောင်းပစ်လိုက်ချင်သတဲ့လေ။ မစံပယ်လေး ရောင်းလို့ရတဲ့ငွေ တစ်ယောက်တစ်ဝက်ကို အရီးမြတင် ဘာလုပ်မှာလဲ။ ဆေးလိပ်ကို ခွက်ထဲပြန်ထည့်ပြီး စာခေါက်ကလေးကို ကိုအေးသောင်းလှမ်းပေးလိုက်တယ်။

"အစ်မကြည်လက်ထဲ သေသေချာချာ ထည့်လိုက်နော်"

(၂)

စာဖတ်ပြီးတော့ အရီးငွေကြည် ငိုင်သွားတယ်။

"သူက မန်းလေးမှာနေပြီး ဘာမှသိသာမဟုတ်ဘူး။ နွားတစ်ကောင်မွေးရသာ လွယ်မှတ်လို့။ နွားစာက ရှားကရှားပါဘိသနဲ့။ ရေဝင်ချိန်ဆို

ပိုဆိုးသေး။ လူကမှ ဆန်ရှာစားလို့ရသေးရဲ့၊ နွားစာက ရှာလို့ရသာ မဟုတ်ဘူး။ သူက ဥဒယကို မန်းလေးမှတ်နေသယ်”

အရီးငွေကြည် ပြောလည်းပြောစရာပါ။ ရွာတွေမှာက မိုးခေါင်ရေရှားဖြစ်လိုက်တာ။ နွားစာမြက်မပြောနဲ့၊ ဘော့စကိုင်းပင်တွေ၊ ညောင်ပင်တွေတောင် အလိုလို ကိုင်းခြောက်ပြီး သေကုန်ကြတာ။ ပြီးခဲ့တဲ့နှစ်က ဝါဆို၊ ဝါခေါင် ရေကလည်း တအားတိုးချလိုက်တော့ ရွာထဲမှာ နွားတောင် ထားစရာမရှိဘူး။ အရှေ့တစ်မိုင်လောက်က ဖောင်းကားကုန်းသွားထား ကြရတယ်။ နွားစာက ရှာမရ၊ နွားတွေကများနဲ့၊ ရွာထဲမှာလည်း နွားတွေ အသေအပျောက်များလိုက်ကြတာ။ အရီးငွေကြည်တောင် နွားထီးလေးတစ်ကောင် ရှောသွားသေးရဲ့၊ ပြီးတော့ ကိုယ်က မုဆိုးမ။ သမီးနှစ်ယောက်ကလည်း လယ်ထဲဆင်းရ၊ နွားကျောင်းရနဲ့ မနိုင်ဆိုတော့ နွားတချို့ရောင်းပစ်မယ်စိတ်ကူးပြီး မန္တလေးသွားတဲ့ ကိုအေးသောင်းကို မှာလိုက်တာပါ။

“ကဲ–အေးသောင်းရေ။ ငတို့နွားတွေကိုတော့ ရောင်းပစ်မှာပဲ။ နင့်အရီးနွားကို ရွာထဲကအဖက်မွေးမယ့်သူရှိရင် ပြောလိုက်စမ်းပါကွယ်။ မန်းလေးက မပြသင် နွားမကလေး မွေးကြမလားလို့”

ဒါနဲ့ပဲ ‘မစံပယ်’ လေးဟာ မယ်ပုံတို့လက်ထဲ ရောက်လာခဲ့တယ်။ မယ်ပုံတို့မှာ နွားတစ်ကောင်မှ အပိုင်မရှိပါဘူး။ ရွာထဲက မနိုင်တဲ့နွားတွေကို အဖက်မွေးပေးတယ်။ နို့ရောင်းစားတယ်။ နွားရှင်က နွားပြန်လိုချင်ရင် ဈေးဖြတ်ပြီး တစ်ယောက်တစ်ဝက်နဲ့ပြန်ယူသွား။ ရောင်းရင်လည်း တစ်ယောက်တစ်ဝက်ပဲ။ တကယ်လို့နွားမျိုးပွားလာရင် တန်ရာတန်ကြေးဖြတ်ပြီး နွားရှင်က တစ်ဝက်အမ်း။ မွေးလာတဲ့နွားကို နွားရှင်က အပိုင်ပေါ့။ သူတို့က အဖက်မွေးပဲပေါ့။ မယ်ပုံတို့သားအမိတစ်တွေက ရွာထဲမှာ နွား အဖက်မွေးပေးတာ နာမည်ရတယ်။ နွားစာရှာကျွေးတယ်။ နွားကို ဂရုစိုက်တယ်။ နွားအမွေးကောင်းတယ်ပေါ့။

အဖက်မွေးနွားတွေအားလုံးထဲမှာ မယ်ပုံကတော့ 'မစံပယ်' ကို အချစ်ဆုံး။ မယ်ပုံ ရှစ်နှစ်သမီးကတည်းက နွားကျောင်းလာတာ။ အခု ဆို နွားကျောင်းသက် ငါးနှစ်လောက်ရှိပြီ။ နွားတွေ တစ်ကောင်ပြီး တစ်ကောင် မွေး၊ တစ်ကောင်ထွက် တစ်ကောင်ဝင်နဲ့မွေးလာလိုက်တာ 'မစံပယ်' လို ဖြူဖွေးနေတဲ့နွား တစ်ကောင်မှ မပါခဲ့ဘူး။ 'မစံပယ်' လေးကတော့ နာမည်နဲ့လိုက်အောင် စံပယ်ပန်းလေးလို ဖြူစင်သန့်ရှင်း တယ်၊ နွားအုပ်ထဲမှာ တခြားနွားတွေနဲ့ရောနေလည်း 'မစံပယ်' လေးကို ပိုပြီး မြင်သာတယ်။ လှတယ် ဝတယ်။ သည်တော့ 'မစံပယ်' လေးကို မယ်ပုံ သိပ်ချစ်တယ်။

'မစံပယ်' လေးကတော့ ဘာမှ သိရှာတာမဟုတ်ပါဘူး။ အရင် တုန်းက အရီးငွေကြည်ရဲ့နွားစာကျင်းမှာ စားခဲ့တယ်။ အခု မယ်ပုံတို့ နွားစာကျင်းမှာ စားတယ်။ အရင်တုန်းက အရီးငွေကြည်တို့နွားတင်း ကုပ်ထဲက ချည်တိုင်မှာ အိပ်ခဲ့တယ်။ အခု မယ်ပုံတို့နွားတင်းကုပ်ထဲက ချည်တိုင်မှာ အိပ်တယ်။

ဒါပေမဲ့ ဧရာဝတီမြစ်ကြီးထဲကရေကို သောက်ရတာချင်းကတော့ အတူတူပါပဲ။ နွားပိုင်ရှင်ကလည်း အရီးမြတင်ပါပဲ။

(၃)

'မစံပယ်' ကလေးမှာ ဗိုက်ရှိလာတော့ မယ်ပုံမှာ ပျော်လိုက်တဲ့ ဖြစ်ချင်း။ အရင်နွားတွေတုန်းကလို နွားနို့ရမှာမို့ နွားကလေး အမ်းငွေရ မှာမို့ ပျော်တဲ့အပျော်မျိုး မဟုတ်ပါဘူး။ 'မစံပယ်' က မွေးမယ့်နွား ကလေးကို မယ်ပုံ လိုချင်တယ်။ အထီးကလေးဖြစ်ဖြစ်၊ အမကလေး ဖြစ်ဖြစ် 'မစံပယ်' လို ချောမှာပဲ။ 'မစံပယ်' ကံကလည်း ကောင်းလိုက် တာ။ 'မစံပယ်' မှာ ဗိုက်ရှိလာမှ နွားစာတွေက ပေါလာတယ်။ မိုးကလည်း ရွာတော့ မြက်ကလေးတွေများ စိမ်းနုလို့၊ ပေါက်လိုက်တဲ့ မြေပဲရိုး၊ နှမ်းရိုးတွေ။ မယ်ပုံကတော့ 'မစံပယ်' ကို ပုံအော ကျွေးတော့တာပဲ။

မစံပယ်ရောက်လာကာစကတော့ မယ်ပုံမှာ ဒုက္ခများခဲ့ရသေးတယ်။ မယ်ပုံက အရွယ်ကလည်း ငယ်။ နွားလည်း မကျောင်းတတ်။ နွားစာက လည်း ရှားဆိုတော့ တောထဲက ညောင်ပင်ကြီးပေါ်တက်ပြီး ညောင်ရွက်နု လေးတွေ ခူးကျွေးခဲ့ရတဲ့အထိ။ ရေဝင်တော့လည်း အရှေ့ဖောင်းကားကုန်း မှာ ပုဆိုးကလေးခြုံပြီး တစ္ဆေမကြောက် သရဲမကြောက် နွားစောင့်ခဲ့ရတယ်။

“ဟဲ့ – တော်ပါတော့ မယ်ပုံရဲ့။ နင်းကန်ကျွေးနေ။ မစံပယ် ဗိုက် ပေါက်ထွက်သွားလိမ့်မယ်။ တကတည်း နွားစားမြုံ့ပြန်ဖို့ကလေးများ ချန်ပါဦး”

မယ်ပုံရဲ့အမေ မစောလှက ပြောယူရတဲ့အထိ။ မစံပယ်ရဲ့ဗိုက်ထဲက နွားကလေးက လာဘ်ကောင်းမှာ အမှန်ပဲ။ မစံပယ် ဗီးရှိပြီဆိုကတည်းက ရွာမှာ နို့ဆီချက်တဲ့သူတွေ ပေါ်လာတယ်။ ခါတိုင်းလို တောင်ဘက်ရွာကို နွားနို့သွားရောင်းစရာ မလိုတော့ဘူး။ နို့လာညှစ်မယ့် ကိုကုလားကိုလည်း မျှော်စရာ မလိုတော့ဘူး။ ကိုယ့်ဘာသာညှစ်၊ ကိုယ့်ဘာသာရောင်း။ ဈေး ကောင်းလည်း ရတယ်။

တကယ်ပဲ မစံပယ်မွေးချလိုက်တော့ နွားမကလေး။ အသွေးကတော့ မစံပယ်လောက် မဖြူဘူး။ အနီရောင်ကလေး သန်းချင်တယ်။ ဒါပေမဲ့ လှလိုက်တဲ့ နွားမကလေး။ မျက်လုံးကြီးတွေများ ဝိုင်းပြီး စိုလို့၊ မျက်ဝန်း တွေကလည်း ညှို့ရီလို့

“အမေ မစံပယ်ရဲ့သမီးကလေးကို ထွေးညိုလို့နာမည်ပေးရအောင်”

မယ်ပုံက ‘ထွေးညို’ တဲ့။ ထွေးညိုကလေးက မစံပယ် ငယ်ငယ်တုန်း ကအတိုင်းပါပဲ။ ချစ်စရာ တသွေးတမွေးကြီး။ အရီးမြတင် ရွာကို ရောက် တော့ ထွေးညိုကလေးကို ကြည့်ရင်း –

“နွားကလေးက သနားစရာလေးအေ။ ထွေးညိုဆိုတော့ အင်း – မယ်ပုံရေ သည်တစ်ခါ မစံပယ်မွေးရင် သစ္စာလို့မှည့်ရအောင်”

ထွေးညိုမှ ကလေးရှိသေးတယ် အရီးမြတင်က နောက်နွား လိုချင် နေပြီ။

(၄)

*ရီးမျတင်*

သိသာစေရဲ အကြောင်ကျားအပ်ပါဒယ်။ မဇဗယ်တို့ သာအမီကို ရီးငွေကျီးတို့က ပျံမွေမယ်ဆိုပီး ကျမတို့ဆီ လာတောင်နေဒယ်။ အဲသာ ရီးမျတင် သပေါထာကို ပျော်ဘာ။ မဲပုံကဒေ့ါ ငိုနေဒယ်။

တော်သေဘီ

စောလှ

ဥဒယကျေရွာ

အရီးမြတင်က စာဖတ်ပြီး

"ဘယ်လိုဖြစ်တာလဲ အေးသောင်းရဲ့"

ကိုအေးသောင်းက နို့ဆီကုန်သည်ဆိုတော့ မန္တလေးနဲ့ ဥဒယကို ကူးနေရတဲ့သူမှုတ်လား။ ကူးတိုင်းကူးတိုင်း လူကြုံလှမ်းမှာတာတို့ လူကြုံပေးတာတို့က ကင်းခဲတယ်လေ။ ကင်းခဲတဲ့အထဲမှာမှ အရီးမြတင်ရဲ့ နွားသတင်း အပို့အယူက အခေါက်တိုင်း ဆိုပါတော့။

"စောလှ ပြောသာကတော့ ရီးငွေကြည်တို့က ငါ့ညီမနွား ငါပြန်မွေးပေးတော့မယ်ဆိုပြီး လာတောင်းသာတဲ့။ စောလှတို့ကလည်း မပေးချင်ဘူးလေ။ ခုဆို မစံပယ်က နို့ထွက်ကောင်းတော့ တစ်နေ့ သုံးပိဿာလောက် ရနေသာ။ အဲသာ ရီးငွေကြည်တို့ကလည်း ဇွတ်တောင်း၊ စောလှကလည်း မပေးနဲ့ဆိုတော့ ခွန်းကြီးခွန်းငယ် စကားများကြသာပဲ"

"ဒါကတော့ကွယ် ငယ်ငယ်ကလေးကတည်းက မွေးလာတဲ့ စောလှတို့လက်ထဲကနေ အမ်းယူပြီး အစ်မကြည်တို့ကို ပေးလို့ဘယ်ကောင်းပါ့မလဲ။ ကဲ – ငါ စာရေးပေးလိုက်ပါ့မယ်"

အရီးမြတင်လည်း စာတစ်စောင် ကောက်ရေးလိုက်တယ်။

*စောလှ မဲပုံ*

ငါစာရေလိုက်ဒယ်။

ငါ့နမလေးဒေကို ညီတို့ဘဲ ဆက်မွေပါ။

ငါ့စာကာမရဘဲ ဘယ်သူမှ မပေနဲ့။

ဒါပါပဲ

မျတင်

မန်းတလေး

ဒါနဲ့ပဲ မစောလှက အရီးမြတင်စာကို ကိုင်ပြီး နွားမပေးဘူး။ မပေးတော့ အရီးငွေကြည်တို့သားအမိတစ်တွေက မခံချင် ဖြစ်လာတယ်။ သည်တော့လည်း –

"ကိုအေးသောင်း။ တော် မနက်ဖြန် မန်းလေးသွားမှာဆို။ ရော့ – သည်စာကို ဒေါ်ဒေါ့်ပေးလိုက်ပါ"

ဆိုပြီး အရီးငွေကြည်ရဲ့သမီး မထိုက်က စာလှမ်းပေးလိုက်တယ်။

*ဒေါ်ဒေါ်*

ကျမတို့မှာက နွားမရှိတော့ဘူး။ အဲသာကြောင့် ဒေါ်ဒေါ် နွာဒေကို မွေချင်ဒယ်။ အတွင်ထရန်း အပြင်းမကားချင်ဘာနဲ့ ဒေါ်ဒေါ်။ ကျမတို့မွေရရင် ဒေါ်ဒေါ် နို့စားရမှာဘာ။

ကျမ္မာဘာစေ

မိထိုက်

ဥဒယကျေရွာ

စာကိုဖတ်ပြီး အရီးမြတင် သက်ပြင်းချလိုက်တယ်။

"သည်စာကတော့ စောလှတို့ပေးလိုက်သဲ့စာ"

ကိုအေးသောင်းက နောက်စာတစ်စောင်ကို ထုတ်ပေးလိုက်တယ်။

www.burmeseclassic.com


*ရီးမျှတင်*

မဇဗယ်တို့သားအမိကို ရီးငွေကျီးတိုက ဖွတ်လာဆွယ်ဒယ်။ ကျမတိုက ရှာလူဂျီးဒေကို တိုင်ထားဒယ်။ လူဂျီးဒေက ခေါ်မေးဒေ့ါ မဇဗယ်က သူတို့နမ ငွေမှုတ်က မွေ့ထားဒါ သူတို့နွားဒဲ့။ ရီးမျှတင်နွား မဟုတ်ဘူးဒဲ့။ အဲသာ ရှာလူဂျီးဒေက ရီးမျှတင်ရီုက လွဲစားလိုချင်ဒယ်ဒဲ့။ ရီးမျှတင် ကိုအေသောင်နဲ့လွဲစား ရေပေးလိုင်စေချင်ဘာဒယ်။ မဲပုံကဒေ့ါ ထမင်တောင် မစာနိုင်ဘူ။

စောလှ

ဥဒယကျေရွာ

"အစ်မကြည်တို့က သူတို့နွားလို့ပြောသတဲ့လား အေးသောင်း"

"ဟုတ်သယ် ရီးမြတင်။ အဲသဟာ ငွေမှုန်က မွေးသာဆိုပြီး ပြောနေတော့ လူကြီးတွေက ရီးမြတင်ဆီက အကျိုးအကြောင်းနဲ့ လွဲစာတစ်စောင် သူတို့ဆီ ရေးပေးလိုက်ပါလို့မှာလိုက်သာပဲ"

အရီးမြတင် စိတ်တိုသွားရတယ်။ ပေးတုန်းကလည်း သူတို့၊ ပြန်လိုချင်တော့လည်း သူတို့။ ပြီးတော့ ခုတင်နဲ့ နွားကလေးပေါက်စကတည်းက အသေအချာ လဲထားတာကို သူတို့နွားတဲ့။

"ဘယ်က အစ်မကြည်တို့နွားရမှာလဲ။ နွားမကလေးမွေးတော့ နင်တောင်ရှိသေးတယ် မှတ်လား။ ငါ့ခုတင်ကြီးနဲ့အပိုင်လဲပါလို့သူပဲပြောခဲ့တာပဲ။ ကိုသာဒွန်းလည်း ရှိသယ်။ အဲဒါ နင်နဲ့ကိုသာဒွန်း သက်သေပဲ။ ငါ လွှဲစာရေးပေးလိုက်မယ်"

(၅)

*ဥဒယကျေးရွာလူကြီးမင်းများသိသာစေရံ*

စောလှတို့လက်ထဲမှာရှိဒဲ့ နွား ၂ ကောင်မှာ ကျမ ဒေါ်မျှတင်၏ နမ ၂ ကောင်သာ ဖျစ်ပါဒယ်။ မဇဗယ် မွှေမွှေချင်း တဒေါင်သာသာ လောက်အရွယ်ကဒဲက ကျမပိုင်

ကဒင်နဲ့ လဲခဲ့ဒါဘာ။ ဦးသာဒွီးနဲ့ အေးသောင် သတ်သေရှိပါဒယ်။ ၎င်း နမ ၂ ကောင်အား စောလှတို့ကိုပဲ ဆက်မွေခိုင်းမှာဘာ။

ယခုအချိန်မှစရွေ့ ကျမနွားဒေကို လူဂျီးမင်များကို အပ်ပါဒယ်။ အစစအရာရာ လူဂျီးမင်များ တာဝန်သာ ဖျစ်ပါဒယ်။

မျတင်

မန်းတလေး

အရီးမြတင်ရဲ့လွှဲစာကိုဖတ်ပြီး ကျေးရွာလူကြီးဦးဆာမိတစ်ယောက် စိတ်အိုက်သွားရတယ်။ နွားမကြီးငွေမှုန်မွေးခဲ့တုန်းကလည်း သူမသိခဲ့ရဘူး။ ခုတင်နဲ့လဲတာလည်း သူမသိခဲ့ဘူး။ ဘယ်သူ့နွားကို ဘယ်သူက အဖက်ပေးမွေးတယ်ဆိုတာလည်း သိတာမဟုတ်ဘူး။ အခုတော့ အရီး မြတင်က အစစအရာရာ သူ့တာဝန်တဲ့။

"အဲသည်တုန်းက ခုတင်ကြီးကို ကျုပ်လိုချင်လို့ကျုပ်နွားနဲ့လဲပါလို့မမြသင်ကို ပြောပါသေးတယ်။ အဲသဟာ ကျုပ်နွားနဲ့မလဲဘဲ မငွေကြည်နွားနဲ့လဲသွားသာ။ ဟုတ်သယ်နော် အေးသောင်း"

ဦးသာဒွန်းက သက်သေအဖော် လှမ်းညှိလိုက်တော့ ကိုအေးသောင်းက –

"ဩော် – အင်း။ အဲသဟာကတော့ ဟုတ်ပါသယ်"

ကိုအေးသောင်းမှာက လွှဲစာထဲပါလို့သာ လာရတာပါ။ သူက နှစ်ဘက်စလုံး အမျိုးတွေချည်းပဲ။ အရီးငွေကြည်တို့က အဖေဘက်က စောလှတို့က အမေဘက်က။ ဘယ်သူ့ဘက်ကမှ သူမလိုက်ရဲဘူး။ ဦးသာဒွန်းနောက်က အသာကလေး လျှောလိုက်ရတော့တာပဲ။

ဒါနဲ့ပဲ ဦးဆာမိက အရီးမြတင်ရဲ့လွှဲစာကိုပြပြီး အရီးငွေကြည် တို့ကို လျှော့ပေးဖို့ပြောရတယ်။ ဒါပေမဲ့ အရီးငွေကြည်ရဲ့သမီး မထိုက်က–

 www.burmeseclassic.com 

"အို – ဘာပဲဖြစ်ဖြစ် ကျုပ် မန်းလေးကို သွားမယ်။ ဒေါ်ဒေါ့်ကိုပြော ပြီး မစံပယ်ကို မရရအောင် ပြန်ယူမယ်"

မစောလှကလည်း –

"အရီးမြတင်က မပေးပါဘူးဆိုနေသဲ့ဟာကို။ တကတည်း လိုမှလို ချင်လွန်းတော်" နဲ့လုပ်တော့ ဦးဆာမိရဲ့ဝိုင်းထဲမှာတင် သတ်လိုက်ကြ ပုတ်လိုက်ကြတာ ဆူညံလို့။


ဦးသာဒွန်းကတော့ ကြားထဲက ဝိုင်းဝန်းဖြန်ဖြေရင်း ဦးဆာမိနဲ့ ကျန်ရစ်ခဲ့တယ်။ ကိုအေးသောင်းကတော့ ဟိုကြည့် သည်ကြည့်နဲ့ရန်ပွဲ ကြားကနေ အသာကလေး လစ်ထွက်ခဲ့တယ်။ ဟုတ်တယ်လေ။ သူ ဘာမှမပြောချင်တော့ဘူး။ မန္တလေးနဲ့ဥဒယရွာ၊ ဥဒယရွာနဲ့မန္တလေး။ စာပေးစာယူ လုပ်ရတာပဲ သူစိတ်ညစ်လှပြီ။ နှစ်ဘက်စလုံးကို မဲတင်းရ တာကလည်း ဘေးကြောတွေများ တင်းလို့။ သည်နွားပြဿနာ မအေး မချင်း သူ မန္တလေးကို မသွားတော့ဘူးလို့လည်း ဆုံးဖြတ်လိုက်တယ်။

'မစံပယ်' တို့သားအမိကတော့ ရွာထိပ်က သရက်ပင်ကြီးအောက်မှာ အေးအေးဆေးဆေးပါပဲ။ စားထားတဲ့မြက်ကလေးကို စားမြုံ့ပြန်နေလိုက် ကြတာ။ ပါးစောင်မှာ အမြှုပ်တွေစီလို့။ သူတို့အတွက်နဲ့ဘယ်သူတွေ ဘာဖြစ်နေကြသလဲ မသိကြပါဘူး။ ဒါတွေကလည်း လူ့ကိစ္စတွေကိုး။

ကိုအေးသောင်းတစ်ယောက်ကတော့ ရွာမှာပဲ နို့ဆီချက်နေတယ်။ နို့ဆီကုန်သည် မလုပ်တော့ဘူးတဲ့။

**မြားနတ်မောင်မဂ္ဂဇင်း၊ ၁၉၈၇ ခုနှစ်၊ စက်တင်ဘာလ**

www.burmeseclassic.com



ခင်ခင်ထူး

ရှင်သောရှင်ကလေး

www.burmeseclassic.com

# ရုပ်သေးရုပ်ကလေး

(၁)

ကျွန်မငယ်ငယ်က ရုပ်သေးရုပ်ကလေးတစ်ရုပ်ကို လွန်စွာစွဲလမ်း တပ်မက်ခဲ့ဖူးသည်။ ထိုအရုပ်ကလေးနှင့်ပတ်သက်၍ ယနေ့အချိန်ထိ ရင်မှာ ခံစားလွမ်းဆွတ်နေရဆဲလည်း ဖြစ်ပါသည်။ နှစ်ပေါင်းများစွာ ဖြတ်သန်း ခဲ့သော်လည်း စိတ်မှာ ထင်ကျန်ရစ်ခဲ့သော ပုံရိပ်တို့ ကား မေ့ဖျောက်ပစ်၍ မရခဲ့။

ထိုစဉ်က ကျွန်မအသက် ဆယ်နှစ်ပင်ပြည့်မည်မထင်သေးပါ။ မူလ တန်းကျောင်းသူဘဝက ဖြစ်ပျက်ကြုံတွေ့ခဲ့ရသော အကြောင်းအရာကလေး တစ်ခုသာ ဖြစ်ပါသည်။ ထိုအရွယ်သည် ကလေးဘဝကုန်ဆုံးရန် အစပျိုး နေသည့်အရွယ် ဖြစ်သည်။ ကျွန်မတို့ငယ်စဉ်က နွေကျောင်းပိတ်ရက်ရောက် လျှင် မန္တလေးမြို့ ကြီးမှ မိဘများ၏ ဇာတိဖြစ်သော မြင်းခြံမြောက်လက် မှ 'ဥဒယ' ရွာကလေးသို့ပြန်လေ့ရှိပါသည်။ ရွာတွင် အဘနှင့်အမေကြီး တို့ရှိသည်။ ဆွေမျိုးတွေရှိသည်။ ပြီးတော့ ဧရာဝတီမြစ်ပြင်ကျယ်ကြီးနှင့် သဲသောင်ပြင်ကျယ်ကြီးရှိသည်။ ပဲခင်းတွေ၊ သရက်တောကြီးတွေ ရှိသည်။ ရွာလယ် ညောင်ပင်ကြီးကတော့ ကျွန်မတို့ကလေးများ၏ ကစားကွင်းကြီး တစ်ခု ဖြစ်ပါသည်။

မနက်စောစော ထမင်းကြော်စားပြီးလျှင် ကျွန်မ ညောင်ပင်ကြီးအောက် ရောက်နေတတ်ပြီ။ ညောင်ပင်ကြီးအောက် ရောက်လျှင်တော့ ကစားဖော်တွေက အပြည့်ရှိနှင့်နေပြီ။ ထုပ်ဆီးတိုးခြင်း၊ စိမ်ပြေးတမ်း၊ ဖန်ခုန်တမ်း၊ တူပုန်းတမ်း စသည့် မရိုးနိုင်သော ကျေးလက်ကစားနည်းများကို တစ်မျိုးပြီးတစ်မျိုး ကစားကြ၏။ နေကုန်နေခန်း ကစားသော်လည်း မောသည် ပမ်းသည်ဟူ၍ မရှိ။ အဘက ရေချိုးရန် လိုက်ခေါ်မှသော်လည်းကောင်း၊ အမေကြီးက ထမင်းစားရန် လိုက်ခေါ်မှသော်လည်းကောင်း အိမ်သို့ ပြန်ကြသည်။ တစ်ခါတစ်ရံ ဆွေမျိုးသားချင်းများ မြေပဲနုတ်ရာ၊ ပဲရိတ်ရာ၊ နွားကျောင်း ရာတို့ဆီသို့ ကျွန်မတို့ လိုက်သွားတတ်ကြသေး၏။ ပဲခင်းများကြားတွင် ခဲစစ်တိုက်တမ်း၊ နွားစီးတမ်း ကစားကြသည်။ တစ်ခါတစ်ရံ သစ်ကိုင်းခြောက်များ မီးဖိုပြီး မြေပဲဥအစိုများကို မီးဖုတ်တမ်းပင် ကစားလိုက်ကြသေးသည်။

အဘက –

“ငါ့မြေးတွေကတော့ဟေ့ – ဆော့လိုက်ကြတာများ တစ်စက်ကလေးမှ အငြိမ်မနေကြဘူး။ ပုပ္ပားတောင်ကမျောက်တွေ လွတ်လာသလားတောင် အောက်မေ့ရတယ်”

ဟု မှတ်ချက်ပေးတတ်ပါသည်။ ဘာရယ်တော့မသိ။ ရွာရောက်လျှင် ကျွန်မတို့မှာ အလိုလို ဆော့ကစားချင်စိတ်များ ပေါက်နေတော့သည်။ လွတ်လပ်ကျယ်ပြန့်ပြီး ဘာအတားအဆီးမျှမရှိသော ကျေးလက်သဘာဝလေးကို ထိုအရွယ်ကပင် စ၍ ချစ်တတ်လာခြင်း ဖြစ်ပါသည်။

(၂)

တစ်နေ့တွင် ကျွန်မတို့ရွာလေးသို့ ထူးဆန်းသောလူတစ်ယောက် ရောက်လာသည်။ ကျွန်မတို့ကစားနေကြသော ညောင်ပင်ကြီးအောက်တွင် လူကြီးက သေတ္တာတစ်လုံးကို ချကာ ကျွန်မအပါအဝင် ကလေးတွေအားလုံးကို ခေါ်ပါသည်။ ထို့နောက် သေတ္တာထဲမှ အရုပ်ကလေးများကို

www.burmeseclassic.com


တစ်ရုပ်ချင်းထုတ်ကာ ကျွန်မတို့ကို ပြပါသည်။ အရုပ်ကလေးတွေက တော်တော်များသော်လည်း ကျွန်မက မင်းသမီးရုပ်ကလေးကို သတိထားမိသွားသည်။

"ကဲ – ကလေးတို့နားထောင်ကြ။ ဘဘနာမည်က ဦးသစ္စာတဲ့ကွယ်။ ဘဘက မင်းတို့ကို ရုပ်သေးကလေးတွေနဲ့ကပြမယ်"

ကြိုးတန်းလန်းနှင့် အရုပ်ကလေးများကို 'ရုပ်သေး' ဟု ခေါ်ကြောင်း ထိုနေ့မှစ၍ ကျွန်မ သိခဲ့ရခြင်းဖြစ်ပါသည်။ ပထမဆုံး သေတ္တာကလေးပေါ် တင်လိုက်သော အရုပ်မှာ ကျွန်မသတိထားမိသည့် မင်းသမီးရုပ်ကလေး ဖြစ်ပါသည်။ ဆံထုံးကလေး ထုံးထားကာ ဆံမြိတ်ကလေး ချထားရုံမက ပန်းအနီကလေးတစ်ပွင့်ကို ပန်ထားလိုက်သေးသည်။ ခါးတောင်အင်္ကျီအဖြူကလေးမှာလည်း ရွှေနားကလေးများပင် ကွပ်ထားလိုက်သေး၏။ လည်တိုင်မှာ ဆွဲထားသော ပုလဲပုတီးကုံးကလေးမှာ ကာလများစွာကို ဖြတ်သန်းခဲ့ဟန် ဝါကျင်ကျင်ပင် ဖြစ်နေပါပြီ။ ပန်းဆီရောင်ချိတ်ထဘီ အနီရဲရဲက မင်းသမီးကလေး၏ နှုတ်ခမ်းနှင့်အပြိုင် နီစွေးနေသည်။ မျက်လုံးကလေးကတော့ ဆေးဆွဲထားသည့် ရှည်မျောမျောမျက်ဆံကလေးတွေက ဝိုင်းဝိုင်းမည်းမည်း ကလေးဖြစ်ပါသည်။

"တောစံပယ် … တောက စပယ် … သင်းပျံ့ထုံကြွယ် … ပျိုပျို ပန်ဆင်မယ် x x x လှတယ် … လှလှတယ် x x x မွှန်နံ့သာခြယ် … ဖုံဖုံတင်ကာရယ် x x x (အလယ်လယ်လယ် မွေးလှတယ် … အလယ်လယ်လယ် မွေးလှတယ်) x x x ချစ်မှာလားကွယ် x x x အို့ … အစ်ကိုကြိုက်မှာလားကွယ် ဦးသစ္စာ … က x x x ကကြိုးဆင်တယ် x x x ချစ်စရာ ကျွန်မက … ကကြိုသဘင်သည် ကပ့်ါမယ် … အိုး ကပ့်ါမယ် … အိုးအို့ ကပ့်ါမယ် …"

မင်းသမီးရုပ်ကလေးက ဦးသစ္စာ၏ သီချင်းအလိုက်အတိုင်း လက်ကလေးမြှောက်လိုက်၊ ခြေကလေးမြှောက်လိုက်ဖြင့်ကနေပါသည်။ ကျွန်မမှာ သစ်သားရုပ်ကလေးက ကတာကို နီးနီးကပ်ကပ် တစ်ခါမှ မမြင်ဖူး၍

မျက်တောင်ပင်မခတ်မိပါ။ မင်းသမီးရုပ်ကလေး ကကြိုးဆုံးသွားတော့ မင်းသားရုပ်ကလေးတစ်ရုပ်ကို ကောက်ကိုင်ကာ ကပြပါသည်။ သို့သော် ကျွန်မစိတ်ထဲတွင် မင်းသမီးရုပ်ကလေးလောက် မစွဲလမ်းတော့ပါ။

နောက်တော့ ကျွန်မတို့ကလေးတွေပင် မကတော့ဘဲ ရွာထဲမှ လူကြီးများ ဝိုင်းအုံလာကြသည်။ ခဏအတွင်းမှာပင် ညောင်ပင်ကြီးအောက်တွင် လူအုပ်ကြီး ဖြစ်သွားပါပြီ။ ကျွန်မကတော့ ရုပ်သေးသေတ္တာ ဇာတ်ခုံကလေး၏ ရှေ့ဆုံးနေရာမှာ မလှုပ်မယှက် ထိုင်ငေးနေခဲ့သည်။ မင်းသားရုပ်ကလေး ကပြီးတော့ ဦးသစ္စာက အရုပ်ကလေးတွေကို သေတ္တာထဲ ပြန်ထည့်လိုက်ပြီး ပြောင်းဖူးဖက်လိပ်ကြီးကို မီးညှိကာ သောက်နေလိုက်ပါသည်။ နောက်မှရောက်လာသော ရွာသားများက အရုပ်ကလေးတွေနဲ့ ထပ်မံကပြဖို့ ဦးသစ္စာကို မြေပဲတွေ၊ နှမ်းတွေ လက်ဆောင်ပေးကြ၏။ ဦးသစ္စာက အိတ်ကြီးတစ်လုံးထဲတွင် ပေးသမျှ သီးနှံတွေ စုထည့်ကာ အရုပ်များကို တစ်ရုပ်ပြီးတစ်ရုပ် ကောက်ကိုင်ရင်း ထပ်မံ ကပြပါသည်။

ထိုနေ့က ဦးသစ္စာ ပြန်သွားသော်လည်း ကျွန်မရင်ထဲတွင် မင်းသမီးရုပ်ကလေး ကပ်ငြိပါလာသည်။ ပန်းအနီ၊ ထဘီအနီနှင့် နှုတ်ခမ်းကလေးနီနေသော မင်းသမီးရုပ်ကလေးကို ထိုအချိန်မှစ၍ ကျွန်မ စွဲလမ်းမိခဲ့ရပါသည်။

"နောက်အပတ် ဥပုသ်ကျရင် ဘဘလာခဲ့ဦးမယ်။ ကလေးတို့ ရုပ်သေးကြည့်ကြမယ်မဟုတ်လား"

ဟု ဆိုကာ အရုပ်သေတ္တာနှင့် သီးနှံထုပ်ကိုထမ်းကာ ပြန်ပြန်သွားတတ်သော ဦးသစ္စာကို ကျွန်မ မျှော်တတ်နေခဲ့ပြီ။ တစ်ကြိမ်တစ်ခါမျှ မြေပဲမဆွတ်ဖူးသော ကျွန်မက တောင်းကလေးနှင့် မြေပဲကောက်သင်း ကောက်တတ်နေခဲ့ပြီ။ ကျွန်မအတွက်တော့ ဦးသစ္စာကိုပေးဖို့မြေပဲကောက်နေမိသည်မထင်ပါ။ ကျွန်မချစ်သော မင်းသမီးကလေးအတွက် မြေပဲကောက်နေမိခြင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

(၃)

"တောစံပယ် ... တောက စံပယ် ..."

မြေပဲတောင်းကလေး ဘေးချကာ မင်းသမီးရုပ်ကလေး ကတာကို ကျွန်မ ကြည့်နေခဲ့သည်မှာ အချိန်အတော်ကြာပြီ။ ထမင်းမစား၊ ဟင်းမစား၊ အဖော်များနှင့်လည်း ခါတိုင်းလို ဆော့ကစားဖို့သတိမရတော့ပါ။ အရုပ်ကလေးကိုလည်း အရုပ်လို့မထင်မိတော့။ တကယ်ပင် နှုတ်ခမ်းကလေး လှုပ်ကာ သီချင်းဆိုနေသည် ထင်မိတော့၏။ ဦးသစ္စာ မင်းသမီးရုပ်ကလေးကို ကြိုးဆွဲတိုင်း သီဆိုသည့် 'တောစံပယ်' သီချင်းကို ယနေ့အထိ ကျွန်မ အလွတ်ရနေခြင်းကလည်း ထိုစဉ်ကတည်းက စွဲလမ်းမှုပင် ဖြစ်ပါလိမ့်မည်။

"ဟဲ့ ရွှေဘုတ် ... တကတည်းဗျာ။ ငါ့မြေးပွဲကြိုက်မရဲ့... အိမ်ပြန်ပြီး ထမင်းကလေးဘာကလေး စားဦးမှပေါ့ကွယ်"

အဘက ညောင်ပင်ကြီးအောက် ရောက်လာရင်း ကျွန်မကို ခေါ်ပါသည်။ ရုပ်သေးကလည်း ကလို့ပြီးသွားပါပြီ။ ကျွန်မက နေရာမထ ထိုင်နေမိခြင်းသာ ဖြစ်၏။

"ဘ ... သမီးကို ဒီမင်းသမီးရုပ်ကလေး ဝယ်ပေးနော်"

အဘက ရယ်သည်။ သည့်နောက်တော့ ဦးသစ္စာနှင့် အဘတို့ စကားပြောဖြစ်ကြရင်း ခင်မင်သွားကြ၏။ အဘက ဦးသစ္စာကို အိမ်အလည်လိုက်ခဲ့ဖို့ဖိတ်သည်။ ဤသို့ ဖြင့် ဦးသစ္စာ ရွာသို့လာတိုင်း ကျွန်မတို့အိမ်သို့ ရောက်လာတတ်ပါသည်။ ထိုအခါများတွင် အရုပ်သေတ္တာနောက်က လိုက်လာကြသော ကလေးများမှာ ကျွန်မတို့အိမ်ဝိုင်းနှင့် အပြည့်ဖြစ်ပါသည်။

"ဟဲ့ သွားကြ။ တစ်နေကုန်ကြည့်လို့မဝသေးဘူးလား"

အဘက အော်ငေါက်လွှတ်တော့မှ ကလေးအားလုံး ညောင်ပင်ကြီးဆီ ပြန်ပြေးသွားတတ်ကြသည်။ ကျွန်မကတော့ အဘအနားမှာကပ်၍ ထိုင်ရင်း သေတ္တာထဲမှ မင်းသမီးရုပ်ကလေးကို သနားနေမိသည်။ နေလုံးကြီးဝင်သွား

လျှင် ဦးသစ္စာ ပြန်သွားတတ်ပါသည်။ ဦးသစ္စာက ဆီမီးခုံရွာဘက်မှာ တည်းပြီး ရွာစဉ်လှည့်ကာ ရုပ်သေးကပြခြင်း ဖြစ်သည်။ အထုပ်ကြီး ထမ်းကာ သေတ္တာကို ရွက်၍ပြန်သွားသော ဦးသစ္စာသည် တစ်ရက်သော ဥပုသ်နေ့တွင် ကျွန်မတို့ရွာသို့မလာခဲ့ပါ။ ကျွန်မသည် ရွာအဝင် ကုက္ကိုပင် တန်းအောက်မှာ ဦးသစ္စာကို ငုတ်တုတ်ထိုင်ကာ စောင့်နေခဲ့မိသည်။

"ဘ … ဦးသစ္စာကြီးလည်း မလာဘူး"

"သူလည်း တခြားရွာတွေ သွားက,နေလို့ ဖြစ်မှာပေါ့ မြေးရဲ့"

ကျွန်မရင်ထဲ လွမ်းစိတ်ကလေးတွေ ဝင်လာခဲ့ရပါသည်။ ဦးသစ္စာကို မဟုတ်၊ ဦးသစ္စာနှင့်ပါလာမည့် မင်းသမီးရုပ်ကလေးကိုလွမ်းခြင်း ဖြစ်သည်။

"ဘ … သမီးကိုလေ ဦးသစ္စာဆီက မင်းသမီးရုပ်ကလေး ဝယ်ပေး ပါလား"

"ဟား … ဟား … ဟား ငါမြေးက အရုပ်ကလေးကို လိုချင်နေတာ ကိုးကွ။ အေး အေး သည်တစ်ခါ ကိုသစ္စာလာရင် ဘဝယ်ပေးမယ်"

ထိုစဉ်က အဘသည် ကျွန်မကို ပေ့ါပေ့ါတန်တန် ပြောခဲ့ခြင်းဖြစ်ပါ သည်။ ဦးသစ္စာလာသောအခါ ဘကို ကျွန်မက ဖွတ်အတင်းပူဆာသည်။ ဦးသစ္စာက –

"သမီးလိုချင်ရင် ဘဘက အလကားပေးမှာပေ့ါ။ ဒါပေမဲ့ ဘဘမှာက သည်အရုပ်ကလေးတွေနဲ့လုပ်စားနေရတာ ငါ့မြေးရဲ့။ အရုပ်သစ်တစ်ရုပ် ဘဘလုပ်ပေးမယ်နော်"

ပူဆာတတ်သည့်ကလေးတိုင်းကို ဦးသစ္စာက ဤသို့ပင် ချော့မော့နှစ် သိမ့်လိမ့်မည် ထင်ပါသည်။

"ဟင့်အင်း … အသစ်မလိုချင်ဘူး။ ဒီအရုပ်ကလေးပဲ …"

ကျွန်မပြောသောအခါ အဘနှင့် ဦးသစ္စာတို့က ရယ်ကြသည်။ နောက်တော့ ဦးသစ္စာက မင်းသမီးရုပ်အသစ် ထပ်လုပ်ပြီးရင် သည်အရုပ် ကျွန်မကိုပေးမည်ဟု ကတိပေးသွားပါသည်။ သို့သော် ကျောင်းများဖွင့်၍ မန္တလေးသို့ကျွန်မပြန်သည်အထိ ဦးသစ္စာ ပေါ်မလာတော့ပါ။

"ဘ … ဦးသစ္စာကြီးဆီက မင်းသမီးရုပ်ကလေးကို ဝယ်ပြီး သမီးဆီ လာပေးလှည့်နော်"

သဘော်ထွက်ခါနီး အဘကို ကျွန်မ မှာခဲ့မိသေးသည်။ အဘက လည်း လာပို့မည်ဟု ကတိပေးပါသည်။

(၄)

ကျွန်မမှာ ကျောင်းတွင် စာသင်နေရသော်လည်း စိတ်က မဖြောင့်ပါ။ အဘ ဘယ်နေ့ပေါက်ချလာလေမည်လဲဟု မျှော်နေမိပါသည်။ ကျွန်မမျှော် သောနေ့ကို ရောက်လာခဲ့ပါသည်။ အဘသည် ငှက်ပျောခိုင်ကြီးတစ်ဘက်၊ တောင်းကြီးတစ်ဘက် ထမ်းကာ လမ်းမပေါ်ကတည်းက ကျွန်မတို့ကို တကြော်ကြော်အော်ခေါ်လာသည်။

"ဟေ့ … စောကြီးတို့… နိုင်ကြီးတို့… ရွှေဘုတ်တို့ရေ … ဘ လာ တယ်ဟေ့"

ကျွန်မတို့အားလုံးအဘကို ပြေးကြိုကြသည်။ အိမ်ထဲရောက်တော့ အဘက တောင်းကြီးထဲပါလာသော မုန့်များကို ထုတ်ကျွေးပါသည်။ အဘ၏တောင်းထဲမှ ကျွန်မသိပ်ကြိုက်သော သဘော်ဩဇာသီးမှည့်ကြီးတွေ၊ မာလာကာသီးတွေ၊ ရှောက်ချိုသီးတွေကို ကျွန်မ စိတ်မဝင်စားပါ။ ထို့အတူ အမေကြီးလုပ်ပေးလိုက်သော မုန့်ဆီကြော်နှင့် မုန့်ဖက်ထုပ်များကိုလည်း ယူမစားမိ၊ အဘ၏လွယ်အိတ်ထဲကိုသာ သဲကြီးမဲကြီး ရှာဖွေနေမိပါသည်။ သို့သော် ကျွန်မမျှော်နေသော မင်းသမီးရုပ်ကလေးကား ပါမလာခဲ့ပါ။

အဘက ဖေဖေ မေမေတို့ နှင့် စကားပြောကောင်းနေတုန်း ကျွန်မ တစ်ယောက်တည်း အိမ်နောက်ဖေးထောင့်က ဇောရာဇ်ပင်ကြီးအောက် သွားရှုံငိုပါသည်။ မေမေက –

"ဟော အဖေ့မြေးမ ငိုနေပြီ၊ အရုပ်မပါလာလို့တဲ့။ ရွာကပြန်ရောက် လာကတည်းက အဖေရေ အဆော့တောင် သိပ်မမက်တော့ဘူး။ သူ့အရုပ် ကလေးကို မျှော်နေရတာလေ"

အဘသည် အတော် စိတ်မကောင်းဖြစ်သွားပုံရသည်။ ကျွန်မကို လာ၍ချော့ရှာပါသည်။ အဘ ဘယ်လိုချော့ချော့ ကျွန်မက အငိုမတိတ်ပါ။

"ဘလည်း အလကားပဲ။ ဦးသစ္စာကြီးလည်း အလကားပဲ"

ကျွန်မက အဘကို ထုထုပြီး ပြောတော့ အဘမျက်နှာကြီးတစ်ခုလုံး နီရဲသွားသည်။ ဆတ်ခနဲ ကိုယ်ကိုမတ်ကာ –

"ကဲ – ငါ့မြေး၊ သေသေချာချာနားထောင်။ ဘ … သည်တစ်ခါ လာရင် အရုပ်ကလေး မရရအောင် ယူခဲ့မယ်။ ဘ ကတိပေးပါတယ်။ အရုပ်ကလေးမရရင် မန္တလေးကို ဘ ဘယ်တော့မှမလာဘူး ဟုတ်ပြီလား။ ကဲ ကဲ လာ အမေကြီးလုပ်ပေးလိုက်တဲ့မုန့်တွေ စားရအောင်"

ထိုသို့ ကတိပေးပြီး အဘ ရွာသို့ ပြန်သွားပါသည်။ သို့သော် နှစ်ကုန်သည်အထိ အဘပေါ်မလာခဲ့ပါ။ ခါတိုင်း နွေရာသီကျောင်းပိတ် ရက်ရောက်လျှင် ကျွန်မတို့မြေးတွေကို အဘကိုယ်တိုင် လာခေါ်တတ်ပါ သည်။ သည်တစ်ခေါက်တော့ အဘကိုယ်စား ကျွန်မတို့ဘကြီး ဘိုးတိုင်းခင် ရောက်လာပါသည်။

"ဦးလေးကလည်း သိပ်နေမကောင်းဘူး။ အင်း – ပြောရရင်တော့"

ဘကြီးတိုင်းခင်က မေမေ့ကို ပြောသောစကားများကို ကျွန်မ နား ထောင်နေခဲ့သည်။ အဘသည် ရွာပြန်ရောက်ရောက်ချင်းပင် သူ့ပိုင်မြင်းကြီး ကိုစီး၍ ဆီမီးခုံရွာသို့ထွက်သွားခဲ့သည်။ ညနေ မိုးစုတ်စုတ်ချုပ်မှ ပြန်လာ သည်။ နောက်တစ်နေ့လည်း ထိုသို့ပင် မြင်းကြီးစီးကာ ထွက်သွားပြန် သည်။ မိုးချုပ်မှ ပြန်လာသည်။ နေ့စဉ်ရက်ဆက် အဘ ဘာတွေလုပ်နေရ သည်ကို အမေကြီးကမေးတာလည်း အဘက မပြောခဲ့ပါ။ သူတစ်ယောက် တည်း ကြိတ်ကာ ဦးသစ္စာကို ရှာနေခဲ့ခြင်းဖြစ်သည်။ ဆီမီးခုံ၊ စာကြူး၊ ကြည်ရွာ၊ ကန်တော်၊ ဂင့်ဂဲ၊ ရန္တပို၊ သိမ်တိုင်၊ ကျားကိုင်း၊ ဆင်းဂွတ်ရွာ များသာမက တစ်ဘက်ကမ်းသို့လှေဖြင့်ကူး၍ နဂါးပေါက်၊ ချောင်းဆင်း၊ ကြောင်ဖြူ ရေပုလဲရွာများအထိပင် ဦးသစ္စာကို မနားတမ်း ရှာဖွေခဲ့သည်။ နောက်ဆုံးတွင် အဘက ဦးသစ္စာ၏သတင်းပေးနိုင်သူကို ခြိပေါက်နွား

 www.burmeseclassic.com 

ကလေးတစ်ကောင် ပေးမည်ဟုပင် သတင်းလွှင့်လိုက်သည်။ ဦးသစ္စာကား ရှာမတွေ့ခဲ့။ ခြေသလုံးအိမ်တိုင်ဘဝနှင့် ဦးသစ္စာတစ်ယောက် ပျောက်ချက် သားကောင်းနေခဲ့သည်။ နောက်တော့ အဘလည်း စိတ်ပန်းလူပန်းနှင့် အိပ်ရာထဲ ဘုံးဘုံးလဲခဲ့ခြင်းဖြစ်သည်။

"ကြားလာ မိဘုတ် ဟင်၊ ညည်းကြောင့် အဖေဖျားရတာ။ ကလေး ပဲတော်၊ တော်သလိုအရုပ်နဲ့ဆော့မယ်မဟုတ်ဘူး။ ရုပ်သေးရုပ်နဲ့ဆော့ချင် ရတယ်လို့၊ ရုပ်သေးရုပ်ဆိုတာ ကစားစရာ အရုပ်မဟုတ်ဘူးဟဲ့။ ကြိုးဆွဲ တဲ့အရုပ်။ ကြိုးဆွဲတတ်သူက အရုပ်ကလေးကို ကြိုးဆွဲမှ မင်းသမီး ကလေးက ကပြတာ။ ကြိုးမဆွဲတတ်တဲ့သူလက်ထဲ ရောက်လို့တော့ သစ်သားရုပ်က သစ်သားရုပ်ပဲအေ့"

မေမေက ကျွန်မကိုပါ ဆူပါတော့သည်။ အဘနေမကောင်းဘူးဟု သိရသောအခါ ကျွန်မမှာ အတော်ပင် စိတ်ပူသွားမိပါသည်။ ကျွန်မတို့ မြေးတွေအပေါ် ချစ်ရှာလွန်းသောအဘများ တစ်စုံတစ်ရာဖြစ်သွားခဲ့ပါလျှင် ကျွန်မတစ်သက် ဖြေနိုင်တော့မည် မဟုတ်ပါ။

"ဘကြီးတိုင်း … သမီး ရွာပြန်ချင်လှပြီ၊ ဘနဲ့တွေ့ချင်လှပြီ"

ကျွန်မ၏ပါးပြင်ပေါ်တွင် မျက်ရည်ပေါက်များ လိမ့်ဆင်းကျလာ ခဲ့ပါသည်။

(၅)

ကျွန်မတို့ရွာကိုပြန်တော့ မေမေက ဘိုမရုပ်ကလေးတစ်ရုပ် ဝယ်ပေး လိုက်ပါသည်။ ရွာကိုရောက်တော့ အဘက မျက်နှာမကောင်းစွာဖြင့် အိမ်ဝမှ ဆီးကြိုပါသည်။ ကျွန်မလည်း မေမေ ဇာတ်တိုက်ပေးလိုက်သည့် အတိုင်း အဘကို ဘိုမရုပ်ကလေး ပြပါသည်။

"ဘ … ဒီမှာကြည့်။ သမီးရဲ့အရုပ်ကလေး သိပ်လှတာပဲနော်။ ဆံပင် ကလေးကလည်း ရွှေရောင်၊ ဂါဝန်ကလေးကလည်း ကားကားလေးနော် ဘ။ ဒီမှာ … ဒီမှာ ဒေါက်ဖိနပ်ကလေးလည်း ပါသေးတယ်။ ဘ ကြည့် လေ"

ကျွန်မလက်ထဲက အရုပ်ကလေးကို ထိုးပေးတော့ အဘက ကျွန်မကို ချီပွေ့ရင်း –

"မြေး … ရုပ်သေးရုပ်ကလေး ဘရှာလို့မှရသေးဘူး" တဲ့။

ကျွန်မက ဘိုမရုပ်ကလေးကိုပဲ ပွေ့ထားရင်း –

"ဟင့်အင်း …ဟင့်အင်း… အဲသည်ရုပ်သေးရုပ်ကို သမီးမလိုချင်တော့ဘူး။ ဒီအရုပ်ကလေးကမှ တကယ်လှတာ …။ ဒီမှာကြည့် ဘ … သူက မျက်စိကလေးလည်း ဖွင့်တတ် ပိတ်တတ်တယ်။ ဟော … ဟော တွေ့လား ဘ"

ကျွန်မက ပျော်ရွှင်ဟန်ဆောင်လိုက်တော့ အဘက ပြုံးသည်။ ထိုစဉ်က အဘ၏အပြုံးကို ကျွန်မ မခွဲခြားတတ်ခဲ့ပါ။ ကျွန်မစိတ်ထဲတွင် အဘက ကျွန်မကို ကလေးပီပီ စိတ်ပြောင်းလွယ်တယ်၊ ရုပ်သေးရုပ်ကလေးကို ကျွန်မ တကယ်ပဲ မမက်မောတော့တာများလားဟု ထင်နေရှာဟန်တူပါသည်။ နောက်ရက်များတွင် မြေးတွေတရုန်းရုန်းနှင့် အဘပြန်နေကောင်းလာခဲ့သည် မဟုတ်ပါလား။

သို့သော် ထိုကဲ့သို့ထင်ခဲ့မိသော ကျွန်မ၏ အတွေးများ မှားယွင်းကြောင်း နောင်အခါကျမှ ကျွန်မသိရပါတော့သည်။ ကျွန်မတို့မန္တလေးပြန်သွားပြီးနောက် အဘသည် ဦးသစ္စာ၏ သတင်းကို ဆက်လက်စုံစမ်းရှာဖွေခဲ့သေးသည်။ ဦးသစ္စာမှာ မြင်းခြံမှ မန္တလေးသို့အသွား ကားမှောက်၍ သေဆုံးသွားကြောင်း အခိုင်အမာ သိရတော့မှ အဘ လက်လျှော့ခဲ့လေသည်။ ကျွန်မ လိုချင်တပ်မက်ခဲ့သော မင်းသမီးရုပ်ကလေးကို ယနေ့အချိန်ထိ ကျွန်မ လုံးဝမမြင်မတွေ့ရတော့ပါ။ အဘလည်း မန္တလေးသို့ မလာတော့ပါ။ ထိုနှစ်ထဲတွင် အမေကြီးလည်း ရွာတွင် ဆုံးသွားပါသည်။ ထိုအခါမှ အဘသည် ကျွန်မတို့ရှိရာ မန္တလေးသို့ လိုက်လာကာ ကျွန်မတို့နှင့် တစ်သက်လုံး ခေါင်းချနေထိုင်သွားတော့၏။

အဘဆုံးသောအခါ အဘအိပ်ရာဘေးတွင် အမြဲထားတတ်သော သစ်စေးသုတ်တောင်းကလေးကို ကျွန်မတို့ဖွင့်ကြည့်ကြပါသည်။ အဘ၏

တောင်းကလေးထဲမှာ အဘ၏အဝတ်အစားများ၊ အသုံးအဆောင်တချို့နှင့် အဘဖတ်သော စာအုပ်ဟောင်းများ၊ အမေကြီး အမြဲပခုံးတင်သော တဘက်ကလေးတစ်ထည်နှင့်အတူ ပုလဲပုတီးကလေးတစ်ကုံး ထွက်ကျလာပါသည်။ ထိုပုတီးကုံးကလေးကို မြင်လိုက်လျှင်ပင် ကျွန်မမှာ များစွာ ယူကြုံးမရ ဖြစ်ရတော့၏။ ပုလဲပုတီးကလေးမှာ ကျွန်မငယ်ငယ်က လိုချင်တပ်မက်ခဲ့ရသော ရုပ်သေးမင်းသမီးကလေး၏ ပုတီးကုံးကလေးဖြစ်ကြောင်း ကျွန်မ သိလိုက်ပါသည်။

သည်ပုတီးလေးကို အဘ ဘယ်ကရလေသလဲ။ ဘာလို့သိမ်းထားရတာလဲ။ ဘာဖြစ်လို့ကျွန်မကို မပေးတာလဲ။ ကျွန်မအဖြေရှာမရခဲ့ပါ။

ဘကြီးတိုင်းက ပြောတော့ –

“အဲသည်ပုတီးကုံးကလေးကို ဆီမီးခုံရွာက ဘိုးလူနီဆီက ရတာလေ။ ဦးသစ္စာ ဆီမီးခုံလာတိုင်း ဘိုးလူနီအိမ်မှာ တည်းတယ်။ ပုလဲပုတီးကလေး ကြိုးပြတ်သွားလို့ သူ့ဆီထားခဲ့တာတဲ့။ သည်သတင်းကို ဦးလေးကံက လည်း ကြားရော ချက်ချင်း ဘိုးလူနီဆီပြေးသွားပြီး မြေပဲတစ်တောင်းနဲ့ လဲယူခဲ့တာပဲ။ သည်ကျတော့မှ ဦးလေးကံကိုယ်တိုင် ပြန်သီထားတာလေ။ ငါဖြင့် ဦးလေးကံက ဘာလို့သည်ပုတီးကို တခုပ်တရ သီကုံးရတာလဲ လို့စဉ်းစားမိခဲ့သေးတယ်”

ကျွန်မအဖို့မှာတော့ အဘ၏ နှလုံးသားဖြင့် သီကုံးပေးသွားသော မေတ္တာပုလဲကုံးကလေးသာ ဖြစ်ပါသည်။

(၆)

ကြာတော့ ကြာခဲ့ပါပြီ ...။

ယခုဆိုလျှင် ကျွန်မအသက်ပင် သုံးဆယ်ကျော်ခဲ့ပြီ။ နှစ်ပေါင်း နှစ်ဆယ်ကျော် ကွာဝေးခဲ့ပြီးဖြစ်သော ကလေးဘဝက အမှတ်မထင် ဆုံတွေ့ခဲ့ရသည့် မင်းသမီးရုပ်ကလေးကို ကျွန်မ မမေ့နိုင် ဖြစ်ရသည်မှာ ကျွန်မချစ်သော အဘကြောင့်ပဲ ဖြစ်သည်။ အဘပြောသွားခဲ့ဖူးသော စကားတစ်ခွန်းကိုလည်း ကျွန်မ အမြဲသတိရနေမိသည်။

"အရုပ်က တန်ဖိုးမရှိပါဘူးကွာ။ ဒါပေမဲ့ ငါ့မြေးက ငါ့ကို လူညာကြီးလို့ထင်သွားတာကို ငါရှက်တာ"

နောင်တွင် ရုပ်သေးပွဲ တော်တော်များများကို ကျွန်မကြည့်ခဲ့ဖူးပါသည်။ မြင်းခြံ ဆယ့်နှစ်မုခ်ဘုရားပွဲ၊ မန္တလေး မှာမုနိဘုရားပွဲ၊ အမေလူထုဒေါ်အမာ၏ မွေးနေ့ပွဲ စသည်တို့တွင် ရုပ်သေးပွဲများကို ကျွန်မကြည့်ဖြစ်ခဲ့သည်။ ကျွန်မငယ်ငယ်က ကြည့်ခဲ့ရသော ဦးသစ္စာ၏ ရုပ်သေးထက် အဆပေါင်းများစွာ သာပါသည်။ သို့သော် ကျွန်မရင်ထဲမှာတော့ သေတ္တာဇာတ်ခုံလေးပေါ်က ရုပ်သေးပွဲကလေးကို မေ့ဖျောက်၍ မရနိုင်ခဲ့ပါ။


စင်စစ် ပန်းနီနီ၊ ထဘီအနီနှင့် နှုတ်ခမ်းကလေးနီနေသော အရုပ်ကလေး၏မျက်နှာကို ကျွန်မ သဲကွဲစွာ မမှတ်မိတော့ပါ။ သို့သော် ကျွန်မ မှာ ယနေ့အထိ အရုပ်ကလေးကို စွဲလမ်းနေမိဆဲ ဖြစ်ပါသည်။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် တစ်နေနေရာမှ မကွယ်ထောင့်သာ ပေါ်လာနိုးဖြင့် တိတ်တခိုးရှိနေရဆဲ ဖြစ်ပါသည်။

ကျွန်မ၏ ယွန်းသေတ္တာဘူးကလေးထဲမှာတော့ အဘထံမှရသော ရုပ်သေးမင်းသမီးကလေး၏ ပုလဲပုတီးကုံးကလေး ရှိနေဆဲ ဖြစ်ပါသည်။ တစ်ခါတစ်ရံ ဝါကျင် နွမ်းဖျော့နေပြီဖြစ်သော ပုလဲလုံးကလေးများကို လက်ဖြင့် ပွတ်သပ်ရင်း ကျွန်မသည် ကလေးဘဝ ညောင်ပင်ကြီးအောက်က ရုပ်သေးဇာတ်ခုံကလေးဆီသို့တစ်ဖန် ပြန်သွားလိုစိတ်များ ဖြစ်မိပါသည်။ သို့သော် ထိုဇာတ်ခုံကလေးကို ဘယ်သောအခါမျှ ကျွန်မ မဆုံတွေ့နိုင်တော့ပါ။

ငယ်ဘဝတွေကို ကျွန်မတို့ပြန်လည်ရနိုင်ဖို့ မဖြစ်နိုင်တော့တာ သေချာနေပြီမဟုတ်လား။

**ကလျာမဂ္ဂဇင်း၊ ၁၉၉၉ ခုနှစ်၊ မတ်လ**

www.burmeseclassic.com



ခင်ခင်ထူး

သရက်ပင်ကလေး

# သရက်ပင်ကလေး

(၁)

ကျွန်တော့်မှာ ဟောဒီသရက်ပင်ကလေးကြောင့် စိတ်ထဲ ကသိက အောက် ဖြစ်နေရတယ်။ သရက်ပင်ကလေးမှာ သရက်ကင်းကလေးတွေက တွဲခိုလို့ နေပြီ။ သူ့ကို ကျွန်တော် ဘယ်လိုထားခဲ့ရက်မှာလဲ။

ဒီသရက်ပင်ကလေးကို ကျွန်တော်ကိုယ်တိုင် စိုက်ခဲ့တာပါ။ ကျွန်တော် မူလတန်းကျောင်းသားဘဝတုန်းက ဆရာမက သစ်ပင်စိုက်ပျိုးရေးနဲ့ ပတ်သက်ပြီးတော့ ပြောဖူးတယ်။

“မင်းတို့ အိမ်တွေမှာ သစ်ပင်ရှိကြရဲ့လား။ သစ်ပင်မရှိတဲ့အိမ်ဟာ သာယာစိုပြည်မှု မရှိဘူးကွ။ သွေ့ခြောက်ခြောက်နဲ့ ကျက်သရေလည်း မရှိဘူး။ သစ်တစ်ပင်မှ မစိုက်နိုင်တဲ့အိမ်တွေဟာ အင်မတန်မှ အကျည်းတန် လှတယ်။ တစ်သက်လုံးပျော်ချင်ရင် သစ်ပင်စိုက်တဲ့။ မှတ်ထားကြနော် ...”

အဲဒီကတည်းက အိမ်မှာ သစ်တစ်ပင်ကောင်းကောင်းတော့ စိုက်ရ မယ်လို့ ကျွန်တော့်ရင်ထဲမှာ ဆုံးဖြတ်ချက်ချထားတယ်။ ဘာပင်စိုက်ရမလဲ။ ဘယ်လိုအပင် စိုက်ရမလဲ။ ကျွန်တော် အမြဲတွေးတောနေမိတယ်။ အပွင့် နဲ့တင် ပြီးစီးသွားရတဲ့အပင်မျိုးကို ကျွန်တော် မစိုက်ချင်ဘူး။ အပွင့်ကနေ အသီးသီးပြီးတော့ စားလို့လည်းရရမယ်လို့ ကျွန်တော် မျှော်လင့်ချင်တယ်။

တစ်နေ့ တော့ ကျွန်တော် ကျောင်းသွား ကျောင်းပြန်တဲ့ လမ်းနံဘေးမှာ သရက်ပင်ကလေးတစ်ပင်ကို သွားတွေ့တယ်။

ဟုတ်ပြီ။

သရက်ပင်ဆိုတော့ အသီးသီးလာမှာပေ့ါ။ သရက်သီးကို စားလို့ ရမှာပေ့ါ။ ဘာသရက်မျိုးလဲ။ ဘယ်လိုအရသာရှိမလဲ။ ကျွန်တော်မသိပါဘူး။ ဒါပေမဲ့ အသီးတော့ သီးလာရမှာပဲလေ။

ဒါနဲ့ပဲ ကျွန်တော်ဟာ သရက်ပင်ကလေးကို တူးဆွယူခဲ့တယ်။ ကျွန်တော်တို့ ခြံဝင်းရဲ့ စနေထောင့်မှာ စိုက်လိုက်တယ်။ သရက်ပင်ကလေးကို စိုက်ပျိုးပြီးတဲ့နေ့ ကစပြီး ကျွန်တော့်မှာ စိတ်ကူးတွေ ယဉ်ရတော့တာပါပဲ။ ကျွန်တော့်စိတ်ကူးထဲမှာ သရက်ပင်ကလေးကို ပွင့်ကြည့်လိုက်၊ သီးကြည့်လိုက်၊ မှည့်ဝင်းကြည့်လိုက်၊ ပြီးတော့ စားတောင်ကြည့်လိုက်သေးရဲ့။ စိတ်ကူးထဲမှာတော့ သရက်သီးတွေက သိပ်ချိုတာပေ့ါဗျာ။ ကျွန်တော်တို့ ဘဝတွေကို စိတ်ကူးယဉ်ကြည့်သလိုမျိုးပေ့ါ။

မူလတန်းကျောင်းသားဘဝကနေ တက္ကသိုလ်က ဘွဲ့တစ်ခုခုရ။ အဲဒီကနေ ကိုယ်က လေအေးစက်နဲ့တယ်လီဖုန်းနဲ့ကုလားထိုင်တစ်ခုပေါ်မှာ အင်မတန် ဝင်ငွေကောင်းတဲ့ အရာရှိကြီး ဖြစ်ချင်ဖြစ်မယ်။ ဒါမှမဟုတ် တိုက်နဲ့ ကားနဲ့ ကုမ္ပဏီတစ်ခုခုကို ပိုင်ဆိုင်တဲ့ သူဌေးတစ်ယောက် ဖြစ်ချင်ဖြစ်မယ်။ အိုဗျာ စိတ်ကူးထဲမှာ ကိုယ်က ရှင်ဘုရင်ကြီးတောင် ဖြစ်နေလိုက်သေးရဲ့။

ခက်နေတာက ဟောဒီသရက်ပင်ကိစ္စပဲ။ နေ့ စဉ်နဲ့အမျှ ကျွန်တော် ရေလောင်းရင်း အရိပ်တကြည့်ကြည့်ရှိနေပေမယ့် သူကတော့ တသန်းသန်းနဲ့ရှင်သန်ကြီးထွားပြနေရုံကလွဲလို့ ဝုန်းခနဲ ထသီးတာမျိုး မဟုတ်ဘူး။ ဆယ့်လေးငါးနှစ်လောက်နေမှ သီးတတ်တဲ့ အပင်ကြီးမျိုးလေ။ ဒီတော့ ဘယ်မှာ သူ့ကို ကျွန်တော် အမြဲတမ်းစိတ်ကူးယဉ်နေနိုင်ပါ့မလဲ။ ကျွန်တော့်မှာ ကျွန်တော့်ဘဝ ရှင်သန်ဖူးပွင့်ဖို့ အတွက် အလုပ်တွေ လုပ်ရသေးတယ်လေ။

(၂)

မူလတန်းအဆင့် အောင်မြင်လာတော့ အဖေက ကျွန်တော့်ကို ကျောင်းနုတ်လိုက်တယ်။ ပြီးတော့ သူ့ရဲ့အလုပ်ထဲကို ခေါ်သွားတယ်။ ကျွန်တော့်အဖေက လက်သမားတစ်ယောက်ပါ။ တူ၊ ပဲခွပ်၊ လွှ၊ ဆောက်တွေ ထည့်ထားတဲ့ ကျောပိုးအိတ်တစ်လုံးကို လွယ်ပြီး အဖေ့နောက်ကနေ ကျွန်တော် တစ်ကောက်ကောက် လိုက်ရတယ်။ အဖေက သူခိုင်းတဲ့အတိုင်း လုပ်နိုင်ဖို့ ကျွန်တော့်ကို ဆူပူကြိမ်းမောင်းတတ်တယ်။

တစ်ခါမှာ ကျွန်တော့်လက်ကို ရွေဘော်သွား ရှသွားလို့ သွေးတွေ ဖြာစီးကျလာတယ်။ အဖေဟာ သူ့ပုဆိုးအနားစကလေးကို တဗြိဗြိနဲ့ ဆွဲ ဆုတ်ပြီး ကျွန်တော့်လက်ကို စည်းပေးတယ်။ ရဲရဲနီနေတဲ့သွေးတွေကို ကြည့်ပြီး ကျွန်တော် ငိုပါတယ်။ အဖေက –

"ငါ့သား မင်းဟာ ယောကျ်ားမဟုတ်ဘူးလား။ ယောကျ်ားဆိုတာ သတ္တိကောင်းရတယ်ကွ။ အဖေ ငယ်ငယ်တုန်းကဆို မင်းထက်တောင် ဆိုးသေးရဲ့။ ဟောဟိုလောက်အမြင့်ကနေ ခြေချော်ပြီး ပြုတ်ကျတာ။ ဒါပေမဲ့ အဖေ မငိုခဲ့ဘူး။ အဲသလိုဖြစ်ရတာ အဖေရပ်ခဲ့တဲ့နေရာက မမှန်ကန်ခဲ့လို့ပဲ။ မင်းလည်း မှတ်ထား၊ ကိုယ်ရပ်မယ့်နေရာကို ကိုယ်ရွေးချယ်နိုင်ရမယ်"

အဲသလို အဖေက အားပေးပြီးတဲ့နောက်ပိုင်း ကျွန်တော့်ခေါင်းထဲမှာ "ကိုယ်ရပ်မယ့်နေရာကို ကိုယ်ရွေးချယ်နိုင်ရမယ်" ဆိုတဲ့ အဖေ့စကားသံက သံမှိုနှက်လိုက်သလို စွဲနစ်သွားတော့တယ်။ ရွေဘော်ထိုးတဲ့အခါ၊ သံတစ်ချောင်းကို တူနဲ့ရိုက်သွင်းတဲ့အခါ၊ အသားတစ်ချောင်းကို လွှနဲ့တိုက်ဖြတ်တဲ့အခါ ကျွန်တော်ဟာ ကျွန်တော်ရပ်ရမယ့်နေရာကို ရွေးချယ်နိုင်ခဲ့တယ်။ ဒီလိုနဲ့ပဲ ကျွန်တော်ဟာ လုပ်ငန်းခွင်မှာ အတန်အသင့် ကျွမ်းကျင်လာခဲ့တယ်။ လုပ်အားခ ငွေစကလေးတွေ ကျွန်တော် ရလာခဲ့တယ်။ တစ်ခါတစ်ရံမှာ လုပ်ငန်းငယ်ကလေးတွေကို အဖေနဲ့ဆိုင်းခွဲပြီး ကျွန်တော် လက်ခံလာနိုင်ခဲ့ပြီ။

ဒါပေမဲ့ မမျှော်လင့်ဘဲ အဖေ သေဆုံးသွားတော့ ကျွန်တော် အံ့သြသွားခဲ့ရတယ်။ အဖေဟာ ထုတ်တန်းပေါ်ကနေ အိမ်အမိုးအချင်တစ်ခုကို သံရိုက်ဖို့ ကြိုးစားရာမှ ခြေချော်ကျပြီး အဲသည်ဒဏ်ရာနဲ့ပဲ သေဆုံးသွားခဲ့ပါတယ်။ ကိုယ်ရပ်မယ့်နေရာကို အဖေဟာ အရွေးမှားပြီး ခြေချော်သွားခဲ့လေသလား။ ကျွန်တော် အံ့သြသွားခဲ့မိပါတယ်။

(၃)

ကျောပိုးအိတ်တစ်လုံးကိုလွယ်ပြီး အိမ်တွေဆောက်ခဲ့တဲ့ ကျွန်တော့်အတွက် အိမ်ကလေးကတော့ ဟောဒီသရက်ပင်ကလေးပါပဲ။ မိသားစုတွေပြွတ်သိပ်နေတဲ့ ကျွန်တော်တို့ အိမ်ပုတ်ကလေးထဲမှာ ကျွန်တော် မနေတတ်ဘူး။ အသက်ရှူမဝဘူး။ ဒီတော့ ကျွန်တော့်ကိုယ်ပိုင်အတတ်ပညာကလေးနဲ့ သရက်ပင်ကလေးအောက်မှာ ကွပ်ပျစ်ကလေးတစ်ချပ် လုပ်လိုက်တယ်။ အဲဒီကွပ်ပျစ်ကလေးပေါ်မှာပဲ ကျွန်တော်နေတယ်၊ အိပ်တယ်။

ကျွန်တော့်ရဲ့ကျောပိုးအိတ်ကလေးကို သရက်ပင်မှာ သံတစ်ချောင်းရိုက်ပြီး ချိတ်ထားတယ်။ မနက်လင်းတာနဲ့ကျောပိုးအိတ်ကလေးဖြုတ်ပြီး ကျွန်တော် အလုပ်သွားတယ်။ ညနေ မိုးစုတ်စုတ်ချုပ်မှ ပြန်တယ်။ အိမ်ပြန်ရောက်ရင် သရက်ပင်မှာ ကျောပိုးအိတ်ချိတ်လိုက်ပြီး ကွပ်ပျစ်ပေါ်မှာ လှဲပြီး အနားယူတယ်။

ကျွန်တော့်အပေါ်မှာ သရက်ပင်လေးရဲ့အကိုင်းအခက်တွေက ဖြာကျအုပ်မိုးထားတယ်။ ကျွန်တော့်မျက်စိတည့်တည့်မှာ သရက်ကိုင်းတွေ၊ သရက်ရွက်တွေ ရှိနေတယ်။ ဒါပေမဲ့ ကျွန်တော့်ရဲ့အတွေးအာရုံထဲမှာ သရက်ပင်အကြောင်း ရှိမနေဘူး။ ငယ်ငယ်က ကျွန်တော် ရေလောင်းစိုက်ပျိုးခဲ့စဉ်က စိတ်ကူးယဉ် ပုံဖော်ခဲ့ရတဲ့ အတွေးမျိုး ကျွန်တော့်မှာ ရှိမနေဘူး။ ဘယ်လိုအသီးမျိုး၊ ဘယ်လိုအရသာမျိုး ရှိလာမှာလဲလို့ ကျွန်တော် မတွေးမိတော့ဘူး။

ဘာလို့ လဲဆိုတော့ ကျွန်တော့်မှာ တွေးစရာတွေက များနေပြီလေ။ သရက်ပင် ဘယ်လိုသီးမှာလဲဆိုတာထက် အရေးကြီးတဲ့အကြောင်းတရား တွေ ကျွန်တော့်မှာ ရှိနေပြီ။

ကျွန်တော့်ဘဝနဲ့ ကျွန်တော့်ချစ်သူ။

သူတို့ ကျွန်တော့်ကို စိုးမိုးနေတယ်။ အမေနဲ့ ညီမလေးတွေအတွက် ကျွန်တော်ဟာ အိမ်ထောင်ဦးစီး။ ကျွန်တော်ဟာ အမေ့ရဲ့သားကြီး။ မိသားစု အတွက် ကျွန်တော်ဟာ တာဝန်သိသိ ရုန်းကန်ခဲ့ပါတယ်။ အိမ်တစ်လုံး မပြီးခင်ကတည်းက လုပ်ခငွေအားလုံး အသုံးယူပြီးသား။ အပိုငွေစရယ်လို့ ကျွန်တော့်လက်ထဲမှာ ရှိမနေပါဘူး။ ဒီတော့ ကျွန်တော်ဟာ တစ်နေကုန် တစ်နေခန်း အင်္ကျီဗလာနဲ့ ကျောပြင်မှာ ချွေးတရွှဲရွှဲနဲ့ ရွှေဘော်ထိုးနေ ရတဲ့ဘဝ၊ အသားချောင်းတွေကို လွှနဲ့တိုက်ဖြတ်နေရတဲ့ဘဝ၊ ခါးပုံထဲ သံတွေထည့်ပြီး တူနဲ့ တစ်ချောင်းပြီးတစ်ချောင်း ရိုက်သွင်းနေရတဲ့ဘဝ ကနေ လွတ်အောင် ကျွန်တော် ဘယ်လို လုပ်ရပါ့မယ်ဆိုတဲ့ အတွေးတွေ သာ ရှိနေခဲ့တယ်။ ညလေ တဖြူးဖြူးအောက်မှာ စဉ်းစားတွေးတောရင်း မှေးခနဲ အိပ်ပျော်ခဲ့ရတဲ့ ညတွေ ...။ ညတွေ ...။ ညတွေ ...။

အဲသလိုညတွေမှာ သရက်ပင်ကလေးကို ကျွန်တော် မေ့လျော့နေခဲ့ မိတယ်။ သူ့ရဲ့သက်တမ်း ဘယ်လောက်ရှိနေပြီလဲဆိုတာတောင် ကျွန်တော် မမှတ်မိတော့ပါဘူး။

(၄)

ကျွန်တော့်ချစ်သူဟာ ကျွန်တော်နဲ့ ထပ်တူဘဝမျိုးပါ။ မိခင်မုဆိုးမ၊ မောင်ငယ်၊ ညီမငယ်တွေကို ဈေးရောင်းကျွေးနေရတဲ့ အကြီးဆုံးသမီး ...။

ချစ်သူဆိုပေမယ့် ကျွန်တော်တို့ဟာ တရားဝင်ချစ်သူတွေ မဟုတ်ကြ ပါဘူး။ ကျွန်တော်က သူ့ကို ချစ်ပြီး၊ သူက ကျွန်တော့်ကို ချစ်တယ်ဆိုတာ ကျွန်တော်တို့ ချင်း နားလည်ထားကြတာပါ။ မျက်လုံးတွေထဲမှာ ချစ်ကြ တယ်။ အပြုံးတွေထဲမှာ ချစ်ကြတယ်။ စာနာမှုတွေထဲမှာ ချစ်ကြတယ်။

www.burmeseclassic.com

"မောင့်အပေါ်ဝယ် ဂုဏ်ရည်မတူလို့လား"

လို့ ကျွန်တော်ဆိုစရာမရှိပါဘူး။ သူနဲ့ကျွန်တော်ဟာ ဘဝတူတွေပါ။ ဘဝတူသူချင်း ချစ်ဖို့ရာ မလွယ်ကူဘူးဆိုတာကို ဘာမှ စဉ်းစားတွေးခေါ် နေဖို့ မလိုပါဘူး။ သူနဲ့ကျွန်တော့်ကို သာဓကထားပြီး ကြည့်လို့ရပါတယ်။ သူနဲ့ကျွန်တော် တစ်ရပ်ကွက်တည်းသားတွေမို့ သူ့အိမ်ကို ကျွန်တော်သွား၊ ကိုယ့်အိမ်ကို သူလာ။ လက်ဖက်ရည်တစ်ခွက်ကို နှစ်ယောက်မျှသောက်ကြရင်း ဘဝအကြောင်း၊ မိသားစုအကြောင်းတွေပြောပြီး ပြန်ကြတာပါပဲ။ ချစ်စကား မကျတကျရယ်လို့ တစ်ခွန်းမှ မပြောဖြစ်ကြပါဘူး။

ဒါပေမဲ့ ကျွန်တော့်ရဲ့ကွပ်ပျစ်ပေါ်က ညချမ်းစိတ်ကူးတွေကို သူ ပိုင်ဆိုင်ပါတယ်။ ကျွန်တော့်စိတ်ကူးထဲမှာ သူ့ကို အကြိမ်ကြိမ် ချစ်စကား ဆိုခဲ့ပြီး သူ့ပါးပြင်နဲ့ဆံနွယ်ကလေးတွေကို အကြိမ်ကြိမ် နမ်းရှိုက်ခဲ့ပါတယ်။ တမျှော်တခေါ်ကြီး စိတ်ကူးတွေယဉ်ပြီးရင်တော့ ကျွန်တော့်မှာ သက်ပြင်းကိုသာ ဟင်းခနဲ ချလိုက်ရပါတယ်။

ကဲ … အဲသလိုညမျိုးတွေမှာ သရက်ပင်ကလေးကို ကျွန်တော့်မျက်စိရှေ့မှာတင် မေ့လျော့နေခဲ့မိတာ မဆန်းဘူးလား။ အဲဒီထက်ဆန်းတာကတော့ သိပ်ချစ်ကြတဲ့ သူနဲ့ ကျွန်တော့်အချစ်ရဲ့ရှေ့မှာပဲ အချစ်တွေကို စွန့်ခွာပြေးထွက်ခဲ့ကြရတာပါပဲ။ သူ့အတွက် ငွေစုတော့မယ်လို့ ဟန်ပြင်ဆဲမှာပဲ ကျွန်တော့်ရဲ့မျှော်လင့်ချက်တွေ တစ်စစီ ကျိုးကြေသွားခဲ့ရပါတယ်။ ဟောဒီသရက်ပင်ကလေးအောက်မှာပါပဲ။ ကျွန်တော် ကြေကွဲခဲ့ရတယ်။

"ကျွန်မ လက်ထပ်တော့မယ် အစ်ကို"

အဲဒီစကားတစ်ခွန်းနဲ့တင်ပဲ ကျွန်တော် သူ့ကို လက်လွှတ် ဆုံးရှုံးသွားခဲ့ရပါတယ်။ ကျွန်တော် ဘာပြောနိုင်မှာလဲ။ သူဟာ ဘဝရဲ့အတိမ်အနက် ကို သိသူ၊ လောကကြီးကို ကောင်းစွာ သဘောပေါက်သူ၊ ရုန်းကန်လှုပ်ရှားနေရတဲ့ လူတွေရဲ့ထွက်သက် ဝင်သက်ကို ခန့်မှန်းတတ်သူပါ။ ငြိမ်သက်အေးစက်သွားတဲ့ ကျွန်တော့်ကို ကြည့်ပြီး သူငိုပါတယ်။ တသိမ့်သိမ့်

 www.burmeseclassic.com 

ရှိုက်နေတဲ့ သူ့ကိုယ်လုံးကလေးရဲ့တုန်ခါနှုန်းနဲ့အညီ ကျွန်တော့်ရဲ့ကွပ်ပျစ်ဝါးကြမ်းခင်းကလေးဟာ ခါဆတ်နေတယ်။

ကျွန်တော် ဘာဆက်လုပ်ရမလဲ။ သူ့ကိုချစ်တဲ့အကြောင်း ပြောလိုက်ရမလား။ သူငိုနေတာကို ချော့ရမလား။ ကျွန်တော့်ကို စောင့်ပါဦးလို့ ပြောရမလား။ ဒါပေမဲ့ ကျွန်တော့်ရင်ထဲက အချစ်သစ်ပင်ကလေးဟာ ပွင့်လန်းမလာခဲ့ပါဘူး။

"ကျွန်မကို နားလည်ပါ အစ်ကိုရယ်" တဲ့။

ကျွန်တော် နားလည်ပါတယ်။ ကျွန်တော်တို့ ရပ်နေတဲ့နေရာတွေဟာ အဖေ့စကားလို ကျွန်တော်တို့ ရွေးချယ်နိုင်ခဲ့ကြတာမှ မဟုတ်ဘဲ။ သူပြန်သွားတော့ ကျွန်တော် ငိုနေမိပါတယ်။ ကျွန်တော့်မျက်လုံးအိမ်ထဲက မျက်ရည်တွေကို ဖိညှစ်ချရင်း ကွပ်ပျစ်ကလေးပေါ်မှာ ခွေလှဲချလိုက်တယ်။

"အို"

ကျွန်တော် အံ့သြလိုက်တာ။ မယုံကြည်လှစွာ မျက်လုံးကို အခါခါ ပွတ်သပ်ကြည့်မိသည်။ သေချာပါတယ်၊ ကျွန်တော့်သရက်ပင်ကလေး ဖူးနေပြီဆိုတာ ...။

(၅)

အဲဒီအချိန်ကစပြီး သရက်ပင်ကလေးကို ကျွန်တော် ဂရုတစိုက် ရှိလာမိပြန်တယ်။ ကျွန်တော့်ဘဝမှာ ဆုံးရှုံးခဲ့ရတာတွေ များလှပြီ။ ဒီသရက်ပင်ကလေးကိုတော့ ကျွန်တော် မဆုံးရှုံးချင်တော့ဘူး။ သရက်ပင်ကလေးက အသီးကလေးတွေ သီးလာတော့မှာ မှုတ်လား။ ဒါကို ကျွန်တော်မေ့လျော့မနေသင့်တော့ဘူးလေ။

အလုပ်သွားတိုင်း သရက်ဖူးလေးတွေကို မော့ကြည့်ပြီး အလုပ်ပြန်လာတိုင်း သရက်ပွင့်ကလေးတွေကို ကျွန်တော် တွေ့နေရတယ်။ ဟောဒီ သရက်ပင်ကလေးနဲ့ပဲ ကျွန်တော့်ရဲ့ဆုံးရှုံးမှုဝေဒနာကို ကြိုးစားလို့ ကုခဲ့တယ်။

အခုတော့ သရက်ကင်းကလေးတွေတောင် စီရရီ ခိုတွဲလို့ နေပြီ။ သရက်ပင်ကလေးအောက်မှာ ငြိမ်သက်စွာထိုင်ရင်း ငယ်ငယ်တုန်းက စိတ်ကူးယဉ်သလိုမျိုးတွေ ကျွန်တော် စိတ်ကူးယဉ်မိပြန်ပြီလေ။ သရက်သီးကလေးတွေ ရင့်လာ ...၊ မှည့်ဝင်းလာ၊ ပြီးတော့ ချိုလိုက်တာ ...။

ဒါ ကျွန်တော့်ရဲ့စိတ်ကူးယဉ်မှု သက်သက်တွေလား။ လက်တွေ့ဘဝမှာရော စိတ်ကူးထဲကအတိုင်း သရက်သီးကလေးတွေ ရင့်လာ မှည့်လာ ချိုလာမှာလား။ တွေးတော ငေးမောရင်းနဲ့ ကျွန်တော်သာလျှင် မွန်းကြပ် ...။ မောဟိုက် ...။

"သားရယ် ဘယ်လိုအခြေအနေပဲရောက်ရောက် အမေတို့ အတွက် ကိစ္စမရှိပါဘူးလေ။ အမေက ဆီဒယ်အိုးတစ်လုံးရှိပြီး၊ သားက ကျောပိုးအိတ်တစ်လုံးလွယ်နိုင်ရင် ပြီးရောမဟုတ်လား၊ စိတ်မပျက်ပါနဲ့သားရယ်"

ကျွန်တော် စိတ်မပျက်ပါဘူး။ စိတ်မကောင်းတာပါ။ ငယ်စဉ်က ကျွန်တော် စိတ်ကူးယဉ်ခဲ့ပြီး မေ့လျော့နေခဲ့မိတဲ့ သရက်ပင်ကလေး အကောင်အထည်ပေါ်လုဆဲ ... အရသာကို သိလုဆဲမှာ ...။ 'သင်္ခါရ' ဆိုတဲ့ တရားသာ ကျွန်တော်တို့ လောကမှာ မရှိခဲ့ရင် ဟောဒီသရက်ပင်ကလေးနဲ့တင်ပဲ ကျွန်တော် ရူးသွပ်သွားနိုင်ပါတယ်။

သူ့ကို ကျွန်တော် ထားခဲ့ရတော့မယ်။ ကျွန်တော်တို့ နေရာပြောင်းရွှေ့ကြရတော့မယ်။ ကျွန်တော် မျှော်မှန်းတမ်းတ စိတ်ကူးယဉ်ခဲ့ရတဲ့ သရက်သီးကလေးတွေကို ခူးယူသွားရမလား၊ ဒီအတိုင်း ထားခဲ့မလား။ ကျွန်တော် စဉ်းစားရင်း အိပ်မောကျသွားတယ်ထင်ပါရဲ့။

အိပ်မက်တွေက ဆူဝေလို့ နေတယ်။ အိပ်မက်ထဲမှာ သစ်ပင်စိုက်ဖို့ တိုက်တွန်းခဲ့တဲ့ ဆရာမရဲ့စကားတွေလည်း ပါရဲ့။ အဖေ့ရဲ့ကိုယ်ရပ်တည်မယ့် နေရာကို ရွေးချယ်နိုင်ရမယ်ဆိုတာလည်း ပါရဲ့။ ကျွန်တော့်ချစ်သူရဲ့ မျက်ရည်တွေလည်း ပါရဲ့။ သရက်ကင်းကလေးတွေလည်း ပါရဲ့။

ကျွန်တော် ဖျတ်ခနဲ အသိဝင်လာချိန်မှာ သရက်သီးတစ်လုံးမှ မရှိတော့ဘူး။ အသီးမဲ့ညှာတံတွေဟာ ငေါင်စင်းစင်းနဲ့တွဲလောင်းကျနေတာ


www.burmeseclassic.com

ကျွန်တော် တွေ့လိုက်ရတယ်။ အံ့ဩစရာကောင်းလိုက်တာ။ မျက်စိတမှိတ်အတွင်းမှာ သရက်ကင်းကလေးတွေကို ခြွေချသွားတဲ့ လေပြင်းမုန်တိုင်းဒဏ်က ရိုင်းစိုင်းလှချည်လား။

သရက်ပင်မှာ စိုက်နေတဲ့ သံချောင်းကလေးကို ငေးစိုက်ကြည့်ရင်း ကျွန်တော် စဉ်းစားကြည့်နေမိတယ်။ ကျွန်တော်ကိုယ်တိုင် မရွေးချယ်လိုက်ရတဲ့ နေရာသစ်မှာ သစ်ပင်တစ်ပင်ကို ကျွန်တော် စိုက်ပျိုးနိုင်ပါဦးမလား။

**ချယ်ရီမဂ္ဂဇင်း၊ ၁၉၉၉ ခုနှစ်၊ ဧပြီလ**

www.burmeseclassic.com



ခင်ခင်ထူး

တိမ်သော

# တိမ်သေ

(၁)

သူ့အခြေအနေသည် အနည်းငယ် ငြိမ်သက်စပြုလာပြီ။ ပြီးခဲ့သည့် အပတ်တုန်းက သူ အတော်ကလေး တုန်လှုပ် ချောက်ချားနေခဲ့၏။ မြင်သမျှ ကြားသမျှ အရာအားလုံးသည် သူ့အတွက် ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာများသာ ဖြစ်ခဲ့သည်။ ယုတ်စွအဆုံး ရေတစ်ခွက်သောက်ရန်ပင် သူမဝံ့ရဲခဲ့။ ခွက်ကို ပါးစပ်နားတေ့လိုက်သော သူ့လက်ချောင်းများကို သူမကြည့်ရဲ၍ ဖြစ်သည်။ အသွေးအသား ကင်းမဲ့နေသလို ဖြူခြောက်ပိန်လှီလှသော သူ၏လက်ချောင်းများက သူ့ကို သေမိန့်ပေးနေသည်ဟု သူထင်ခဲ့မိသည်။

သူသည် ညတိုင်း အိပ်မပျော်ဘဲ ငိုကြွေး၍သာ နေခဲ့ရသည်။ နေ့ခင်းဘက်တော့ သူ့ကို လာ၍ မေးမြန်းကြသူများနှင့် စကားစမြည်ပြောရင်း သူ့ကိုယ်သူ မေ့ပျောက်ဖို့ကြိုးစားခဲ့မိသေး၏။ သို့သော် သူ့ကို လာမေးသူအားလုံး၏ မျက်လုံးများက သူ၏ရောဂါဝေဒနာကို ပြန်လည်၍ သတိပေးခဲ့သည်။

သူ့တွင် အေအိုင်ဒီအက်စ် ဗိုင်းရပ်စ်ပိုး ရှိနေပြီဟု မည်သူကမျှ မပြောခဲ့ပါ။ ထိုရောဂါပိုး ရှိနေခြင်းကို သူကိုယ်တိုင်ပင် သိရှိခဲ့ခြင်း

ဖြစ်ပါသည်။ ထိုနေ့က မှန်တစ်ချပ်ကို သူ အနီးကပ်ကြည့်ရှုခဲ့မိ၏။ သူ၏ မျက်နှာသည် သူမဟုတ်တော့။ မျက်တွင်းဟောက်ပက်၊ နှုတ်ခမ်းအစုံက ဖြူရော်ပြီး စူထွက်နေသည်။ သူ၏ ပါးရေ နားရေများ အရိုးမှာ ကပ်လျက်။ သူ၏ ရုပ် လက္ခဏာများက ရောဂါအမည်ကို လိမ်ညာ၍ မရတော့။

သူ ကြားခဲ့ ဖတ်ခဲ့ဖူးသော ထိုရောဂါဆိုးကြီး သူ့ထံ ရောက်လာလိမ့်မည်ဟု သူ ဘယ်မျှော်လင့်ထားခဲ့ပါ့မလဲ။ သို့သော် သူ့ကိုယ်သူ သံသယတော့ ရှိနေခဲ့သည်။ သူ ယခုလို ဖျားနာခဲ့သည်ကို ရိုးရိုးတန်းတန်း ဖျားနာခြင်းဟုသာ သူထင်မိသည်။ သူ စတင်ဖျားနာခဲ့သည်မှာ အအေးပတ်၍ ချောင်းဆိုးခြင်းက စခဲ့သည် မဟုတ်ပါလား။ ဆရာဝန်ကလည်း သူ့ကို သက်ညှာစွာပင် အဆုတ်ရောဂါဟု ပြောခဲ့သည်။ သည့်အတွက် သူ ရှာခဲ့ ဖွေခဲ့သမျှ ငွေကြေးမြောက်မြားစွာကို ပုံအော၍ ဆေးကုခဲ့ခြင်း ဖြစ်သည်။ ဆေးအလုံးပေါင်း မြောက်မြားစွာကို သူသောက်သုံးခဲ့ပြီးပြီ။ သူ့ရောဂါဝေဒနာက မသက်သာခဲ့။ အိပ်ရာထဲ ဗုန်းဗုန်းလဲနေခြင်းလည်း မဟုတ်။ တစ်ချိန်လုံး သူ့ကိုယ်သူ သံသယဖြင့် အကဲခတ်နေခဲ့သည်။ ထိုနေ့က သူ့သံသယများ အပြီးကျေပျက်သွားခဲ့လေပြီ။ အေအိုင်ဒီအက်စ် ရောဂါ သူ့တွင် ရှိနေပြီ။

မှန်ချပ်ကို နံရံဖြင့် ပစ်ပေါက်၍ ခွဲပစ်လိုက်သည်။ နောက်တစ်ကြိမ် သူ မှန်ကြည့်မိမည်စိုးသောကြောင့် ဖြစ်သည်။ ထို့နောက် အိပ်ရာထဲတွင် လူးလှိမ့်ကာ သည်းထန်စွာ သူ ငိုကြွေးလိုက်၏။ သူ့အနီးသို့အပြေးအလွှား ရောက်ရှိလာခဲ့သူမှာ သူ့အမေပင် ဖြစ်သည်။

“သား ဘာဖြစ်လို့လဲဟင်”

သူ အမေ့ကို ဘာမှပြန်မဖြေဘဲ မေးခွန်းတစ်ခုကိုသာ ဗလုံးဗထွေး သူမေးချလိုက်၏။

“အမေ ... အမေ ... ကျွန်တော့်မှာ အေအိုင်ဒီအက်စ်ရောဂါ ဖြစ်နေပြီမှုတ်လား”

“အို”

သူ့အမေသည် လှျို့ဝှက်ထားသော အရာတစ်ခု ရုတ်တရက် ပေါက်ကွဲလွင့်စဉ်သွားသလို အံ့သြထိတ်လန့်သွားလေသည်။

"မဟုတ်တာ သားကလည်း၊ သားရောဂါက အဆုတ်ရောဂါပါ"

သူ နာကျင်စွာ ပြုံးလိုက်သည်။ သူ့အမေက သူ့အတွက် ညာနေပြီ။ ဟိုတစ်ချိန်တုန်းက သူသည် ထိုရောဂါအကြောင်းကို အမေ့အား အကြိမ်ပေါင်းများစွာ ရှင်းပြခဲ့ဖူးသည်။ အရပ်ထဲတွင် လူပြောများလာသော ထိုရောဂါအကြောင်းကို အမေက သူ့သား ဘွဲ့ရ ပညာတတ်ကြီးအား မေးခဲ့ဖူးသည်လေ။ အခု သူ ဒီရောဂါ စွဲကပ်နေပြီဆိုတာ အမေနားမလည်ဘဲ ရှိပါ့မလား။ သူ ငိုကြွေးခြင်းကို ရပ်တန့်ပစ်လိုက်သည်။ အမေ့ကို သူ ဝေဒနာတွေ မပေးသင့်။ သူ ကြိုးစားအားတင်းပြုံးကာ အိပ်ဆေးတစ်လုံး တောင်းသောက်လိုက်သည်။

သူ အိပ်မပျော်ခင် အိပ်မက်မဟုတ်သော သူ့ပုံရိပ်တွေ ပေါ်လာသည်။ ပထမဆုံး သူ့အာရုံတွင် ပေါ်လာသည်က သူ့ချစ်သူ ငြိမ်းငြိမ်းစု။

(၂)

ပထမဆုံး သူ့အာရုံတွင် ပေါ်လာသည်က သူ့ချစ်သူ ငြိမ်းငြိမ်းစု။

ငြိမ်းငြိမ်းစုသည် သူ့ဘဝတွင် သူလက်ထပ်ဖို့ရန်အတွက် တစ်ကြိမ်တည်းသာ ဆုံးဖြတ်ချက်ချခဲ့ဖူးသော မိန်းကလေးဖြစ်သည်။ မန္တလေးနှင့် မနီးမဝေးမှ မြို့ကလေးသို့သူ အလုပ်တစ်ခုသွားလုပ်စဉ်က ငြိမ်းငြိမ်းစုနှင့် သူ ဆုံတွေ့ခဲ့သည်။ ငြိမ်းငြိမ်းစုသည် ယဉ်ကျေးသိမ်မွေ့သူကလေး ဖြစ်သည်။ သူတွေ့ဖူးခဲ့သမျှ မိန်းကလေးများထဲတွင် ငြိမ်းငြိမ်းစုသည် အရိုးသား အဖြူစင်ဆုံးဖြစ်သည်။ ခေတ်ပညာမတတ်သော်လည်း ထိုမြို့လေးတွင် အသင့်အတင့် ချောင်လည်သူမို့ငြိမ်းငြိမ်းစုသည် ထင်ပေါ်ကျော်ကြားခဲ့သည်။ ငြိမ်းငြိမ်းစုကို ဝိုင်းဝန်း ပိုးပန်းကြသူများကြားထဲမှ သူသည် ငြိမ်းငြိမ်းစု၏ အချစ်ကို ရခဲ့သူဖြစ်သည်။

ငြိမ်းငြိမ်းစုကို အနီးကပ် ပေါင်းသင်းကြည့်ပြီးမှ လက်ထပ်ဖို့ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ မြန်မာမိန်းကလေး ပီသသော ငြိမ်းငြိမ်းစုကို သူ့ဘဝ အတွက် ရွေးချယ်လိုက်သည်။

"အစ်ကို ငြိမ်းတို့ဘယ်တော့လက်ထပ်မှာလဲဟင်"

"ငြိမ်းကလည်းကွာ ကိုယ့်ကို မယုံလို့လား။ ကိုယ် အခု အလုပ်တွေ ကြိုးစားလုပ်နေတာ ငြိမ်းအတွက်ပါ။ ကိုယ်တို့ဘဝ တည်ဆောက်ဖို့ စလို့ရပြီဆိုတာနဲ့ငြိမ်းကို လက်ထပ်မယ်"

"အစ်ကိုပြောတာတွေ ငြိမ်းနားမလည်ဘူး။ ငြိမ်းနားလည်တာ အစ်ကို ဟာ ခေတ်ပညာတတ်တယ်၊ အလုပ်အကိုင်လည်းရှိတယ်၊ ဘာလိုသေးလဲ။ ပြီးတော့ အစ်ကိုက မြို့ကြီးသားတစ်ယောက်မဟုတ်လား။ ငြိမ်းကို ညာပြီး ပစ်သွားရင် ရှက်တာနဲ့သေမှာပဲ"

ပကတိရိုးသားစွာ စိုးရိမ်နေရှာသော ငြိမ်းကို သူ ပို၍ပင် ချစ်ခဲ့ရပါသည်။ ထိုအချစ်ကပင် သူတို့အား အခြေအနေတစ်ခုသို့ဆွဲခေါ်သွားခဲ့သည်။ ငြိမ်းငြိမ်းစုမှာ ကိုယ်ဝန်ရှိသွားပြီ။

"ဘယ်လိုလုပ်ကြမလဲ အစ်ကို၊ ငြိမ်းကြောက်တယ်။ ငြိမ်းကို လက်ထပ်ပါတော့ နော် ... နော် ... အစ်ကို"

ငြိမ်းငြိမ်းစုကို သူလက်ထပ်ဖို့မဖြစ်နိုင်သေး။ သူ့တွင် ကြီးမားသော ရည်ရွယ်ချက်ရှိသည်။ သူတို့မိသားစုဘဝက ဆင်းရဲခြင်းကို အခြေခံခဲ့ကြရသည်။ ရုန်းကန်ခဲ့ကြရသည်။ သူ၏ သီးခြားဘဝကိုတော့ ဆင်းရဲခြင်းဖြင့် မစလိုပါ။ သူ အလုပ်တွေ ကြိုးစားလုပ်နေခြင်းသည် သူ့ဘဝအစတွင် ချမ်းသာနေဖို့ဖြစ်သည်။

"ငြိမ်းရယ် ကိုယ့်အလုပ်တွေကလည်း တစ်ပိုင်းတစ်စနဲ့ရှိသေးတယ် ကွယ်။ ငြိမ်းလည်း အသိသားနဲ့ ကိုယ်တို့လက်ထပ်ပြီးပြီးချင်းလည်း ကလေးမယူသေးဘူးလို့ကိုယ်ပြောဖူးတယ်နော်။ ကိုယ့်ကို နောက်ထပ် ခြောက်လလောက်တော့ အချိန်ပေးပါလား ငြိမ်းရာ နော်။ ငြိမ်းမယုံရင်လေ ငြိမ်းမေမေကို ကိုယ်ဖွင့်ပြီး ပြောခဲ့ပါ့မယ်"

သူ တကယ်ပဲ ကလေးမယူချင်သေး။ ငြိမ်းနှင့် သူ့ဘဝကို အရှိန်ယူပြီးမှ မိသားစုဘဝကို သူလိုချင်သည်။ ဒါကလည်း သူတို့ယောကျ်ားလေးတော်တော်များများ၏ တစ်ကိုယ်ကောင်းဆန်မှုလည်း ဖြစ်သည်။

"ဟင် ဒါ ... ဒါဆို ငြိမ်းရဲ့ကိုယ်ဝန်ကို ..."

ငြိမ်း၏ကိုယ်ဝန်အတွက် သူ ငွေတစ်သောင်း ပေးခဲ့သည်။ ရှိုက်ကြီးတငင် ငိုကြွေးနေသော ငြိမ်း၏ချစ်ခြင်းမေတ္တာကို သူ ဖိုလ်ကျ အနိုင်ကျင့်ခဲ့ခြင်းလည်း ဖြစ်သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုမြို့မှ အလုပ်ကိုသိမ်းနေချိန်လည်း ဖြစ်နေခဲ့သည်။ သူ မန္တလေးသို့ပြန်ခဲ့မိခြင်းအတွက် သူ မှားသည်ဟု သိသော်လည်း သူ့အတ္တတွေက မတရားသည့်ဘက်သို့သာ တွန်းပို့ခဲ့လေသည်။ ငြိမ်းငြိမ်းစု ကိုယ်ဝန်ပျက်ကျသွားခဲ့၏။ နောက်တော့ သူ အလုပ်တွေ ပိုကြိုးစားဖြစ်ခဲ့သည်။ သူရသမျှထဲမှ ငွေကြေးတချို့နှင့် အထည်ပစ္စည်းလေးများကိုလည်း ငြိမ်းထံ ပို့ဖြစ်ခဲ့သေး၏။

သို့သော် ကံကြမ္မာကို ဇွတ်လွဲချရမည့် နောက်ထပ်အမှားတစ်ခုကို သူ ကျူးလွန်ခဲ့မိသည်။ မန္တလေးတွင် အလုပ်ပြောင်းလုပ်ရင်းဖြင့် သက်သက်ခိုင်နှင့်သူ ရင်းနှီးခဲ့လေသည်။ သတိထားနေသည့်ကြားမှ သက်သက်ခိုင်နှင့်သူ သမီးရည်းစား ဖြစ်သွားခဲ့သည်။ သက်သက်ခိုင်ကိုတော့ သူ လက်ထပ်ဖို့ မရည်ရွယ်ပါ။ တစ်ချိန်ချိန်မှာ ခွာထုတ်ပစ်ဖို့သူ့ခေါင်းထဲတွင် အမြဲရှိနေခဲ့၏။ သို့သော် သူနှင့် သက်သက်ခိုင်၏သတင်းသည် လျင်မြန်စွာ ငြိမ်းထံသို့ ရောက်သွားခဲ့လေသည်။ သူသည် သက်သက်ခိုင်ကို ပြောင်ပင်ဖွင့်ပြော၍ အဆက်ဖြတ်ပစ်လိုက်ရ၏။ ထိုစဉ်က သက်သက်ခိုင်၏ မျက်ရည်များကိုတော့ သူ မသနားမိခဲ့ပါ။

ထိုအချိန်မှစ၍ သူ့အတွက် ဆက်လက်ကံဆိုးခြင်း၏ အစများ ဆက်တိုက်ဖြစ်ပေါ်လာခဲ့သည်။ ငြိမ်းထံသို့တောင်းပန်စာရှည်ကြီးတစ်စောင် ရေး၍ ပို့လိုက်သောနေ့က ဖြစ်သည်။ သူ့အမေသည် သူ့ကို တစ်သက်တာအတွက် နာကျင်သွားစေသော စကားများကို ဆိုခဲ့သောနေ့လည်းဖြစ်သည်။

ထိုနေ့က သူ အိမ်ပြန်ညဉ့်နက်ခဲ့လေသည်။

(၃)

ထိုနေ့က သူ အိမ်ပြန်ညဥ့်နက်ခဲ့လေသည်။

"သား မင်း ဟိုတစ်ခါ အလုပ်သွားလုပ်တဲ့မြို့က မိန်းကလေး တစ်ယောက် လာတယ်ကွယ့်"

အမေ၏အသံမှာ မုန်တိုင်းမလာခင် ရှေ့ပြေးတိုက်ခတ်လာသော လေပြေညှင်းနှင့် တူသည်။ ပျော့ပျောင်းသွဲ့နွဲ့နေသည်။

"ဘယ်သူလဲအမေ"

"ငြိမ်းငြိမ်းစု တဲ့"

အမေ့အသံက မာကျောတုန်ခါသွားသလို အမေ့နှုတ်ခမ်းများက တင်းတင်းစေ့သွားသည်။ မျက်နှာတပြင်လုံး နီရဲနေသော အမေ့မျက်ဝန်းများ ကို သူ အသေအချာမကြည့်ရဲခဲ့။

"မင်း လူယုတ်မာတစ်ယောက်ပဲ သား"

"ခင်ဗျာ"

"ငြိမ်းငြိမ်းစုက မင်းနဲ့သူ့အကြောင်းတွေအားလုံး ငါ့ကိုပြောပြ သွားတယ်။ ဘာလို့လဲတော့ မသိဘူး။ အဲသည်မိန်းကလေးကို အမေ ယုံကြည်နေတယ်"

သူပြောမည့်စကားများကိုလည်း အမေ ယုံမှာမဟုတ်ကြောင်း သူ နားလည်လိုက်၏။

"မင်း မလုပ်သင့်တာလုပ်ခဲ့တယ်။ ငါကတော့ ငါ့သား ခေတ်ပညာ တတ်ကြီး၊ အရက်မသောက် ဖဲမရိုက်နဲ့ အလုပ်ကို ကြိုးကုပ်တဲ့ လူတော် လူကောင်းလေးဟဲ့လို့ စိတ်ထဲရော အရပ်ထဲမှာပါ ချီးကျူးစကားတွေ ဆိုလိုက်ရတာ"

"အမေ ကျွန်တော် ငြိမ်းကို လက်ထပ်မှာပါ။ အမေ့ကိုတောင် လာမယ့်ဒီဇင်ဘာမှာ ဖွင့်ပြောပြီး ငြိမ်းမိဘတွေဆီ သွားတောင်းပေးဖို့ ပူဆာတော့မလို့ဗျ။ ကျွန်တော် ပိုက်ဆံတွေလည်း စုထားပြီးပြီ သိလား"

အမေက သူ့စကားတွေကို ဂရုမထားဘဲ မျက်မှောင်ကို ကြုတ်သည်။ သူ့ကို တစ်ချက်စိုက်ကြည့်ရင်း –

"မင်း နောက်ကျသွားပြီ"

"ခင်ဗျာ"

"ဟုတ်တယ်။ မင်းနောက်ကျသွားပြီ။ ငြိမ်းငြိမ်းစုဟာ သူ့မိဘတွေ သဘောတူတဲ့သူနဲ့ အိမ်ထောင်ပြုတော့မှာတဲ့။ ဪ – နေဦး၊ အမေ မေ့နေလို့"

သူ စားပွဲခင်းကို ကြောင်ကြည့်နေဆဲမှာပဲ အမေက အထုပ်တစ်ထုပ် ယူလာသည်။

"ဟောသည်မှာ ငြိမ်းငြိမ်းစု မင်းကို ပေးသွားတာ"

အထုပ်ကို သူ အလျင်အမြန်ဖွင့်ကြည့်လိုက်သည်။ ငွေတွေ ...။ ငြိမ်းငြိမ်းစုကို သူပေးခဲ့တဲ့ငွေတွေ။ ပြီးတော့ သူ အမြတ်တနိုး လက်ဆောင် ပေးခဲ့သော ရွှေလက်စွပ်တစ်ကွင်းနှင့် စာရွက်တချို့။

စာရွက်များမှာ ငြိမ်းငြိမ်းစုထံ သူရေးခဲ့ဖူးသော စာများနှင့် စာအုပ် အသေးလေးတစ်အုပ်။ စာများကိုတော့ သူဖတ်ကြည့်ဖို့မလိုပါ။ စာအုပ် ကလေးကို သူဖတ်လိုက်ရတော့ အတော်ပင် အံ့သြသွားရသည်။ ငြိမ်းငြိမ်းစု ထံ သူပေးပို့ခဲ့သော ငွေနှင့်ပစ္စည်းများကို ရက်စွဲထိုးကာ မှတ်သားထားသည့် စာအုပ်ကလေးဖြစ်သည်။ ယခု ထိုငွေနှင့် ထိုပစ္စည်းများအားလုံး သူ့ရှေ့ တွင် ပြန်ရောက်နေပြီ။ သူ့နှုတ်မှ တစ်ခုခုကို တအားအော်ပစ်မည် ပြင်လိုက် စဉ် အမေက –

"မင်းသိပ်မှားတယ်သား။ မိန်းကလေးရဲ့ကိုယ်ဝန်ကို မင်း ဘာလို့ တာဝန်မယူခဲ့တာလဲဟင်။ မင်း ယောကျ်ားမဟုတ်ဘူးလား"

"ကျွန် ... ကျွန်တော် သူ့ကို လက်ထပ်မှာပဲအမေ"

"မဆိုင်ဘူး။ မင်း လက်ထပ်ထပ်၊ မထပ်ထပ် မိန်းကလေး တစ်ယောက်ကို သည်လိုမလုပ်ရဘူး။ မိန်းမဆိုတာ မိခင်လောင်းတွေပါ။ မိခင်တစ်ယောက်ဟာ သူ့ရဲ့ရင်သွေးကို သူ့အသက်နဲ့ရင်းပြီး ဖောက်

ထုတ်ပစ်ရက်ပါ့မလား။ မင်းစဉ်းစားကြည့်စမ်း။ ဟင် – မင်းအသုံးမကျဘူး။ သူ့ခများ မင်းကိုချစ်ရှာလို့ မင်းကို ယုံလွန်းလို့ မင်းစကားအတိုင်း လုပ်ခဲ့ရတယ်။ မင်းကတော့ ... တောက် ... ငါလေ နင့်ကို သတ်မိလိမ့်မယ် သိလား"

အမေက သူ့ပုခုံးကို ဆောင့်ဆွဲပြီး ခါယမ်းသည်။ ပြီးတော့ ပြန်လွှတ်ပစ်လိုက်သည်။

"မဟုတ်ဘူး၊ မဟုတ်ဘူး။ ငြိမ်းဆီကို ကျွန်တော်လိုက်သွားမယ်။ အိုဗျာ ... ခုပဲသွားမယ်"

သူ ထိုင်ခုံပေါ်မှ အထတွင်တော့ အမေက သူ့ပါးကို ရိုက်ချလိုက်၏။

"နင်ဟာ လူမိုက်။ အို – လူမိုက်ဆိုတာမှ အဆင့်အတန်းတစ်ခု ရှိချင်ရှိဦးမယ်။ နင် ... နင် ... လူယုတ်မာ"

အမေ့ကိုကြည့်ရင်း သူ စတင်ငိုကြွေးမိတော့၏။

"ဒုတိယအကြိမ် သွားယုတ်မာဖို့မကြိုးစားနဲ့တော့။ မိန်းကလေးဟာ မာနရှိတယ်။ နင့်ပစ္စည်းတွေ စာရွက်လက်တစ်ဝါးမကျန် ပြန်ပို့သွားတာကြည့်။ နင် လိုက်သွားလို့ သူ့ခြေထောက်ဖက် တောင်းပန်ဦး သစ္စာမရှိတဲ့နင့်ကို ပြန်ကြည့်မယ် မထင်နဲ့။ သူ့ဘဝနဲ့သူ နေပါစေတော့။ အေး –နင့်ရဲ့ ယုတ်မာမှုအတွက်ကတော့ နင်ကိုယ်တိုင် တစ်နေ့ခံစားရမှ သိလိမ့်မယ်။ ဝဋ်ဆိုတာ တစ်ဘဝမကူးပါဘူး"

"အမေ"

(၄)

"အမေ"

သူ အလန့်တကြားဖြင့် အိပ်ရာမှ လူးလဲထလိုက်သည်။ သို့သော် သူစိတ်ထင်တိုင်း ခန္ဓာကိုယ်က သွက်သွက်လက်လက် ပါမလာခဲ့။ သူ့အသံတွေကရော လည်ချောင်းရဲ့အပြင်ကို ရုန်းထွက်သွားလေသလား။ သူမသိ။ စိတ်ချောက်ချားစွာဖြင့် အိပ်ရာဘေးမှ ရေခွက်ကို လှမ်းယူကာ သောက်ဖို့ သူ ကြိုးစားသေး၏။ သို့သော် ရေလည်း မသောက်ချင်ပါ။

စောင်းကျနေသော ခေါင်းအုံးနှစ်လုံးကို သေသေချာချာ ပြန်ထပ်ကာ ကိုယ်ကို ပြန်လှဲချလိုက်သည်။ ပြီးတော့ သူ အိပ်ပျော်သွားစဉ်က မည်သည့် အိပ်မက်မျိုး မက်ခဲ့သည်ကို ပြန်စဉ်းစားကြည့်မိသည်။ သူ ကောင်းကောင်း စဉ်းစား၍မရ။ သူ့ခေါင်းထဲတွင် သူ သွားလာကျင်လည်ခဲ့သော မြို့များ၊ အသိမိတ်ဆွေများ၊ ပြီးတော့ မိန်းကလေးများ။

ငြိမ်းငြိမ်းစုနှင့် ဝေးကွာရပြီးနောက် သူ စီးပွားရေးကိုသာ ဇောက်ချ လုပ်ခဲ့၏။ သူမရောက်သော စီးပွားရေးနယ်ပယ် မရှိသလောက်ပင် သူ အလုပ်လုပ်ခဲ့၏။ ငွေကြေး အတော်အတန် စုဆောင်းမိလျှင် အမေနှင့်ပဲ အခြေတကျ နေထိုင်လုပ်ကိုင်တော့မည်ဟု ဆုံးဖြတ်ချက်ချခဲ့၏။ သို့သော် သူ့အတ္တ၊ သူ့လောဘနှင့် သူ့လိုအင်ဆန္ဒများကို သူ အတောမသတ်နိုင်ခဲ့။ နောက်ဆုံး သူ ကျန်းမာရေးမကောင်းမှပင် အမေ့ထံသို့သူပြန်ရောက်ခဲ့၏။ အမေကတော့ မိခင်တို့၏ ချစ်ခြင်းမေတ္တာအပြည့်အဝဖြင့် သူ့ကို ကြိုဆို ရှာသည်။ သူ့ကို ဂရုတစိုက် ပြုစုခဲ့သည်။ သို့သော် သူ့အပြစ်ကိုတော့ အမေက ခွင့်လွှတ်သေးဟန်မတူ။

သူ သက်တောင့်သက်သာဖြစ်နေသော နေ့တစ်နေ့က သူ့ကို အမေ စကားတစ်ခွန်းပြောခဲ့၏။

"သားကို အမေပြောဖို့ တစ်ခုကျန်နေသေးတယ်။ သား စိတ် မကောင်းလည်းမဖြစ်နဲ့နော်"

သူ အမေ့ကို မော့ကြည့်လိုက်တော့ အမေ့မျက်နှာတွင် သွေးရောင် လွှမ်းနေလေသည်။

"ငြိမ်းငြိမ်းစု သေပြီကွဲ့"

"ခင်ဗျာ"

သူ များစွာ အံ့သြထိတ်လန့်သွားခဲ့သည်။ သူနှင့် ငြိမ်းငြိမ်းစုတို့ ဝေးကွာခဲ့ကြသည့် ငါးနှစ်တာကာလအတွင်း ငြိမ်းငြိမ်းစုအကြောင်းကို ပထမဆုံး ကြားလိုက်ရခြင်း ဖြစ်သည်။

"ငြိမ်းငြိမ်းစု သေပြီ၊ ဟုတ်လားအမေ"

"အေး – သူဆုံးတာတောင် သုံးနှစ်လောက် ရှိရော့မယ်။ သားက အိမ်မကပ်တော့ အမေလည်း မပြောဖြစ်ခဲ့ဘူး။ ပြီးတော့ သားလည်း ကြားမယ်ထင်လို့ပါ"

သူ ဘာစကားမှ ပြန်မပြောနိုင်ခဲ့ပါ။ သူ့လိပ်ပြာကို သူရှက်ရွံ့စွာ ငြိမ်းငြိမ်းစုနှင့် ပတ်သက်သမျှ သူ တစ်စုံတစ်ခုမျှ မစုံစမ်းခဲ့မိပါ။ အခုတော့ ငြိမ်းငြိမ်းစု သေပြီတဲ့။ သုံးနှစ်လောက်တောင် ရှိပြီတဲ့။

"ငြိမ်းငြိမ်းစုသေတာ ကိုယ်ဝန်ပျက်ကျလို့လို့ပြောတာပဲ။ ဒုတိယ ကိုယ်ဝန်နေမှာပေါ့။ အမေတို့မိန်းမတွေမှာ ကိုယ့်ရင်သွေးကို အသက်နဲ့ စက်ပြီး လွယ်ကြရတာကွယ့်။ ကိုယ်ဝန်ဆောင်မိန်းမများ သင်္ချိုင်းကုန်းကို တစ်နေ့မျက်စောင်းသုံးကြိမ် ထိုးနေရသလိုပဲလို့ပြောတတ်ကြတယ်။ မတော်တဆ ဘာမှမဖြစ်အောင် အတော်ဂရုစိုက်ကြရတာ။ ကိုးလလွယ်ပြီး ဆယ်လမှ ဖွားကြရတယ်။ ဒါကြောင့် သားသမီးတွေကို လူဖြစ်အောင် မွေးကြရတဲ့ မိခင်တစ်ယောက်ရဲ့ကျေးဇူးတရားဟာ အင်မတန် ကြီးမား လှတယ်။ မြတ်စွာဘုရားတောင်မှ ကျေးဇူးဆပ်လို့မကုန်အောင် ကြီးမား ခဲ့တာပဲ သား"

သူ မျက်ရည်မကျမိသော်လည်း ရင်ထဲမှာတော့ အတော်ကလေး ပူလောင်နေခဲ့သည်။ ငြိမ်းငြိမ်းစု သေရတာ သူ့ပယောဂ မကင်းနိုင်ဟု သူ ထင်သည်။

"တစ်ခု ဖြေသာတာက ငြိမ်းငြိမ်းစု ပထမကိုယ်ဝန် ဖျက်ချတုန်းက သေမသွားတာကိုပဲ"

အမေ့မျက်နှာမှာ အမှောင်ရိပ်တစ်ခု ဖြတ်သန်းသွားခဲ့သည်။ အမေ့ မျက်နှာရိပ်ကြောင့် သူ့အပေါ် အမေမကျေနပ်နိုင်သေးတာကို သူသိခဲ့ရခြင်း ဖြစ်သည်။ အမေ့လို မြင့်မြတ်သော မိခင်တစ်ယောက်၏ သားအဖြစ်နှင့် သူ မထိုက်တန်လေစွ။ အမေ့ကို သူ လက်အုပ်ချီပြီး ကန်တော့လိုက်သည်။ အမေ့မေတ္တာ၊ အမေ့ကျေးဇူးတရားများကို သူ ရင်ဖြင့်ညွတ်နူးမိခဲ့သည်။ အမေ့မျက်နှာမှာ ညိုမှောင်နေရာမှ ဝင်းလက်လာသည်။ သူ့လက်အစုံကို ထွေးပွေ့ရင်း –

"သာဓု ... သာဓု ... သာဓုပါသားရယ်။ အမေ့ကို လက်အုပ်ချီ ကန်တော့တဲ့ငါ့သား ရောဂါဝေဒနာတွေ သက်သာပျောက်ကင်းပါစေ။ ဝဋ်ကြွေး ဝဋ်တုံ့တွေရှိက ပြေပါစေကွယ်"

အမေ့မျက်ဝန်းမှ မျက်ရည်စီးကြောင်းနှစ်သွယ်ကို သူ ငေးကြည့်နေဖြစ်ခဲ့သည်။ သူကတော့ ရင်ဖြင့် ငိုကြွေးခဲ့ရ၏။

ထို့နောက် သူ့ခေါင်းရင်းမှ စာကြည့်စားပွဲအံဆွဲကို ဖွင့်ဖြစ်ခဲ့သည်။ အံဆွဲတွင်းမှ စက္ကူဘူးလေးကို သူ ဆွဲထုတ်လိုက်သည်။

(၅)

အံဆွဲတွင်းမှ စက္ကူဘူးကလေးကို သူဆွဲထုတ်လိုက်သည်။ စက္ကူဘူးကလေးထဲတွင် ငြိမ်းငြိမ်းစု ဝတ်ဆင်ခဲ့သော လက်စွပ်ကလေး ...။

ထိုလက်စွပ်ကလေးကို သူ့လက်ချောင်း ပိန်လှီလှီမှာ ဝတ်ဆင်လိုက်သည်။ ထိုလက်စွပ်ကလေး ဝတ်ဆင်လိုက်သည့်နေ့မှစ၍ သူ့အခြေအနေတွေ ငြိမ်သက်သွားခဲ့ခြင်းလည်း ဖြစ်သည်။ သူ၏အပြစ်ဒဏ်များကို သူ ရဲရဲဝံ့ဝံ့ ခံစားသွားရန် လက်စွပ်ကလေးက သတိပေးနေခဲ့သည်။ တစ်ပတ်တစ်ခါ ဆေးလာထိုးနေသော ဆရာဝန်ကိုလည်း သူ ပိတ်လိုက်သည်။ အိပ်ရာထက်မှာ ငြိမ်သက်စွာ လဲလျောင်းရင်း တရားမှတ်သည်။ သူပြုလုပ်ခဲ့ဖူးသော ဒါနကုသိုလ်တရားများကို ရည်မှန်း၍ စိတ်ကို ကြိုးစားဖြေသည်။ သူ စုဆောင်းထားသမျှ ငွေအားလုံးကို တစ်ပြားမကျန် အလှူအတန်းပေးပစ်ဖို့အမေ့ကို အပ်ခဲ့သည်။ အခုတော့ သူရှာသမျှ ဖွေသမျှငွေတွေက သူ့ဘဝကို မကယ်တင်နိုင်တော့။ သူ့ခေါင်းရင်းတွင် သူ ရဟန်းခံခဲ့စဉ်က ရိုက်ထားသော ဓာတ်ပုံကြီးကို ထောင်ထားလိုက်သည်။ လူတစ်ယောက်တွင် ကုသိုလ်၊ အကုသိုလ်တရား နှစ်ပါးစလုံး ဒွန်တွဲနေခြင်းကို သူမြင်မိသည်။ သို့သော် အကုသိုလ်တရားများက ပို၍များနေကြောင်းလည်း သူသိသည်။

တစ်ခါတစ်ရံ ဝေဒနာ တအားခံစားလာရလျှင် သူ အိပ်ဆေးတွေသောက်ချင်လာသည်။ သို့သော် အမေက သူ့ကို ပေးမတိုက်ခဲ့ပါ။ သူ၏

အနားသို့နေ့စဉ်လာနေသော သူ၏ ညီအစ်ကိုမောင်နှမများလည်း အလာ ကျဲသွားကြသည်။ သူ့ကို စက်ဆုတ်ရွံရှာဖွယ်ကောင်းသော လူသား တစ်ယောက်လို့မှတ်ထင်သွားကြလေသလား။ အမေတစ်ယောက်သာလျှင် သူ့အနီးတွင် ရှိနေတတ်သည်။ တစ်ခါတစ်ရံ သူမှာ တုန်လှုပ်ချောက်ချား လိုက်၊ တစ်ခါတစ်ရံ ငြိမ်သက်သွားလိုက်ဖြင့် ရက်ပေါင်းများစွာကို သူ ကြိုးစားပမ်းစား ကျော်ဖြတ်နေရသည်။

ဝမ်းတွေ တအားသွားသောနေ့ကတော့ သူ့စိတ်ကို လုံးဝ လျော့ချ ပစ်လိုက်သည်။ သူ့လက်ကိုပင် သူ မ,မနိုင်တော့။ စိတ်ကို ပြန်တင်းကာ လက်ကို ထောင်ကြည့်သည်။ အထက်သို့ရောက်မလာဘဲ အောက်သို့သာ လျှောကျသွားခဲ့သည်။ သူ့ညာဘက်လက်တွင် ဝတ်ဆင်ထားသော လက်စွပ် ကလေးက ကြမ်းပြင်ပေါ်သို့ပြုတ်ကျသွားလေသည်။ လက်စွပ်ကို ပြူး ကြောင်ငေးစိုက်ကြည့်ရင်း အမေ့ကို လှမ်းခေါ်လိုက်သည်။

"အမေ"

အို – သူ့အသံတွေ မထွက်တော့ပါလား။ မျက်နှာကြက်မှ လေးပေ ဖန်ချောင်းမီးရောင်အောက်တွင် လက်စွပ်ကလေးက အရောင်တဝင်းဝင်းနှင့်။ သူ့လက်စွပ်ကလေးကို သူ့လက်မှာ ပြန်စွပ် ထားချင်သည်။ သည်လက်စွပ် ကလေးမရှိလျှင် သူ့စိတ်တွေ ငြိမ်သက်ဖို့မဖြစ်နိုင်တော့။

ထိုစဉ် သူ့အခန်းတွင်းသို့ ကြွက်တစ်ကောင် ဖြတ်ပြေးသွား၏။ ကြွက်က လက်စွပ်ကလေးကို ပွတ်တိုက်သွားသည်။ လက်စွပ်ကလေးက နေရာရွေ့ကာ သူနှင့် ပို၍ နီးကပ်လာသည်။ သူ လှမ်းယူဖို့ ကြိုးစား ကြည့်သည်။ သူ့လက်တွေကို အတတ်နိုင်ဆုံး ဖျစ်ညှစ်ကာ လက်လှမ်း လိုက်၏။ မရ။ ကိုယ်ခန္ဓာကို ရုန်းကန်ကြည့်၏။ မရ။ ကြွက်က သူရှိရာ ဘက်သို့ပြန်ပြေးလာပြန်သည်။ ထို့နောက် လက်စွပ်ကို စားစရာအမှတ်နှင့် ငုံ့နမ်းနေသည်။ သူ့ပါးစပ်မှ တရှူးရှူး အော်ပစ်ချင်လာသည်။ သူ့လည် ချောင်းတွေ မခံမရပ်နိုင်အောင် နာကျင်လာတာပဲ အဖတ်တင်သည်။ သူ အော်လို့မရ။ မရ။ မရ။ ကြွက်က လက်စွပ်ကို လာနမ်းလိုက် ပြန်ထွက်ပြေးလိုက်။


"အမေ … အမေ"

အမေ အိပ်ပျော်နေသလား။ ဒါမှမဟုတ် သူ့အသံကပဲ အပြင်ကို ထွက်မလာလေသလား။ သူ ဘာကိုမျှ ကွဲကွဲပြားပြားမသိ။ သူ သူသေတော့ မှာလား။ သူ သေရမှာကို မကြောက်တော့ပါ။ လောလောဆယ် သူကြောက် နေမိသည်မှာ လက်စွပ်ကလေးကို သူပြန်မရမှာကိုပဲဖြစ်သည်။

သူ့မျက်လုံးတွေက ကြမ်းပြင်ပေါ်မှ လက်စွပ်ကို မျက်တောင် မခတ်တမ်း စိုက်ကြည့်နေလေသည်။

**တိုင်းရင်းဆေးပညာမဂ္ဂဇင်း၊ အမှတ် (၉) ၁၉၉၇ ခုနှစ်**

www.burmeseclassic.com



ခင်ခင်ထူး
အိုးဝေ

# အိုးလှေ

အေးမြကြည်လင်သော စိတ်နှလုံးဖြင့် အဘိုး အိပ်ရာက နိုးလာသည်။ မြေးနှစ်ယောက် နိုးမည်စိုးသဖြင့် ကဲလားတံခါးကို အသာအယာ ဖွင့်ပြီး သစ်သားချောင်းကလေးဖြင့် ထောက်တင်လိုက်သည်။ လေပြေတွေက ကဲလားတံခါးပေါက်ကနေ တစ်ထွေးကြီး ဝင်ချလာသည်။ မနက်ခင်း၏ ရွှေတော်ပြေး ရောင်နီဦးက လောကအပေါ် လှလှပပ ယှက်သန်းလာကြပြီ။ သာယာညင်းပြောင်းသော လေပြေတန္တွန့်ကြားမှ သစ်ရွက်ခတ်သံ၊ ငှက်ကလေးတွေ နိုးထသံ ညိုးညိုးညံ့ညံ့တို့က ကျက်သရေမင်္ဂလာအပြည့် ဖြင့် လောကကို နှုတ်ခွန်းဆက်သလာကြသည်။ မှုန်ပျပျ မြူခိုးတွေ ကြားမှာတော့ မြေသင်းရနံ့တို့က လှိုင်နေသည်။

အဘိုးက လှေတဲထောင့်မှာ ဆောင့်ကြောင့်ထိုင်ရင်း ပြောင်းဖူးဖက် လိပ်ကြီးကို မီးညှိပြီး ဖွာလိုက်သည်။ မနက်ခင်း၏ ရာသီဥတုနှင့် ကောင်းကင်ကို အကဲခတ်ရင်း အဘိုးမှာ သံသယဖြင့် ကျေနပ်သွား၏။ သည်ကနေ့ လှေကလေး ခရီးတွင်တော့မည်ထင်၏။ ဧရာဝတီမြစ်ရေပြင်ကတော့ ခါတိုင်းနှင့်မတူ။ အထူးပင် ငြိမ်သက်နေသည်ကော။ လေငြိမ်သောကြောင့် လှိုင်းမရှိသော်လည်း ကမ်းစပ်မှာတော့ လှိုင်းအိကလေးတွေ တစ်ပက်ပက် နှင့် ရိုက်ခတ်လို့နေသည်။ မြစ်လယ်မှာတော့ ဗေဒါဒိုက်တွေ၊ ရေမြှုပ် တွေက လွတ်လွတ်လပ်လပ်ကြီး စီးမျောနေပါသည်။

အဘိုးသည် တစ်အောင့်လောက် ဆေးထိုင်ဖွာပြီး ခံတွင်းချဉ်ပြေလောက်တော့မှ မြေးနှစ်ယောက်ကို နှိုးလိုက်သည်။ အိပ်မှုန်စုံမွှားကြားက လှေပေါ်ဖြာကျနေသော ရောင်နီအလင်းတန်းကို မြင်လိုက်တော့ မြေးတွေ လှေဝမ်းထဲက ငေါက်ခနဲ ထ,ထိုင်လိုက်ကြသည်။

“နေတောင်မြင့်သွားပြီလားမသိဘူးနော် အဘိုး”

“မမြင့်သေးပါဘူးကွယ်၊ အဘိုးတို့လှေကလေးဆန်ဖို့ရာ အချိန်ကောင်းပဲ”

ပြောပြောဆိုဆို အဘိုးက ကမ်းစပ်ကိုဆင်းပြီး လှေကလေး၏ ထိပ်ဆံကြိုးကို ဖြုတ်သည်။ ရေထဲ ခါးတစ်ပိုင်းဆင်းပြီး လှေကလေးကို ပခုံးဖြင့် မပြီး တွန်းချလိုက်သည်။ ထို့နောက် လှေကလေး လက်ရမ်းကို လက်ဖြင့် လှမ်းဆွဲပြီး လှေဝမ်းကို ခြေထောက်ဖြင့် ကျားကန်တက်လိုက်သည်။ လှေပေါ်ရောက်တော့ ပေါင်းမိုးပေါ် အလျားလိုက် တင်ထားသော ထိုးဝါးကို လှမ်းယူ၍ ကမ်းဘက်ဆီ လှမ်းထောက်လိုက်သည်။ ထိုးဝါးကို လက်နှစ်ဘက်ဖြင့် ဆုပ်ကာ ရင်ဘတ်ဖြင့်ခံ၍ တစ်ချက်ဆောင့်အတွန်းမှာတော့ လှေကလေး ကမ်းကကွာသွားလေသည်။

* * *

မြစ်ခြေမှ ကပ်၍ အဘိုးတို့လှေကလေး ဆန်တက်လာခဲ့သည်။ လေမရသဖြင့် ရွက်ထည်ကို သည်အတိုင်းသာ ပုံချထားရသည်။ ရေစီးနှုန်းကို အံတုပြီး လှေကလေးကတော့ တလူးလူး တလိမ့်လိမ့် ရှေ့ကို ရွေ့နေသည်။ သည်နေရာမှာ မြစ်ကွေ့မြစ်ကောက်မရှိ။ စည်းတိမ်သောင်ပါးမရှိ။ စုတ်ဝဲ မှုတ်ဝဲမရှိ။ ပိုက်တန်းတွေမရှိ။ သဲသောင်ကမ်းပါးယံ အဖြောင့်ကြီးအတိုင်း ဆန်တက်ရသည်မို့ လှေကလေးက ခရီးတွင်လှ၏။

လှေဦးနှင့် လှေပဲ့တွင် မြေအိုးရဲရဲတွေ အမိုအမောက်တင်ထားသည်။ နေခြည်နုနုအောက်တွင် သဲကမ်းပါးယံ အဖြောင့်အတိုင်းကပ်၍ ဆန်တက်နေသော အိုးလှေကလေးမှာ မြစ်လယ်မှ လှမ်းမျှော်ကြည့်လျှင် ပန်းချီကား

တစ်ချပ်နှင့်ပင် တူနေသေး၏။ လှေကလေးတွင် တက်မပါ၊ ရွက်မပါ။ အဘိုးက ထိုးဝါးဖြင့် သောင်ကိုထောက်၍ ထောက်၍ ပခုံးဖြင့် တွန်းသည်။ အဘိုးပခုံးသားတွေက ထိုးဝါးထက် မာကြောနေသည်။ သဲသောင်ထက် လည်း မာသည်။ ဒါကြောင့် လှေကလေးက ရေစီးကို လှန်နိုင်တာပဲ ဖြစ်သည်။ လှေနှုတ်ခမ်းသား ဘဲထောင့်သစ်သားခင်းကလေးမှာ တစ်တောင် သာသာလောက်ပဲရှိမည်။ အဘိုး၏ ခြေဖဝါးတွေက ထိုသစ်သားပြား ကလေးပေါ်မှာ ခေါက်တုန့်ခေါက်ပြန် နင်းရင်း လှေကို တွန်းထိုးထိုးသည်။ အဘိုး နင်းလိုက်တိုင်း လှေကလေးမှာ ညွတ်ခါသွားတတ်သော်လည်း လျောခနဲ လျောခနဲ ရှေ့ကို တိုးကာ တိုးကာ ဆန်တက်နေလေသည်။

လှေကလေးထဲတွင် အဘိုး၏မြေးနှစ်ယောက်ဖြစ်သည့် မိတာနှင့် ဖိုးထောင်တို့ပါသေးသည်။ ဖိုးထောင်က လှေဝမ်းထဲ ယိုစီးဝင်လာသော ရေတွေကို ဝါးဆစ်ခြမ်း ရေပက်ခွက်ဖြင့် ခပ်၍ သံပုံးထဲ တစ်ဆင့်ထည့်သည်။ သံပုံးရေပြည့်သွားလျှင် ဆွဲမ၍ လှေနံကို ကျော်ပြီး မြစ်ထဲကို ရေတွေ ဗွမ်းခနဲ လောင်းသွန်ချရသည်။ ထို့နောက် ရေပက်ခွက်ကို ပြန်ကိုင်ပြန်သည်။ ရေတွေကို ခပ်ကာ သံပုံးထဲထည့်ပြန်သည်။ သံပုံးပြည့်တော့ ဧရာဝတီမြစ်ထဲ သွန်ချလိုက်ပြန်သည်။ ဒါက ဖိုးထောင်၏ နိစ္စဓူဝ လုပ်နေကျအလုပ်။ ရေတွေ ဝင်လိုက် ထွက်လိုက် ဘာကြောင့် ဖြစ်နေရသလဲဆိုတာကို ဖိုးထောင်က စဉ်းစားနေသည် မဟုတ်ပါ။ သူ့အလုပ်က လှေကလေး ထဲဝင်လာသော ရေတွေကို မြစ်ကြီးထဲ ပြန်ပို့လိုက်ဖို့ပဲဖြစ်သည်။ တစ်နေ့ တစ်နေ့ဖိုးထောင် ရေသွန်ရသည့် ရေပုံးအရေအတွက် တစ်ရာ နှစ်ရာ မကပါ။

မိတာကတော့ အိုးခြမ်းကွဲ ထင်းမီးဖိုကို ဝါးမီးပြောင်းဖြင့် တဖူးဖူး မှုတ်ရင်း ထမင်းအိုးတည်သည်။ ထမင်းအိုးကျက်လျှင် အဘိုးအတွက် ရေနွေးတစ်အိုးကျိုမည်။ ပြီးလျှင် မနေ့ညက ငါးဇင်ရိုင်းကလေး ငါးကောင် ဆားနယ်ထားတာကို မန်ကျည်းရွက်နုကလေးအုပ်၍ ချက်မည်။ ပြီးတော့ ပဲနီပြားကလေးတစ်အိုး ပျော့အိလာအောင် ပြုတ်မည်။ နှစ်ရွာ သုံးရွာကျော်

လျှင် အဘိုး မောရော့မည်။ သည်အချိန်လောက်ဆို ထမင်းဟင်းကျက်မှာနှင့် အံကျလောက်ကျလိမ့်မည်။

နေရောင်က အရှေ့ဘက် ရွာတန်းရှည်တွေပေါ်ကို ထွေးထွေးသိပ်သိပ် ကျရောက်နေသည်။ မြစ်ပြင်မှာတော့ ဓားနှင့် ထက်ခြမ်းခွဲထားသလို တစ်ခြမ်းက ငွေရောင်လက်နေပြီး တစ်ခြမ်းက ခဲသားရောင်ပြေးနေသည်။ တိမ်မျှင်တစ်စက်တလေ မရှိပါဘဲလျက် နေလုံးကြီးက ဝေဝါး၍နေတာကိုတော့ အဘိုးမကြိုက်လှပါ။

"အင်း – သည်ကနေ့ နေထွက် မရှင်းဘူးကွယ့်၊ လေကျလိမ့်မယ် ထင်တယ်"

အဘိုးက နေလုံးကို မော့ကြည့်ရင်း ပြောသည်။ သဘာဝလောကကို အကဲခတ်ပြီး မိုးလေကို ခန့်မှန်းနေပုံက အဘိုး၏ လှေသမားဘဝ အတွေ့အကြုံနှင့် သက်တမ်းကို ပေါ်လွင်စေသည်။ အဘိုးနှင့် ဧရာဝတီ၊ ဧရာဝတီနှင့် အဘိုး၊ ရင်ဘတ်နှင့်ကျောလို ရှိခဲ့တာ ကြာပါပကော။ အဘိုး ငယ်စဉ်ကတည်းက အသက်ခြောက်ဆယ်ကျော်သည်အထိ သည်ရေ၊ သည်လှေနှင့် လူးလာခေါက်တုံ့ရှိခဲ့ရသည်။ ဇနီးနှင့် သမီးတို့ကိုလည်း သည်လှေနှင့် လုပ်ကျွေးခဲ့သည်။ သူတို့သားအမိတစ်တွေ အဘိုးကို ကျောခိုင်းသွားတော့လည်း သမီးကမွေးတဲ့ သည်မြေးကလေးနှစ်ယောက်က သူ့ရင်မှာ အလိုလို ခိုလှုံလျက်သား ဖြစ်သွားသည်။ အကြီးမ မိတာ ဆယ့်လေးနှစ်၊ အငယ်ကောင် ဖိုးထောင် ဆယ့်နှစ်နှစ်။ အဘိုးရဲ့လှေဝါက နည်းရောတဲ့လား။

နေထန်းတစ်ဖျားသာသာလောက်ရောက်တော့ လေက ရိုင်းစပြုလာခဲ့ပြီ။ အဘိုး၏ ပုဆိုးဟောင်း ပျော့ပျော့ကလေးမှာ လေရိုက်ခတ်မှုကြောင့် တလွင့်လွင့်ခါလျက်၊ မြစ်ပြင်မှာ လှိုင်းလုံး လှိုင်းဖျားတွေ ခေါင်းထောင်လာလျက်။ လှိုင်း၏ အဟုန်အတားကြောင့် လှေကလေးမှာ စောစောတုန်းကလောက် ခရီးမတွင်တော့။ အဘိုးက ပိုပြီး အားစိုက်တွန်းနေရသည်။ လှေဦးမှ ပဲ့ဖျားဆီ ခေါက်တုန့်ခေါက်ပြန် လျှောက်နေရသော

အဘိုးခြေလှမ်းတွေပင် နှေးစပြုလာပြီ။ အသားမာတက်နေသော အဘိုး၏ ပခုံးသားတွေကလည်း နာကျင်စပြုလာပြီ။ ပဲ့ဖျားအရောက်မှာတော့ ခေါင်းပေါင်းပုဆိုးကလေး ဖြည်ကာ ချွေးသုတ်လိုက်သောအဘိုးကို မိတာ လှမ်းမြင်လိုက်ရသည်။

"ရေရှာကျရင် နားရအောင်နော် အဘိုး"

* * *

ဖိုးထောင်က ကြက်စူးဝါးကို သေချာသွားအောင် တင်းပုတ်ဖြင့် ထပ်ရိုက်လိုက်သည်။ ဆယ့်နှစ်နှစ်အရွယ်အားနှင့်မတူ။ ဖိုးထောင်၏ ရိုက်ချက်ဖြင့် ကြက်စူးဝါးက သဲပြင်ထဲ နစ်ဝင်သွားသည်။ ရေထဲသို့ ကိုယ်တစ်ပိုင်းဆင်းကာ လှေကလေးကို ကမ်းဘက် ဆွဲကပ်လိုက်သည်။ အဘိုး လှမ်းပစ်ပေးသော လှေထိပ်ဆံကြိုးကို ဖမ်းယူ၍ ကြက်စူးဝါးတွင် လေးငါးရစ် ပတ်ကာ ဘူးလည်သီးခတ်ချည်လိုက်သည်။ လှေကလေး ကမ်းမှာ နေရာကျသွားတော့ ကုန်းပေါ်ပြေးတက်ပြီး ရွာဆီကို လှမ်းမျှော် ကြည့်လိုက်သည်။

"ရွာက ကမ်းနဲ့တော်တော်လှမ်းတာ အဘိုးရ"

သဲကုန်းကြီးခြားနေသောကြောင့် လှေပေါ်မှနေ၍ ရွာကလေးကို မတွေ့နိုင်ပါ။ သဲကမ်းပါးယံကို ခိုတွယ်ထားသော အိုးလှေကလေးကိုလည်း ကုန်းပေါ်မှ ကြည့်၍ မမြင်နိုင်ပါ။ သို့သော် သည်နေရာကလေးက လေကွယ်သည်။ တော်ရုံတန်ရုံလေလောက်တော့ ကြံ့ကြံ့ခံထားနိုင်သည်။

"ဟေး – ဖိုးထောင် ထမင်းစားရအောင်လေ"

ဖိုးထောင်က မိတာကို လက်လှမ်းပြသည်။

"အဘိုး နားပါစေဦးဟာ၊ ငါ ရွာဘက် သွားကြည့်လိုက်ဦးမယ်"

"သိပ်မကြာစေနဲ့နော် ငါ့မြေး။ လေငြိမ်ရင် ဆန်ကြရအောင်"

မိတာက အဘိုးအတွက် မြေခရားအိုးကလေးထဲသို့ ရေနွေးခပ် ပေးလိုက်သည်။ ပြီးတော့ မီးဖိုကလေးကို ဝါးမီးပြောင်းဖြင့် လေကုန်းမှုတ်လိုက်၏။ လှေဝမ်းထဲမှာ ပြာမှုန့်တွေ ဝဲလွင့်နေသည်။

“မြေး လေတိုက်တယ်ကွယ့်၊ ဘာချက်နေတာလဲ”

“ပဲနီပြားကလေး ပြုတ်ထားတာပါ အဘိုး၊ သိပ်မအိသေးလို့”

“မအိသေးလည်း ရပါတယ်ကွယ်။ အဘိုးသွားတွေက ဝါးနိုင်ပါသေးတယ်ကွယ့်”

မိတာက အဘိုးကို လှမ်းကြည့်လိုက်သည်။ တစ်ခေါင်းလုံး ဖွေးဖွေးဖြူနေသော ဆံပင်များအောက်မှာ အရေးအကြောင်းတွေ လှိုင်းလို တွန့်နေသည်။ အဘိုး၏ ညိုမည်းမည်းမျက်နှာဆီမှာ လေတွေ ထန်နေသည့်ကြားက ချွေးသီးချွေးပေါက်တွေ စီးကျနေသည်။ ပခုံးနေရာတွင် ကွက်၍ စုတ်ပြဲနေသော အဘိုး၏ စွပ်ကျယ်ပေါက်ကြားမှ အသားမာကြီးတွေက ဖီးထရွတ်တွလို့နေသည်။ ထိုအသားမာအရွတ်ကြီးပေါ်မှာ ထိုးထောင်နေသော အမွေးကြမ်းများ။ မိတာသည် ဝဲတက်လာသော မျက်ရည်စတွေကို မျက်တောင်တဖျတ်ဖျတ်ခတ်ပြီး ခါထုတ်လိုက်၏။ မိတာ လူမှန်းသိစအရွယ်ကတည်းက ဧရာဝတီမြစ်ရိုးမှာ လှေထိုးစားခဲ့သော အဘိုးသည် မိတာ အသက်ဆယ့်လေးနှစ်အရွယ်အထိ အဘိုးက လှေထိုးနေရတုန်း။ အဖေ အမေ မရှိတော့တဲ့ မိတာတို့မောင်နှမအဖို့ အဘိုးသည် အဖေ၊ အဘိုးသည် အမေ၊ အဘိုးသည် အဘိုး ဖြစ်လေသည်။

ခဏနေတော့ ဖိုးထောင် ရွာကလေးဆီက ပြန်ရောက်လာသည်။

“အဘိုးရေ ရွာက သိပ်တော့မကြီးဘူးဗျ၊ အိုးတက်ရောင်းဦးမလား”

အဘိုးက တစ်ချက် တွေစဉ်းစားရင်း ကောင်းကင်ကို မော့ကြည့်သည်။

“အင်း လေမိုးအခြေအနေ ကြည့်လို့ပေါ့ မြေးရယ်။ နေမဝင်ခင် ပန်းညိုရွာကို ရောက်မှဖြစ်မှာ။ အိုးအတွက်တော့ မပူပါနဲ့ကွယ်။ အဘိုး တို့ ဖောက်သည်ရွာတွေနဲ့တင် ပြတ်ပါတယ်။ ကဲ – လာလာ ထမင်းစားကြရအောင်”

လေကလေး တသုန်သုန်၊ လှိုင်းကလေး တလှုပ်လှုပ်၊ ပြာကလေး တလွင့်လွင့်ကြားမှာ ထမင်းဝိုင်းကလေးက အငွေ့တထောင်းထောင်းနှင့်။

"လေက စဲမယ့်ပုံမပေါ်ဘူးနော် အဘိုး၊ ကျုပ်တို့ရှက်တိုက်ဆန်ကြမလား"

စားသောက်ပြီး အဘိုးက ပြောင်းဖူးဖက်လိပ်ကြီးကို ဖွာရှိုက်ရင်း စနေထောင့်ဆီကို ငေးငေးရီရီ လှမ်းကြည့်လိုက်သည်။ မိုးကောင်းကင်တစ်ခုလုံး အနက်ရောင်သင်တိုင်းကြီး အုပ်ထားသလို ညို့မှောင်လို့နေသည်။ စနေထောင့်ဆီက ခပ်မည်းမည်း မိုးခဲကြီးကို အဘိုး ခန့်မှန်းကြည့်နေပုံရသည်။ အဘိုး ကြည့်နေဆဲမှာပင် ခဲသားရောင် တိမ်လိပ်တွေက လှေကလေးပေါ်က အပြေးအလွှား ဖြတ်ကျော်နေကြသည်။

"မိုးသက်လေ လာနိုင်တယ်ကွ။ ရှက်တိုက်လို့ မထိန်းနိုင်ရင် အိုးလှေကလေး ကတိမ်းကပါး ဖြစ်နိုင်တယ်"

မိတာကတော့ စားပြီးသောက်ပြီး အိုးခွက်ပန်းကန်တွေကို သဲစပ်စပ် မြစ်ကမ်းခြေတွင် ဆေးကြောတိုက်ချွတ်နေသည်။ မိတာခေါင်းထဲမှာတော့ သည်တစ်ခေါက် မြို့ဆိပ်ကမ်းရောက်လျှင် ထဘီကလေးတစ်ထည် ဝယ်ပေးဖို့ အဘိုးကို ပူဆာမည်ဟု တွေးထားသည်။ မိတာရဲ့ ထဘီကလေးက ဟောင်းလှပြီ။ သည်တပေါင်း ရွာဘုရားပွဲမှာ ထဘီအသစ်ကလေးတစ်ထည် လောက်တော့ မိတာ ဝတ်ချင်သည်။

"ရှက်တိုက်ဆန်မရတဲ့အတူတူ ကျုပ်တို့ရွာပေါ်ကို အိုးတက်ရောင်းရအောင်လား အဘိုး"

"အင်း ..."

အဘိုး စဉ်းစားသည်။ မိုးသက်လေမလာခင် ရွာကလေးဆီ ပြေးရောင်းလျှင်တော့ ရနိုင်ပါသေးသည်။ အိုးတစ်လုံးလျှော့တော့လည်း တစ်လုံးအကွဲသက်သာမည်။

"ကောင်းသားပဲကွ။ မင်းနဲ့ငါ သွားကြတာပေါ့"

ဖိုးထောင်က အနားရောက်လာသော မိတာကို အဖော်စပ်ကြည့်သည်။

"အစ်မ နင်လိုက်ခဲ့ပါလား၊ အဘိုး နားရတာပေါ့"

အဘိုးက ပြုံးလေ၏။ သည်မြေးကလေးနှစ်ယောက် ရှိနေတာ အဘိုးအတွက် အင်အားပဲဖြစ်သည်။ သင်းကလေးတို့က အဘိုးကို သိတတ်လေ အဘိုးက သူတို့ကို ချစ်ရလေမဟုတ်လား။

"မိတာ မလိုက်ပါစေနဲ့ကွာ၊ မင်းကလည်း ထုံးစံအတိုင်း မင်းနဲ့ငါ တစ်ထမ်းစီပေါ့"

ပြောပြောဆိုဆို အဘိုးက လှေပေါင်းမိုးပေါ်က ထမ်းဆိုင်းတွေကို ချသည်။ မြေပဟင်းအိုး၊ ဘုရားညောင်ရေအိုး၊ မုန့်အိုးကင်းလေးတွေကို တစ်ဆိုင်း၊ သောက်ရေအိုးကြီးတွေကို တစ်ဆိုင်း မျှအောင်တင်သည်။ ပေါင်းချောင်းအိုးကလေးတွေကိုလည်း လေးငါးလုံး ညှပ်ဆိုင်းလိုက်သည်။

"ကဲ … ဖိုးထောင် မင်း ဟိုပဟင်းအိုးဆိုင်းကို ထမ်း၊ အဘိုး သောက်ရေအိုးကြီးတွေ ထမ်းမယ်။ မိတာ၊ အဘိုးတို့သိပ်မကြာပါဘူး။ မိုးဆင်လေဆင်ကြည့်ပြီး ချက်ချင်းပြန်ခဲ့မယ် ဟုတ်လား။ သြော် … ငါ့မြေး ရှက်ဖျင်ကလေး စုတ်နေတာ ဖာထားလိုက်ဦးနော်"

အဘိုးနှင့် ဖိုးထောင်တို့က ကမ်းပေါ် တက်သွားကြတော့ အိုးလှေကလေးထဲမှာ မိတာတစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ ရှက်ထည်ကလေး ချုပ်ဖို့ပြင်လိုက်စဉ်မှာပင် လေက ပြင်းလာသည်။ စောစောက ငြိမ်သက်နေသော ဧရာဝတီမြစ်ပြင်တွင် လှိုင်းခေါင်းဖြူကြီးတွေ ထ,လာသည်။ လှေကလေးက သဲကမ်းပါးယံ အကွယ်မှာပေမယ့် ကြိုးတစ်ချောင်းလောက်တော့ ထပ်ချဦးမှ စိတ်ကူးမိ၍ မိတာက ကြက်စူးဝါး တစ်ချောင်းနှင့် တင်းပုတ်ကို ဆွဲယူကာ ကမ်းပေါ် ဆင်းလိုက်သည်။ ကြက်စူးဝါးကို ထိုးစိုက်ပြီး တင်းပုတ်ဖြင့် လွှဲကာလွှဲကာ ထုတော့ သဲစိုစိုတွင် ကြက်စူးဝါးက နစ်ဝင်သွားသည်။ လှေနောက်ကြိုးကို ယူပြီး ကြက်စူးဝါးမှာ ခိုင်ခိုင် ချည်လိုက်သည်။ ပြီးတော့ မိတာက သူ့လက်မောင်းကလေးကို ကွေးကြည့်ရင်း သဘောကျနေသည်။

"ဖိုးထောင်ရေ၊ နင့်လောက်တော့ ငါ အားသန်ပါတယ်ဟ"

မိတာက ဘယ်သူမှမရှိဘဲ သူတစ်ယောက်တည်း ပြောနေခြင်း ဖြစ်သည်။ သဲတွင်းထဲမှာ ပုစွန်လုံးကလေးတွေက ထွက်ချည် ဝင်ချည်နှင့် အလုပ်ရှုပ်နေကြသည်။ မြစ်ပြင်တွင် ငွေရောင်မရှိတော့၊ လှိုင်းဂယက်တွေကလည်း မိုးကောင်းကင်အရောင်အတိုင်း မည်းညို့လို့လာပြီ။ မြစ်သည် ချက်ချင်းကြီး မှိုင်းညို့သွားခဲ့ပြီ။

ခဏနေတော့ မိုးရွာလာလေသည်။

* * *

"လှေရှင်တို့ ဗျို့လှေရှင်တို့"

ရှက်ဖျင်ထည်ကို ဖာထေးနေသော မိတာမှာ မြစ်ဘက်ဆီက ခေါ်သံကြောင့် လန့်ဖျပ်သွားသည်။ မိုးစက်တဖျန်းဖျန်း ပက်နေတော့ လှေပေါင်းမိုးနှင့် ဆက်ထားသော ပီနန်အိတ်စပ်မိုးကာကလေးကို ချထားသည်။ ကဲလားတံခါးကိုလည်း သေသေချာချာ ပိတ်ထား၍ လှေကလေး ပေါင်းမိုးထဲမှာ မိတာတစ်ယောက် မိုးလုံ လေလုံ သက်သာရာရနေသည်။

"လှေရှင်တို့ ဗျို့လှေရှင်တို့"

အသံက အိုးလှေကလေး ပေါင်းမိုးထဲ မိုးသံလေသံကြားက ဝင်လာသည်။ မိတာက ချုပ်လက်စအပ်ကို ရှက်ဖျင်စမှာ ထိုးစိုက်လိုက်ပြီး မိုးကာကို မ၍ ကြည့်လိုက်သည်။ တံငါလှေကလေးတစ်စင်းက မိတာတို့ အိုးလှေဘေးမှာ ကပ်လာသည်။

"ဦးကြီး ငါးဖမ်းထွက်ရင်း မိုးမိလာလို့မိုးခိုပါရစေကွယ်"

တစ်ကိုယ်လုံး မိုးရေတွေ ရွှဲနစ်နေသော တံငါသည် အဘိုးကြီးကို မိတာ တွေ့လိုက်ရသည်။ အင်္ကျီမပါသော သူ့ကျောပြင်ပြောင်ပြောင်ကြီးပေါ်သို့ မိုးသီးမိုးပေါက်တွေက တဖြောင်းဖြောင်း ရိုက်ခတ်ထိမှန်နေသည်။ ဖြူဖွေးသော မုတ်ဆိတ်ကျင်စွယ်တွေဆီက မိုးရေတွေ အတန်းလိုက် စီးကျနေသည်။ လှေကလေးက တကယ့်သေးသေးလေး။ လှိုင်းလုံးရိုက်အပင့်မှာ မြောက်ချည်ကျချည် ဖြစ်နေပြီး မိုးရေတွေရော မြစ်ရေ

တွေကပါ လှေကလေးထဲသို့အလုအယက် ဝင်နေကြသည်။ အဘိုးကြီးမှာ လေရိုက်ခတ်လိုက်တိုင်း ကိုယ်မှာ ယိမ်းထိုးနေတော့၏။

"အို ... ရပါတယ် ဦးကြီး လာပါ"

လှေပေါင်းမိုးထဲမှ ထွက်၍ မိတာက တံငါလှေကလေးကို ကြိုး ကူချည်ပေးလိုက်သည်။ မိုးရေတွေ ရွှဲရွှဲစိုလျက်ဖြင့် တံငါသည်ကြီးက လှေပေါင်းမိုးကလေးထဲ ငုံ့ဝင်လိုက်သည်။ မိုးဒဏ် လေဒဏ်ကြောင့် တစ်ကိုယ်လုံး ကိုင်ရိုက်ထားသလို တုန်ရီနေသည်။ မိတာက အဘိုးပုဆိုး ကလေး ထုတ်ပေးသည်။

"နေပါစေကလေး၊ ဦးကြီး မိုးစဲရင် သွားမှာပါ"

ပြောရင်း ပုဆိုးရေစိုက ရေတွေ ညှစ်ပစ်လိုက်သည်။

"ရေနွေးသောက်ပါဦးလား ဦးကြီး၊ အချမ်းပြေတာပေါ့"

မိတာက ရေနွေးလင်ပန်းကလေးကို ချပေးလိုက်ပြီး ချုပ်လက်စ ရှက်ဖျင်ထည်ကိုပဲ ချုပ်နေလိုက်သည်။ အပြင်ဘက်မှာတော့ မိုးတွေက အားကောင်းနေဆဲ။

"မိန်းကလေးတစ်ယောက်တည်းလားကွယ့်"

"ဟုတ်ကဲ့ ဦးကြီး၊ အဘိုးတို့ကုန်းပေါ်ကို အိုးတက်ရောင်းကြတယ်"

"သြော် ... သြော်"

တံငါကြီးက ရေနွေးငုံ့လိုက်ရင်း လှေကလေးထဲသို့ မျက်စိ ကစားကြည့်လိုက်သည်။ ဖျာကလေးတစ်ချပ်၊ စောင်ထုပ်တစ်ထုပ်နှင့် သေတ္တာအိုကလေးတစ်လုံး။ လှေဦးနှင့် လှေပဲ့မှာတော့ အိုးတွေက အမို့ အမောက်နှင့်။ ခဏအကြာတွင် တံငါကြီးက အချမ်းပြေသွားဟန် တူပါသည်။ မိုးကာကို မပြီး အပြင်သို့ခေါင်းပြူကြည့်လိုက်သည်။

မိတာကတော့ တံငါသည် ဘကြီးကို ထမင်းကျွေးရကောင်းမည်လား စဉ်းစားနေမိသေးသည်။ မိုးထဲလေထဲ ငါးဖမ်းထွက်လာရတာ ဆာရှာ လိမ့်မည်။ ထမင်းက တစ်ခဲလားပဲ ကျန်တော့သည်။ အဘိုးတို့ပြန်လာလျှင် အဆာပြေ ပဲလှော်နှင့် ရေနွေးကြမ်းကလေးနှင့် စားကြဦးမှာလား။ မိတာ ကတော့ တံငါသည် ဘကြီးကိုပဲ ထမင်းကျွေးဖို့ဆုံးဖြတ်လိုက်သည်။

"ဟင် ..."

တံငါကြီးက မိတာအနားကို ရောက်နေပြီ။ မိတာက ပြူးကြောင်ကြောင် ကြည့်နေဆဲမှာပဲ သူ၏လက်နှစ်ဘက်က မိတာပခုံးနှစ်ဘက် ကို ညှပ်ကိုင်လိုက်သည်။

"အို ... အို ..."

ရုတ်တရက် မိတာ ကြောင်သွားသည်။ ထိုအခါမှ တံငါကြီးထံမှ အရက်နံ့ကို ရှူမိ၏။ ဆတ်ခနဲပင် ကိုယ်ကိုတောင့်ကာ မိတာ ရုန်းလိုက်သည်၊ မရ။ တံငါကြီး၏လက်တွေက စောစောတုန်းက မိုးမိထားလို့ အရေတွန့်နေသောလက်မျိုး မဟုတ်တော့။ သန်မာသော ဂဏန်းကြီး တစ်ကောင်၏ လက်မကြီးနှစ်ခွလို မိတာပခုံးတွေကို အားရှိသမျှ ညှပ်ထားသည်။ တံငါကြီး၏ မျက်ထောင့်တွေ နီရဲပြူးကျယ်နေတာကိုပင် မြင်နေရသည်။ မိတာက ကြောက်လန့်တကြား လက်ထဲက အပ်ဖြင့် လက်ကြမ်းကြီးကို ထိုးစိုက်ချလိုက်သည်။

"အား ..."

သူ့လက် ပြုတ်အကျမှာ မိတာ ကုန်းရုန်းထ,လိုက်သည်။ နောက်ကို ခြေတစ်လှမ်းချင်းဆုတ်ကာ မိတာ အော်ပစ်လိုက်သည်။ မိတာ၏ အော်သံကို သဲတွင်းထဲမှ ပုစွန်လုံးများပင် ကြားနိုင်မည် မထင်ပါ။ မိုး၏ ကြောက်မက်ဖွယ် ထစ်ချုန်းသံကြီးက အသံဗလံအားလုံးကို လွှမ်းမိုးပစ်လိုက်သောကြောင့် ဖြစ်သည်။ မိတာက လှစ်ခနဲ လှေပေါင်းအတွင်းမှ အပြင်ဘက်သို့ ပြေးထွက်လိုက်သည်။ တံငါကြီးက နောက်မှ ထပ်ကြပ်မကွာ ပါလာသည် ကော။ မိတာ ဘာလုပ်ရပါ့မလဲ။ ကမ်းပေါ်ကို အားကိုးတကြီး လှမ်းကြည့်လိုက်တော့ စောစောက သူကိုယ်တိုင် ရိုက်သွင်းခဲ့သော ကြက်စူးဝါးကို ဖျတ်ခနဲ မြင်လိုက်ရသည်။ မိတာ၏လက်က တင်းပုတ်ကြီးဆီ ရောက်သွားသည်။

"လူယုတ်မာကြီး ရှေ့မတိုးနဲ့နော်၊ ကျုပ် တကယ်ထုမှာ"

တံငါကြီးက တင်းပုတ်ကို အတင်းဆွဲအလုမှာ မိတာ ရှောင်လိုက်သည်။ အမူးလွန်နေသည့် တံငါကြီးက ကိုယ်ဟန်မထိန်းနိုင်တော့ဘဲ အိုးပုံကြီးပေါ်သို့ ပစ်လဲကျသွားးသည်။

"ဝုန်း"

"အို ..."

မိတာတို့အိုးတွေ ကွဲကုန်ပြီ။ လေက ပိုပြီး သည်းထန်လာသည်။ အိုးလှေကလေးမှာ လှိုင်းနှင့်အတူ ယိမ်းထိုးလှုပ်ခါနေသည်။ မိတာကိုယ်ပေါ်သို့ ကြမ်းကြမ်းတမ်းတမ်း ပစ်ချလာသော မိုးသီးမိုးပေါက်တွေကို သတိမထားနိုင်အားပါ။ အိုးပုံပေါ်မှထဖို့ တံငါကြီးက လက်ထောက်ပြီး အားယူလိုက်သည်။

"ဝုန်း"

လှိုင်းတစ်လုံးအရိုက်မှာတော့ အိုးလှေကလေးက တိမ်းစောင်း လှုပ်ရမ်းသွားသည်။ တံငါကြီးက အိုးပုံပေါ် ပြုတ်ကျသွားပြန်သည်။

"ဟင် ... ကြည့်စမ်း၊ အိုးတွေ ... အိုးတွေတော့ ကုန်ပါပြီ"

အိုးကွဲများကိုကြည့်ရင်း မိတာရင်မှာ ဒေါသတွေ လှိုင်းလိုထန်လာသည်၊ လေလိုပြင်းလာသည်။ လက်ထဲက တင်းပုတ်ကို မြှောက်ကာ တံငါကြီး၏ ဦးခေါင်းတည့်တည့်ကို အားပါးတရ ရိုက်ချလိုက်သည်။

"အား ..."

အော်သံကြီးက မိုးသံ လေသံတွေကို ဖောက်ထွက်သွားသည်။ မိတာ၏ ရိုက်ချက်အားသည် ကြက်စူးဝါးကို သဲထဲမြှုပ်သွားအောင် စိုက်သည့် အားထက် နှစ်ဆပြင်းနေသည်။ တံငါကြီး၏ ချိုစောင်းမှ သွေးတွေ ရဲခနဲ ဖြာစီးကျလာသည်။ သူ့တစ်ကိုယ်လုံး မိုးရေနှင့် သွေးတွေ ရောကာ ချင်းချင်းနီလျက်။ သူက ထဖို့ကြိုးစားနေမိစဉ် မိတာက လက်ထဲမှ တင်းပုတ်ကို ထပ်၍ မြှောက်လိုက်ပြန်သည်။ တံငါကြီးက အိုးကွဲတွေကြားမှ လက်တွေကို ရမ်းပြရင်း အော်ဟစ်နေသည်။

"မလုပ်နဲ့... မလုပ်နဲ့"

တံငါသည်က ကုန်းရုန်းထပြီး ဒယီးဒယိုင်ဖြင့် တံငါလှေကလေးထဲ ခုန်ဆင်းသွားသည်။ သွေးတွေက မိတာတို့အိုးလှေကလေးပေါ်မှာ မိုးရေတွေနှင့် ရောကာ ကျန်ရစ်ခဲ့သည်။ မိတာက ဘာမှ စဉ်းစားမနေတော့ဘဲ အိုးလှေကို ချည်ထားသော တံငါလှေကြိုးကို ဖြုတ်မျှောပစ်လိုက်သည်။ လှိုင်းလုံးတွေကြားမှ တံငါလှေကလေး ငုတ်ချည်ပေါ်ချည်နှင့် မျှောပါသွားတော့၏။

* * *

"မိုးကတော့ သည်းလိုက်ပုံမြေးရေ၊ ကောင်းကင်ကြီးထဲ ရေမှ ကျန်ပါ ဦးမလား အောက်မေ့ရတယ်။ ရွာထဲကကို မထွက်နိုင်ဘူး။ အိုးလှေကလေး စိတ်မချလို့သာ မိုးထဲ တိုးပြန်ခဲ့ရတယ်"

အဘိုးက အိုးထမ်းဆိုင်းကို ချကာ လှေပေါင်းထဲ ငုံ့ဝင်လိုက်သည်။ အဘိုးတစ်ကိုယ်လုံးလည်း မိုးရေတွေ ရွှဲနစ်နေသည်။ မိတာက အဘိုး တို့ကို ခါတိုင်းလို ဆီးမကြိုမိဘဲ ရွက်ဖျင်ဟောင်းကိုသာ သည်းကြီးမည်းကြီး ငုံ့ချုပ်နေလိုက်သည်။

"သည်ဘက်ခြမ်းကအိုးတွေ ကွဲနေတယ်အဘိုးရေ"

ဖိုးထောင်အော်သံကြောင့် မိတာ၏ကိုယ်ကလေး ဆတ်ခနဲ တွန့်သွားရသည်။ အဘိုးကိုလည်း မော့ကြည့်မိသည်။ ဖိုးထောင်ဆီသို့ အဘိုး အပြေးအလွှား ရောက်သွားသည်။

"ဟာ ဟုတ်ပ၊ အိုးတွေ အတော်ကွဲကုန်တာပဲ"

အဘိုးက သူ့အိုးကွဲကလေးတွေကို နှမြောတသစွာဖြင့် တစ်လုံးချင်း မ,ယူကြည့်သည်။

"အစ်မကလည်း အိုးတွေ သည်လောက်ကွဲရတယ်လို့ နည်းနည်းပါးပါးတော့ ဂရုစိုက်ဦးမှပေါ့ဗျာ"

ဖိုးထောင်အသံမှာ ငိုသံပါကြီးနှင့်။ အဘိုးကတော့ အိုးခြမ်းကွဲတွေ ကို တစ်ခုချင်း မြစ်ထဲ ကောက်ပစ်ရင်း အနားသို့ရောက်လာသော မိတာကို မော့ကြည့်သည်။

“ကမ်းစပ်မှာ လေအတော်ပြင်းသလားမြေး”

မိတာ မျက်ဝန်းထဲတွင် မျက်ရည်တွေ စို့တက်လာသည်။ အဘိုးကို မိတာ ဘယ်လိုပြောရမလဲ။ မလုံမလဲဖြင့် မြစ်ပြင်ကြီးဆီကို သမင်လည်ပြန်ကြည့်လိုက်မိသည်။ မြစ်လယ်တွင် တံငါလှေကလေးကို အရိပ်အယောင်မျှပင် မတွေ့ရတော့ပါ။

“သိပ် … သိပ်တော့ မပြင်းပါဘူးအဘိုး”

မိုးက ပိုပြီး သိပ်သည်းလာသည်။ လေပြင်းအားကတော့ လျော့ကျသွားခဲ့ပြီ။ မိုးအားများလာတော့ လေအားက ပခုံးချင်း မယှဉ်နိုင်တော့။ အိုးလှေကလေးမှာ စောစောကလောက် ယိမ်းထိုး လှုပ်ခါမနေတော့ပါ။ သို့သော် ပြင်းထန်သော မိုးရေစက်တွေရဲ့ဒဏ်ကိုတော့ လှေကလေးက ခါးဆီးခံနေနိုင်ဆဲ။

“သိပ်မပြင်းလို့သာ တော်တော့တာပေါ့ဗျာ၊ ဟင်း ပြင်းများပြင်းရင်တော့လား ကျုပ်တို့အိုးလှေ တစ်လှေလုံး မှောက်ပြီပေါ့”

ဖိုးထောင်က အိုးတွေ ကွဲသွားရခြင်းအတွက် မကျေမချမ်း တဗျစ်တောက်တောက်ပြောရင်း လှေဝမ်းထဲ ဆင်းသွားသည်။ လှေဝမ်းထဲမှာ ရေတွေ များနေပြီ။ သူ ခပ်ထုတ်ပစ်ရဦးမည် မဟုတ်လား။

မိတာက ဖိုးထောင်ကို ဘာမှ ပြန်မပြောဘဲ အိုးခြမ်းကွဲတွေဘေးတွင် ဆောင့်ကြောင့်ထိုင် ငိုချလိုက်သည်။ ရှိုက်ကြီးတငင် ငိုကြွေးနေသော မိတာကို အဘိုးက ချော့သည်။

“မငိုပါနဲ့မြေးရယ်၊ အိုးကလေး နည်းနည်းပါးပါး ကွဲသွားတာပဲဟာ၊ အဘိုးတို့မှာ အရင်းမပြုတ်သေးပါဘူး။ မြေအိုးကလေးတွေက ကွဲလွယ်တတ်တာပဲကွယ့်။ မြေကြီးနဲ့ လုပ်ထားတဲ့ဟာ ဘယ်သေချာပါ့မလဲ။ ကဲ … ထ ထ မိုးတွေသည်းနေတယ်၊ လှေပေါင်းထဲဝင်ကြရအောင်”


ပေါင်းထဲ ငုံ့ဝင်သွားသော အဘိုး၏ကျောပြင်ကို ေးမောရင်း မိုးရေနှင့်ရောနေသည့် မျက်ရည်တွေကို မိတာ သုတ်လိုက်သည်။ ထဘီကို ပြင်ဝတ်ရင်း စောစောက ရုန်းရင်းကန်ရင်းဖြင့် စုတ်ပြဲသွားသော ထဘီကလေးကို ရေထဲ မျှောပစ်လိုက်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ မြို့ဆိပ်ကမ်းရောက်လျှင်လည်း အဘိုးကို ထဘီကလေးတစ်ထည် ဝယ်ပေးဖို့ မိတာ ပူဆာတော့မည် မဟုတ်ပါ။ မိတာရင်ထဲမှာတော့ ကွဲသွားသော အိုးတွေကို နှမြောမိသော်လည်း မိမိ၏ လွတ်မြောက်မှုအတွက်တော့ ကျေနပ်စရာပါ။

မိုးရေတွေကြောင့် အိုးကောင်းတွေရော၊ အိုးကွဲတွေပါ ရွှဲနစ်နေသည်။ မိုးစဲလျှင် အိုးကွဲတွေ မြစ်ရေထဲပစ်ချလိုက်ရဦးမည်။ မိတာကိုယ်စား ဘဝပျက် အက်ကွဲသွားကြသော အိုးကွဲကလေးများက မြစ်၏ကြမ်းပြင်မှာ နစ်မြှုပ်သွားကြရရှာမည်။

အိုးလှေကလေးကတော့ လှိုင်းအပင့်မှာ မြောက်တက်သွားလိုက်၊ လှိုင်းအကျမှာ လျှောခနဲ ပါသွားလိုက်၊ ကမ်းစပ်နှင့် ပူးချည်ခွာချည်။ သူ့ကို ချည်နှောင်ထားသော ကြိုး၏ သတ်မှတ်ပေးထားရာ နယ်နိမိတ်အတွင်း၌သာ အိုးလှေကလေးက လှုပ်ရှား လူးလွန့်နေသည်။

**ကလျာမဂ္ဂဇင်း၊ ၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလ**

www.burmeseclassic.com



ခင်ခင်ထူး

နိဂုံး

# နိဂုံး

(၁)

ရပ်ကွက်ကလေးထဲက လူတွေကတော့ သူ့ကို 'ဖြဲကြီး' လို့ ခေါ်ကြတယ်။ အမှန်က ပြဲကြီးဆိုတာကို အသံထွက်အတိုင်း ခေါ်လိုက်တော့ ဖြဲကြီးဖြစ်သွားတာပါ။ သူ့နာမည်အရင်းကတော့ အောင်သိန်းထွန်းတဲ့။ ဒါပေမဲ့ အောင်သိန်းထွန်း ဆိုလို့ကတော့ ဘယ်သူဘယ်ဝါမှန်းတောင် သိကြတာ မဟုတ်ဘူး။ သည်တော့ သူ့ကို လူတွေက ဖြဲကြီးခေါ်လိုက်ကြတာပဲ။ သူကလည်း ထူးတာပဲ။ ဘာပြဿနာမှမရှိဘူး။

သူ့နာမည် ဖြဲကြီးလို့ တွင်သွားရတာကလည်း သူ့မျက်နှာပေါ်မှာ အဖြေက ရှိပြီးသားပါ။ မျက်နှာတစ်ခုလုံး ကန့်လန့်ဖြတ် ပါးစပ်ကြီးက ထည့်နေတော့တာလေ။ နှုတ်ခမ်းထူရတဲ့အထဲ ပါးစပ်ကလည်း ပြဲသေးတာကိုး။ ထုကြီး ဗျက်ကျယ် ဆိုတာမျိုးပေါ့။ သူမို့ ရယ်လိုက်ရင် ပါးစပ်ကြီးက မျက်နှာအောက်ပိုင်းတစ်ခုလုံး ဖုံးသွားတော့တာပါ။ တစ်ခါတလေ အော်ဟစ်ပြီးများ ရယ်လိုက်ရင် သူ့ပါးစပ်ထဲက တစ်ခုခု ခုန်ထွက်လာလေမလား အောက်မေ့ယူရတယ်။ ကျယ်လိုက်သမှ ပလာတာတစ်ချပ်လောက်များ လိပ်ခေါက်ပြီး ပါးစပ်ထဲ မဖိတ်မစင် ပစ်သွင်းလိုက်တာသာ ကြည့်တော့။ သူ့ပါးစပ်ကြီးကို လူတွေက ကဲ့ရဲ့ရင် ဖြဲကြီးက "အမေပေးထား

ခဲ့တဲ့အမွေကလေးပါဗျာ” တဲ့။ ဖြိုကြီးရဲ့အသက်မွေးဝမ်းကျောင်းအလုပ်က ဘာတုံးဆိုရင်လည်း ပြောဖို့ရာခက်ပြန်ရော။ သူက မြစ်ဆိပ်ကမ်းသွားပြီး ကုန်တင်ကုန်ချလည်း လုပ်တယ်၊ အရပ်ထဲက သစ်ပြန်စိတ်စက်တွေ လည်ရတဲ့နေ့ဆိုလည်း စက်ထဲဝင်ပြီး ဒလိမ့်တုံးလှိမ့်တယ်။ သံရည်ကျိုရုံကို အလုပ်ဆင်းချင်လည်း ဆင်းလိုက်တာပဲ။ သည်ကြားထဲ အရပ်ထဲက အလုပ်ပေါ်လို့ ဘောက်လေး ဘာလေး အငှားလည်းလိုက်တယ်။ တခြား ခေါ်ကောက် အလုပ်ကလေး ဘာလေးဆိုလည်း သူက လုပ်ပေးတာပါပဲ သည်တော့ သူက ပျံ့ကျသမား နေရာစုံ၊ အပေါက်စုံတယ်။ ဖြိုကြီး ဆိုလိုက်ရင် ကလေးကအစ ခွေးကအစ သိတယ်လို့ ပြောရင် ဒါ စကား အဖြစ် ပြောတာမဟုတ်ဘူး။

ကလေးတွေ သိတာက ဖြိုကြီးက ပါးစပ်ကြီး ဖြဲဖြဲချောက်တတ်လို့ပါ။ သူ့ပါးစောင်နှစ်ဘက်ကို လက်ညှိုးနှစ်ချောင်းနဲ့ချိတ်ပြီး ဟိုဘက် သည် ဘက် ဆွဲဖြဲ ဝဲဟဲဟဲ ဆိုတဲ့ အသံကြီးနဲ့ချောက်လိုက်ရင် ကလေးတွေက ငိုကုန်ကြရော။ ကလေးမအေတွေက “သွားစမ်းပါဟယ် ... သေချင်းဆိုး ပါးစပ်ကြီးက... ကလေးမပြောနဲ့ ငါတောင် ကြောက်ရဲ့” နဲ့ ပြောရင် လည်း သူက နာတာမဟုတ်ဘူး။

ခွေးတွေ သိတယ်ဆိုတာ ဖြိုကြီးနဲ့ ခွေးတွေက ရန်သူဖြစ်လိုက် မိတ်ဆွေဖြစ်လိုက်မို့ပါ။ ဖြိုကြီးက အရပ်ထဲ က ခွေးတွေကို ခဲနဲ့ထုပြီး တမင်စချင်စတယ်။ လက်ထဲပါလာတဲ့မုန့်ကို ချကျွေးချင်လည်း ကျွေး လိုက်တာပဲ။ တစ်ခါတလေ သူ့ကို ခွေးတွေကတောင် မျက်စိလည်တယ်။ လက်ထဲ စားစရာတစ်ခုခု ပါလေဟန်ဆောင် ‘အို့ – အို့’ ခေါ်ပြီး အနား ရောက်လာတော့မှ ခြေက်ထောက်နဲ့နံဘေး လှိမ့်ကန်ပစ်လိုက်တာမျိုး။ ညဘက် လည်ရာကပြန် လူခြေတိတ်ချိန်မှာ ဖြိုကြီးက ပုဆိုး ခေါင်းမြီးခြုံ ပြီး အရှေ့ပြေးလိုက် အနောက်ပြေးလိုက် တဝုန်းဝုန်း လုပ်ချင်လုပ်နေ တာမျိုး။ ခွေးဟောင်သံ တဝေါဝေါနဲ့ အရပ်က ကောင်းကောင်း မအိပ် ရဘူး။ တစ်ခါတလေ ရပ်ကွက်လူကြီးကိုယ်တိုင်က သူ့ကို ခေါ်ပြီး ဒဏ်

ရိုက်ယူရတယ်။ ဒဏ်ငွေဆောင် မဆောင်တော့ မသိဘူး။ ဖြိုကြီးကတော့ ခွေးတွေကို စမြဲတိုင်း စတာပဲ။ သူစိတ်ကူးရတဲ့နေ့ တွေကျပြန်တော့လည်း အရပ်ထဲ ထမင်းရည် လည်စုပြီး၊ လမ်းထိပ်က စဥ့်အိုးကွဲ ပက်လက် တွေထဲ ထည့်ပြီး ခွေးတွေကို တအို့ အို့ နဲ့ ခေါ်တိုက်တယ်။

"စားကြ စားကြ၊ အဲ သောက်ကြ၊ သောက်ကြ မင်းတို့ သောက်ရရင် ငါတော်သလိုပါပဲကွာ" တဲ့။ စိတ်ကူးမရတဲ့နေ့ ၊ အမူးလွန်လာတဲ့နေ့ တွေ မှာတော့ သူ့ဆီပြေးလာပြီး အမြီးနန့်ပြတဲ့ခွေးကို 'ကိန်' ခနဲ ကန်ထည့် ပစ်လိုက်တာပဲ။ သည်တော့ ဖြိုကြီးဆိုတဲ့ကောင်က ခွေးတောင် မျက်စိ လည်အောင်လုပ်တယ်ဆိုတာ မလွန်လောက်ဘူး။

(၂)

ဖြိုကြီးမှာ အမေမရှိတော့ဘူး။ အိုကြီး အိုမ ဖအေကြီးနဲ့ ညီအစ်ကို မောင်နှမက ကိုးယောက်တိတိ ရှိတယ်။ အကြီးငါးယောက်က အိမ်ထောင် ခွဲတွေ။ အိမ်ထောင်ခွဲတွေဆိုပေမယ့် တစ်ဝန်းတည်း အတူနေတွေ မဟုတ် လား။ ဆီပျောက်၊ ဆားပျောက်ပြဿနာကလည်း နေ့ တိုင်းရှိတယ်။ သူ့ပိုက်ဆံ ငါချေး၊ ငါ့ပစ္စည်း သူယူသုံးဆိုတဲ့ ဗလောင်းဗလဲတွေကလည်း အမယ်ဘုတ်ကယ့် သူ့ချည်မျှင်ပါပဲ။ ညီအစ်မချင်း စကားများကြတဲ့အသံ၊ သမီးယောက်ဖချင်း နပန်းထလုံးတဲ့အသံတွေကလည်း ရပ်ကွက်ကလေး ထဲမှာ တစီစီနဲ့ပါ။

ဖြိုကြီးက လူလွတ်ဆိုတော့ သူ့အောက်က အငယ်သုံးကောင်နဲ့ ဖအေပန်းနာသည်ကြီးက သူ့တာဝန်လို ဖြစ်နေတာပေါ့။ သည်ငါးယောက် မှာက သူလူကြီး၊ သူဦးစီးပဲ။ ဖြိုကြီးအသက်က ရှိလှမှ နှစ်ဆယ်၊ အစိတ်ပေါ့။ သည်ငါးယောက်အိုးကြီး သူထိန်းထားရတာ လွယ်တော့ မလွယ်ဘူး။ မနက်စာ ညစာ နပ်မှန်အောင် မနည်းရုန်းကန်နေရတာပါ။ ဒါပေမဲ့ ထမင်းနပ် မှန်မှန် မမှန်မှန် ဖြိုကြီးကိုယ်တိုင်ကတော့ အရယ် အပြုံး မပျက်ဘူး။ ပါးစပ်ပြဲကြီးနဲ့ ကြုံရာကျပန်း အလုပ်မရွေးကို

လုပ်တယ်။ ဖင်ကလည်း ပေါ့တာကိုး။ အရပ်ထဲ ကူညီစရာရှိလို့ ကတော့ ပိုက်ဆံရရ မရရ သူလုပ်ပေးတယ်။ အလှူ မင်္ဂလာဆောင်ရှိလို့ ပန်းကန်ခွက်ယောက် ဆေးပေးရမလား။ ကြိုလို့ ထင်းခွဲပေးရဦးမလား။ နာရေးပေါ်လို့ အလောင်းစင် ပြင်ပေးရမလား။ ဟိုနား သည်နားလွှတ်လို့ ပေ့ါပေ့ါပါးပါး သွားပေးရမလား။ ရတယ်။ လုပ်ပေးတယ်။

"ဖြဲကြီးရေ … သင်ပန်းကုန်းက ဝါးကပ်ရက်တဲ့ အောင်လှကို သွားခေါ်ပေးစမ်းပါကွာ။ ရော့ စက်ဘီးယူသွား" ဆိုပြီး လွှတ်လိုက်။ ငါးမိုင်လောက်ဝေးတဲ့ သင်ပန်းကုန်းက အောင်လှကို မရရအောင် ရှာခေါ်လာတာပဲ။ သည့်ထက်ဝေးတဲ့ တစ်ရပ်တစ်ကျေးကို ညအိပ်ည၌နေ လွှတ်ဦးမလား။ သွားတာပဲ။ သည်တော့ သူ့တစ်ဝမ်းတစ်ခါး အရက်ကလေး၊ လက်ဖက်ရည်ကလေး၊ ဆေးလိပ်၊ ကွမ်းယာကလေးအစ မပူရဘူးပေ့ါ။ ဒါပေမဲ့ ဖြဲကြီးက လူတွေကို မျက်စိလည်အောင် ရှုပ်သွားအောင် လုပ်တတ်တဲ့အကျင့်ကလေးတော့ ရှိရဲ့။ တစ်ယောက်ယောက် ကများ "ဖြဲကြီးရေ … ဟောသည်သံကလေးတွေ သုံးရာနဲ့ရအောင် ရောင်းပေးကွာ၊ ပိုတာ မင်းယူ" လို့ ခိုင်းလိုက်ရင် ဖြဲကြီးက သံတိုသံစတွေ ထမ်းချသွားတာပဲ။ ဝယ်တဲ့သူက သူပြောတဲ့သုံးရာ ပေးနေပေမယ့် သူက ရောင်းတဲ့သူဆီ ပြန်သွားပြီး "နှစ်ရာ့ငါးဆယ်ပဲ ပေးနေတယ်ဗျ" နဲ့ လုပ်တယ်။ ရောင်းခိုင်းတဲ့သူက "ဟာကွာ … သုံးရာမှ မရရင် နေပစေ ကွာ … ရှီးတဲ့" ဆိုရင် အဲသည့်သံတွေကို အပင်ပန်းခံပြီး ပြန်ထမ်းလာတယ်။ သုံးရာနဲ့ရတာကို ရောင်းမပစ်ခဲ့ဘူး။ အဲသည်လိုကောင်။ ရောင်းလိုက်ကွာလို့ သဘောတူလိုက်ရင်လည်း သူ့အတွက် ငါးဆယ်ချန်တယ်။ အကျိုးဆောင်ခ တစ်ပြားမှ မရချင်လည်းနေ။ သည်ကိစ္စ ပေါ်သွားရင်တော့ သူက ပါးစပ်ပြဲကြီးနဲ့ရယ်နေလိုက်တာပါပဲ။ သူ့ကို ဆဲဆဲဆိုဆို ငြိမ်ခံ နေတာပဲ။ တစ်ခါတလေကျ ပစ္စည်းပါ ဆုံးတတ်ကြတယ်။ ရောင်းခိုင်း လိုက်တဲ့ပစ္စည်းကို သူ့ဟာသူ ရောင်းသုံးပြီး ရှောင်နေလိုက်တာမျိုးလည်း ရှိတယ်။ ပက်ပင်းတိုးလို့ ထိုးဟယ် ကြိတ်ဟယ်လုပ်ရင် သူက "ကျွန်တော်

ပြန်လျှော်ပါ့မယ်ဗျာ။ အဲသည်နေ့က အိမ်မှာ ဆန်ချက်စရာမရှိလို့ သုံးလိုက်တာပါ။ အဖေကလည်း ချောင်းဆိုးရင်း သွေးတွေပါလာတော့ ဆေးထိုးပေးရသေးတယ်ဗျာ။ ခင်ဗျားဟာ ပြန်ရပါစေ့မယ်” လို့ နှုတ်ခမ်းထူကြီး တလှုပ်လှုပ်နဲ့ တတွတ်တွတ် တောင်းပန်တယ်။ ဒါပေမဲ့ သူ့စကားက အဲသည့်နားတင် ပြီးသွားတာပါ။ ကြာလာတော့လည်း အဆုံးခံလိုက်ကြရတာပါပဲ။ ဒါကလည်း အမြဲတမ်းတော့ မဟုတ်ဘူး။ သူ့ကို အဲသည်လို ညာဉ်ရှိမှန်းသိရက်နဲ့လူတွေကလည်းခိုင်းနေကြရတာပါ။ ရောင်းလို့မစွံတဲ့ ပစ္စည်းတို့၊ မရိုးမသားပစ္စည်းတို့ ထွက်ချင်လို့ကတော့ သူမှတတ်နိုင်တာ မဟုတ်လား။ သူမှ လိုင်းသိတာ။ သူမှပဲ အလိမ့်အဖိန့်ကောင်းတာပါ။ လိမ့်လုံးတွေ ပေါ်သွားလည်း သူကတော့ အရှက်ရှိတာမှ မဟုတ်တာကိုး။ ပါးစပ်ပြဲကြီးနဲ့။

“ငို့ ဘကလေးလောက်တော့ ကျွန်တော့်ကို သဒ္ဓါကြဦးမှပေါ့” လို့ တောင် ပြောလိုက်သေးရဲ့။ သူပြောလည်း ပြောစရာပါ။ လူတွေက သူ့ခို အလကားမတ်တင်းလောက် သဘောထားခိုင်းကြတာကိုး။ ထားချင်သလိုထား ဖြဲကြီးကတော့ မမှုဘူး။ ခိုင်းလို့ကတော့ လုပ်ပေးတယ်။ လုပ်ပေးရရင် အုပ်တာပဲ။ သူ့ကို အဲသလို မညစ်ဖို့ ပြောကြည့်ပါလား။

“ကျွန်တော် မရိုးမသားမလုပ်ချင်ပါဘူးဗျာ။ ဒါပေမဲ့ ခင်ဗျားတို့ ပဲ စဉ်းစားကြည့်။ ဖြဲကြီး အမှန်အတိုင်း လုပ်လာလို့ ဘယ်သူကများ ကျုပ်ကို အသိအမှတ်ပြုတဲ့ အမှန်ကြေးကလေး ပေးဖူးသလဲ။ ကျွန်တော့်အတွက် ကလေး ကျွန်တော်ရိတ်တာပါ။ ဒါလေးမှ မသဒ္ဓါရင် မခိုင်းကြနဲ့ပေါ့ဗျ” တဲ့။ သူကတောင် ခပ်မာမာရယ်။

(၃)

“ဟ … ဖြဲကြီး တယ်ဟုတ်ပါလားကွ။ ကလပ်ဆဲဗင်းတွေဘာတွေနဲ့ သက်တံရောင်တွေများ ထွက်လို့ကွာ”

လက်ဖက်ရည်ဆိုင်ထဲ ဝင်ချလာတဲ့ ဖြဲကြီးကို ကျောက်ပွဲစား မောင်ဝင်းက ဆီးပြောတော့ လူတွေက လှမ်းကြည့်လိုက်ကြတယ်။

မောင်ဝင်းပြောလည်း ပြောချင်စရာလေ။ ခါတိုင်း အင်္ကျီဗလာ၊ ချွေးတရွှဲရွှဲ၊ အဆီတပြောင်ပြောင်နဲ့လူက နှစ်ထောင်ကျော်တန် ကလပ်ဆဲဗင်း စပို့ရှပ်ကြီး ဝတ်လာတော့ မယုံနိုင်စရာကြီးကိုး။ အသားမည်းမည်း ပါးစပ်ပြဲပြဲ ဆံပင်ဘုတ်သိုက်နဲ့သူ့ကိုယ်ပေါ်က ဆင်စွယ်နှစ်ရောင် ဥနေတဲ့ စပို့ရှပ်နဲ့က ဘယ်လိုမှကို သဟဇာတ မဖြစ်တာပါ။

"မြင်းနဲ့ပါးချပ် မလိုက်လိုက်တာကွာ"

ထင်းလက်ကား မောင်တင်က အနားလာထိုင်တဲ့ ဖြိုးကြီးကို မှိုချိုးမျှစ်ချိုး ပြောတယ်။ ဒန်အိုးစက်မှာလုပ်တဲ့ မောင်မြင့်က –

"ဟေ့ကောင် မင်း ဘယ်ကဖန်လာတာတုံး" နဲ့ဝိုင်းမေးကြတော့ ဖြိုးကြီးက တဟဲဟဲ ရယ်ရင်းနဲ့ "ကျွန်တော် ဖဲနိုင်လာလို့ ပေါ့ဗျာ" တဲ့။ လူမှာအဝတ်၊ တောင်းမှာအကွပ်ဆိုတဲ့စကားက ဖြိုးကြီးနဲ့ကျမှ ပိုမှန်သွားတယ်။ အဲသည့်ညက ခွေးတွေကတောင် သိပ်မဟောင်ကြဘူး။ လူတွေကလည်း ဘာထူးလို့ တုံး။ ငွေစ ငွေနကလေး ရှင်နေတဲ့ ဖြိုးကြီးကို လက်ဖက်ရည်တိုက်ခိုင်းကြ၊ အရက်တိုက်ခိုင်းကြနဲ့။ ဖြိုးကြီးကလည်း လက်ထဲ ပိုက်ဆံရှိလို့ များ အိမ်အတွက် ဆန်ကလေး ပြေးဝယ်ထားဖို့ စိတ်ကူးတဲ့အကောင် မဟုတ်ဘူး။ သူ့အပေါင်းတွေ အသင်းတွေကို ကျွေးဟယ် မွေးဟယ်နဲ့ အရပ်ထဲမှာ တဝါးဝါး တဟားဟား လုပ်နေတော့တာပါ။ သူ့ကိုယ်ပေါ်က ကလပ်ဆဲဗင်းကြီးကလည်း ဆယ်ရက်လောက် ပဲခံတယ်။ လက်ထဲ သုံးစရာပြတ်သွားတော့ လမ်းထိပ်မုန့်ဟင်းခါးသည် ဒေါ်ကုလားမဆီမှာ ငါးရာနဲ့ပေါင်လိုက်ရရော။ ဒေါ်ကုလားမက အပေါင်တွေ ဘာတွေ ခံနေကျတော့ မဟုတ်ဘူး။ သူ့သား ကြွက်နီက အမေ တန်တယ်။ သူမရွေးနိုင်ရင် ကျုပ်ဝတ်ရတာပေါ့ဆိုလို့ ယူလိုက်ရတာပါ။ ဖြိုးကြီးကလည်း ကျုပ် တစ်လအတွင်း ရွေးမယ်ဗျာ။ မရွေးနိုင်ရင် အဆုံးထားလိုက်ဆိုတော့ မရှိမယ့် ရှိမယ့် ငွေကလေးငါးရာ ပေးလိုက်တာပါ။

တစ်လပြည့်တော့ ဖြိုးကြီးတစ်ယောက် ကျောက်ပွဲစား မောင်ဝင်းဆီကို ပြေးကပ်တယ်။

"ခင်ဗျား ခြောက်ရာနဲ့ရွေးလိုက်ပါလား။ ကျွန်တော်တော့ မရွေးနိုင်တော့ဘူးဗျ" တဲ့။ မောင်ဝင်းကလည်း နှစ်ထောင်ကျော်တန် စပို့ ရှပ်ကြီး ခြောက်ရာနဲ့ ရွေးယူဆိုတော့ သဘောတွေ့သွားတာပေါ့။ ရွေးမယ်ဆိုတော့ ဖြိုးကြီးက –

"ခင်ဗျားသွားရွေးလို့ ဒေါ်ကုလားမက ပေးမှာမဟုတ်ဘူး။ ကျုပ်ကို ပိုက်ဆံပေးလိုက်။ အခုလာပို့ လှည့်မယ်" တဲ့။

မောင်ဝင်းက ဖြိုးကြီးကို ယုံတာ မယုံတာထက် ဆင်စွယ်နှစ်ရောင် စပို့ ရှပ်ကြီး သူ့လက်ထဲရောက်ဖို့ ပဲ စိတ်လောနေတော့ ဖြိုးကြီကို ငွေခြောက်ရာ လွယ်လွယ်ပဲ ပေးလိုက်တယ်။ ဖြိုးကြီးက ခဏစောင့်ဆိုတဲ့ပြီး ထွက်သွားတာ ဒေါ်ကုလားမဆီကို မဟုတ်ဘူး။ ထင်းလက်ကား မောင်တင်ဆီကိုပါ။ မောင်တင်ကလည်း ဖြိုးကြီးဝတ်လာကတည်းက ကလပ်ဆဲဗင်းကြီးကို မျက်စိကျနေတဲ့သူမဟုတ်လား။ ဒေါ်ကုလားမဆီ ပေါင်ထားတာလည်း သူအသိဆိုတော့ ငွေခြောက်ရာ ဖြိုးကြီးလက်ထဲ ထည့်ပေးလိုက်တယ်။

"သည်မိန်းမကြီးဆီ မတန်မရာနဲ့ အဆုံးမခံချင်လို့ ပါ အစ်ကိုရာ" လို့ တောင် ခပ်တည်တည်နဲ့ ပြောသွားလိုက်သေးရဲ့။ ဖြိုးကြီးကတော့ ဒေါ်ကုလားမဆီ တန်းမသွားသေးပါဘူး။ မောင်မြင့် အလုပ်လုပ်တဲ့ ဒန်အိုးစက်ထဲ ဝင်သွားတယ်။

"အစ်ကိုစဉ်းစားကြည့်။ သည်ကလပ်ဆဲဗင်းကြီး နှစ်ထောင်ကျော်တန်တာ အစ်ကိုအသိ။ ငွေကလေးခြောက်ရာနဲ့ အဆုံးခံလိုက်ရမှာ နှမြောလွန်းလို့ ပါဗျာ။ ဝတ်ချင်းဝတ် အစ်ကိုဝတ်ရရင် ကျွန်တော် ကျေနပ်သေးတယ်"

မခံချင်တဲ့ပုံနဲ့ မကျေမနပ် ပြောတော့ မောင်မြင့်လို လူအေးကလည်း ဘာခံနိုင်မှာတဲ့တုံး။ စက်ပိုင်ဆီသွားပြီး ငွေသုံး ကြိုထုတ်ပေးလိုက်တယ်။ ဖြိုးကြီးမှာတော့ လူသုံးယောက်ကို မနားမနေ တရစပ် ယုံအောင်ပြောရတာ

နဲ့ပဲ ဖတ်ဖတ်ကိုမောလို့ ။ စုပေါင်းစပ်ပေါင်း ငွေတစ်ထောင့်ရှစ်ရာကို လက်ထဲဆုပ်ပြီး ဖြိုကြီးကတော့ ဖဲဝိုင်းရောက်သွားပြီ။

မောင်ဝင်းတို့ သုံးယောက်သား တစ်နေကုန် ဖြိုကြီးကို တမျှော်မျှော်နဲ့ပေါ့။ ညနေစောင်းလာတော့ စပ်ပူစပ်လောင် ဖြစ်ကုန်ကြပြီ။ ဘယ်သူ့မှလည်း မပြောရဲ မမေးရဲသေးဘူး။ အတော်ကလေး မိုးချုပ်တော့ လက်ဖက်ရည်ဆိုင်မှာ ဆုံမိ စကားစပ်မိကြရော ပြောပါတော့။ ဖြိုကြီး သည်လိုလုပ်တတ်မှန်းသိရက်နဲ့ ယုံစားမိတဲ့ သူတို့ ကိုယ်သူတို့ လည်း ရှက်လို့ မဆုံးတော့ဘူး။ မုန့်ဟင်းခါးသည် ဒေါ်ကုလားမကို သွားမေးတော့ –

"မလာပါဘူးတော်။ သေချင်းဆိုး တစ်လတည်းပါပြောပြီး" လို့ ပြောလိုက်တော့ မောကုန်ကြရော။ တစ်ယောက်နဲ့တစ်ယောက် ငွေခြောက်ရာစီ ပေးလိုက်ရပုံချင်း တူနေတာကိုက ရှက်စရာ။ ဒေါသထွက်စရာ ပိုဖြစ်ကြရတယ်။

"တောက် … သည့်ပြင်လူလိမ်တာထက် ဖြိုကြီးလိုအကောင်ရဲ့ အလိမ်ခံရတာ ငါပိုရှက်တာ"

မောင်တင်ကပြောတော့ ကျောက်ပွဲစား မောင်ဝင်းက –

"ငါက ပိုဆိုးသေး။ သူတကာလှည့်ပြီး ကျောက်ပြစားလာတဲ့ အကောင်က ကလပ်ဆဲဗင်းကျမှ ခံလိုက်ရတယ်လို့ ။ အိမ်ကမိန်းမသိရင် ပွက်လို့ ဆုံးမှာမဟုတ်ဘူး"

မောင်မြင့်ကတော့ လူအေးဆိုတော့ သည်အကြောင်းကို လူကြားသွားမှာ စိုးတယ်ထင်ပါရဲ့။ အံကြိတ်ပြီး မျက်နှာကြီး နီရဲနေတာကလွဲလို့ တစ်ခွန်းမှ မပြောဘူး။ နောက်ဆုံးတော့ ဖြိုကြီးကိုတွေ့မှ ဖြစ်မယ်ဆိုပြီး သူ့အိမ်ရှေ့မှာ သွားထိုင်စောင့်နေလိုက်ကြတယ်။ ဖြိုကြီးအိမ်က လူတွေကတော့ ဘာပြောတတ်မှာတဲ့လဲ။ သည်ကိစ္စကို သူတို့ ပြောလို့ သာ သိကြရတာကိုး။

နေ့ စဉ်ရက်ဆက် သွားစောင့်ပေမယ့် ဖြိုကြီးကတော့ ပျောက်ချက်သားကောင်းသွားလိုက်တာ ပေါ်ကို မလာတော့ဘူး။

(၄)

ပေါ်လာမယ့်လာတော့ လူသူလေးပါး မသိနိုင်တဲ့အချိန်ကြီး။ ရက်နှစ်ပတ်လောက်အကြာ လကွယ်ညဆိုပါတော့။ မှောင်လိုက်တာမှ ပိန်းပိတ်လို့ ။ လက်ဝါးထောင်ကြည့်လို့ တောင်မှ မမြင်ရတဲ့ ညပါ။ ဖြဲကြီးက သက်ကြီး ခေါင်းချချိန်သာသာလောက်မှာ သူ့အိမ်ကို တိတ်တိတ်ကလေး ပြန်လာတယ်။ ဖဲရှုံးလို့ လက်ထဲလည်း ငွေတစ်ပြားမှ မကျန်တော့ဘူး။ ဒါပေမဲ့ ဒေါ်ကုလားမဆီက ကလပ်ဆဲဗင်းကိုတော့ ရအောင် ရွေးယူလိုက်တယ်။ မောင်ဝင်းတို့ တစ်တွေ သူ့ကို ချောင်းဖမ်းတော့မှာ သူသိနေတယ်။ ဒါနဲ့ပဲ ဒေါသကလေးမှ လျော့လျော့ ရက်နှစ်ပတ်လောက် တခြားသွားရှောင်နေလိုက်တာပါ။

ဖြဲကြီးက တိတ်တိတ်ကလေး ပြန်လာတာပေမယ့် သူပြန်ရောက်လာတာကို လိမ်လို့ မရဘူး။ သူရောက်လာတာကို ဖော်ကောင်လုပ်တာ အရပ်ထဲကခွေးတွေပဲ။ ခွေးတွေက လူသူလေးပါး ဟောင်ပုံနဲ့ ဖြဲကြီးကို ဟောင်ပုံချင်း တူမှမတူတာကိုး။ တခြား ဖြတ်သွားဖြတ်လာတွေကို ယောင်ယမ်း ဟောင်တတ်တဲ့ခွေးတွေက ဖြဲကြီးကိုတော့ ထိုးထိုးပြီး ဟောင်တယ်။ ဖြဲကြီးက လက်ဖျောက်တီးပြီး အို့ အို့ လုပ်ပေမယ့် မရဘူး။ ညကြီးမှောင်မှောင် ခိုးကြောင်ခိုးဝှက်နဲ့ဆိုတော့ ခွေးတွေက ပိုဟောင်တော့တာပဲ။ သည်လို ခွေးတွေထိုးဟောင်တာကိုပဲ မောင်ဝင်းတို့ က သိလိုက်ပြီ။ သိသိချင်း ဖြဲကြီးအိမ်ရှေ့ရောက်လာတော့တာပါ။

"ဟော့ကောင် ဖြဲကြီး ထွက်ခဲ့စမ်း လူလိမ်"

"ခေါ်နေတာ မကြားဘူးလား။ ထွက်မလာရင် တို့ အဆိုးမဆိုနဲ့ဟေ့"

"ကြာတယ်ကွာ တံခါးဆွဲဖွင့်စမ်း"

မောင်ဝင်းတို့ တစ်တွေရဲ့ဝုန်းဒိုင်းကြဲသံက ညမှာ ဟိန်းထွက်လာတယ်။ ခွေးတွေကလည်း တဝေါဝေါနဲ့ ထိုးဟောင်တော့ အရပ်က ခေါင်းထောင်ကြည့်ကြတယ်။ ဖြဲကြီးကတော့ အိမ်ထဲကနေ တုတ်တုတ်တောင် မလှုပ်ဘူး။ စိတ်တိုလာတာနဲ့ပဲ မောင်မြင့်က အိမ်ကို ခဲနဲ့ကောက်ထုတယ်။

လေးငါးချက်လောက် အိမ်ပေါ် ခဲကျတော့မှ အစ်မလုပ်သူက "ဟဲ့ ဖြိုးကြီး၊ နင့်ပြဿနာ နင်ထွက်ရှင်းလေ။ ဘာအောင်းနေတာတုံး၊ ငါတို့ ခဲမှန်မခံနိုင်ဘူး။ သွား"

ဆိုပြီး အော်ရော။ အဲသည်ကျမှ ဖြိုးကြီးက အိမ်ထဲကနေ ပျာပျာ သလဲထွက်ချလာတယ်။

"အဖေ သိပ်နေမကောင်းလို့ ပါ အစ်ကိုတို့ ရာ နော်။ ကျွန်တော်တောင်းပန်ပါတယ်။ ဒီမှာ အင်္ကျီ။ ရော့ ရော့"

ဆိုပြီး ထရံပေါက်ကနေ အင်္ကျီထုပ်ကြီးကို လှမ်းပေးတယ်။ မောင်ဝင်းတို့ သုံးယောက်သား ကြောင်သွားပြီး အထုပ်ကြီးကို လှမ်းကြည့်လိုက်ကြတယ်။ သည်အထုပ်ကြီးကို ဘယ်သူယူမှာတုံး။ ဘာလုပ်ရမှန်းမသိတာနဲ့ဘဲဝင်းထရံကြားက ထွက်လာတဲ့ ဖြိုးကြီးရဲ့လက်ကြီးကို မောင်တင်က တုတ်နဲ့ရိုက်ချလိုက်တယ်။

"ဟေ့ကောင် ဘာမှပြောမနေနဲ့။ ထွက်ခဲ့။ မင်းကလပ်ဆဲဗင်းလည်းတို့ မလိုချင်ဘူး။ တို့ ပိုက်ဆံ တို့ ပြန်ပေး"

"နောက်တော့ ကျွန်တော် ရှင်းပေးပါ့မယ် အစ်ကိုတို့ ရာ။ လောလောဆယ် သည်ဟာကို ခဏယူထားကြပါဦး။ ကျွန်တော် ... ဟော အဖေ"

"အဟွတ် အဟွတ် အဟွတ်"

အိမ် မှောင်မှောင်မည်းမည်းကလေးထဲက ဖြိုးကြီးအဖေရဲ့ချောင်းဆိုးသံ အဟွတ်ဟွတ်က ဆက်တိုက်ထွက်လာတယ်။ ဖြိုးကြီးက ဖအေကိုစိုးရိမ်ဟန်နဲ့နောက်ကို လှည့်ကြည့်တယ်။ အရပ်ထဲက လူသုံးလေးယောက်ကလည်း လက်နှိပ်ဓာတ်မီး တဝင်းဝင်းနဲ့ထွက်လာကုန်ကြပြီ။ ရပ်ကွက်လူကြီး ဦးတင်ဖေကလည်း အရပ်ထဲဆူဆူညံညံ မလုပ်ကြဖို့ တောင်းပန်တယ်။ အကျိုးအကြောင်းကို မနက်လင်းတော့ သူရှင်းပေးမယ် ပြောတယ်။ မောင်ဝင်းတို့ ဘာဆက်လုပ်ရမှန်းမသိ ဖြစ်သွားတယ်။ သည်ကောင့်ကိုဆွဲထိုး ဆွဲရိုက်လုပ်ရင်လည်း ပေခံမယ့်ကောင်။ သူ့အပြစ် ကိုယ့်အပြစ်ဖြစ်သွားဦးမယ်။ နောက်တော့ ကျွန်တော် ရှင်းပေးပါ့မယ်ဆိုတာကလည်း

ဘယ်တော့မှ ရှင်းမယ့်ကောင်မဟုတ်ဘူး။ မတော်တဆ သူ့ဖအေကြီး အသက်ထွက်သွားရင်တောင် ကိုယ့်ကြောင့်လိုလို ဖြစ်ဦးမယ်။ လူကြီးတွေကလည်း တောင်းပန်နေတော့ မောင်ဝင်းလည်း အထုပ်ကြီးကိုပဲ ဆတ်ခနဲ ဆွဲယူလိုက်တယ်။

အထုပ်ကြီးကို ဖြည်ကြည့်လိုက်တော့ ကလပ်ဆဲဗင်း စပို့ရှပ်ကြီးက စိစိညက်ညက်ကို ကျေလို့ ပါ။

(၅)

အဲသည်အကြောင်းစုံကို မနက်လင်းတော့ တစ်ရပ်ကွက်လုံး သိကုန်ကြတယ်။ ဟိုလူကမေး၊ သည်လူကပြောနဲ့ မောင်ဝင်းတို့ လည်း ကိုယ့်အရှက်ကိုယ်ခွဲသလို ဖြစ်မှာစိုးတာနဲ့ သည်အတိုင်းပဲ နေလိုက်ကြရတော့တာပဲ။ ကလပ်ဆဲဗင်းကြီးကိုတော့ ကျောက်ပွဲစား မောင်ဝင်းက အမ်းယူလိုက်တယ်။ မောင်တင်နဲ့ မောင်မြင့်ကို ငါးရာစီ အမ်းလိုက်ရတာဆိုတော့ သည်စပို့ ရှပ်ကြီးက တစ်ထောင်နဲ့ခြောက်ရာ ကျသွားတာပေ့ါ။ ဒါတောင် ဖြိုးကြီးကပြောသေးတာ။

“ကျွန်တော်က ဖဲနိုင်ရင် သူတို့ ပိုက်ဆံတွေ ပြန်ပေးမလို့ ပါဗျာ။ သည်အင်္ကျီက ကျွန်တော်ဝယ်ရတာ နှစ်ထောင်ကျော်ပါတယ်။ ကျွန်တော် ရတာ တစ်ထောင့်ရှစ်ရာဆိုတော့ ကျွန်တော်ဝတ်ခလျှော့လိုက်ရတဲ့သဘောပေ့ါ” တဲ့။ သူကတောင် မှန်နေသလိုလို။ တကယ်ငွေပေးဝယ်ကြစတမ်းဆိုရင် သူဝတ်ပြီးသားကြီး ဘယ်သူမှ ပေးဝယ်မှာမဟုတ်ပါဘူး။ ငွေခြောက်ရာနဲ့ အချောင်ရမလားလို့ လိုချင်အားကြီးတဲ့ မောင်ဝင်းတို့ ကပဲ လောဘသားကောင်တွေ ဖြစ်သွားရတော့တယ်။ တစ်ယောက်တစ်ရာစီ ဆုံးလိုက်ရတဲ့ မောင်တင်နဲ့ မောင်မြင့်က ခံသာပါသေးတယ်။ ငွေအမ်းယူလိုက်ရတဲ့ မောင်ဝင်းရဲ့မိန်းမ တင်တင်မာကတော့ ဆူလို့ ဆောင့်လို့ မဆုံးတော့ဘူး။

“သေချင်းဆိုး၊ မြွေပွေးကိုက်။ လိမ်စရာ ညာစရာ ရှားလွန်းလို့ တော်။ ငွေအလိမ်ခံလိုက်ရတာ တော်သေး။ ခုတော့ သင်း ချေးတွေ ညှော်တွေကို ငါ့အလာအလျှော်ခိုင်းတာနဲ့ အတူတူပဲ။ ငါပါ အဆစ်အလိမ်ခံရတာ။ အိမ်ကလူ ကိုမောင်ဝင်းတို့ များ ကျောက်ပွဲစားလုပ်နေပြီး ညံ့ချက်တော့။ သည်ဖြဲကြီးပါးစပ် လိမ်တတ်ညာတတ်မှန်းသိရက်နဲ့သည်နီဂရိုးပါးစပ်ကြီး ကို ယုံတာ အံ့ပါရဲ့တော်”

ဒါပေမဲ့ လူတွေကတော့ အမှတ်အတေးများ ရှိကြမယ်ထင်သလား။ ဝေးပါသေးရဲ့။ ဖြဲကြီးမို့ အရပ်ထဲမမြင်ရင် –

“ဟော့ကောင် မင်းတို့ ဖြဲကြီးများ မတွေ့မိဘူးလားကွ။ ငါ ခိုင်းစရာ ရှိလို့”

“မတွေ့ဘူးကွ။ ငါတောင် ပိုက်ဟောင်းတွေ ရောင်းချင်လို့ သည် ကောင့်ကို မျှော်နေတာ” နဲ့ရှာနေကြသေးတာပဲ။ ဘယ်သူက ဘာပြောနေ နေ ဖြဲကြီးရဲ့ပါးစပ်ကြီးကတော့ ထူထူအန်းအန်းကြီးနဲ့ဟိုတုန်းကအတိုင်း ပါပဲ။ လူတွေကလည်း ဖြဲကြီးကို မျှော်မြဲမျှော်နေကြတာပဲ။ သည်ရပ်ကွက် ကလေးကလည်း ဖြဲကြီးမရှိလို့ မဖြစ်ဘူး။ ဖြဲကြီးဘက်ကလည်း သည်ရပ် ကွက်ကလေး မရှိလို့ မရပြန်ဘူး။ ဖြဲကြီးကတော့ ကလေးတွေကို စတုန်း နောက်တုန်း။ ခွေးတွေကို ခြောက်တုန်း လှန့်တုန်း။ ကျွေးတုန်း မွေးတုန်း။ လူကြီးတွေကိုတော့ ဖြဲကြီးက ထည့်ကို မစဉ်းစားတာ။ သည်လူတွေ တစ်နည်းနည်းနဲ့လာပတ်သက်ကြဦးမယ်ဆိုတာ သူသိနေတာကိုး။ ဖြဲကြီး ကတော့ ပျော်ပျော်ပဲ။

**မဟေသီမဂ္ဂဇင်း၊ ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ**

www.burmeseclassic.com



ခင်ခင်ထူး
ဗီဒီယိုကားချပ်များ

www.burmeseclassic.com

# ပိုလိုကားချပ်များ

သည်ကလေးမလေးကို မကျေးလို့ ခေါ်ကြတယ်။ လူပုံက ခပ်ညှက် ညှက် သေးသေးကလေး။ ပိန်လိုက်တာကလည်း အရိုးစုကလေး ထောင် ထားသလား မှတ်ရတယ်။ မြင်လိုက်ရရင် လေဘေးအကျီ ဖိုးရိုးဖားရားကြီး နဲ့မလိုက်အောင် ဘဲမြီးကလေးလို ထွက်နေတဲ့ ဆံပင် စုစည်းကလေးက မကျေးရဲ့ကိုယ်ပိုင်ရုပ်ပုံလွှာပဲ။ ဘယ်တော့ ကြည့်လိုက်ကြည့်လိုက် ဒါမျိုးနဲ့ ချည်းပဲ။ သူ့စွတိုင်ထင်ပါရဲ့။ ထဘီကွင်းကျယ်ကျယ်ကို တိုတိုကျစ်ကျစ် ပါအောင် ဝတ်ထားတတ်တယ်။ ဖိနပ်မြီးတိုကလေး တရှပ်ရှပ် စီးတတ် တာကလည်း မကျေးရဲ့ဟန်ပါပဲ။ ဆံပင် နီခြောက်ခြောက်ကလေးတွေ လွင့်ပျံနေတတ်တဲ့ ဆံပင်ပါးပါးနဲ့အမြဲတမ်း ပြုံးနေတတ်တာကလည်း ချစ်စရာကောင်းတယ် ပြောပါတော့။ ဖိုသီဖတ်သီနိုင်တာ၊ ရှပ်ရှပ်ပျာပျာနဲ့ သွားတတ်လာတတ်တာကတော့ မျိုးရိုးလိုက်တယ်လို့တောင် ပြောရမလို ပါပဲ။ သူ့အမေကလည်း ဒါမျိုးပဲ။

တစ်ခါက မကျေးအသက်ကို ကျွန်မ မေးကြည့်တော့ ဆယ့်နှစ်နှစ် ရှိပြီလို့ ပြောတာပဲ။ ဒါပေမဲ့ လူကောင်ကလေးက အဟန့်သေးတော့ တကယ့်ကို ကျေးငှက်ကလေးတစ်ကောင်နဲ့တောင် တူနေတယ်။ ပါးပါး လျားလျားရှိတဲ့ သူ့ခန္ဓာကိုယ်နဲ့အလိုက်တလျောမရှိပေမယ့် မကျေးကတော့

သူ့ခေါင်းပေါ်က ပဲပြုတ်တောင်းကြီးကို ဟန်ချက်ကောင်းကောင်းနဲ့ထိန်းတတ်နေပါပြီ။ တစ်ခါတလေ ပဲပြုတ်တောင်းကြီးကို လက်လွှတ်ပြီး ပိုက်ဆံများတောင် ရေနေတတ်သေး။ ချိန်ခွင်ကို ကိုင်တွယ်ပုံကအစ ပဲကလေးနှစ်စေ့ သုံးစေ့ကို ဈေးမ ရက်ရောမှုကြီးလို အဆစ်သဘောမျိုး ထည့်ပေးပုံအဆုံး တကယ့်ဝါရင့်ပဲသည် မိန်းမကြီးတစ်ယောက်လို လုပ်တတ် ကိုင်တတ် ရှိလိုက်တာမှ။ ဒါကိုကြည့်ရင် မကျေးရဲ့အတွေ့အကြုံကို မှန်းလို့ရနိုင်ပါတယ်။

မကျေးတို့ သားအမိ သားအဖတွေက မန္တလေးရဲ့နေရာသစ်တစ်ခုဖြစ်တဲ့ ကန်တော်ကြီး အနောက်ဘက်ခြမ်းက အသစ်ဆောက်ထားတဲ့ တိုက်တန်းတွေရဲ့ကျောဘက်မှာ ကိုယ်ပိုင်တဲကလေးတွေနဲ့နေကြတယ်။ ငါးကန်စောင်းကို မေးတင်ဆောက်ထားတဲ့ တဲကလေးတွေဆိုတော့ ကောင်းကောင်းမွန်မွန် ခိုင်ခိုင်ခံ့ခံ့တော့ မဟုတ်ဘူး။ နေဖြစ်ရုံ နေနေကြတာ။ တဲကလေး အတော်များများက မပြင်တာကြာလို့ အတော့်ကို ဟောင်းနေကြပါပြီ။ ကန်စပ်က ဗေဒါဒိုက်တွေ၊ မြက်ရိုင်းချုံပုတ်တွေ၊ ရေကန်စွန်းရုံတွေက တဲနောက်ဖေးနဲ့တစ်ဆက်တစ်စပ်တည်း ရောထွေးနေတယ်။ တဲကလေးတွေကို ကြည့်လိုက်ရင် အနားက လေးထပ်တိုက်မြင့်မြင့်ကြီးတွေရဲ့အရိပ်အောက်မှာ ခပ်ကုပ်ကုပ်ကလေး ဝပ်စင်းနေကြတာမျိုးပေါ့။ သူဌေးပိုင် ငါးကန်ထဲက ရေဂယက်တွေကြား တစ်ခါတစ်ရံပွက်ထလာတတ်တဲ့ ငါးကြင်းမျက်ဆံနီကြီးတွေကလည်း သူတို့နဲ့ဘယ်လိုမှကို မဆိုင်တာပါ။ ကန်စပ်မှာ တစ်ပင်တည်း ထီးထီးရှိနေတဲ့ သစ်ခြောက်ပင် ဖြူလျော်လျော်ကြီးကတောင် မကျေးတို့နဲ့ဘာမှ မပတ်သက်သလိုမျိုးခပ်တင်းတင်းရယ်။ ခြောက်သယောင်းနေတဲ့ သစ်ခြောက်ပင် ကိုင်းဖျားကိုင်းနားတွေက သူတို့ တဲကလေးတွေကို မလှုပ်မခြောက် ငုံ့ကြည့်နေတာမျိုးပါ။

မနက်စောစော ငါးနာရီလောက်ဆိုရင် မကျေးရဲ့အသံစာစာက တိုက်တန်းတွေကြားမှာ စူးစူးရှရှကလေး ထွက်လာတတ်တယ်။ တချို့က

www.burmeseclassic.com


သူအော်လိုက်မှ ခေါ်ဝယ်တာရှိသလို၊ တချို့ကလည်း ညဦးကတည်းက ကြိုမှာထားကြတာလည်း ရှိရဲ့။

"ဟောသည်က ပဲသည်၊ ငချိပ်ပေါင်းသည် ..."

"ယူကြဦးမလား ... ပဲပြုတ်၊ ငချိပ်ပေါင်း ... ပူပူနွေးနွေး ..."

သည်အသံက ကျွန်မအပါအဝင် တိုက်ခန်းကလူတွေအားလုံးကို အိပ်ရာထဖို့ ကပျာကသီ ပုတ်နှိုးလိုက်တဲ့အသံပါပဲ။ မကျေးအသံကြားတာနဲ့ ကျွန်မလည်း အိပ်ရာထဲ ဆက်ပြီးဖိမ်မယူနိုင်တော့ပါဘူး။ ချက်ချင်းလိုလို လူးလဲထရတော့တာပါ။ အသံပျောက်တာနဲ့ လူပါပျောက်သွားတတ်တော့ ချက်ချင်းခေါ်နိုင်မှ သေချာတာကလား။ ဘာပဲဖြစ်ဖြစ် မကျေးက ကျွန်မ အတွက်တော့ နှိုးစက်နာရီတစ်လုံးလိုပါပဲ။ သူတို့ မှာ နာရီမရှိပေမယ့် သေချာတယ် ပြောပါတော့။

(၂)

မနက်ခင်း ရှစ်နာရီ ပတ်ဝန်းကျင်လောက် ပဲပြုတ်ရောင်းရာက ပြန်လာရင် ကျွန်မတို့ နေတဲ့တိုက်ခန်းပေါ်ကို မကျေး တက်လာတတ်တယ်။ ဘာရယ်မဟုတ်ပါဘူး။ ဘယ်သူ ဘာခိုင်းမလဲဆိုပြီး တက်လာတာပါ။ ချွေးစေးကလေးတွေနဲ့ စိုထိုင်းနေတဲ့ နားသယ်စပ်ပေါ်က ဆံပင်တွေကို လက်နဲ့သပ်တင်ရင်း တစ်ခါတစ်ခါ ကျွန်မရဲ့ဗာဟီရတွေကို ကူလုပ်ပေး နေတတ်တာလည်း ရှိတယ်။ ကျွန်မတို့ အခန်းက အပေါ်ဆုံးထပ် အလယ် တည့်တည့်မှာဆိုတော့ မကျေးတို့ နေတဲ့ တဲကလေးနဲ့ တည့်တည့်လို ဖြစ်နေ တာပေ့ါလေ။ မနက်လင်းလို့ ပြတင်းတံခါး ဖွင့်လိုက်ပြီး ငုံ့ကြည့်လိုက်တာနဲ့ မျက်နှာချင်း ဆိုနေကြရတာပါ။ သည်တော့လည်း ကျွန်မနဲ့မကျေးက အပေါ်အောက် အိမ်နီးချင်း၊ ဒါမှမဟုတ် ထောင်လိုက် အိမ်နီးချင်း ဆိုပါတော့။ အစတုန်းကတော့ အခန်းလေးဆယ်စီရှိတဲ့ တိုက်တန်းတွေ ပေါ်က ကျွန်မကို မကျေးက သတိထားမိပုံမရပါဘူး။ တစ်ရက် ကျွန်မကို ကျောင်းဝတ်စုံကလေးနဲ့တွေ့လိုက်ရတဲ့နေကျမှ မကျေးက အံ့ဩတဲ့မျက်နှာ လေးနဲ့ ကျွန်မကို နှုတ်ဆက်တယ်။

"ဪ … ဆရာမက ကျောင်းဆရာမလား" တဲ့။

ကျွန်မက ပြုံးပြလိုက်တော့ ကျောင်းခြင်းတောင်းကို ကူဆွဲရင်း လိုက်ပို့ ရာက ကျွန်မနဲ့မကျေး ခင်မင်သွားရတာပါ။ ကျွန်မ ကျောင်းသွားချိန်မှာ မကျေး အားနေတတ်တယ်။ ကျောင်းပြန်ချိန်ကျတော့လည်း မကျေးက တာရိုးထိပ် လာစောင့်နေတာပါပဲ။ သည်တော့ သူနဲ့ကျွန်မ ခဏခဏ ဆုံရသလို ဖြစ်နေတာပါ။ ကျွန်မရဲ့စက်ဘီးကို တာရိုးပေါ်က အဆင်းမှာ ထိန်းကိုင်ပေးရင်း အရည်လှဲ့နေတတ်တဲ့ သူ့မျက်ဝန်းက အရောင်တွေကို ကျွန်မ ဖတ်လို့ ရပါတယ်။ ကျောင်းနေအရွယ် ကလေးတွေဟာ ဆရာမ တစ်ယောက်ဆိုရင် လေးစားချစ်ခင်ရကောင်းမှန်း သိကြတာ ကျွန်မသိတာပေါ့။ ဆရာ ဆရာမတွေကလည်း ကျောင်းနေအရွယ် ကလေးတွေကို ကိုယ့်တပည့်ကလေးတွေလို အောက်မေ့ကြရတာပဲမဟုတ်လား။ သည်တိုက်တန်းတွေမှာရှိတဲ့ အခန်းလေးဆယ်ထဲကမှ ကျွန်မကို မကျေးပိုခင်တာကလည်း ကျွန်မက ကျောင်းဆရာမကလေးမို့ လို့ လားလို့ ကျွန်မ တွေးနေမိသေးတယ်။ နောက်တော့ ကျွန်မတွေးတာ မှန်နေတာပါပဲ။

အဲသည်နောက် မကျေးဟာ ကျွန်မဆီ တက်တက်လာပြီး သူနိုင်သမျှ အိမ်အလုပ်တွေကို ကူလုပ်ပေးတော့တာပါ။ တံမြက်စည်း ကူလှဲတာ၊ အမှိုက်သွန်ပေးတာ၊ အိုးခွက် ပန်းကန်တွေ ဆေးကြောပေးတာမျိုးကအစ၊ ဟိုနား သည်နား ဈေးပြေးဝယ်ပေးတာအဆုံးပေါ့။ ကြုံရာကျရာ အကုန်လုပ်ပေးတော့တာပါ။ မကျေး မလာရင်တောင် ကျွန်မက မျှော်နေတတ်ပြီ။ လာရင်လည်း ဆံပင်ဖိုးရိုးဖားရားနဲ့ပဲပါပဲ။ ဥသျှစ်သီးလောက်ရှိမယ့် မျက်နှာကလေးကတော့ ပြုံးလို့။

"ဈေးရောင်းစားရတာ မလွယ်ပါဘူး ဆရာမရယ်၊ စားတော်ပဲဈေးက တစ်ပြည်ကို ခြောက်ရာကျော်သွားပြီ။ ကောက်ညှင်းငချိပ်က ဈေးထဲမှာ တစ်ပြည် နှစ်ရာ့ငါးဆယ်၊ ဝယ်ဈေးကသာ တက်တာပါ ဆရာမရယ်။ ရောင်းဈေးကျတော့ သိပ်တက်လို့ ဖြစ်တာမဟုတ်ဘူး။ ဘယ့်နှယ်လုပ်မှာတုန်း ဆရာမရဲ့ လူတွေက ကျွန်မတို့ ဆီကနေ အစိတ်သား သုံးဆယ်သား

 www.burmeseclassic.com 

ဝယ်စားကြတာမဟုတ်ဘူး။ အစိတ်ဖိုး သုံးဆယ်ဖိုး ဝယ်စားကြတာ။ ကျွန်မကလည်း ရောင်းနေကျ လက်ဆက လျှော့မရဘူး။ ခါတိုင်းလောက် အမြတ်မကျန်တာပေ့ါ ဆရာမရယ်"

တစ်ခါ တစ်ခါ ဘာတစ်ခွန်းမှ မမေးရဘဲနဲ့ ကျွန်မကို စိတ်လိုလက်ရ ပြောနေတတ်တဲ့ မကျေးရဲ့လေသံက ကလေးတစ်ယောက်ရဲ့လေသံမျိုး မဟုတ်ဘူး။ သူ့ရှေ့မှာရှိနေတဲ့ ကျွန်မကို အားကိုးတကြီး ရှင်းပြနေတာ မျိုးလည်း မဟုတ်ဘူး။ သူနဲ့ရွယ်တူတန်းတူတစ်ယောက်ကို ပေ့ါပေ့ါပါးပါး အာလပ သလ္လာပစကား ပြောနေပုံမျိုးပါ။ ကျွန်မကလည်း သူ အဲသလို ပြောတတ်တာကို အလေးအနက် ထားရကောင်းမှန်း အစက မသိခဲ့တာ အမှန်ပါပဲ။ နောက်တော့မှ သူ့စကားတွေဟာ သူ့ဘဝထဲက လာတာပါ လားလို့ သတိထားမိသွားတာပါ။

မကျေးအလုပ်က မနက် ပဲရောင်းထွက်ရုံတင်မကပါဘူး။ ညနေတိုင် ပဲကြွေး လည်တောင်းရသေးသတဲ့။ ပဲပြုတ်သည်တွေက များတော့ ညနေထိ စောင့်နိုင်တဲ့ပဲသည် ရောင်းရတာပဲတဲ့။ မကျေးရဲ့ Sales Promotion ထင်ပါရဲ့။

"လူတွေက မနက်တော့ ဟုတ်တိပတ်တိ ယူစားလိုက်ကြတာ ဆရာမ ရဲ့။ ညနေ အလုပ်ပြန် ပိုက်ဆံပါလာမှ ကျွန်မကို ပဲဖိုးပေးတာလေ။ ရရင်ပြီးတာပဲ၊ ကျွန်မကတော့ သွားတောင်းရတာပေ့ါလေ"

သူမို့ မမောနိုင်မပမ်းနိုင် မနက်က ရောင်းခဲ့တဲ့ အိမ်ပေါက်စေ့ကို ညနေတစ်ခေါက် ထပ်သွားနိုင်လေခြင်းလို့ ကျွန်မ စဉ်းစားမိသေးတယ်။ သည်ကြားထဲက ကျွန်မ အလုပ်တွေကိုလည်း ကူမိအောင် လာကူသေးတာ ပါ။ မကျေးဟာ အရွယ်နဲ့မလိုက် သွက်လက်ချက်ချာသူကလေးဆိုတော့ ကျွန်မကလည်း သဘောကျမိတယ်။ လူပုံသွက်ရုံတင်မကပါဘူး။ မကျေးက မျက်စိရေလည်း အင်မတန်တတ်တာပါ။ တစ်ခါက ကျွန်မတို့ ဇနီးမောင်နှံ အပျင်းပြေ ရောင်စုံစက္ကူကလေးတွေ ဒီဇိုင်းကပ်ပြီး အလှဆင်ဖို့ မြေအိုး ကလေးတွေ ကပ်ကျော်ဈေးက ဝယ်လာတော့ ဆိုင်က အိုးတွေ မကွဲအောင်

ကောက်ရိုးတွေ ခံထည့်ပေးလိုက်တယ်။ ဒါကိုမြင်တော့ မကျေးက မြေအိုးတွေ ကူသယ်ပေးရင်း –

"ဆရာမ၊ ကောက်ရိုးတွေ ဘာလုပ်ဦးမှာတုံး၊ မလုပ်လို့ ရှိရင် ကျွန်မတို့ အိမ်က ကြက်တွေဖို့ ဥကျင်းလုပ်ချင်လို့" တဲ့။

ကျွန်မဆိုရင်တောင် သည်လိုစိတ်ကူးမျိုး ဖျတ်ခနဲ ပေါ်မိမှာ မဟုတ်ပါဘူး။ ကျွန်မက "ယူသွားလေ" ဆိုတော့ မကျေးက ချက်ချင်းပဲ ကောက်ရိုးတွေ တစ်မျှင်တစ်စမကျန် ပွေ့ယူသွားလေရဲ့။ တစ်ခါတလေ ကျွန်မ မအားလို့ ဈေးမသွားနိုင်ရင် မနီးမဝေးက ဈေးကလေးဆီ မကျေးကို လွှတ်ရတယ်။ စာရွက်ပိုင်းကလေးပေါ် ဈေးစာရင်းကလေး ရေးပေးလိုက်။ မကျေးက ဘာတစ်ခုမှ မကျန်ခဲ့စေရဘူး။ တစ်ခါတလေ သူက လိုတာထက်တောင် ပိုလိုက်သေး။

"ဆရာမက ငါးရှူ မှာလိုက်တာနော်၊ အစိတ်သား နှစ်ရာတဲ့။ အကောင်က သေးသေးကလေးတွေ။ ဒါနဲ့ ကျွန်မ ဇလားဗီးယားငါး ဝယ်လာခဲ့တယ်၊ လတ်လိုက်တာမှ ဗန်းထဲ ဖျတ်ဖျတ်လူးလို့။ အသားလည်း တစ်တယ် ဆရာမရဲ့၊ ကြော်ထားလည်း ကောင်းတယ်၊ ချက်စားလည်း ချိုလိုက်တာမှ"

အဲသလို မကျေးပါ။ ဈေးသွားပေးလို့ သူ့ကို မုန့်ဖိုးပေးရင် မအေကို ပြန်ပေးတတ်တာလည်း ကျွန်မသိထားတော့ သူ့ကိုပေးရတာ ဝမ်းသာရတယ်။ ကျောင်းသွားရ၊ အိမ်မှုကိစ္စတွေလုပ်ရ၊ တခြားလူမှုရေးတွေနဲ့ လုံးချာရိုက်နေတဲ့ကျွန်မအတွက်တော့ မကျေးက ကူဖော်လောင်ဖက် ကလေးလည်းဟုတ်၊ ကျွန်မရဲ့အဖော်ကောင်းကလေးလည်းဟုတ်၊ လက်ဆွဲ ပုံးကလေး ဆိုပါတော့။ အနေကြာလာတော့လည်း မကျေးကို ကျွန်မ သံယောဇဉ်ဖြစ်မိတာလည်း ပါတာပေါ့။ ထူးဆန်းတာက သည်ပလူမွေး ပလူတောင်ကလေးတစ်ယောက်ရဲ့နှုတ်က ထွက်ကျလာတတ်တဲ့ စကားလုံးတွေကတော့ ကျွန်မအတွက် စာထဲ ပေထဲ မတွေ့ဖူးတဲ့ အတွေးအမြင်တွေများလားလို့ တောင် တွေးမိနေတတ်တယ်။ တစ်ခါတလေလည်း ပြော

ချင်ရာ တောင်စဉ်ရေမရ ပြောနေတတ်တယ်။ ရွာထဲ ရပ်ထဲက ကြားလာတဲ့ သတင်းလတ်လတ်ဆတ်ဆတ်တွေလည်း ပါရဲ့။

(၃)

“မကျေး ... သည်နေ့ တယ်စောပါလား။ ပဲပြုတ်ရောင်း မသွားဘူးလား”

တစ်မနက်တော့ ကျွန်မတောင် ပြတင်းတံခါးတွေ မဖွင့်ရသေးဘူး။ စောစောစီးစီးပဲ မကျေး ပေါက်ချလာတယ်။ အင်္ကျီ ဖိုသီဖတ်သီ၊ ဆံပင်ဘဲမြီးစုစည်းနဲ့ စပ်ဖြီးဖြီး မကျေးပုံစံက နတ်သမီးပုံပြင်တွေထဲက လူရွှင်တော်ကလေးနဲ့တောင် တူနေသေးတော့တယ်။

“အဟီး ... အရုပ်ပြင်းလို့ ဆရာမရေ ...”

မကျေးက ပြောပြောဆိုဆိုနဲ့ပဲ ကျွန်မလက်ထဲက တံမြက်စည်းကို ဆွဲယူ ပြီး လှဲတော့တာပါ။ ကျွန်မကတော့ သူပြောတာကို ဖျတ်ခနဲ နားမလည်လိုက်ပါဘူး။ ဘာများ ပြောလိုက်တာပါလိမ့်ပေ့ါလေ။

“ဘယ်လို ... မကျေး”

“အရုပ်ပြင်းတော့ ... အရင်းပြုတ်တာပေ့ါ ဆရာမရဲ့။ အမေ ညက အကြောတွေ မတရားတက်လို့ တဲ့။ ဆေးခန်းပြေးရသေးတာ။ တော်သေးတာပေ့ါ၊ ကျွန်မ တစ်ရင်းပဲ ပြုတ်လို့။ အမေ့အရင်းမပြုတ်လို့ တော်သေး။ စောစောစီးစီးမပြောကောင်းဘူးလား၊ပြောကောင်းသလားတောင်မသိပါဘူး ဆရာမရယ်၊ ဖတ် ... ဖတ် ...”

မကျေးက တံမြက်စည်းရိုးကို ဒူးနှစ်လုံးကြားညှပ်ပြီး ဘုရားစင်ဘက်လှည့် လက်အုပ်ချီနေလိုက်သေးရဲ့။ ကျွန်မကတော့ မကျေးကို ဘာမှ ပြန်ပြောမနေတော့ပါဘူး။ ဒါမျိုးက ခဏခဏ ကြားရတော့ ရိုးနေသလိုတောင် ဖြစ်နေပြီကိုး။ မကျေးအဖေက ထင်းလည်ပေါက်တယ်လို့ ပြောတယ်။ လက်ဖက်ရည်ဆိုင်တွေမှာ ပေါက်ရတာ များသတဲ့။ အစ်ကိုကြီးက အိမ်ထောင်ပျက် ကလေးနှစ်ယောက်နဲ့ အိမ်မှာ ကပ်နေတာပါ။ အစ်ကို

လတ်နဲ့အစ်မက ကြံ့ရာကျဘမ်းလုပ်တယ်။ မကျေးအောက်က ကလေးက နှစ်ယောက်။ တပြုံတမကြီးရှိတဲ့ စားအိုးကို မကျေးပါ ဝိုင်းထိန်းနေရတော့ တာပါ။ ကျွန်မလည်း ကျောင်းသွားဖို့ ကိစ္စ လုံးပမ်းရသေးတာဆိုတော့ မကျေးနဲ့ သည့်ထက်ပိုပြီး စကားလက်ဆုံ မကျမိတော့ပါဘူး။ ဒါပေမဲ့ မကျေးရဲ့ပဲသည် ငချိပ်ပေါင်းသည်ဆိုတဲ့ အသံကလေးမကြားရတော့ ကျွန်မ စိတ်မကောင်းဖြစ်မိတယ်။ ကျွန်မအတွက် အိပ်ရာထဖို့ နှိုးစက် နာရီကလေး သံပတ်ပြတ်သွားသလိုတောင် ခံစားလိုက်မိပါသေးရဲ့။ ရက် တစ်ပတ်လောက်နေတော့ ကျွန်မ အိပ်ရာကမထသေးခင်မှာပဲ မကျေး အော်သံ ကြားရပြန်တယ်။

"ဟောသည်က ပဲပြုတ် ငချိပ်ပေါင်း ပူပူနွေးနွေး ..."

အသံစာစာကလေးက တိုက်တန်းတွေကြားကနေ စူးစူးအက်အက် ကလေး ပေါ်လာပြန်ပါပကောလား။ ကျွန်မ နှိုးစက်ကလေး ဘယ်သူများ ပြင်ပေးလိုက်တာပါလိမ့်။ ပဲရောင်းကအပြန် မကျေးတက်လာတော့ ကျွန်မ က တခုတ်တရ မေးကြည့်မိတယ်။

"မကျေး ... ဒီနေ့ ပဲရောင်းထွက်တယ်ပေါ့"

ကျွန်မ ဘာကိုမေးချင်တာလဲဆိုတာကို မကျေး သဘောပေါက်ပုံရ တယ်။ ရှုပ်ပွနေတဲ့ သူ့ခေါင်းကို တဗျင်းဗျင်းကုတ်ရင်းက ကျွန်မကို ပြုံးကြည့်လိုက်သေးတာပါ။ စကားလုံးတွေ ရွေးချယ်နေတာမျိုး။

"ဟိုလေ ... လာလာ ဆရာမ ကျွန်မပြမယ်။ ဟိုး ... ငါးကန်ထိပ်က အိမ်မည်းမည်းကြီးလေ၊ တွေ့လား ဆရာမ"

ပြတင်းပေါက်နားအထိ ကျွန်မလက်ကို ဆွဲခေါ်သွားတဲ့ပြီး ငါးကန်ရဲ့ တစ်ဘက်ကမ်း ခပ်ဝေးဝေးက ရေနံချေးသုတ် ပျဉ်ထောင်အိမ်ဟောင်းကြီးကို လက်ညှိုးထိုးပြတယ်။ ကျွန်မ မေးခွန်းက တခြား၊ မကျေးပြနေတာက တခြား။ သူ ဘာကိုဆိုလိုတာပါလိမ့်။ ရေကန်တစ်ဘက်က အိမ်တန်းတွေ ကြားမှာ ပျဉ်ထောင်အိမ်ကြီးက တော့်တော့်ကို မြင်သာပါတယ်။

"အင်း ... အင်း ... အဲသည်အိမ်ကြီးက ဘာဖြစ်သလဲ"

"အိမ်ကြီးက ဘာမှမဖြစ်ပါဘူးဆရာမရဲ့၊ ကျွန်မက ဖြစ်တာပါ"

မကျေးက မျက်နှာကလေး ပြုံးထားရင်းက သူ့ရှင်ဘတ်ကိုလည်း သူ့လက်သေးသေးကလေးတွေနဲ့ပုတ်ပြနေသေးရဲ့၊ ကျွန်မမှာ သူနဲ့နေရတဲ့ အချိန်ကလေးတိုင်းမှာ တစ်မျိုးတော့ ပျော်စရာကောင်းတယ်လို့ ထင်နေမိတယ်။ ကျွန်မတို့ ဘဝ ကျွန်မတို့ အသိုင်းအဝိုင်းထဲက စိတ်တင်းကျပ်မှုမျိုးတွေ မကျေးတို့ မှာ မရှိဘူး။ သူတို့ ဘဝက ရှိရင်စားမယ်၊ မရှိရင် မစားဘူး ဆိုတာကလွဲရင် ဘာစိတ်အနှောင်အဖွဲ့မှ မခံရတာကတော့ ကျွန်မတို့ ထက် သာပါတယ်။

"အဲသည်အိမ်က ငွေထုတ်ပေးတယ် ဆရာမရဲ့၊ ကျွန်မရဲ့ပဲပြုတ်ဖောက်သည်အိမ်ပါ။ ဟိုတုန်းကတော့ ကျွန်မတို့ ငွေသွားယူရင် မပေးဘူး။ မယုံလို့ လေ။ နောက်တော့ ကျွန်မက ပဲပြုတ်ကလေး၊ ငချိပ်ပေါင်းကလေး ပိုပက်ထည့်ပေးပြီး တဖြည်းဖြည်းရင်း သွင်းယူရတာလေ။ အခုတော့ သူတို့ က ငွေတိုးနဲ့ပိုက်ဆံတစ်ထောင် ထုတ်ပေးလိုက်လို့ ကျွန်မ ပဲပြုတ်တောင်း ခေါင်းပေါ်ပြန်တင်နိုင်တာ ဆရာမရေ ..."

မကျေးကိုကြည့်ရင်း ကျွန်မ အတော့်ကို စိတ်မကောင်းဖြစ်သွားမိတယ်။ သူများကို အတိုးအညွန့်ပေးဖို့ သူကစပြီး ရင်းလိုက်ရတာကိုပဲ မကျေးက ဂုဏ်ယူနေတဲ့ပုံပါ။ ကျွန်မကသာ ဖြစ်နေတာပါ။ မကျေးကတော့ ဘယ်လိုမှတောင် ခံစားရပုံမပေါ်ပါဘူး။ ရင့်ကျက်နေလိုက်ပုံများတော့။

"နေပါဦး ... ငွေတိုးက ဘယ်လိုဆပ်ရတာလဲ"

"ဩော် ... တစ်နေ့ ကို ငါးဆယ် သွင်းသွင်းသွားရတာ အရက်နှစ်ဆယ်သွင်းပြီးရင် အရင်းကျေရော။ နောက်ထပ်လေးရက်က အတိုးတွက်ဆပ်ရတယ်။ စုစုပေါင်း နှစ်ဆယ်နဲ့လေးရက်ဆိုရင် ပြီးပြီ။ လိုချင်သေးရင် နောက်ထပ် ယူရုံပဲ။ ငွေတိုးက ကိုက်တယ်ဆရာမရဲ့၊ ပြီးပြီးပျောက်ပျောက်လေ၊ ပေးရတာကလည်း မသိသာဘူး"

မကျေးအပြောအရဆိုရင် အတိုးက နှစ်ရာပေါ့။ ကျွန်မကတော့ မကျေးရဲ့ငွေတိုးက ကိုက်တယ်ဆိုတဲ့စကားကလေးအပေါ်မှာ မကျေမလည်

ဖြစ်ကျန်ရစ်ခဲ့တယ်။ မကျေးရဲ့တွက်နည်းကို တဖြည်းဖြည်းနဲ့မှ ကျွန်မ သဘောပေါက်လာမိတယ်။ မကျေးက ဈေးတွက် တွက်တတ်နေပါရော လား။ စီးပွားရေးစာအုပ်တွေမှာ ဖတ်ရတဲ့ 'သူမနာ ကိုယ်မသာ' (Win/ Win Strategy) ဆိုတာမျိုး ထင်ပါရဲ့။

(၄)

"အံမယ်လေး၊ ကြောက်ပါပြီတော့်၊ နောက် မကစားတော့ပါဘူး အမေရဲ့။ အံမယ်လေး နာတယ်တော့်။ အမေ့ ကြောက်ပါပြီ အီး ... အီး"

ညနေစာ စားပြီးလို့မှ ပန်းကန်ခွက်ယောက်တွေတောင် မသိမ်းရသေး ဘူး။ အောက်ဘက် တဲကလေးတွေဆီက ရိုက်နှက်ငိုသံတွေကြောင့် ကျွန်မ အောက်ကို ငုံ့ကြည့်လိုက်တော့ ကျွန်မရဲ့မကျေး ဖြစ်နေတာကိုး။ သူ့အမေ က ဒူးနှစ်လုံးကြားထဲသွင်းပြီး ရိုက်နေတာကို မြင်နေရတယ်။ စောစော ကလေးကမှ ကျွန်မတို့ ဆီကနေဆင်းသွားတာပဲ၊ ဘာများဖြစ်တာပါလိမ့်။ ကျွန်မလည်း မနေသာတော့ဘဲ အောက်ကိုဆင်းသွားမိတယ်။ ကျွန်မ အောက်ကိုရောက်တော့ မကျေး သူ့အမေရဲ့ဒူးနှစ်လုံးကြားက လွတ်နေ ပါပြီ။ မအေက လက်ထဲ တုတ်တစ်ချောင်းကိုင်ထားတုန်း။

"ဘာဖြစ်လို့လဲ အဒေါ်ရဲ့"

ကျွန်မက ပါးစပ်ကမေးရင်း မကျေးကို သူ့အမေတုတ်ချက်က ဝေးလောက်တဲ့နေရာကို ဆွဲထုတ်လိုက်တယ်။ မကျေးရဲ့ဘဲမြီးကော့ဆံပင် စုစည်းကလေးကို သူ့အမေက ဆွဲဆောင့်ထားပုံ ပေါ်တယ်။ ပြေကျလို့။ ဆံပင်ခြောက်ခြောက်တွေက မစုမသိမ်းနဲ့မျက်ရည်တွေနဲ့ရောလို့။

"ဆရာမရယ် ... ပြောမပြောချင်ပါဘူး။ မကျေးက မိုက်လုံးကြီး လွန်းလို့ပါ။ နေ့ လယ်က ဟိုဘက်တဲတွေသွားပြီး ပိုလိုကားထပ်တာလေ၊ ငွေတစ်ရာ ရှုံးသတဲ့။ ဖြစ်ရပုံများ ဆရာမရယ်။ ဟီး ... ကျွန်မတို့ မှာ ငွေတစ်ရာမပြောနဲ့ကလေးမုန့်ဖိုးတောင် မနည်းကြီး။ ဟီး ..."

www.burmeseclassic.com


မကျေးအမေက မြေကြီးပေါ် ငုတ်တုတ်ထိုင်ချရင်း ငိုတော့တာပါပဲ။ မကျေးကတော့ မျက်ရည်စီးကြောင်းတွေကြားက မလုံမလဲ မျက်ဝန်းတွေနဲ့ ကျွန်မကို လှမ်းကြည့်တယ်။ ကျွန်မ သူ့ကို အပြစ်ပဲတင်ရမလား၊ နှစ်သိမ့်လိုက်ရမှာလား။ ဘာဆက်လုပ်ရမှန်း မသိအောင်ပါပဲ။ သည်အရွယ်ကလေးနဲ့ငွေတစ်ရာရှုံးအောင် ပိုလိုကားထပ်ကစားတယ် ဆိုတဲ့ မကျေးကိုလည်း အတော်အံ့ဩသွားမိတယ်။ စိတ်မကောင်းတဲ့ကြားက ရယ်လည်းရယ်ချင်မိပါသေးရဲ့ ငွေတစ်ရာရှုံးအောင် ပိုလိုကားချပ်ထပ်သတဲ့လား။ ဖြစ်ရလေ။

“ဘယ်မှာလဲ ကျန်တဲ့ပိုက်ဆံ၊ ယူခဲ့”

မကျေးအမေက ထဘီစနဲ့မျက်ရည်တွေသုတ်ရင်း မေးတော့ မကျေးက တဲကလေးထဲဝင်ပြီး ပိုက်ဆံတွေ ယူပေးတယ်။ မျက်လုံးတွေကတော့ မအေ့လက်ထဲက တုတ်ကို လှမ်းကြည့်နေတာပါ။

“ဟိုအိမ်ကို ငါးဆယ်ပေးပြီးပြီလား”

“ပေးခဲ့ပြီ”

ပိုလိုကားကို တစ်ရာရှုံးအောင်ကစားပေမယ့် သူပေးစရာရှိတာတွေကိုတော့ မှတ်မှတ်ရရ ပေးဖော်ရတဲ့ မကျေးကို အပြစ်မတင်တော့ဘဲ ကျွန်မ အပေါ်ပြန်တက်ခဲ့တယ်။ ပိုလိုကားချပ် ထပ်တယ်ဆိုတာ ကျွန်မတို့ ငယ်ငယ်ကတည်းက ကစားနည်းပါ။ ကျွန်မတို့ ငယ်ငယ်တုန်းကတော့ ကားချပ်ကြေးပါပဲ။ ရှုံးရင် ကားချပ်တွေ ပေးလိုက်ရတာပဲရှိတာပါ။ ငွေနဲ့ကြေးနဲ့ဆိုတာမျိုး ရှိရင်တောင် နည်းတယ်။ အခန်းကိုရောက်တော့ ကျွန်မအပြန်သတင်းကို စောင့်နေတဲ့ ကျွန်မရဲ့ခင်ပွန်းက လှမ်းမေးတယ်။

“မကျေး ... ဘာဖြစ်လို့ အရိုက်ခံရတာလဲဟ”

“ပိုလိုကားထပ်တာ ငွေတစ်ရာရှုံးလို့ တဲ့လေ၊ ပဲရောင်းတဲ့ငွေထဲက နေမှာပေ့ါ။ မကျေးကလည်း မကျေးပါပဲ။ ပိုလိုကားထပ်တယ်ဆိုတာ ကျွန်မတို့ ငယ်ငယ်က ကစားတဲ့အတိုင်းပဲလား၊ အခုတစ်မျိုးလားတောင် မသိပါဘူး”

ကျွန်မပြောလိုက်တော့ သူ က ရယ်တယ်။ သူလည်း ပိုလိုကား ချပ်တွေ ထပ်ခဲ့ဖူးပုံပေါ်ရဲ့။ ပြတင်းဝကို ခပ်ငေးငေးကြည့်ရင်းက ကျွန်မကို ပြောနေတယ်။

"အခုခေတ်ကတော့ မင်းသား မင်းသမီးပုံတွေ ထပ်ကြတာနေမှာပေ့ါ။ မင်းသမီးချင်းတူရင် မင်းသားချင်းတူရင် နိုင်တာမျိုးထင်ပါရဲ့။ တို့ တုန်းက ပိုလိုကားထပ်တယ်ဆိုတာ စီးကရက်ဘူးခွံချင်း တူရာတူရာ ထပ်ကြတာကို ခေါ်တာ။ လန်ဒန်၊ ဂိုးဖလိပ်၊ ဘလက်ကတ်၊ ကပ္ပိတန်၊ ထရစ်ပယ်ကျိုင်း၊ ကာစတန် စသဖြင့် စီးကရက်ဘူးခွံမျိုးစုံကို အချပ်ကလေးတွေဖြစ်အောင် ကပ်ကျေးနဲ့ညှပ်ပြီး သားရေပင်နဲ့စည်းထားကြတာ။ စီးကရက်ဘူး တံဆိပ်ချင်းတူရင် တူအောင်ထပ်နိုင်တဲ့လူက နိုင်တာပဲ။ အခုလည်း မင်းသား မင်းသမီးပုံ ထပ်တာပေမယ့် ပိုလိုကားထပ်တယ် ခေါ်ကြတုန်းထင်ပါရဲ့"

"နေပါဦး၊ အဲဒါကို ပိုလိုလို့ ဘာလို့ခေါ်ကြတာလဲ"

"စီးကရက်တံဆိပ်တစ်မျိုးက မြင်းစီးရင်း ကျေးသားရိုက်တာမျိုးပုံနဲ့ ထွက်ဖူးတယ်။ အင်္ဂလိပ်လိုက ပိုလိုကစားတယ်ခေါ်တာကိုး။ ဒါကြောင့် ရှေးမြန်မာတွေက စီးကရက်လို့ခေါ်ဖို့ ခက်တော့ ပိုလိုခေါ်ကြတာ။ နတ်ကို စီးကရက်ဆက်တာတောင် ပိုလိုဆက်တယ် ပြောကြတာပဲလေ"

နောက်ရက်တွေမှာတော့ မကျေး ဈေးရောင်းသံ မကြားရပြန်ပါဘူး။ ဒါပေမဲ့ ကျွန်မဆီကိုတော့ ပုံမှန်အတိုင်းပဲလာတယ်။ တံမြက်စည်း ကူလှဲ၊ အမှိုက်ပစ်၊ ပန်းကန်ခွက်ယောက်တွေ ကူဆေး လုပ်ပေးမြဲပါပဲ။ ကျွန်မက မကျေးကို ဈေးမရောင်းပြန်ဘူးလားလို့ တမင်မမေးဘဲနေလိုက်တယ်။ နောက်မှ မကျေးကို မုန့်ဖိုးပေးရင်းနဲ့ကျွန်မ မေးမိတယ်။

"မကျေး၊ ဆရာမပေးတဲ့မုန့်ဖိုးတွေလည်း ပိုလိုကား ကစားပစ်တာပဲမှုတ်လား"

"မကစားပါဘူးဆရာမ။ ကျွန်မ မုန့်ဝယ်စားတာပါ" တဲ့။

www.burmeseclassic.com


တစ်ရက်တော့ ကျွန်မ ကျောင်းကထုတ်လာတဲ့ စုကြေးငွေကလေး ထဲက ငွေတစ်ထောင် မကျေးကို ဈေးရောင်းဖို့ ထုတ်ပေးလိုက်တယ်။ ပေးချင်နေတာ ကြာပြီဆိုပေမယ့် စုကြေးရမှ ကျွန်မလည်း ပေးနိုင်တာ မှတ်လား။

"မကျေး … ဆရာမက အတိုးပေးတာ မဟုတ်ဘူးနော်၊ သမီး ဈေး ရောင်းပြန်လာရင် ဟောသည်စုဘူးကလေးထဲကို ငွေငါးဆယ် လာလာ ထည့်။ တစ်ထောင်ပြည့်တဲ့အချိန် ရပ်လိုက်ပေါ့ ဟုတ်လား"

ကျွန်မပေးလိုက်တဲ့ ငါးရာတန်နှစ်ရွက်ကိုယူပြီး မကျေးတစ်ယောက် ဝမ်းသာအားရနဲ့ခုန်ပေါက် ပြေးဆင်းသွားတယ်။ နောက်တစ်နေ့ မနက် မှာတော့ မကျေးရဲ့အသံ စူးစူးမြမြကလေးက တိုက်တန်းတွေကြားထဲ ထိုးဖောက်ဝင်လာပြန်တယ်။ ညနေတိုင်ကျရင် မကျေးဟာ ငွေငါးဆယ် လက်ကဆုပ်ပြီး ကျွန်မအခန်းထောင့်က မြေအိုးစုဘူးကလေးထဲ လာလာ ထည့်တယ်။ ဘယ်နှရက်ရှိသွားပြီဆိုတာ ကျွန်မကတော့ မတွက်မိပါဘူး။ ရက်မပျက်တော့ ထည့်နေတာ တွေ့တာပဲ။

"ရှစ်ရက်ရှိသွားပြီ ဆရာမ။ ဟိုအိမ်ကြီးကငွေလည်း ကျေကာနီးပါပြီ" တဲ့။

ဟိုအိမ်ကြီးကို ငွေပေးစရာ ကျန်နေသေးတာ ကျွန်မ သတိမထားမိပါ ဘူး။ မကျေးကတော့ တစ်ဘက်ကိုလည်း ပုံမှန်ဆပ်နေရတယ် ထင်ပါရဲ့။ အိမ်ကြီးကိုလည်း ဆပ်၊ မြေစုဘူးထဲလည်း ထည့်ဆိုတော့ သည်ရက်တွေထဲ ကသီလင်တ ဖြစ်နေပုံပေါ်တယ်။

"ဟိုအိမ်ကြီးကိုရော၊ ဆရာမဆီရော ပေးနေရတာလား မကျေး"

"ဟုတ်တယ် ဆရာမ။ ခါတိုင်း အမြတ်ငွေကို အမေ့ပေးရတာလေ။ အခု အမေက ငါ့ကို အရင်းသာပေးတဲ့။ အမြတ်ထဲက အကြွေးကျေအောင် ဆပ်တဲ့"

"သြော် …"

ဖယောင်းပုဆိုး ကြမ်းခင်းကို အဝတ်ရေစိုနဲ့ ပွတ်တိုက်နေတဲ့ မကျေးကိုကြည့်ရင်း ကျွန်မ သက်ပြင်းဖွဖွချလိုက်မိတယ်။ အမြတ်ငွေနဲ့

အကြွေးဆပ်သတဲ့လား။ ဒါဆို အမြတ်ငွေဟာ အကြွေးဆပ်ဖို့ ဖြစ်နေတာပေ့ါ။ ကျွန်မမှာ မကျေးပြောတာတွေကို စဉ်းစားတွေးတောရင်း ကျန်ရစ်ခဲ့တယ်။ မနက်ခင်း ဈေးရောင်း၊ ညနေကြွေးတောင်း၊ အမြတ်ကလေးကို ဖဲ့ဆပ်။ မကျေးဟာ အစာမဝတဲ့ အိပ်တန်းဝင်ရတော့မယ် ငှက်တစ်ကောင် လိုပါပဲလား။

(၅)

ကျွန်မ အခန်းထောင့်က မြေအိုးစုဘူးကလေးထဲကို မကျေးငွေ ဘယ်လောက်ဝင်သွားပြီလဲ ကျွန်မ မသိပါဘူး။ ဒါပေမဲ့ မကျေးရဲ့ဈေး ရောင်းသံက မကြားရပြန်ဘူး။ တစ်ခါတလေ တိုက်တန်းတွေကြား ဖန်ခုန် တမ်းကစားနေတဲ့ မကျေးကို တွေ့လားတွေ့ရဲ့။ တစ်ခါတစ်ရံကျတော့ ငါးကန်စပ်က ရေကန်စွန်းရွက်တွေ ခူးလားခူးနေရဲ့။ တစ်ခါတော့ ဆန်ကာကုံးကြီးကိုင်ပြီး ငါးကန်ထဲ ပေါင်လည်လောက် မြုပ်တဲ့အထိ ဆင်းချည်တက်ချည် လုပ်နေတဲ့ မကျေးကို မြင်တော့ ဘာလုပ်တာလဲလို့ ကျွန်မ မေးကြည့်မိတယ်။

"ငါးသေကလေးတွေ ပေါလောမျောနေတာကို ဖမ်းတာလေ ဆရာမရဲ့။ ငါးသေတွေကိုတော့ ကျွန်မတို့ ဖမ်းလို့ ရပါတယ်"

ငါးမွေးကန်ထဲက တဖျပ်ဖျပ် လူးထလာတတ်တဲ့ ငါးအရှင်တွေကို တော့ မကျေးတို့ မဖမ်းဝံ့ကြပါဘူး။ သည်လို စည်းမလုံတဲ့တဲကလေးတွေက ငါးခိုးဖမ်းသတဲ့ဆိုတဲ့ သတင်းအစအနကလေးတွေ အန်ကျလာရင် ငါး ကန်စောင်းမှာ မေးတင်ထားတဲ့ မကျေးတို့တဲကလေးတွေ သက်ဆိုးရှည်မှာ မဟုတ်ဘူးလေ။ ဒါပေမဲ့ ညနေတိုင်ကျရင်တော့ မကျေးဟာ မြေစုဘူး ကလေးဆီ လာမြဲလာနေတာပါ။ ကျွန်မက မကျေးကို ဈေးမရောင်းဘူး လားလို့ မမေးချင်တာနဲ့ပဲ သည်အတိုင်း နေခဲ့တယ်။

"လူတွေက မကောင်းဘူးနော် ဆရာမ"

"ဘယ်လို ..."

ထူးထူးဆန်းဆန်း မှတ်ချက်ချလိုက်တဲ့ မကျေးရဲ့စကားကြောင့် ကျွန်မ မျက်ခုံးပင့်လိုက်မိတယ်။

“ဟုတ်တယ် ဆရာမရဲ့ အကြွေးယူပြီး ပေးချင်ကြတာ မဟုတ်ဘူး။ ကျွန်မ ပဲရောင်းရတာကိုပဲ ကြည့်လေ၊ အကြွေးယူစားပြီး တောင်းမရတော့ ရှိတဲ့အရင်းကလေး သူတို့ ဖွဲ့ကျွေးရတာနဲ့ပဲ ပွဲပွဲကုန်တော့တာပါပဲ”

ဒါဆို မကျေး ပဲပြုတ်မရောင်းနိုင်တာ အကြွေးကျလို့ ဆိုတဲ့သဘော ပေါ့။ သူပဲအမျိုးမျိုးလေ။ အရင်းဖွဲ့ကျွေးရတာ ပွဲကုန်တာပါပဲဆိုတဲ့စကားကို သူသုံးလိုက်တာကို ကျွန်မ အံ့သြနေမိတာပါ။

“ဈေးသည်ဆိုတာ အကြွေးမရောင်းရဘူးတဲ့။ ဆရာမတို့ အဖေက ပြောဖူးတယ်။ အကြွေးရတဲ့ဆိုင်ဆိုရင် လူတွေက လက်ငင်းမဝယ်ချင်ကြ တော့ဘူးတဲ့။ အကြွေးနဲ့ရောင်းတဲ့ဆိုင်ကို အကြွေးကသတ်တာပဲတဲ့။ အကြွေး မရောင်းနဲ့ပေါ့ မကျေးရဲ့”

ဈေးရောင်းဈေးဝယ် နားမလည်တဲ့ကျွန်မက ဆရာမလေသံးပြီး ပြောတော့ မကျေးက တစ်ချက်တော့ တွေသွားသေးတယ်။ ဘယ်လိုရှင်းပြမှ နားလည်မှာပါလိမ့်ဆိုတဲ့ မျက်နှာလေးနဲ့ပါ။ ပြီးတော့မှ အေးအေးသက်သာ လေကလေးနဲ့ ပြောတယ်။

“ဆရာမအဖေက ပဲမရောင်းဘူးလို့ ပါ ဆရာမရဲ့ အကြွေးမပေးပြန် ရင်လည်း ဖောက်သည်မမြဲမှာ စိုးရသေးတာလေ။ မနက်တိုင်း လမ်းတကာ မှာ ကျွန်မတို့ လို ပဲပြုတ်သည်တွေက အများကြီးရယ်။ သည်လို ဟောင်းပေး သစ်ယူလုပ်ကြရတာပဲ။ ဒါပေမဲ့ အဟောင်းကို အပတ်ကျော်လိုက်ကြတော့ ကျွန်မတို့ က နလံမထူတော့ဘူး။ အင်း … ကျွန်မတို့ ယူရတဲ့ပိုက်ဆံကျတော့ တစ်နေ့ လောက်မဆပ်ဖြစ်ရင် အိမ်မည်းကြီးက သူတို့ စီးပွားများ ချက်ချင်း ပျက်သွားတော့မယ့်အတိုင်းပဲ။ သည်တော့ မချန်ရဲဘူး။ ဆပ်ရတာပဲ ဆရာမ ရယ်။ ကြွေးတင်တာချင်း ကွာချက်တော့”

မကျေးပြောနေတဲ့ ဈေးကွက် အခြေအနေတွေကို နားထောင်ရင်း ကျွန်မခေါင်းတွေ ရှုပ်ထွေးနောက်ကျိလာတယ်။ သူပြောတာတွေ သူတွေး

တာတွေဟာ ကျွန်မ ထိစပ်နေတဲ့ ဘဝပတ်ဝန်းကျင်မှာ ဘယ်တုန်းကမှ မရှိတဲ့အကြောင်းအရာတွေမဟုတ်လား။ သည်အရွယ်နဲ့သည်လိုအတွေးတွေ ကြွယ်ပိုးကြွယ်ဝ ဖြစ်နေတဲ့ မကျေးကိုလည်း ခပ်စိမ်းစိမ်းပဲ ကြည့်နေမိတယ်။

မနေ့ တစ်နေ့ ကတော့ မကျေး အရိုက်ခံရသေးသတဲ့။ ကျွန်မ ကျောင်းသွားနေတုန်း ရိုက်တာဆိုတော့ မြင်တော့မမြင်လိုက်ရပါဘူး။ မကျေးရဲ့ မောင်လေးက ကျွန်မစက်ဘီးကို ဆီးကြိုရင်း သတင်းပေးတာပါ။ မကျေးကလည်း ရှက်လို့ ပဲလား၊ မလာချင်လို့ ပဲလားတော့မသိဘူး။ တိုက်ခန်းပေါ် တက်မလာဘူး။ ကျွန်မက ညနေခင်း တီဗွီချိန်ကျတော့ မနေနိုင်တော့ဘူး။ မကျေး တီဗွီကြော်ငြာတွေကြိုက်တာ ကျွန်မသိတာကိုး။

"မကျေးရေ … မလာတော့ဘူးလား၊ ကြော်ငြာတွေ လာနေပြီလေ"

မှောင်နဲ့မည်းမည်း မကျေးတို့ တဲကလေးဆီက ထူးသံမကြားရပါဘူး။ ခဏနေတော့မှ မအေက ဇွတ်ထိုးလွှတ်လိုက်လို့ တက်လာရတဲ့ပုံစံနဲ့မကျေး တက်လာတယ်။ မျက်နှာကလေးက မချိုမချဉ်နဲ့။ ဆံပင်တွေက ပွယောင်းယောင်း။ လေဘေးအနွေးအင်္ကျီ ဖိုးရိုးဖားရားနဲ့ ရေမချိုး မိုးမချိုးဆိုတော့ ငြီးစီစီအနံ့များလည်း ထလို့ ။

"မကျေး … ပိုလိုကား ကစားပြန်ပြီဆို။ ဆရာမကြားတယ်"

မကျေးက ကျွန်မကို မရဲတရဲ မော့ကြည့်ရင်း သက်ပြင်းတွေ ဘာတွေများ ချလိုက်လို့။ ခေါင်းကလေးငုံ့ ရင်း ကျွန်မကို မကြည့်ဘဲပြောတယ်။

"ဟုတ်တယ် ဆရာမ၊ ကျွန်မ ကစားမိပါတယ်။ ပိုလိုကားထပ်ရတာ ကျွန်မ သိပ်ပျော်တာပဲ။ အရုပ်ကားကလေးနှစ်ချပ် တူသွားရင် ကျွန်မ ရင်ထဲ ဘယ်လိုဝမ်းသာနည်း ဝမ်းသာမှန်းမသိဘူး။ ကျွန်မ မကစားရရင် မနေနိုင်ဘူး ဆရာမရဲ့"

ကျွန်မတောင် လန့်သွားတယ်။ သည်လိုဖြေလိမ့်မယ်လို့ ကျွန်မ ထင်မထားဘူး။ မှန်တာပြောတာကိုတော့ ကျွန်မ ဝမ်းသာမိပါတယ်။

"မနေနိုင်ဘူးဆိုပေမယ့် လမ်းဘေး ပဲတောင်းချပြီး ပိုလိုကား ကစားတာဟာ မိန်းကလေးလုပ်ရမယ့်အလုပ် မဟုတ်ဘူးလေ၊ ဆင်ခြင်မှပေါ့။ ဒါနဲ့နေစမ်းပါဦး။ ဘယ်သူတွေနဲ့ကစားတာလဲ"

 www.burmeseclassic.com 

"ပန်းရောင်းတဲ့ ကောင်မလေးတွေနဲ့ပါ။ ကျွန်မနဲ့ရွယ်တူတွေလေ။ ဟိုဘက်တဲက ..."

"ဘယ်လောက်ရှုံးလို့လဲ။ အရိုက်ခံရတယ်ဆို"

"ရှုံးလို့ အရိုက်ခံရတာမဟုတ်ပါဘူး။ နိုင်တာက နိုင်ပါတယ်၊ အမေက ကစားလို့ ရိုက်တာပါ"

ပကတိ ကလေးတစ်ယောက်လို ကြည်စင်နေတဲ့ မကျေးရဲ့မျက်နှာ မည်းညစ်ညစ်ကလေးကို ကျွန်မ ငေးကြည့်နေမိတယ်။ သူနဲ့အတူ ကစားတဲ့ ပန်းသည်ကောင်မလေးတွေကိုလည်း ပုံတူ ပိုလိုကားချပ်တွေလိုပဲ မျက်စိထဲ မြင်ယောင်လာမိတယ်။ မကျေးဟာ မိဘအခြေအနေကိုလည်း သိ၊ မိဘ မကြိုက်မှန်းလည်း သိရက်နဲ့ သူ ဘာဖြစ်လို့ ကစားရတာလဲ။ ပြီးတော့ ပိုလိုကားထပ်တာကို ကျွန်မ မကြိုက်မှန်းလည်း သူသိတယ်။ ဒါကိုပဲ မကျေးက ဘာဖြစ်လို့ သဲကြီးမဲကြီး ဖြစ်နေရတာလဲ။ ပျော်လို့ ကစားတာ ပါဆိုတာကကော တကယ်ဟုတ်ရဲ့လား။

"ပိုလိုကားထပ်ရတာ ပျော်လို့ ဆိုတာ ဟုတ်ရဲ့လား မကျေးရယ်။ ဆရာမကတော့ ပျော်လို့ ကစားတာလို့ မထင်ပါဘူး" ဆိုတော့ မကျေး ရဲ့မျက်နှာကလေးက တည်သွားတယ်။ ခေါင်းကလေးလည်း ငုံ့သွားတယ်။ ဆံပင်နီခြောက်ခြောက်တွေကလည်း တဖွားဖွားလွင့်လို့။ ခဏနေတော့ ဟီးခနဲ တစ်ချက်ရယ်လိုက်သေးတယ်။


"ပျော်လို့ ရယ်လို့ လည်း မဟုတ်ပါဘူးဆရာမရယ်။ ကျွန်မနိုင်ရင် အမေ့ကို ပေးချင်လို့ ပါ။ ပိုလိုကားထပ်ရတာ ပဲရောင်းရတာနဲ့မတူဘူး ဆရာမရဲ့၊ အကြွေးမကျဘူး။ နိုင်ရင်လည်း လက်ငင်း၊ ရှုံးရင်လည်း လက်ငင်းပဲ။ ပိုလိုကားချပ်ထပ်တာမှာတော့ အကြွေးမရှိဘူးရယ်"

မကျေးကိုကြည့်ပြီး ကျွန်မ အံ့သြလိုက်တာလေ။ မကျေးကတော့ ကျွန်မကို မကြည့်ပါဘူး။ တီဗွီဖန်သားပြင်ပေါ်က ကြော်ငြာတွေ တစ်ကွက် ပြီးတစ်ကွက် ပြောင်းသွားတာကို ငေးကြည့်နေလေရဲ့။ သူ့စိတ်ထဲမှာ ကြော်ငြာထဲက မင်းသား မင်းသမီးတွေကို ပိုလိုကားချပ်တွေလို့ များ

ထင်နေသလား မပြောတတ်ပါဘူး။ သူရိုက်တဲ့ ပိုလိုကားချပ်တွေကလည်း သည်မင်းသား သည်မင်းသမီးတွေကိုး။ ကြော်ငြာကတ်တွေကိုတောင် စိတ်ကူးနဲ့ ပိုလိုကား ထပ်နေသလား မသိပါဘူး။ တီဗွီကို ပြုံးကြည့်နေသေးတာ။ တီဗွီကြော်ငြာတွေကတော့ ဒွေးပေါ်လာလိုက်၊ အိန္ဒြာကျော်ဇင် ပေါ်လာလိုက်၊ ထက်ထက်မိုးဦး ပေါ်လာလိုက်၊ လွင်မိုး ပေါ်လာလိုက်၊ ခဏနေတော့ မကျေးမျက်နှာကလေး တည်သွားတယ်။ စိတ်ကူးနဲ့ ပိုလိုကားချပ် ထပ်တာတောင် မကျေးရှုံးတယ်နဲ့ တူပါရဲ့။

**ရွှေအမြုတေမဂ္ဂဇင်း၊ ၂၀၀၂ ခုနှစ်၊ မေလ**

www.burmeseclassic.com



ခင်ခင်ထူး

လွန်ကြိုး

# လွန်ကြိုး

သည်တစ်ညလုံး ကျွန်မ မအိပ်တော့ဘူးလို့ ဆုံးဖြတ်ထားတယ်။ ကျွန်မရဲ့မျက်လုံးအိမ်တွေဟာ အနီရောင်ပင့်ကူမျှင်တွေလို သွေးတွတ်တွေ ထ,နေပြီ။ မျက်ရည်ဆိုတာလည်း မရှိတော့ဘူးထင်ပါရဲ့။ ငိုရလွန်းလို့ မျက်နှာတစ်ပြင်လုံးလည်း အစ်ပြီး လည်ချောင်းဝမှာက တစ်ဆို့ လို့ လေ။

ဖိတ်တစ်ဝက် စဥ်တစ်ဝက် လရောင်အောက်မှာ ငြိမ်သက်နေတဲ့ လူ့လောကကြီးကို ကျွန်မ အပြီးတိုင် စွန့်ခွာရတော့မယ်။ အေးစက်နေတဲ့ ညရဲ့ခြုံလွှာအောက်မှာ နှလုံးခုန်နေတဲ့ လူသားတွေ ဘယ်လောက်များများ ရှိနေသလဲ။ ကျွန်မရဲ့သေးငယ်ကျဉ်းမြောင်းလှတဲ့ ကမ္ဘာကလေးထဲမှာတော့ ကျွန်မအပါအဝင် နှလုံးခုန်လူသားလေးယောက် ရှိလေရဲ့။ ကျွန်မအနားမှာ အိပ်စက်နေကြတဲ့ ကျွန်မရဲ့ဘဝဖော် လူသားသုံးယောက်ကို ကျွန်မ မသေခင် အားပါးတရ ကြည့်ချင်လာမိတယ်။ အဖြူရောင် လွင့်ပြယ်နေတဲ့ ခြင်ထောင်ထဲမှာ ကျွန်မ သားနဲ့သမီးက အိပ်ပျော်လို့ ။ အပြစ်ကင်းစင်တဲ့ ကလေးတွေရဲ့ နှလုံးသားမှာ အရောင်တွေ စွန်းထင်းသွားကြပြီလား။ ကျွန်မ မစဉ်းစားချင်ဘူး။

မငိုရှိုက်မိစေဖို့ ကျွန်မ အားတင်းထားဆဲမှာပဲ သမီးကြီးက ယောင် ယမ်းသံတွေ ဗလုံးဗထွေးနဲ့ တစ်ဘက်ကို လှိမ့်လိုက်တော့ သားငယ်

ကလေးက လန့်သွားတယ်ထင်ပါရဲ့၊ ရင်ဘတ်ပေါ်က လက်ကလေး ဆတ်ခနဲ ကြွသွားတယ်။ ခြေရင်းမှာ ပုံချထားတဲ့ စောင်ပိုင်းလေးကို ဆွဲယူပြီး ကလေးတွေပေါ် ခြုံပေးလိုက်ပြီးတော့ ခြင်ထောင်ကို သာသာ ကလေးမ,လို့ ကျွန်မ အပြင်ကို ထွက်လိုက်တယ်။ ကျွန်မတစ်သက်လုံး ဦးစားပေးလုပ်နေကျ ခြေတုကြီးတစ်ချောင်းကို ညာဘက်ခြေထောက်မှာ စွပ်လိုက်တယ်။ ကျွန်မဟာ လူသားဘဝကို မှားယွင်းစွာ ရောက်လာခဲ့တဲ့သူပါ။ ကျွန်မရဲ့မွေးရာပါ ခြေတစ်ဘက် ပါမလာမှုက ကျွန်မဘဝကို အရုပ်ဆိုး အကျည်းတန်စေရုံမက ကျွန်မရဲ့နှလုံးသွေးတွေကိုပါ တစ်စက်ချင်း ဖောက်ထုတ်နေတော့တာပါလား။

ကျွန်မဟာ ကျွန်မရဲ့မိန်းမသားဘဝကို မြတ်နိုး တန်ဖိုးထားခဲ့သူပါ။ မိန်းမသားတစ်ယောက်အနေနဲ့ရိုးသားပြီး စိတ်နှလုံး နူးညံ့နေရင်၊ ဘဝကို ရဲရဲရင့်ရင့် ရင်ဆိုင်ဆုံးဖြတ် လုပ်ကိုင်ဝံ့တဲ့သတ္တိ ရှိခဲ့ရင် နေပျော်စရာဘဝတစ်ခုကို ရနိုင်မယ်လို့ ထင်ခဲ့မိတယ်။ တစ်ချိန်ချိန်မှာ ထင်မြင်ချက်တွေ ပြောင်းသွားလိမ့်မယ်လို့ ဘယ်တုန်းကမှ မတွေးတောမိခဲ့ပါဘူး။ ကျွန်မရဲ့ သတ္တိတွေကို သေမင်းရဲ့လက်ထဲ ဝကွက်အပ်လိုက်ဖို့ ဘယ်လိုမှ မစဉ်းစားခဲ့မိပါဘူး။ မိုက်မဲလွန်းတဲ့ ကျွန်မလေ၊ အခုတော့ လူ့ဘဝကို သည်တစ်ညသာ နောက်ဆုံးအဖြစ် ရှိနေဖို့ ဆုံးဖြတ်လိုက်ပြီ။

တံစက်မြိတ်အစွန်းက တန်းလျားလေးပေါ်မှာ အိပ်မောကျနေတဲ့ ကျွန်မယောကျ်ားဆီကို လျှောက်သွားမိတယ်။ ကျွန်မရဲ့တစ်သက်လုံး အလေ့အကျင့်အရ ခြေတုရဲ့အသံကို မကြားရအောင် ခပ်ဖွဖွကလေး ဆ,လျှောက်ရတာပေါ့။ တန်းလျားဆီရောက်တော့ ကျိုးပျက်လုဆဲ ဘောင်တန်းကို လှမ်းမကိုင်မိဖို့ ထိန်းလိုက်ရတယ်။ ကျွန်မယောကျ်ားခမျာ တစ်နေကုန် ပင်ပန်းရှာလို့ ထင်ပါရဲ့၊ ပါးစပ်ဟောင်းလောင်းပွင့်ပြီး အိပ်ပျော်နေလိုက်တာ။ သူ့ကိုယ်ပေါ်မှာလည်း ခြင်တွေက တဝီဝီမြည်လို့ ။ ရှည်လျားတဲ့ သူ့ရဲ့ အရပ်အမောင်းနဲ့ မဆံ့တဲ့ တန်းလျားပေါ်မှာ ခြေနှစ်ချောင်းက တွဲလောင်းကျလို့ ။ စောင်ကလေး ခြုံပေးချင်ပေမယ့် သူနိုးသွားမှာ ကျွန်မ စိုးတယ်။ သူ ထိတ်လန့်သွားမှာ ကျွန်မ စိုးတယ်။

ကျွန်မလေ သူ့ကို သိပ်လေးစားတယ်၊ သိပ်ချစ်တယ်။ ခြေတစ်ဘက် မပါမှန်းသိရက်နဲ့ ကျွန်မကို စုံစုံမက်မက် လက်ထပ်ပေါင်းသင်းရှာတဲ့ လင်ယောကျ်ားလေ။ ကျွန်မ မချစ်ဘဲနေပါ့မလား။ သူ့မိဘဆွေမျိုးအသိုင်းအဝိုင်းတွေ တားမြစ်ကန့်ကွက်ကြတဲ့ကြားက ကျွန်မကို ဇွတ်အတင်း လက်ထပ်ယူခဲ့တာလေ။ ကျွန်မ ငြင်းဆန်တဲ့ကြားက ကျွန်မရဲ့လှပတဲ့ မျက်နှာကလေးကို မြတ်နိုးတွယ်တာစွာ ချစ်ခဲ့ရှာတယ်။ အရုပ်ဆိုးအကျည်းတန်လှတဲ့ ခြေတုကြီးနဲ့ ကျွန်မကို ကြင်နာယုယစွာ ပွဲလယ်တင့်တင့် လက်ထပ်ယူခဲ့တယ်။ ကျွန်မကို သစ္စာရှိရှိ လက်တွဲလုပ်ကိုင် ကျွေးမွေးခဲ့တယ်။ ကျွန်မလိုမိန်းမတစ်ယောက်ကို ဘာလို့ သည်လောက် မြတ်နိုးကြင်နာခဲ့ရသလဲဆိုတာ ကျွန်မ တကယ်မသိပါဘူး။ ကျွန်မမှာတော့ သူ့မေတ္တာထု နက်ရှိုင်းမှုအောက်မှာ အားအင်တွေ ပြည့်ဖြိုးခဲ့ရတယ်။ ကျွန်မရဲ့မိသားစုဘဝကလေးဟာ နွေးနွေးထွေးထွေးနဲ့ လုံခြုံမှုလည်း ရှိခဲ့ရတယ်။

တစ်နေကုန်တစ်နေခန်း ပွဲရုံမှာ ပင်ပင်ပန်းပန်း အလုပ်လုပ်ပြီးမှ ရလာတဲ့ငွေစကလေးတွေကို အရက်မသောက် ဖဲမရိုက်နဲ့ ကျွန်မလက်ထဲကို သူအကုန်အပ်ရှာတယ်။ တစ်ခါတလေ သူ့အလုပ်ထဲကို ကျွန်မ ထမင်းလိုက်ပို့ရင် ...

“မင်းကလည်းကွာ၊ လိုက်မလာပါနဲ့ဆိုတာ မရဘူး၊ အစ်ကို ဈေးထဲမှာတင် တစ်ခုခုဝယ်စားလိုက်ရင် ပြီးတာပါပဲ။ မင်း တစ်ခုခုဖြစ်သွားမှ ပိုဆိုးနေမယ်”

အဲသလို ကရုဏာဒေါသောကလေးနဲ့ဆိုတော့ ပြောတော့ ကျွန်မမှာ မျက်ရည်ဝဲရပါသေးတယ်။ ကျွန်မကလည်း စားကောင်းသောက်ဖွယ်ကလေး ချက်တဲ့နေ့တွေမှာ သူ့ကို စားစေချင်တဲ့စေတနာနဲ့မို့ လိုက်ပို့မိတာပါ။ သူ့ကို ကျွန်မနဲ့ပတ်သက်ပြီး တစ်စုံတစ်ရာ အရှက်ရသွားမှာ သိပ်စိုးပါတယ်။ သူ့မိဘ သူ့အပေါင်းအသင်းတွေရဲ့စကားတွေကို ကျွန်မနားနဲ့အကြိမ်ကြိမ် ကြားခဲ့ရတာပဲလေ။

"ဒီမိန်းမ ခြေတစ်ဘက်မပါလို့သာ တော်တော့တယ်၊ ငါ့သားလို ယောကျ်ားမျိုး ရအောင်ယူနိုင်တာ မူရာမာယာ ဘယ်လောက်များနေမှန်းမှ မသိတာ၊ နွားကြီးကတော့ လုပ်ကျွေးပေဦးပေါ့"

"မင်းကွာ၊ မိန်းမရှားလွန်းလို့ ခြေတုကြီး ဆ,တ ဆ,တနဲ့မိန်းမကိုမှ ယူရတယ်လို့ ကျက်သရေမရှိ"

အစ်ကိုရယ်၊ သူတို့ ပြောတာတွေက အမှန်ချည်းပဲမို့ ကျွန်မ ဘာများ ခွန်းတုံ့ ပြန်နိုင်မှာတဲ့လဲ။ ကျွန်မကို ပစ်ပြီးသွားပါတော့လား။ ကျွန်မကို မုန်းမေ့ပစ်လိုက်ပါတော့လား။ အခုတော့ အစ်ကို့ရဲ့ယောကျ်ားပီသလိုတဲ့ စိတ်ဓာတ်ကြောင့်များ ကျွန်မလိုဒုက္ခိတကို ပေါင်းသင်းနေလေရော့သလား။ အစ်ကိုဟာ ကျွန်မရဲ့ဝဋ်ကြွေး မကင်းရှာလေရော့သလား။

ကျွန်မကို အစ်ကိုသိပ်ချစ်မှန်းသိလေ၊ ကျွန်မဘက်က သိပ်ခံစားရ လေပါပဲ။ တစ်ဘက်တစ်လမ်းက မိသားစု ဝန်ထုပ်ဝန်ပိုးကို ကျွန်မ ကူ မထမ်းနိုင်ခဲ့ဘူး။ အစ်ကိုရှာပေးတဲ့ငွေကလေးနဲ့ဈေးဝယ်တာ၊ သမီးနဲ့သား ကျောင်းစရိတ်ကို လောက်ငတယ်ဆိုရုံကလေး သုံးတတ်စွဲတတ်တာကလွဲလို့ ကျွန်မ ဘာမှ အသုံးမကျခဲ့ဘူး။ မောမောပန်းပန်းနဲ့အလုပ်ကပြန်လာတဲ့ အစ်ကို့ကို ရေကလေးတစ်ခွက် ခပ်ပေးပြီး အနားမှာထိုင် ယပ်ခတ်ပေးတတ် တာကလွဲပြီး ကျွန်မ ဘာမှ မတတ်နိုင်ခဲ့ပါဘူး။ အလုပ်က ပြန်လာတဲ့ အစ်ကိုကပဲ ရေခပ်ရတယ်၊ ထင်းခွဲရတယ်။ ကျွန်မ ချက်ပြုတ်ထားတဲ့ ထမင်းဟင်းကို မညည်းမညူ စားရှာတယ်။ တစ်ခါတလေ ကျွန်မများ ရေတွင်းဘက် အဝတ်သွားလျှော်မိရင် အစ်ကိုက ဆူလို့မဆုံးတော့ဘူးလေ။

"ရေတွင်းက ရေညှိတွေနဲ့ကွာ၊ ပြီးတော့ မင်းက ဘယ်နှပုံးများ ငင်နိုင်မှာမို့လို့လဲ၊ အစ်ကိုပြန်လာမှ ရေခပ်ပေးပါ့မယ်။ အိမ်မှာပဲ လျှော် ပါကွာ။ နောက် အဲသလို ရေတွင်းမှာ သွားလျှော်ရင် မင်းနဲ့ငါ တွေ့မယ်"

အဲသလို ကြိမ်းတတ် မောင်းတတ်ပေမယ်လို့ ကလေးနှစ်ယောက် ရတဲ့အထိ ကျွန်မကို ဒေါသနဲ့ဆို လက်ဖျားနဲ့တောင် မထိဖူးပါဘူး။ သူ ကျွန်မကို တစ်ခုခုဖြစ်မှာ စိုးရှာလွန်းလို့လေ။ ဒါတွေသိလေ ကျွန်မ ဝမ်းနည်းရလေပဲအစ်ကိုရေ။ ကျွန်မကို ဘာလို့များ ....။

အစ်ကို ဖျားပြီး အိပ်ရာထဲ ဗုန်းဗုန်းလဲနေတဲ့နေ့ တွေဆို ကျွန်မမှာ ခြေမကိုင်မိ လက်မကိုင်မိပါ။ အစ်ကို့တစ်ကိုယ်လုံး ပူခြစ်နေတာထက် ကျွန်မရင်ထဲက အပူက ပိုလို့ ဆိုးပါသေးတယ်။ အစ်ကို အလုပ်မလုပ်နိုင်တော့ ကျွန်မတို့ မှာ ဝင်ငွေမရှိတော့ဘူးလေ။ ဝင်ငွေမရှိတော့ အကြွေးတင်မယ်၊ အကြွေးတင်တော့ ဘယ်သူဆပ်မှာလဲ။ အစ်ကိုပဲ နှစ်ဆတိုး ပင်ပန်းသွားရတာပါပဲ။ အဲသည်အခါ ကျွန်မစိတ်ကူးထဲမှာ "ငါ အလုပ်တစ်ခုခု လုပ်မှဖြစ်မယ်" လို့ အတွေးဝင်မိပေမယ့် ဘာလုပ်ရမှန်းလည်း မသိပါဘူး။ ကျွန်မမှာ သူ များလို ပြေးနိုင် လွှားနိုင်တာလည်းမဟုတ်။ ခြေနှစ်ချောင်းနဲ့ လူတွေတောင် အလုပ်တစ်ခုအပေါ်မှာ စုံရပ်နိုင်ဖို့ ခဲယဉ်းနေတတ်တော့ ကျွန်မလို ခြေတစ်ချောင်းတည်းနဲ့သူက ဘာကိုများ တွယ်ကပ်ထားနိုင်မှာတဲ့လဲ။ ကျွန်မကိုယ်ကျွန်မ အားမရလိုက်တာလေ။ အစ်ကိုကတော့ အကျင့်သိက္ခာကို ရင်းနှီးပြီး ကျွန်မလက်ထဲကို ငွေချေးပြီး ထည့်ပါတယ်။

"မင်းတို့ သားအမိတစ်တွေ သုံး၊ အစ်ကိုက တော်ကြာ နေကောင်းသွားမှာပါ။ ဆေးထိုးရမှာ အစ်ကို ကြောက်တယ်ကွ"

သတ္တိကောင်းတဲ့အစ်ကိုက ဆေးထိုးရမှာ ကြောက်သတဲ့။ ဟုတ်ပ့ါမလား။ ဆေးမထိုးဘဲနဲ့ ပျောက်ပ့ါမလား အစ်ကိုရယ်လို့ ကျွန်မက ဇွတ်အတင်း ဆေးထိုးခိုင်းရတယ်။ အစ်ကို ဆေးမထိုးရင် ကျွန်မ ဘာမှ မစားဘူးလို့ စိတ်ကောက်ပြရတယ်။ သည်တော့မှ အစ်ကိုက ဆေးခန်းကို သွားတယ်။ အစ်ကို တစ်ပတ်လောက် ဆက်ဖျားရင်တော့ ကျွန်မတို့ မှာ ကြွေးတွေ အများကြီး ပိုင်ဆိုင်လာပြီပေ့ါ။ အစ်ကို အလုပ်ပြန်ဆင်းလို့ ရလာတဲ့ ငွေကို ကျွန်မက စုကျစ်သိမ်းထုတ်ပြီး အကြွေးဆပ်တယ်။ ကျွန်မတို့ ဟင်းကောင်းကောင်းချက်မစားဘူး။ ဒါပေမဲ့ အစ်ကိုနဲ့သားသမီးတွေကိုတော့ လျှော့မကျွေးပါဘူး။ ကျွန်မ အစားလျှော့စားတာပေ့ါ။ ဒါကို အစ်ကိုသိသွားရင် ကျွန်မကို ဆူတော့တာပါ။

"မင်း အစားလျှော့စားလို့ လည်း ဒီအကြွေးတွေက တစ်ခါတည်း ကျေသွားမှာ မဟုတ်ပါဘူးကွာ။ မင်း ပိုစားလို့ လည်း မဆပ်နိုင် မရှိပါဘူး။

www.burmeseclassic.com

ငါ ယောကျ်ားပါ။ မင်း အဲသလိုလုပ်ရင် ငါ စိတ်ဆင်းရဲရတာပဲရှိမယ်။ စားစမ်းပါကွာ”

ထမင်းလုတ်ကို ဆွကာ ဆွကာ နယ်ဖတ်နေတဲ့ ကျွန်မဇလုံထဲကို အစ်ကိုက ထမင်းတွေ ဟင်းတွေ ဇွတ်ထည့်ပေးတယ်။ ကျွန်မ ဘယ်စားလို့ ဝင်ပါ့မလဲ။ အစ်ကိုက ထည့်ပေးလေ ကျွန်မ မစားနိုင်လေပဲ။ ဘာမှမသိရှာတဲ့ ကလေးနှစ်ယောက်ကတော့ ထမင်းဝ,တာနဲ့ ဆော့ကြတော့တာပဲ။ ကျွန်မနဲ့ အစ်ကိုသာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း မျက်ရည်ဝဲခဲ့ရတယ်လေ။

ကျွန်မများ နေထိုင်မကောင်းဖြစ်ခဲ့ရင်တော့ အစ်ကို့ မှာ ပျာလို့ ပါ။ ဆေးတိုက်ရ၊ ထမင်းဟင်းချက်ရ၊ ပြီးတော့ အလုပ်သွားရ၊ အလုပ်ကပြန်လာရင်လည်း ကျွန်မနဖူးကလေး စမ်းတဲ့ပြီး –

“ကိုယ်သိပ်မပူတော့ပါဘူး။ နေကောင်းသွားမှာပါ။ ရော့ – ဒါလေး စားလိုက်ဦးနော်”

ဆိုပြီး တယုတယ ပြုစုတတ်ပြန်တယ်။ မိန်းမသားတွေအဖို့ လင်ယောကျ်ားရဲ့ ပေးကမ်းစွန့်ကြဲမှုဟာ အတိုင်းအဆမဲ့တယ်ဆိုတာ အမှန်ပါပဲလား အစ်ကိုရယ်။

အစ်ကိုတို့ ပွဲရုံက အလုပ်နားတဲ့ရက်တွေမှာ အစ်ကိုက ဘုရားသွားဖို့၊ ဒါမှမဟုတ် ရုပ်ရှင်ကြည့်ဖို့ ကျွန်မကို ခေါ်တတ်တယ်။ အစ်ကိုခေါ်တိုင်း ကျွန်မ ငြင်းခဲ့ရတာချည်းပါပဲ။ တစ်ခါတုန်းက ဘုရားသွားကြတော့ ကျွန်မကို လူတွေက ဝိုင်းကြည့်ကြတယ်။ ကျွန်မ ရှက်ရတာထက် အစ်ကို့ မျက်နှာကြီး နီရဲနေတာကို ကျွန်မ သနားခဲ့ရတယ်။ ပြီးတော့ မကြားတကြား စကားတွေက ကျွန်မအသည်းစိုင်ကို ဆူးတွေနဲ့ ဝိုင်းခြစ်ကြသလို နာကျင်လိုက်ရပုံများ။

“ဟော ကြည့်စမ်း၊ မိန်းမက ခြေတုကြီးနဲ့တော့၊ ယောကျ်ားက သနားကမားနဲ့ လိုက်လည်းမလိုက်ဘူး”

အစ်ကို့ မျက်နှာ ကွက်ခနဲ ဖြစ်သွားတာကို ကျွန်မ မြင်လိုက်ရတယ်။ အဲသည်ကတည်းက ကျွန်မလေ အစ်ကိုနဲ့တွဲပြီး အပြင်မထွက်တော့ဘူး။

ညားခါစကလည်း ရှက်လွန်းလို့ အစ်ကိုနဲ့တွဲမလျှောက်ရဲခဲ့ဘူး။ ကလေး နှစ်ယောက်ရတော့လည်း ကျွန်မရဲ့သိမ်ငယ်စိတ်ကြောင့် အတူတွဲသွားဖို့ မဝံ့မရဲ ဖြစ်ခဲ့ရတယ်။ ကျွန်မဟာ အစ်ကိုနဲ့ဘယ်လိုမှ မထိုက်တန်တဲ့ မိန်းမပါ အစ်ကိုရယ်။ ဘယ်လိုကြမ္မာဆိုးကများ အစ်ကို့အပေါ် မညှာမတာ ပြုရက်တာပါလိမ့်။ အစ်ကို ကျွန်မကို စိတ်ပျက်သွားရင် ကောင်းမှာပဲ။ ကျွန်မကို ပစ်ပြီး အစ်ကိုနဲ့ထိုက်တန်တဲ့ တခြားမိန်းမတစ်ယောက်ကို လက်တွဲသွားပါတော့လား။ ကလေးနှစ်ယောက်ကို လက်ဆွဲပြီး ကျွန်မလေ အမေတို့အိမ် ဆင်းသွားမှာပေါ့။

အစ်ကို့ ကို ညှာတာ သနားလွန်းစွာ တွေးမိပေမယ့် အစ်ကိုဖောက် ပြန်ပြီး ကျွန်မတို့သားအမိတစ်တွေကို ပစ်သွားမှာ သေမလောက်ကြောက် ခဲ့ပါတယ်။ တစ်ခါတလေ အစ်ကိုများ ဖောက်ပြန်နေမလားလို့ မိန်းမသား ပီပီ အကဲခတ်မိပါသေးတယ်။ ဒါပေမဲ့ ကျွန်မတွေးပူမိသလို တစ်စက် ကလေးမှ မဟုတ်ခဲ့ဘူးနော်။ သမီးနဲ့သားကို သိပ်ချစ်ရှာတဲ့ အစ်ကိုရယ် လေ ပွဲရုံပိုင်ရှင်က သူတို့သားသမီးတွေရဲ့အဝတ်အစား အကျအနကလေး တွေ စွန့်ကြဲတာမျိုးကိုတောင် အစ်ကို လက်မခံဘူး။

“လူမချမ်းသာရင်လည်း နေပါစေကွာ၊ ငါ့သားသမီးတွေကို သူများ အကျအနတော့ မဆင်ချင်ဘူး”

မရှိမဲ့ရှိမဲ့ကြားက အကောင်းစားမဟုတ်ပေမယ့် အသစ်စက်စက် ကလေးတွေကိုပဲ အစ်ကိုက ဝယ်ဆင်တယ်။ အစားအသောက်ဆိုလည်း သားသမီးမကုန်တာ၊ ကျွန်မ မစားချင်တာတွေကိုပဲ ရွေးစားရှာတယ်။

အစ်ကိုရယ်၊ ကျွန်မ ဘူးကောင်းလို့ စင်ခံရပါတယ်။ ကျွန်မရဲ့မိသားစု ဘဝကလေးကို ကျေနပ်ပါတယ်။ ကျွန်မသေရင် အစ်ကိုလေ ဒုက္ခိတမ တစ်ယောက်ကို ပေါင်းဖက် လုပ်ကျွေးသမှု ပြုနေရတဲ့ ဝဋ်ဆင်းရဲက လွတ်မြောက်မှာပါ။ ကျွန်မ မရှိတော့ရင် အစ်ကိုနဲ့ထိုက်တန်တဲ့ တခြား မိန်းမတစ်ယောက်ကို အိမ်ထောင်ပြုလိုက်ပါ။ ကျွန်မ ခွင့်ပေးပါတယ်။ သားနဲ့သမီးကိုတော့ ...

"ဘုရား … ဘုရား"

ကျွန်မရင်ထဲကို အလုံးကြီးတစ်လုံး ဆောင့်ဝင်လာတာလိုလို၊ ရင်ဝကို ဓားနဲ့ထက်ခြမ်းခွဲလိုက်သလိုလို၊ ဘာမှန်းမသိတဲ့ဝေဒနာတွေက နှလုံးသားကို ဖိစီးလာတယ်။ အစ်ကို့ဘေးနားက ခြေသံမကြားအောင် ခပ်ဖွဖွကလေး ပြန်လျှောက်လာခဲ့တယ်။ အကြာကြီး ရပ်နေမိလို့ ထင်ပါရဲ့ ကျွန်မရဲ့ ခြေထောက်တွေ၊ အဲ – ခြေထောက်တစ်ဘက် ထုံကျင်လို့ နေတယ်။ အနားမှာရှိတဲ့ အိမ်တိုင်ကို လက်နဲ့ထိန်းကိုင်ရင်း ကျွန်မတို့ အိပ်ရာဘက်ကို လာခဲ့တယ်။ ခြင်ထောင်ကို အသာကလေးမ,ကြည့်လိုက်တော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေကြရှာတဲ့ သားနဲ့သမီးရဲ့အသက်ရှူသံတွေကို ကျွန်မ ကြားနေရတယ်။

"ဟေး၊ သူတို့ အမေက ခြေတုကြီးနဲ့ကွ"

"လမ်းလျှောက်တာက ဟောသလို ဟောသလိုလေ"

ကျွန်မရဲ့သမီးနဲ့ သားကို သူတို့ကျောင်းက သူငယ်ချင်းတွေက အမြဲပြောင်လှောင်တတ်ကြတယ်။ ကလေးတွေ ထမင်းစားကျောင်းဆင်းချိန်မှာ ခြေတုကြီးကို ဆ,ကာ ဆ,ကာနဲ့ထမင်းပို့ လာတဲ့ သူတို့အမေ ကျွန်မအတွက် သူတို့ ရှက်ကြရှာတယ်။ ကျွန်မမှာတော့ ကလေးတွေကို ထမင်းကျွေးပြီးတဲ့နောက်တောင် အိမ်မပြန်နိုင်သေးပါဘူး။ ကျောင်းပြန်မတက်မချင်း ကျောင်းသားကလေးတွေကြားမှာ ဆော့ကစားနေတဲ့ ကျောင်း ဝတ်စုံကလေးတွေနဲ့သားနဲ့သမီးကို ရှုမငြီးနိုင်ခဲ့ဘူး။

"မေမေ ကျောင်းကို ထမင်းလာမပို့နဲ့နော်၊ သမီးတို့ ဟာသမီးတို့ ပြန်စားမယ်၊ သူငယ်ချင်းတွေက မေမေ့ကိုပြောင်ကြတာ သမီးရှက်တယ်"

မျက်ရည်လေး ကလယ်ကလယ်နဲ့ သမီးကြီးက ပြောရှာတယ်။ ဖြစ်ပါ့မလား ကလေးတို့ ရယ်။ ကျောင်းက အဝေးကြီး။ ပြီးတော့ ကားလမ်းမကြီးကိုဖြတ်ပြီး ပြန်ရ သွားရတာ မေမေ စိတ်မချနိုင်ဘူး။ သမီးတို့ မကြိုက်ပေမယ့်လည်း မေမေ ကျောင်းကို လိုက်မလာဘဲ မနေနိုင်ခဲ့ဘူး။ ထမင်းဟင်း ပူပူနွေးနွေးကလေးကို ချိုင့်ကလေးနဲ့ထည့်ပြီး –

"ဒေါ်လေးကြည်ရေ၊ ကျွန်မကလေးတွေကို ထမင်းသွားကျွေးမလို့၊ အိမ်ဘက် ခဏလှမ်းကြည့်ပေးပါနော်"

လို့ မှာပြီး ကျောင်းကို ထမင်းသွားပို့ရတဲ့ နေ့လယ် ဆယ့်နှစ်နာရီ တိတိအချိန်ဟာ ကျွန်မရဲ့တစ်နေ့တာအတွက် တစ်ကြိမ်တည်းသော အိမ်အပြင်ထွက်ခြင်းပါပဲ။ မွန်းတည့်နေပူအောက်မှာ ထမင်းချိုင့်တစ်ဘက်၊ ရေဗူးတစ်ဘက်နဲ့ ကျိုးနင်း ကျိုးနင်း လျှောက်လာရတဲ့အခါလောက် ကျွန်မ ပျော်တာ မရှိပါဘူး။ နဖူးပြင်မှာ သီးဉနေတဲ့ ချွေးစတွေနဲ့ကျောင်း ပေါက်ဝကနေ ကျောင်းဆင်းခေါင်းလောင်းသံကိုစောင့်မျှော်ရင်း ကလေးတို့ ဆာရှာရောမယ်လို့ ခံစားနေရတာလေးကိုပဲ ကျွန်မ ကြည်နူးနေမိတာပါ။

ကျွန်မကို မြင်တာနဲ့ ကျောင်းသားလေးတချို့က ခြေထောက် ထော့ထော့ပြီး လှောင်ပြောင်သွားတတ်ကြတာလည်း မြင်မိပါရဲ့။ ကျွန်မမှာ ငယ်ငယ်ကတည်းက အဲသလို လှောင်ပြောင်ခံခဲ့ရတော့ ကျွန်မအဖို့တော့ မဆန်းလှပါဘူး။ ကျွန်မ ကျောင်းနေတုန်းကဆို သည်လို ပြောင်ရပ့ါ မလားဆိုပြီး စိတ်တိုတိုနဲ့ပြေးလိုက်ဖူးတယ်။ ပြေးတဲ့လူက ခြေနှစ်ချောင်းနဲ့ အားရပါးရ ပြေးနိုင်ပေမယ့် ကျွန်မကတော့ မလိုက်နိုင်ပါဘူး။ ဒေါသ အရှိန်နဲ့ပြေးလိုက်မိလို့ ခြေတုကြီး ပြုတ်ပြီး ဒလိမ့်ခေါက်ကွေး လဲကျသွား ခဲ့ရတာလည်း အခါခါ။ သူတို့ကို မလုပ်လိုက်ရတဲ့ ကျွန်မ ဒေါသဟာ ခြေတုကြီးကိုပဲ စုံထုထု ငိုရတော့တာပါပဲ။

ကျွန်မရဲ့အစ်ကိုတွေ အစ်မတွေက ခြေတုကြီး ဖှက် ဖှက်ထားလို့ ငိုခဲ့ရတာကလည်း အကြိမ်ကြိမ်ပဲ။ ဆေးရုံကို ခဏခဏ သွားပြီး ခြေတုကြီး လဲရတာကလည်း အခါခါပါပဲ။ အပျိုစင်ဘဝ ရှက်သွေးကြွစအရွယ်မှာ ဟောသည်ခြေတုကြီးကြောင့် ပွဲလမ်းသဘင် အပြင်လောကဆိုတာ မထွက် ခဲ့ရပါဘူး။ ဒါပေမဲ့ သည်ခြေတုကြီးကြောင့် ကလေးတို့ အဖေနဲ့ဖူးစာဆုံ ခဲ့ရတာပေ့ါ။ စာအုပ်ဆိုင်က စာအုပ်ငှားပြန်လာတဲ့ကျွန်မ လမ်းအကွေ့မှာ အစ်ကို့ စက်ဘီးနဲ့တိုက်မိပြီး ခြေတုကြီး လွင့်စဉ်သွားခဲ့တယ်။ ခြေထိပ် တစ်ခုလုံး ပွန်းပဲ့ စုတ်ပြတ်သွားပြီး ကျွန်မကို ဆေးရုံတင်လိုက်ရတယ်။

ဆေးရုံပေါ်မှာ နှစ်ပတ်လောက် နေလိုက်ရပြီး အစ်ကိုနဲ့သံယောဇဉ်ဖြစ်ခဲ့ရတာပါ။ သည်လိုသာ အစ်ကိုနဲ့အကြောင်းမပါခဲ့ရင် သားနဲ့သမီးတို့ ဟာ တခြားမေမေတစ်ယောက်ဆီမှာ ရှိနေမှာပေါ့နော်။

အဲသလို အတွေးဝင်တိုင်း ကျွန်မ ငိုမိပါတယ်။ ကျွန်မရဲ့ရင်သွေးကလေးတွေကို တခြားသူရဲ့လက်ထဲမှာ ရှိမနေစေချင်ပါဘူး။ ကျွန်မကိုယ်တိုင် ကျွန်မဝမ်းနဲ့လွယ်ပြီးမွေးခဲ့ရတာကိုပဲ ကျွန်မ ကျေနပ်နေတယ်။ သမီးကြီး မွေးလာတော့ ချောလိုက်တာ၊ တစ်တုံးတစ်ခဲကြီး။ ဖြူဖြူဖွေးဖွေး ဝဝကစ်ကစ်နဲ့ချစ်စရာကောင်းတဲ့သမီးကို လက်ကမချ ပွေ့ပိုက်ထားမိတယ်။ အစ်ကိုကဆို ရူးလို့ ပါ။

"အမေတူသမီးလေး"

ဆိုပြီး သမီးကိုနမ်းတိုင်း ကျွန်မ ကြည်နူးခဲ့ရတယ်။ သားကလေးမွေးပြန်တော့လည်း အစ်ကိုက "အမေတူသားလေး" တဲ့။ ကျွန်မကလေးတွေဟာ ကုသိုလ်ကံတစ်ဝက်ကောင်းပြီး တစ်ဝက်မကောင်းဘူးလို့ ပြောရမလားဘဲ။ အစ်ကိုရော ကျွန်မပါ သိမ်ဖျင်းတဲ့လူတန်းစားတွေထဲက မဟုတ်ကြပါဘူး။ နှစ်ဘက်မိဘတွေဟာ ကိုယ့်အိုးကိုယ့်အိမ်နဲ့တင့်တင့်တယ်တယ် နေထိုင်စားသောက်နိုင်ကြသူတွေပါ။ ကျွန်မမှာသာ မွေးရာပါအားနည်းချက်ကြီးကြောင့် အခုလိုဘဝမျိုး ဖြစ်နေရတာလေ။

ကျွန်မ ဖြေမဆည်နိုင်တဲ့ နေ့ တစ်နေ့ ကို ကလေးတွေက သယ်ဆောင်လာခဲ့ကြတယ်။ အဲသည်ညနေက ကျွန်မ သိပ်နေမကောင်းလို့ အိပ်ရာထဲ ခွေနေမိတယ်။ မျက်စိမှိတ်ပြီး မှိန်းနေရင်းက မှေးခနဲ အိပ်ပျော်သွားတော့တာပါ။ ကျွန်မ နားထဲကို ငိုရှိုက်သံတွေ စီးဝင်လာမှ လန့်နိုးသွားခဲ့ရတယ်။

"ဟင် … သမီး၊ ဘာဖြစ်လို့ ငိုတာလဲ၊ အို သားရဲ့မျက်နှာမှာလည်း ခြစ်ရာတွေနဲ့၊ ဘာ … ဘာဖြစ်လာကြတာလဲကွယ်၊ မေမေ့ကို ပြောကြစမ်းပါဦး"

ကလေးတွေဟာ ကျွန်မမေးတာကို မဖြေကြပါဘူး။ မျက်ရည်တွေ စိုစွတ်နေတဲ့ သူတို့ ရဲ့မျက်လုံးအကြည့်တွေဟာ နံရံမှာ ထောင်ထားတဲ့ ကျွန်မရဲ့ခြေတုကြီးဆီကို ရောက်နေကြတယ်။

"ရန်ဖြစ်လာကြတာလား"

သားက ခေါင်းညိတ်ပြတယ်။ သမီးနဲ့သားကြားမှာ ကျွန်မ ဝင်လိုက်ရင်း –

"ဘယ်လိုဖြစ်တာလဲ၊ မေမေ့ကိုပြောပြကြပါဦး"

သမီးက မျက်တောင်ကော့ကြီးတွေကို ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း –

"မေမေ့ကိုပြောင်လို့ မောင်လေးက ခဲနဲ့ထုလိုက်တာ၊ အဲ ... အဲဒီကောင်လေးရဲ့အမေက မောင်လေးကို အင်္ဂါမစုံတဲ့မိန်းမရဲ့သားတဲ့ ... ဟင့်"

"အို ..."

ကျွန်မ ခေါင်းထဲ မိုက်ခနဲဖြစ်သွားတော့တယ်။ လူတွေဟာ တယ်လည်းခက်ကြပါလား။ သူတစ်ပါးရဲ့အားနည်းချက်ကိုမှ ...။

"သား ကျောင်းမနေတော့ဘူး မေမေ"

သားက ပခုံးမှာ စလွယ်သိုင်း လွယ်ထားတဲ့ လွယ်အိတ်ကို ဖြုတ်ပြီး လွှင့်ပစ်လိုက်တယ်။

"သမီးလည်း ကျောင်းမနေချင်တော့ဘူး"

ကျွန်မတစ်ကိုယ်လုံး ကျဉ်စက်နဲ့အတို့ ခံလိုက်ရသလို ထုံခဲသွားခဲ့တယ်။ ရင်ထဲမှာ မောဟိုက်လာတယ်။ နှလုံးခုန်ချက်တွေက စည်းလွတ်ဝါးလွတ်။ မျက်ရည်တွေက ပိုးပိုးပေါက်ပေါက်။ ကျွန်မ အမြင်တွေ မှုန်ဝါးပြီး လဲကျသွားတော့တယ် ...။

ကျွန်မ သတိရလာတော့ အစ်ကိုရောက်နေပါပြီ။ သားနဲ့သမီးကို ရိုက်တဲ့အသံ၊ ကလေးတွေရဲ့ငိုသံ၊ အားလုံးဟာ ကျွန်မအတွက် ကမ္ဘာပျက်နေသလိုပါပဲ။

"နင်တို့ ကို ဝမ်းနဲ့လွယ်ပြီး မွေးခဲ့ရတဲ့အမေဟာ၊ မအေ စိတ်ဆင်းရဲအောင် လုပ်တဲ့ဟာတွေ၊ ကဲဟာ ... ကဲဟာ"

"တော် ... တော်ပါတော့အစ်ကို၊ ကလေးတွေမှာ အပြစ်မရှိပါဘူး။ သူတို့ ရှက်ကြမှာပေ့ါ၊ ကလေးတွေကို မရိုက်ပါနဲ့တော့၊ ကလေးတွေကို ရိုက်မယ့်အစား ကျွန်မကိုသာ သတ်ပစ်လိုက်ပါ အစ်ကိုရဲ့"

ကျွန်မက ပြောတော့ အစ်ကိုက ကလေးတွေကို ဆက်မရိုက်တော့ပါဘူး။ အစ်ကိုဟာ ကျွန်မကို နားအလည်ဆုံးသူလေ။

ကလေးတွေ ကျွန်မကိုချစ်တာ ကျွန်မ အကြွင်းမဲ့ယုံကြည်တယ်။ အခုအချိန်မှာ သူတို့ ရှက်ရကောင်းမှန်း သိလာကြပြီ။ စိတ်ဆိုးတတ်တဲ့ အရွယ်ရောက်လာကြပြီ။ သည့်ထက် အရွယ်ရောက်လာရင် ကျွန်မ အတွက်နဲ့ပိုပြီး အရှက်ရ၊ ပိုပြီး စိတ်ဆင်းရဲရရှာတော့မယ်။ ဒါကြောင့် မေမေသေချင်တာ သားနဲ့သမီးရဲ့ မေမေသေရင် ဟောသည်ဒုက္ခိတမကြီးရဲ့ ကလေးတွေလို့ ဘယ်သူကမှ လက်ညှိုးထိုးပြနိုင်ကြတော့မှာ မဟုတ်ပါဘူး။ သေသောသူ ကြာရင်မေ့သတဲ့ကွယ်။

သမီးနဲ့သားရဲ့ပါးပြင်ကလေးတွေကို နောက်ဆုံးအကြိမ်အဖြစ် ကျွန်မ အားရပါးရ နမ်းရှိုက်လိုက်တယ်။ မလွတ်တမ်း ပွေ့ဖက်ထားမိတယ်။ ဒါပေမဲ့ ကျွန်မမှာ အားရနှစ်သိမ့်ခြင်း မရှိပါဘူး။ အတိုင်းအဆမဲ့ နာကျင်ခြင်း တွေနဲ့မျက်စိကို စုံမှိတ်ပြီး ခြင်ထောင်ချပစ်လိုက်တယ်။

ခြေကို ဖော့နင်းပြီး ခေါင်းရင်းခန်းဘက်ကို ကျွန်မ လျှောက်ခဲ့တယ်။ စားပွဲပေါ်က မီးခြစ်နဲ့ဖယောင်းတိုင်ကို စမ်းပြီး ထွန်းလိုက်တော့ အမှောင်ဟာ ပြေလျော့သွားတယ်။ ဘုရားစင်ထက်မှာ ရှိနေတဲ့ ဘုရားပန်းအိုးတွေ နားမှာ ဖယောင်းတိုင်ကို တင်လိုက်တော့ ဆွတ်ဆွတ်ဖြူနေတဲ့ ကျောက်ဆင်းတုတော် ဘုရားရှင်ရဲ့နက်မှောင်ကြည်စင်နေတဲ့ မျက်လုံးတော်က အရောင်တွေ တဖိတ်ဖိတ် လက်လို့။ ဘုရားရှင်ကို အာရုံပြု ရှိခိုးဖို့ ကျွန်မရဲ့ ခြေတုကြီးကို ချွတ်ပြီး ကြမ်းပြင်ပေါ် ချထားလိုက်တယ်။ ကျွန်မရင်ထဲမှာ ရှိသမျှအရာအားလုံးကို မေ့ပျောက်ပစ်နိုင်ဖို့ ဘုရားရှင်ရဲ့ လေးနက်တည်ငြိမ်တဲ့ မျက်နှာတော်ကို စူးစူးစိုက်စိုက် အာရုံပြုရင်း တစ်ခုတည်းသောဆုကိုသာ ကျွန်မ တောင်းလိုက်မိပါတယ်။

"ဘုရားတပည့်တော်မ မရှိသည့်နောက်မှာ လင်သားနှင့် သားသမီးများ ဘုရားတပည့်တော်မနဲ့ပတ်သက်သမျှ အရာအားလုံး မေ့ပျောက်နိုင်ကြပါစေဘုရား"

ပြီးတော့ အစ်ကိုရှိရာဘက်ကို လှည့်ပြီး ကျွန်မ ကန်တော့လိုက်တယ်။

"ကျွန်မကို ခွင့်လွှတ်ပါအစ်ကို"

ကျွန်မရင်ဘတ်ကြားထဲမှာ ထည့်ထားတဲ့ အဆိပ်ပုလင်းကို ဆွဲထုတ်လိုက်တယ်။ ကျွန်မအသက်ကို ဆွဲထုတ်ပြီး ကျွန်မဘဝကို အလွှာခြားပစ်မယ့် အဆိပ်ပုလင်းလေ။ ပုလင်းကို တစ်ချက်စိုက်ကြည့်ပြီးတော့ ဖယောင်းတိုင်မီးကို ငြိမ်းပစ်လိုက်တယ်။ ကျွန်မရဲ့တစ်ကိုယ်လုံး အမှောင်ထဲထိုးကျသွားသလိုပါပဲ။ ညရဲ့ လေတိုးသံက နားထဲမှာ တဝေါဝေါဆူညံလို့။ ကျွန်မရဲ့စိတ်တွေကလည်း တမလွန်နဲ့ပစ္စက္ခကြားမှာ လူးလွန့်လှုပ်ရှားလို့။

ဘုရားစင်ပေါ်က အိမ်မြှောင်စုတ်ထိုးသံက စူးခနဲ မြည်သွားတယ်။ ထိတ်ခနဲ ရင်ခုန်သွားတဲ့ရင်ကို လက်နဲ့ဖိရင်း အဆိပ်ပုလင်းကို စမ်းဖွင့်လိုက်တယ်။ မျက်စိကို စုံမှိတ်လိုက်တော့ အစ်ကိုရဲ့အကြင်နာမျက်ဝန်းတွေနဲ့သမီးနဲ့သားရဲ့အပြစ်ကင်းစင်တဲ့မျက်နှာကလေးတွေ ပေါ်လာတယ်။ ခေါင်းကို ခါယမ်းပြီး ကြွက်သားတွေကို ဖိညှစ်ပစ်လိုက်တယ်။ ဘုရားရှင်ကို အာရုံပြု … အာရုံပြု။

"မေမေ …"

သား … သားရဲ့အသံပဲ။ သားနိုးလာတာထင်ပါရဲ့။ အဆိပ်ပုလင်းကိုဆုပ်ထားတဲ့လက်တွေဟာ တဆတ်ဆတ်တုန်ရင်လာတယ်။ မနက်လင်းလို့ကလေးတွေ နိုးလာရင် သူတို့အမေကို ရှာကြတော့မယ်။ သေနေတဲ့ သူတို့အမေရဲ့အလောင်းကောင်ကြီးကို မြင်လိုက်ရရင် ကလေးတွေ ဘယ်လိုနေကြမလဲ။ အစ်ကိုကရော။ ကျွန်မရင်ထဲ မောဟိုက်လာတယ်။ ခဏနေတော့အရာအားလုံးဟာ တိတ်ဆိတ်သွားပြန်တယ်။ ကျွန်မ ဘာဆက်လုပ်ရမလဲ။

"အို – ငါ ဆုံးဖြတ်ချက်ချပြီးသားပဲ၊ အကောင်းဆုံးနည်းလမ်းကိုရွေးချယ်ပြီးသားပဲ။ ငါသေမှဖြစ်မှာ၊ ငါသေသွားမှ အေးမှာ"

သည်တစ်ခါတော့ ကျွန်မဟာ ဘာကိုမှ ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ အဆိပ်ပုလင်းကို နှုတ်ခမ်းဝမှာ တေ့လိုက်တယ်။

"အို ..."

ကျွန်မရင်ထဲမှာ ဟာတာတာနဲ့တစ်စုံတစ်ခု လိုနေသေးသလို ခံစားနေရတယ်။ တစ်စုံတစ်ခု ... တစ်စုံတစ်ခု။ ဟုတ်တယ်။ အဲသည်တစ်စုံတစ်ခုဟာ ကျွန်မတစ်သက်လုံး ကျွန်မအပေါ် လွှမ်းမိုးဖက်တွယ်နေခဲ့တဲ့ ကျွန်မရဲ့ ခြေတုကြီးပဲပေါ့။ အဆိပ်ပုလင်းကိုချပြီး ခြေတုကြီးကို အမှောင်ထဲမှာ စမ်းယူလိုက်တယ်။ ကျွန်မရဲ့ခြေတုကြီးဟာ အသက်မရှိသလို အေးစက်တောင့်တင်းလို့ ။ သူဟာ ပင်ကိုယ်အားဖြင့် အသက်မဲ့နေပေမယ့် သည်ခြေတုကြီးဟာ ကျွန်မအတွက်တော့ အသက်ရှိနေတဲ့ ခြေတစ်ဖက်လေ။

"ငါသေသွားရင်ကော၊ လောကကြီးထဲမှာ ငါဆိုတာ မရှိတော့ရင်လေ၊ ဘာအသုံးကျဦးမှာလဲ၊ ငါဟာ အသက်မဲ့နေတဲ့ ဟောဒီခြေတုကြီးလိုပဲ ဘာမှ အသုံးဝင်မှာမဟုတ်ဘူး။ ငါဆိုတာ ရှိနေသေးရင်တော့ ဟောဒီခြေတုကြီးလိုပဲ အသုံးဝင်နေဦးမှာ မဟုတ်လား၊ ဟုတ်တယ်၊ ငါဟာ ခြေတုကြီးတစ်ခုပဲ။ ဒါပေမဲ့ အသုံးဝင်နေသေးတာပဲ"

ခြေတုကြီးကို ကိုင်ပြီး ကျွန်မ စဉ်းစားနေဆဲမှာပဲ အရှေ့ဆီက ရောင်နီတွေ လာနေလောက်ပြီထင်ပါရဲ့။ လောကကြီးကို အလင်းတွေပေးမယ့် နေမင်းကြီးဟာ မှောင်မိုက်တဲ့ညကို အလှည့်ပေးပြီးလို့ နေ့သစ်တစ်ဖန် မွေးဖွားဖို့ ရောက်လာခဲ့ပြန်ပြီကော။ လောကကြီးကိုယ်တိုင်တောင်မှ ထာဝရ အလင်းကို မပိုင်ဆိုင်ရရှာဘူး။ မှောင်တဲ့အခါမှောင်၊ လင်းတဲ့အခါလင်းရသေးတာပဲ။

ရောင်နီတွေဟာ အမှောင်ထဲကနေ အန်ကျလာတယ်။ အိမ်ခေါင်းရင်းက လင်းကြက်တွန်သံဟာ ကျွန်မ နေ့စဉ်ကြားနေကျအတိုင်းပဲ ပီပီသသကြီး တွန်လိုက်လို့ ။ မနက်လင်းတော့မှာပါလား။ မနက်လင်းရင် အစ်ကို အလုပ်သွားရဦးမယ်။ သမီးနဲ့သားတို့ ကျောင်းသွားကြရဦးမယ်။ သူတို့အတွက် ကျွန်မမှာ လုပ်ပေးရဦးမယ့် တာဝန်တွေ၊ ဝတ္တရားတွေ၊ ကရုဏာတွေ၊ မေတ္တာတွေ ...။ ကျွန်မ ဘာမှ မစဉ်းစားနေတော့ပါဘူး။ ခြေတုကြီးကို ခပ်မြန်မြန်ပဲ ကောက်စွပ်လိုက်တယ်။


"ဒေါက်"

"ဟော ..."

ခြေတုကြီးက အဆိပ်ပုလင်းကို တိုက်ချလိုက်တဲ့အသံပဲ။ အခုတော့ အဆိပ်ရည်တွေဟာ ကြမ်းပြင်ပေါ်မှာ တစ်စစီ ဖိတ်အန်ကျလို့ ။ ဒါကို အစ်ကိုမသိအောင် ကျွန်မ သန့်ရှင်းပစ်ရဦးမယ်လေ။ ကြမ်းပေါ်ကတင် မဟုတ်ပါဘူးလေ။ ကျွန်မ စိတ်နှလုံးကိုပါ သန့်ရှင်းပစ်ရတော့မှာပါ။

**ကလျာမဂ္ဂဇင်း၊ ၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလ**

www.burmeseclassic.com



ခင်ခင်ထူး

ဖွတ်ကောလပ်တာလေ

# ဖွတ်ဘောလ်တေလာ

ရွာကလေးတစ်ရွာလိုဖြစ်နေတဲ့ မက္ကလေးမြို့စွန်ရပ်ကွက်ကလေးထဲက လူတွေကတော့ ကိုလူခင်ဆိုရင် သိကြတဲ့သူချည်းပါပဲ။ သိကြဆို ကိုလူခင်ကလည်း နေရာတကာ ပါချင်တတ်တဲ့သူမှတ်လား။ မီးသတ်ထဲလည်း သူပါတယ်။ ရပ်ကွက်ဓမ္မာရုံ လူမှုရေးအသင်းထဲလည်း သူပါတယ်။ အရပ်သာရေးနာရေးကိစ္စတွေလည်း သူပါတာပဲ။ မနက်ခင်း လူစည်စည် လက်ဖက်ရည်ဆိုင်မှာဆိုရင် သူက ထိပ်ဝိုင်းက။ အရပ်ထဲ တစ်ယောက်နဲ့ တစ်ယောက် ရန်ဖြစ်လို့ အချင်းများလို့ ဆိုရင်လည်း သူက ရှေ့ဆုံးက ဟိုပါ သည်ပါနဲ့ပါ။ အကြောင်းကြီးငယ်ရှိလို့ အရပ်ထဲ လည်ပြောတဲ့ စေတနာ့ဝန်ထမ်း ရှာဆော်ဆိုလည်း ဟုတ်ရဲ့။ သည်တော့ ရပ်ကွက်က သူ့ကို မသိချင်အဆုံးပေါ့။

ဟိုတစ်ခေတ်ကဆိုရင် ကိုလူခင်က ရပ်ကွက်စားသုံးသူသမဝါယမ အသင်းအမှုဆောင်ထဲ ပါတယ်။ သမအမှုဆောင်ထဲ ပါတယ်ဆိုလို့ ကိုလူခင်ကို တစ်မျိုးတော့ ထင်လို့ မဖြစ်ဘူး။ ကိုလူခင်ရဲ့ပင်ကိုယ်ဗီဇက အတော်ကို ရိုးတဲ့သူပါ။ သူ့ကို အမှုဆောင်တင်လိုက်တာကိုက အဲသဟာ ကြောင့်ပဲ။ သမလူကြီး ဦးဘထိုက်ကိုယ်တိုင်က ကိုလူခင်ကို သူ့စိတ်ကြိုက် ရွေးချယ်တင်မြှောက်ခဲ့တာပါ။ လူခင် ဒါလုပ်ဆိုရင် လုပ်လိုက်တာပဲ။

ဒါယူသွားဆို ယူသွားလိုက်တာပဲ။ သည်ကိစ္စ ဘယ်သူ့မှမပြောနဲ့ဆို မပြောဘူး။ ဒါကြောင့်လည်း ကိုလူခင်က သမအမှုဆောင်သက်တမ်းရှည်ခဲ့တယ်။

ကိုလူခင်ရဲ့အသက်မွေးဝမ်းကျောင်းအလုပ်က စက်ချုပ်တာပါ။ ရှိတ်စပီးယားတေလာ ဆိုတဲ့ ဆိုင်းဘုတ်ကလေးကို သင်္ဘောဆေးရောင်စုံတွေသုတ်ပြီး အိမ်ရှေ့ဝင်းထရံမှာ ချိတ်ထားတယ်။ ကြားဖူးနားဝရှိလို့ သာ ရှိတ်စပီးယားတေလာလို့ အမည်တပ်ထားပေမယ့် ရှိတ်စပီးယားဆိုတာကို ဂဃနဏ သူသိတာမှုတ်ဘူး။ သူများတွေက ရှိုးတေလာတို့၊ အဲလစ်ဇဘတ်တေလာတို့၊ ဗီးနပ်စ်တေလာတို့ လုပ်လို့ သူကြားဖူးတာလုပ်တာပါ။ သည်ဆိုင်းဘုတ်ရဲ့အဓိပ္ပာယ်ကို လူတွေကမေးရင် ကိုလူခင်က ခပ်တည်တည်နဲ့ပဲ ဖြေတယ်။

"ရှိတ်စပီးယားတေလာဆိုတာ စက်ချုပ်ဆိုင်လို့ ပြောတာပေါ့ဗျ။ နိုင်ငံခြားက ကမ္ဘာကျော်ဝတ်စုံတွေချုပ်တဲ့ စက်ချုပ်ဆရာကြီးကို ဂုဏ်ပြုပြီး ခေါ်တဲ့နာမည်ပေါ့"

အကြောင်းမသိသူတွေက 'သြော်' ဆိုပြီး လှည့်ထွက်သွားတတ်ပေမယ့် ရှိတ်စပီးယားဆိုတာ ကမ္ဘာကျော် စာရေးဆရာကြီး၊ ပြဇာတ်ရေးဆရာကြီးမှန်းသိတဲ့သူတွေကတော့ ရယ်တာပေါ့။ ဘာပဲဖြစ်ဖြစ် ကိုလူခင်ကတော့ ခပ်တည်တည်နဲ့နေလိုက်တာပါပဲ။ အဲသလို မျက်နှာကြီး ပွစိပွယောင်းနဲ့ခပ်တည်တည်နေတာကိုက ကိုလူခင့်မှာ လူရယ်စရာကြီးဖြစ်ချင်ဖြစ်နေတာပါ။

သမအသင်း နှစ်ပတ်လည် အစည်းအဝေး နှစ်ချုပ်စာရင်းရှင်းတမ်းတွေဖတ်ခဲ့တုန်းကတောင် ကိုလူခင်က ခပ်တည်တည်နဲ့ရယ်။ မျက်စိသိပ်မမှုန်ပေမယ့် ကိုလူခင့်မှာ ကျွဲကော်ကိုင်း မျက်မှန်ကြီးတစ်လက်ဆောင်ထားတယ်။ မျက်မှန်က ပါဝါပါသလား၊ မပါသလားတော့ မသိ ဘူး။ ထူဝါးဝါးကြီးပါ။ အဲသည်မျက်မှန်ကလည်း ကိုလူခင် သမအမှုဆောင်ဖြစ်တော့မှ ဆေးဆရာကြီး ဦးစိုးရဲ့လက်ထဲက ငွေအစိတ်နဲ့ဝယ်ယူလိုက်တာပါ။ ဒါပေမဲ့ ကိုလူခင်က နေရာတကာတိုင်းမှာတော့ မတပ်ဘူး။

www.burmeseclassic.com


လူကလေးဘာလေး စုံတတ်တဲ့ပွဲမျိုးမှ တစ်ခါတစ်ရံ ထုတ်တပ်တာရှိတာပါပဲ။ သည်ကြားထဲတော့ ကျွဲကော်မျက်မှန်ကြီးကို ဘုရားစင်ထောင့် ကပ်ထားလိုက်တာပါ။ စာရင်းရှင်းတမ်း ဖတ်ရမယ်ဆိုရင်တော့ ကိုလူခင်က မျက်မှန်ကြီးကို ဖုန်တွေသုတ်ပြီးတပ်တယ်။

"ကိုလူခင် … ခင်ဗျား မျက်မှန်တပ်လိုက်တော့ စာလုံးတွေ ပိုမြင်ရသလား" လို့ မေးရင် ကိုလူခင်က "ပိုဝါးသွားတယ်ဗျ" လို့ အမှန်အတိုင်းပဲ ဖြေတယ်။ ဒါဖြင့် ဘာလို့ တပ်တာလဲဆိုတော့ ခန့်အောင်လို့ တဲ့။ အဲသလောက် ရိုးတာ သားတာပါ။ နှစ်ချုပ်စာရင်းရှင်းတမ်းဖတ်ရင်တော့ ကိုလူခင်က တစ်လုံးချင်း ပီပီသသ ဖတ်တတ်တယ်။ သူပြောသလို ခန့်အောင်ဖတ်တာ။

"…… ခုနှစ် …… သမအသင်း နှစ်ပတ်လည်အစည်းအဝေး အဲ အစည်းအဝေး …… နှစ်ချုပ် စာရင်းရှင်းတမ်းတဲ့ …… သမအသင်း …… အဲ …… ဝင်ငွေတဲ့"

အဲသလို တဲ့တဲ့နဲ့ပဲ ကိုလူခင်ကတော့ သူ့ပေးထားတဲ့စာရင်းစာရွက်ကို ဆုံးအောင်ဖတ်သွားတော့တာပါ။ အသင်းသားတွေကတော့ ရယ်တာပါပဲ။ သူ့စာရင်းလည်း စိတ်မဝင်စားပါဘူး။ အစည်းအဝေးတက်ရင် ဝေတဲ့ ဆပ်ပြာခဲ စိတ်ဝင်စားကြတာကိုး။

* * *

တစ်ခါတော့ အခြေခံသမအသင်းတွေ အချင်းချင်း ချစ်ကြည်ရေး ဘောလုံးကစားဖို့ လူကြီးတွေက စီစဉ်တယ်။ သည်တုန်းက ကိုလူခင် တစ်ယောက် မထင်မှတ်ဘဲ ဘောလုံးသမား ဖြစ်ခဲ့ရဖူးသေးတာပါ။ ကိုလူခင်ရဲ့ဘဝမှာ အဲသည်တစ်ခါပဲ ဘောလုံးဆိုလို့ ကစားခဲ့ရဖူးတာလေ။ သူ့အတွက်ကတော့ ဘဝတစ်ဆစ်ချိုး မှတ်တိုင်တစ်ကွေ့ပေါ့။ ဘောလုံးကစားရမယ်ဆိုလို့ သာ။ ကိုလူခင်က စက်ခုံနင်းတာနဲ့ လမ်းလျှောက်တာကလွဲလို့ ခြေတောင် ပြင်းပြင်းမြှောက်ဖူးတာမဟုတ်လေတော့ ငွကျနေ

သေးတော့။ ဒါပေမဲ့ ဘောလုံးတာဝန် ခွဲဝေကြတော့ ကိုလူခင်က သူတို့အသင်းမှာ ရှေ့တန်း တိုက်စစ်မှူးတဲ့။

ပြိုင်ပွဲတွေ မစခင် တစ်လလောက်ကတည်းက သမအသင်းက ဝယ်ပေးတဲ့ စွပ်ကျယ်နဲ့ ဘောင်းဘီကိုဝတ်ပြီး ရောဝတီသဘော်ကျင်း ကွင်းကြီးထဲ သွားသွားပြီး မနက်တစ်ခေါက် ညနေတစ်ခေါက် ဘောကန်လေ့ကျင့်နေတဲ့ ကိုလူခင်ကို လူတွေ မြင်ဖူးခဲ့ကြရသေးတာပေ့ါ။ ချက်ချင်းဆွဲခန့်တဲ့ ဘောလုံးနည်းပြက ကျောင်းသားဘဝတုန်းက ဘောလုံးအသင်းတွေမှာ ကစားခဲ့ဖူးတဲ့ သမစာရေးကလေး ကိုလှအေးတဲ့။ အသင်းအုပ်ချုပ်သူနဲ့ ကပ္ပတိန်ကတော့ သမလူကြီး ဦးဘထိုက်ကိုယ်တိုင်ပါပဲ။ ကိုလူခင်က ပိန်ပိန်ပါးပါးဆိုတော့ ကန်အား သိပ်မရှိရှာပါဘူး။ ဒါပေမဲ့ လူလတ်ပိုင်းဆိုတော့ ဘောလုံးနောက်တော့ တကောက်ကောက်လိုက်နိုင်တာပေ့ါ။ ဦးဘထိုက်က တာဝန်အရမို့ သာပါ။ လူက ဝဝနဲ့ အမောမခံနိုင်ဘူး။ သည်တော့ ကိုလူခင်နဲ့ ဦးဘထိုက်ကို တိုက်စစ်မှူးအတွဲ တွဲထားလိုက်ကြတယ်။ ဘောလုံးရှေ့ရောက်လာရင် ကြည့်လုပ်ပေ့ါ။

မန္တလေးအနောက်ပြင် သည်ဘက်ခြမ်းမှာက သမအသင်းက ခြောက်သင်းရှိတော့ ဘောလုံးအသင်းကလည်း ခြောက်သင်းပဲ။ သမ (၁) အသင်း၊ သမ (၂) အသင်း စသည်ဖြင့်ပေ့ါ။ ကိုလူခင်တို့ က သမ (၄) အသင်း။ ဘောလုံးပွဲဆိုပေမယ့် ချစ်ကြည်ရေးအနေနဲ့ ကိုယ့်အချင်းချင်း ကစားကြတာမို့ ဘယ်သူမှလည်း ဘောလုံးအကြောင်း ကောင်းကောင်းနားလည်ကြတာမှ မဟုတ်တာ။ ဘောလုံးပြိုင်ပွဲကွင်းက သည်ဘက်ပိုင်းမှာရှိတဲ့ တစ်ကျောင်းတည်းသော အထကကွင်းကြီးထဲမှာပါ။ ကိုလူခင်တစ်ယောက်ကတော့ ပြိုင်ပွဲရက်မတိုင်မီကတည်းက သမက ထုတ်ပေးတဲ့ ဘောင်းဘီတိုနဲ့ ဘောလုံးလေ့ကျင့်နေတာဆိုတော့ အဲသည်ရက်ပိုင်းက ပုဆိုးတောင် မဝတ်သလောက်ဘဲ။ သူ့အိမ်ထရံတွေမှာလည်း တံခွန်အားကစားစာစောင်နဲ့ မဂ္ဂဇင်းတွေထဲက ညှပ်ယူထားတဲ့ ဘောလုံးသမားပုံတွေ ပြည့်လို့ ။ ဘယ်ပုံက ဘယ်သူဘယ်ဝါ သူသိတာမဟုတ်ဘူး။ ဘောလုံး ပွေ့ထားတဲ့၊ ဘောလုံးကန်နေတဲ့ပုံပါရင် ဒါ ဘောလုံးသမားပဲ။ ကိုလူခင့်ဓာတ်ကို

သိနေကြတဲ့ အရပ်ကာလသားတွေက သူ့အိမ်ထရံက ပုံတွေကိုကြည့်ရင်း မေးတယ်။

"ကိုလူခင် ဒါ ဘယ်သူ့ပုံတုံးဗျ"

"ဒီလစ်ကူမာပုံလေ။ အဲသည်မှာ ရေးထားတာ အောက်က မတွေ့ဘူးလား။ သူ ရွှေဘောလုံးဆုရတုန်းကပုံ"

ကမ္ဘာကျော် အိန္ဒိယရပ်ရှင်မင်းသား ဒီလစ်ကူမာ ဆုရတဲ့ပုံကို ဘယ်မဂ္ဂဇင်းထဲက တွေ့တယ်မသိဘူး။ ကိုလူခင်က စက်ကတ်ကြေးနဲ့ ကိုက်ယူပြီး ဘောလုံးပုံနဲ့တွဲကပ်ပြီး ဘောလုံးသမားလုပ်ထားတာပါ။ ကိုလူခင်က ခပ်တည်တည်ကြီးပြောတော့ ကာလသားတွေမှာ ရယ်ချင်လွန်းလို့ မနည်းအောင့်ထားရတော့တာပဲ။ ကွယ်ရာကြမှ ဟားကြတာပေါ့။ ရှေ့မှာတော့ မဟားဝံ့ဘူး။ လူကသာ ညှက်တာ စိတ်က တိုတတ်တာကိုး။ အဲသလို ရယ်ရလို့လည်း ကာလသားတွေက ကိုလူခင်ကို ချစ်ကြ တာပေါ့။ အဲသဟာကြောင့် ကိုလူခင် ကစားမယ့် ဘောလုံးပွဲကို လိုက် အားပေးဖို့ ရပ်ကွက်လူငယ်တွေက စိတ်စောနေကြတာပေါ့။ ကိုလူခင်ကလည်း သူ့ကို အားပေးမယ်ကြားတော့ ဝမ်းသာတယ်။

"မကစားတာ ကြာပါပြီကွာ … ဟိုတုန်းကတော့ မကွေးတိုင်း ပဏာမ ပါဖူးပါရဲ့" လုပ်သေးတာပါ။

* * *

ပြိုင်ပွဲရက်ရောက်တော့ လူတွေ ကျောင်းအားကစားကွင်းကြီးနဲ့ အပြည့်အလျှံပါပဲ။ သမအသင်းပေါင်းစုံ ချစ်ကြည်ရေးပွဲဆိုပေမယ့် လူတွေက ဘောလုံးပွဲ ငတ်နေကြတာဆိုတော့ ယောကျ်ားတွေတင်မကပါဘူး။ ရပ်ကွက်ထဲက မိန်းမတွေရော ကလေးတွေရောပဲ။ စာအုပ်ရှိတဲ့လူ အကုန်လာဖို့ အသံချဲ့စက်နဲ့အော်ထားတာကိုး။ ပထမဆုံး ပွဲစကစားကြတော့ ရပ်ကွက် ကာလသားတွေက ကိုလူခင့်ကို အတင်းအားပေးကြတယ်။ တစ်ကွင်းလုံး ကိုလူခင်ကွ၊ ကိုလူခင်ဟေ့နဲ့ကုန်းကြုံးအော်လိုက်ကြတာ ဆူညံလို့။ ကိုလူခင် ဘောလုံးမထိရင်လည်း ကိုလူခင်ပဲ။ ထိရင်လည်း

ကိုလူခင်ပဲ။ ဘယ်သူကန်ကန် ကိုလူခင်ပဲ၊ ဘောလုံး ဘယ်ရောက်ရောက် ကိုလူခင် လိုက်လေ လိုက်လေနဲ့ အော်ကြတာဆိုတော့ ဘောလုံးတစ်ကွင်းလုံး ကိုလူခင့်နာမည်က မကြားချင်မှအဆုံးပေါ့။ ကံကောင်းချင်တော့ ပွဲဦးထွက် တောင်ရပ်သမဝါယမနဲ့ပွဲမှာ ကိုလူခင် ကန်သွင်းလိုက်တဲ့ တစ်လုံးတည်းသောဂိုးနဲ့ အနိုင်ရသွားခဲ့တယ်။ ဦးဘထိုက် ဒူးခေါင်းကိုမှန်ပြီး စင်ထွက်လာတဲ့ဘောလုံးက သူ့ရှေ့ လည်ကျလာပြီး ရပ်နေတာကို ပြေးကျုံးလိုက်တာပါ။

"ဇမ္ဗူတစ်ခွင်မှာ ကိုလူခင်တဲ့နော်"

"မတစ်ထောင် တစ်ကောင်ဖွား၊ ယောက်ျားဘသား ကိုလူခင်တဲ့ကွ"

ရပ်ကွက်ကာလသားတွေက ကာရံကိုက်တာရော မကိုက်တာရော ပါးစပ်ထဲရှိသမျှ အသံညီပြီး တညီတညာတည်း အော်ကြတာဆိုတော့ ရွှေပွဲလာပွဲကြည့်ပရိသတ်တွေက ကိုလူခင်ကို ရှာကြည့်ကြ၊ မေးကြည့်ကြ။ သည်တစ်ပွဲတည်းနဲ့ပဲ ကိုလူခင်ဆိုတဲ့နာမည်က အတော်ကလေး ဟိန်းဟိန်း ထသွားတော့တာပါ။ သည်လိုဆိုတော့လည်း ကိုလူခင်ကိုယ်တိုင်က သူ့ကိုယ်သူ အထင်တွေကြီးသွားတော့တာပဲ။ တစ်ဘက်အသင်းက တစ်ဂိုးမှ မသွင်းနိုင်အောင် ချာတာထားပါတော့။ သူစွတ်ရွတ်ကန်လိုက်တဲ့ဘောလုံး က ဂိုးပေါက်ထဲဝင်သွားတာကို ပြန်စဉ်းစားမိတိုင်း ကိုလူခင့်မှာ အံ့သြမဆုံး ဂုဏ်ယူမဆုံးပေါ့။ ကိုလူခင်ရဲ့မဟေသီ မပုတုကတောင် လူတွေကြားထဲ တိုးရင်းခွေ့ရင်း တစ်သက်လုံး မကျေနပ်ခဲ့တာ ရင်ဖွင့်တော့တာပဲ။

"ကိုလူခင်တို့ များ အရိုး အအ ဆိုပြီး အထင်သေးချင်ကြတာ၊ ခုတော့ သိပြီမှတ်လား ကျုပ်ယောက်ျားအကြောင်း"

ပါးစပ်ကလည်းပြော၊ သည်ဘက်ခါးထစ်ခွထားတဲ့ ကလေးကို ဟိုဘက် ခါးထစ်ပြောင်းချီလိုက်တယ်။ ထဘီစဆွဲလိုက်လာတဲ့ ကလေးတွေက လည်း သူတို့ အဖေ ဘောလုံး ဂိုးသွင်းလိုက်တာကို ဘုမသိ ဘမသိ ပျော်လို့။ ကိုလူခင်တစ်ယောက်ကတော့ ကိုယ့်အသင်းနားတဲ့ရက်တောင် တခြားအသင်းတွေကန်တာ သွားကြည့်ရင်း ရိတိတိလုပ်နေတတ်ပြီ။

"သည်ခြေတွေလောက်တော့ လူခင်တို့ က အပျော့ပေါ့"

www.burmeseclassic.com


ကိုလူခင့်ခာတ်သိနေတဲ့ အရပ်ကာလသားတွေကလည်း မြှောက်လိုက်ကြ ပင့်လိုက်ကြစမ်း ဆိုတာများ။ တစ်ပွဲနိုင် သုံးမှတ်ရထားတာရော၊ ကိုလူခင့်ကို လက်ဖက်ရည်တိုက်ခိုင်းချင်တာရောဆိုတော့ ဝိုင်းမြှောက်ကြတာပဲ။

"ကိုလူခင် ... ခင်ဗျားကန်ချက် တကယ်မှန်တယ်ဗျာ။ အနိုင်ဂိုးသွင်းသွားပုံက တကယ့်ပီလီကစ်ပဲ။ တကယ်တော်တဲ့လူ၊ မကွေးတိုင်းပဏာမပါဖူးတာ ဟုတ်သားပဲ"

"ကိုလူခင်က တစ်လုံးတည်းနဲ့ ရှေ့ဂိုးသွင်းတာကွ။ ရွှေချထားရမယ့်ခြေထောက်မျိုး"

"ငါတို့ အသင်းက ကိုလူခင်ပါနေမှတော့ ဒိုင်းရမှာ သေချာတယ်ကွ"

ဟိုတုန်းက ဖလားမပေးဘဲ ဒိုင်းပေးတဲ့ခေတ်ကိုး။ ဒါကိုပဲ ကိုလူခင့်မှာ ရှုတည်တည်ကြီးနဲ့ ဘဝင်တွေခွေ့လို့ ပါ။ သမ ၄ အသင်းက နှစ်ပွဲစလုံးနိုင်ပြီး အုပ်စု ပထမနဲ့ ဆီမီးကို တန်းတက်သွားတယ်။ ဆီမီးမှာကန်ကြတော့ ကိုလူခင်တို့ အသင်းဘက်က ထောင့်ကန်ဘောတွေ၊ ပြစ်ဒဏ်ဘောတွေ အများကြီးရတယ်။ ဒါပေမဲ့ ကိုလူခင် တစ်လုံးမှ ဝင်အောင်မသွင်းနိုင်ခဲ့ဘူး။ ပထမပိုင်းပြီးတဲ့အထိ သည်ခေတ်စကားနဲ့ဆိုရင် ဇီးဇီးပဲ။ ပထမပိုင်းအပြီး ဆယ့်ငါးမိနစ်နားချိန်ကလေးမှာ ကာလသားတွေက ကိုလူခင့်နားသွားပြီး အားပေးကြတယ်။ သံပရာသီးဆားဖြူးပန်းကန်ကြီး ရှေ့ချပြီး အုံလို့ ။

"ကိုလူခင်ကလည်းဗျာ ဒီနေရာမှာ ဘောလုံးပညာကို ဘာဖြစ်လို့ ဝှက်နေရတာလဲ။ ထုတ်သုံးလိုက်စမ်းပါ။ ကန်ချလိုက်စမ်းပါဗျ"

"ဒီကောင်တွေကို မောအောင် ညှင်းမနေပါနဲ့ဗျာ။ ကိုလူခင်ကလည်း ပွဲဖြတ်ပစ်လိုက်စမ်းပါ"

သည်လို ဝိုင်းမြှောက်ကြ ပင့်ကြတော့ ကိုလူခင်က ရိုးရိုးသားသားပါပဲ။ စကားတော်တော်နဲ့ မပြောနိုင်သေးဘူး။ ချွဲတွေ ဆိုက်နေပြီ။ ပါးစပ်ကြီးက အသက်ရှူရင်းနဲ့ ပြန်ပြောနေရတယ်။

"ဟာ … ငါလည်းကန် … ကန်တာပဲကွ ဘောလုံးကိုက သောက် … သောက်သုံးမကျတာ" တဲ့။

ဒုတိယပိုင်းကစားတော့ ပွဲက ပိုဆူလာပြီ။ ရပ်ကွက်ကာလသားတွေ ဝိုင်းမြှောက်ပေးလိုက်တဲ့အရှိန်နဲ့ သွေးကြွနေတဲ့ ကိုလူခင်တစ်ယောက် တစ်ဘက်ဂိုးဧရိယာထဲအရောက် မျက်စိစုံမှိတ်ပြီး တရကြမ်း တိုက်စစ်ဆင်တော့တာပဲ။ ဘောလုံးသယ်လာတဲ့ ကိုလူခင့်ကို တစ်ဘက်အသင်း နောက်ခံလူက ခြေထောက်နဲ့ ထောက်ထားလိုက်တော့ ကိုလူခင်တစ်ယောက် ဘိုင်းခနဲ ပစ်လဲပါလေရော။ ဒိုင်လူကြီးက ခရာမှုတ်ပြီး ကိုလူခင်တို့ဘက်ကို ပင်နယ်တီကန်ခွင့်ပေးလိုက်တယ်။ သည်ပင်နယ်တီကို ကိုလူခင်ကပဲ ကန်ရမှာပါ။ တကယ်တော့ ကိုလူခင်တို့အသင်းမှာ သူမှမကန်ရင် ကန်နိုင်တဲ့လူရယ်လို့ ဟုတ်တိပတ်တိ မပါဘဲကိုး။ သည်တော့ ကိုလူခင်က ပင်နယ်တီကန်ရမယ်။ ပွဲပြီးဖို့ အချိန်လည်း နီးပြီ။

"ကိုလူခင် စိတ်ကို ငြိမ်ငြိမ်ထား၊ ဝင်အောင်သွင်းဗျို့"

"ဇမ္ဗူ့တစ်ခွင် ကိုလူခင်ကွ"

ကွင်းဘေးက တရစပ်အော်သံတွေကြားကပဲ ကိုလူခင်ရဲ့ပင်နယ်တီ အနိုင်ဂိုး မထင်တဲ့ဘက်က လျှောခနဲ ဝင်သွားတော့တာပါ။

"ဂိုး"

ဒိုးပတ်သံတွေ အုံးထွက်လာတော့တာပါပဲ။ ပရိသတ်အသံကလည်း ကြောက်စရာ။ ကိုလူခင် ကိုယ်တိုင်တောင်မှ သူ့အားပေးတဲ့အသံ သူ ကြောက်နေတော့တာပါ။

* * *

ဖိုင်နယ်မှာ ကန်ရမယ့်အသင်းကတော့ နှယ်နှယ်ရရအသင်း မဟုတ်ပါဘူး။ တစ်ဘက်အုပ်စုမှာ ဂိုးပေါင်း တစ်ဒါဇင်ခွဲလောက် သွင်းပြီး တက်လာတဲ့အသင်းပါ။ အမှုဆောင်တွေဆိုတာကလည်း ငယ်ငယ်ရွယ်ရွယ် ပေါ့ပေါ့ပါးပါး ဖျတ်ဖျတ်လတ်လတ်တွေများတဲ့အသင်း။ ဒါပေမဲ့ တစ်ဘက်

ပွဲစဉ်တစ်လျှောက် နာမည်ကြီးနေတဲ့ ကိုလူခင်ကိုတော့ နည်းနည်းရှိန်းကြတယ်။ ကိုလူခင်ကို ကပ်ဖို့၊ တွယ်ဖို့၊ ပိတ်ဖို့၊ ဆို့ဖို့ သူ့တာဝန်နဲ့သူ အကွက်ချထားတယ်လို့ တောင် ကြားနေရတော့ ကိုလူခင့်သတင်းက ကြီးလှပြီ။

ဖိုင်နယ်ပွဲဆိုတာကလည်း အကြိတ်အနယ် ခြေကုန်ထုတ်ကြတဲ့ပွဲမှတ်လား။ ရပ်ကွက်သူ ရပ်ကွက်သားတွေမှာ ကိုယ့်အတွက် ဘာမှမရချင်နေ။ ရပ်ကွက်နာမည်ကလေးရတောင် နည်းသလားဆိုတဲ့စိတ်နဲ့လာလိုက်ကြတာများ။ သနပ်ခါး ဘဲကြားရိုက်နဲ့မိန်းမတွေ၊ ပုဆိုးစလွယ်သိုင်း နပ်ချေးတွဲလောင်းကျတဲ့ ကလေးတွေ၊ နိုင်ရင် ဆိုကြ ထိုးကြဖို့ သံချပ်တိုင်လာကြတဲ့ ကာလသားတွေ တအုံတခဲ ပျော်စရာကြီးပါ။ ကိုလူခင်ဆိုတာကတော့ မေးမနေကြနဲ့မြင်တဲ့အတိုင်း ဆိုသလိုကိုး။ ပွဲမစခင်ကတည်းက ကွင်းထဲမှာ တကြွကြွနဲ့ဟန်ရေးပြနေတော့တာပါ။ အရပ်ထဲက ကာလသားတွေကလည်း ကိုလူခင့်နောက် ကပ်လိုက်ပြီး တရုံးရုံးနဲ့လုပ်ပြကြတယ်။ လိမ္မော်သီးတွေဆိုတာ မနည်းဘူး။ ကိုရင်တွေတောင်ပါသေး။

ဘောလုံးပွဲစတော့ တစ်ဘက်အသင်းက နှစ်ယောက်က ကိုလူခင်ကို အသေကပ်ထားကြတော့တာ သိသိသာသာကြီး။ ကိုလူခင် တက်ရင်တက်ချင်း၊ ကိုလူခင် ဆင်းရင် ဆင်းချင်းပေါ့။ ဘောလုံးမို့ ကိုလူခင်ဆီရောက်မယ်ကြံရင် ဇွတ်ဝင်ဖျက်ကြတယ်။ ကိုလူခင်မှာ ဘောလုံးကန်ဖို့မပြောနဲ့ထိတောင်မထိလိုက်ရတာများတယ်။ ဘောလုံးနဲ့လူသာမထိတာကွင်းဘေးကတော့ ကိုလူခင် ကိုလူခင်နဲ့အသံမစဲဘူး။ ကိုလူခင့်ခများ ဖားအသံကြောင့် ဖားသေဆိုတဲ့ကိန်း ဆိုက်ရတာပါ။ ကြာတော့ ကိုလူခင်ရှက်လာတယ်။ ကိုယ့်ဘက်ကလည်း ရှုံးလှပြီမှတ်လား။ ပထမပိုင်းရှိသေး တစ်ဘက်က သုံးဂိုးသွင်းသွားပြီ။ ကိုယ်က တစ်ဂိုးမှမရသေးဘူး။ ပွဲနားတော့ ထုံးစံအတိုင်း ကိုလူခင့်အနားကို ကာလသားတွေဝိုင်းလာကြတယ်။

"ဒီမှာ ကိုလူခင် ...ခင်ဗျားကို နံပါတ်ရှစ်နဲ့တစ်ဆယ်က အသေ ကပ်ထားတာဗျ ... ကြည့်လုပ်ဦး"

"ဟုတ်တယ် ... ဒီကောင်တွေ ခင်ဗျားတော်မှန်းသိလို့သက်သက် ညစ်နေကြတာဗျ"

"ကိုလူခင် ကန်လို့ကိုမရအောင် လုပ်နေကြတာပါကွာ။ လွတ်သွား ရင်တော့လား ..."

ဒုတိယပိုင်းကျတော့လည်း ကိုလူခင့်ဆီ ဘောလုံးက ယောင်လို့ တောင် ရောက်မလာပါဘူး။ ချာလည် ချာလည်နဲ့ဘောလုံးရှိရာ ပြေးပြေး လိုက်ရတာနဲ့ပဲ ကိုလူခင့်မှာ အမောကြီးဆိုက်လှပြီ။ လူကမောတော့ စိတ် ကလည်း တိုလာတော့တာပဲ။ သည်မှာတင် သူဘောလုံးရလုဆဲဆဲ ဖြတ်လု သွားတဲ့ နံပါတ် ၁၀ ကို မနိုင်နိုင်ရာ လက်သီးနဲ့ဆွဲထိုးချလိုက်တော့တာ ပါ။ မြုန်းဆို ပွဲကြည့်ပရိတ်သတ်တွေ ကြောင်သွားကြတယ်။ နောက်တော့ ပွဲက ရုတ်ရုတ်သဲသဲဖြစ်လာပါရော။ ဘောလုံးနောက်လိုက်နေရတဲ့ ဒိုင်လူ ကြီးလည်း အပြေးအလွှားရောက်လာပြီး၊ ခရာကို တရှီးရှီးမှုတ်တယ်။ ပြီးတော့ ကိုလူခင့်ကို အနီကတ်ပြထုတ်လိုက်တယ်။ ဖိုင်နယ်မှာ ကိုလူခင် တို့အသင်းက ရှစ်ဂိုး ဂိုးမရှိနဲ့အပြတ်အသတ်ရှုံးသွားတော့တာပဲ။ ပွဲပြီးတဲ့ နောက်တောင် ကာလသားတွေကတော့ ကိုလူခင်နား ဝိုင်းကြအုံကြတုန်း။

"တောက် ... ကိုလူခင်အထုတ်ခံလိုက်ရလို့ပေ့ါကွာ ... နို့မို့ဆိုရင် ငါတို့အသင်းက သေချာပေါက်နိုင်မှာကွ"

"အလကားကောင်တွေပါကွာ ... ကိုလူခင့်ကို ကြောက်လိုက်တာမှ တုန်လို့။ ကြည့်ပါလား ကိုလူခင်ကို အသေကပ်ထားကြတာ"

ဘေးကဝိုင်းအုံပြောနေကြတဲ့ သည်စကားတွေကြားတော့ ကိုလူခင် ရှူးခနဲဖြစ်သွားတော့တယ်။ မျက်နှာကြီးနီလို့။

"တော်ကွာ ... ငါ့စိတ်ကိုလာမဆွကြနဲ့။ နောက်ထပ် လူခင်လက်သီး မပူချင်ဘူး။

လက်သီးကို လက်ဖဝါးနဲ့ပွတ်ချေပြီး ပြောနေတာကို လူငယ်တွေမှာ ဟာသပေါ့။ ဒါပေမဲ့ မရယ်ရဲကြဘူး။

* * *

သည်ဘောလုံးပွဲလေးပြီးသွားတာ ကြာခဲ့ပါပြီ။ ဆယ်နှစ်ကျော်လို့ အနှစ်နှစ်ဆယ်တွင်းတောင် ရောက်ခဲ့ပေါ့။ ကိုလူခင်ကတော့ အဲသည်ကတည်းက စွဲခဲ့တဲ့ဘောလုံးရောဂါက အခုထိပါပဲ။ အခုခေတ်များတော့ စလောင်းကလာတဲ့ ဘောလုံးပွဲတွေဆိုတာများ တင်းကြမ်း။ ကိုလူခင် တစ်ယောက် မနေတတ်မထိုင်တတ်နဲ့ ဟိုပါချင် သည်ပါချင် ဝါသနာကလေးကြောင့် ရပ်ရွာကိစ္စမှန်သမျှဆိုသလို ဝင်ပါလေတော့ အရပ်က လူသိများနေတာလည်း မဆန်းဘူး။ နေ့ ခင်းဘက် လူမှုရေးရာတွေထဲ ရောလိုက်။ ညဘက် ဘောလုံးပွဲကလေးကြည့်လိုက် လုပ်နေတဲ့ ကိုလူခင်ကို သူ့မယား မပုတုကတော့ ချမ်းသာမပေးပါဘူး။

"သည်မှာ ကိုလူခင် ... တော် ဒါတွေချည်းလုပ်နေတော့မှာလား။ ကျုပ်တို့ ကို ရှိတယ်လို့ ကော အောက်မေ့သေးရဲ့လားဟင်။ အို ... ဘာပဲဖြစ်ဖြစ် ... တော် စက်ပြန်ချုပ်"

မပုတု ပူညံ ပူညံလုပ်တော့ ကိုလူခင်ကလည်း ခပ်ပြတ်ပြတ်ပါပဲ။

"အံမာ ... မင်းက ငါ့ကို အနီကတ်ပြတာလားကွ၊ ဟေ ... ငါ့ လက်သီးမပူချင်ဘူးနော်"

အဲသလို ကြိမ်းပေမောင်းပေမယ့်လည်း ကိုလူခင်မှာ သူ့စက်ဟောင်းကလေး ပြန်ချုပ်ရရှာတာပါပဲ။ ဝမ်းရေးက ရှိသေးတာကိုး။ ဒါပေမဲ့ အရင်တုန်းက ရှိတ်စပီးယားတေလာဆိုတဲ့ ဆိုင်းဘုတ်ကြီးတော့ ကိုလူခင်က မသုံးတော့ဘူး။ သူ့စိတ်ထဲအောက်သွားပြီထင်လို့တဲ့။ ဆိုင်းဘုတ်အသစ်ရေးပြီး ဝင်းထရံချိတ်တဲ့နေ့က ကိုလူခင့်အိမ်ရှေ့မှာ ကလေးတွေ ခဲလို့၊ ဖွတ်ပါလို့ မကြိုက်ပေမယ့် မပုတုက ပိုက်ဆံကြဲရှာပါတယ်။ ကိုးနဝင်းကြေ ကိုးဆယ့်ကိုးကျပ်တဲ့။ တစ်ကျပ်တန်တွေချည်းပဲ။

"ဖွတ်ဘော်လ်တေလာ"


ဆိုင်းဘုတ်နာမည်ကို အသံထွက်ဖတ်ရင်း ကိုလူခင် ကျေနပ်သွားတယ်။ ပြီးတော့မှ စက်ဖွင့်တဲ့အနေနဲ့ ပုဆိုးတစ်ထည်ကို စက်ခုံတင်ချုပ်ရင်း ဖွင့်လိုက်တာပါ။ ကိုလူခင်က သမလုပ်တုန်းက ကျွဲကော်မျက်မှန်အဟောင်းကြီး တပ်လိုက်လို့ပါ။ နားရွက်ကြားထဲ ခဲတံ ညှပ်လိုက်သေးတာ။ စက်သံက တဂျောင်းဂျောင်း။

"ငါ့ခွေးတဲ့မှ ... တကယ်အသုံးဝင်မှပဲ သည်သောက်မျက်မှန်က ..."

ဘာမဆိုင်ညာမဆိုင်နဲ့ မျက်မှန်ကြီးကို ကိုလူခင် ရန်ရှာနေတော့ တာပါ။ ဟိုတုန်းက ရှိတ်စပီးယားတေလာဆိုတာ ဘာမှန်းမသိပေမယ့် အခု ဖွတ်ဘော်လ်တေလာဆိုတာကိုတော့ ကိုလူခင် ကျကျနနကြီး နားလည်ခဲ့ရပြီကော။

Ideaမဂ္ဂဇင်း၊ ၂၀၀၃ ခုနှစ်၊ ဧပြီ

www.burmeseclassic.com



ခင်ခင်ထူး

လမ်းလျှောက်တုတ်ကလေး

# လမ်းလျှောက်တုတ်ကလေး

သည်ကနေ့ ထူးထူးခြားခြား 'အဘ' ကို သတိရနေမိသည်။ မနက်မိုးလင်း အိပ်ရာအထမှာ ထမင်းပူပူကို စားတော်ပဲပြုတ်ကလေးနှင့် ဆီဆမ်းပြီးသားကို ငါးခြောက်ဖုတ်ကလေးနှင့် တွဲပြီးမြင်လိုက်ရ၍လား မသိ။ အဘက မနက်အိပ်ရာထတိုင်း သည်လိုစားလိုက်ရမှ ကျေနပ်သူ ဖြစ်သည်။ တစ်ခါတစ်ရံ စိတ်လိုလက်ရ မန္တလေးသို့ရောက်လာတတ် သည့်အခါ ကျွန်မတို့က မနက်ခင်းစာ လက်ဖက်ရည်နှင့် အီကြာကွေး စားစေချင်လွန်း၍ ဝယ်ကျွေးလျှင်လည်း အလွန်ဆုံး တစ်မနက်ပင်။ နောက်တစ်နေ့မှာတော့ –

"အဘကို ထမင်းပူပူကလေးပဲ နယ်ပေးပါကွယ် ….၊ ကုလားမုန့်တွေ ချိုပြုံပြုံနဲ့အဘမကြိုက်ဘူး"

ဟု ပြောတတ်သည်။ အဘသည် ရှာရက်ကန်းထည် ဖျင်အင်္ကျီဝတ်၍ ဖျင်တဘက်ခေါင်းပေါင်းကြီးနှင့် အိမ်ရှေ့ကွပ်ပျစ်ပေါ် အမြဲထိုင်နေတတ် သည်။ အသက် ခုနစ်ဆယ်အရွယ်တွင် ရုတ်တရက် မျက်စိကွယ်သွားခဲ့ သော အဘကို ကျွန်မတို့မြေးတွေက ဘယ်တုန်းကမှ မျက်မမြင် လူအို လူမင်းကြီးအဖြစ် သဘောမထားခဲ့ကြပါ။ အဘသည် အကင်းအညှာ အလွန်ရှိသော၊ သတိနှင့်အာရုံခံစားမှုကောင်းသော၊ သတ္တိဗျတ္တိကောင်းသော

ရှေးခေတ်မြန်မာကြီးတစ်ယောက်အဖြစ် ကျွန်မတို့အမြဲယုံကြည်လေးစား ခဲ့ရသည်ကော။

အမြင်အာရုံတွေ ဆုံးရှုံးသွားခဲ့သော်လည်း အဘ၏ အခြားအာရုံများ နိုးကြားမှု၊ အကဲဆတ်မှုကတော့ အံ့သြစရာကောင်းသည်။ အိမ်ထဲကို အိမ်သား၊ ဒါမှမဟုတ် ဆွေမျိုးသားချင်းတစ်ယောက် ဝင်လာသည့်ခြေသံ ကို နားစွင့်ပြီး ဘယ်သူဆိုတာကို အဘ သိနှင့်နေတတ်သည်။ လူ တစ်ယောက်မဆိုထားနှင့် ခွေးတစ်ကောင်ဝင်လာလျှင်ပင် အဘက သိနေ တတ်ပါသည်။

"အိမ်ထဲကို ခွေးသူခိုး ဝင်လာတယ် ... လိုက်ထုကြစမ်း"

ကျွန်မတို့မျက်စိမြင်သူတွေက အမူမဲ့အမှတ်မဲ့ နေတတ်သော်လည်း အဘ၏ သောတအာရုံထဲမှာ ခြိုးခြိုးချွတ်ချွတ်အသံတွေ ကြားနေဟန် တူပါသည်။ ဒါမှမဟုတ် အနံ့တစ်ခုခုရလိုက်လေသလား။ အဘ အော် တော့မှ ကျွန်မတို့မှာ ခွေးသူခိုးကို လိုက်ထုကြ၊ ချောက်ကြ၊ လှန်ကြ လုပ်ရသည်။ လူစိမ်းတစ်ယောက်ရဲ့စကားပြောသံကို နားစွင့်ပြီး ဘယ်လို လူစားလဲဆိုတာကိုပင် အဘက ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသည်။ တစ်ခါက ဖေဖေ အိမ်မှာမရှိတုန်း ကျွန်မတို့အိမ်ကို လူတစ်ယောက် ရောက်လာသည်။ အသားညိုညို မျက်နှာပေါက်ဆိုးဆိုး လူတစ်ယောက်ဖြစ်သည်။ ဖေဖေ့ နာမည်ကို အပ်ချမတ်ချ ပြောနေသည်။

"ကျွန်တော် ဦးညိုရဲ့မိတ်ဆွေပါ။ သူနဲ့ကျွန်တော်နဲ့ စဥ့်အိုးဖောင် ဆွဲတုန်းက အတော်ကလေး လက်တွဲခဲ့ရတာဗျ၊ ဘယ်သွားတုန်း"

ဆိုပြီး ဖေဖေနှင့်သူ ရင်းနှီးကျွမ်းဝင်ကြောင်းတွေ ဖောင်လောက် အောင် ပြောနေတော့သည်။ မေမေကတော့ ရေနွေးကြမ်းကလေးတည်ရင်း ညှော်ခံစကားပြောသည်။ ချက်ချင်းမယုံသေးဘဲ အကဲဖမ်းနေသည်။ အတော် ကလေး စကားပြောမိတော့ သည်လူက မေမေ့ထံမှ ငွေချေးပါတော့သည်။ ယိုပေါက် ဟာပေါက်မရှိ တိတိကျကျကြီး ပြောနေသော သည်လူစိမ်း၏

www.burmeseclassic.com

စကားတွေက ယုံကြည်လောက်စရာရှိသည်မို့မေမေက ပိုက်ဆံထုတ်ချေးဖို့စဉ်းစားနေပြီ။

"မောင်ညိုရှိမှ လာခဲ့ကွာ၊ မမြတင် မချေးနဲ့ဟေ့"

အဘက လှမ်းဟန့်လိုက်တော့ မေမေပင် အားတောင့်အားနာ ကြောင်အမ်းအမ်းကြီးဖြစ်လို့။ ဖေဖေပြန်လာလို့အကျိုးအကြောင်းပြောပြတော့ ဖေဖေက တစ်ချက်စဉ်းစားလိုက်ရင်းက ပြန်ပြောသည်။

"ဟုတ်တယ်၊ အဲသည်လူက ငါနဲ့ခင်ပါတယ်။ ဒါပေမဲ့ လူလိမ်ရယ်ကွ၊ ရွာစဉ်ကိုးပေါက် သည်လို လိုက်လိမ်နေတာ၊ အလကားလူ"

အဘက၊ ကဲ ငါပြောတာ မမှန်ဘူးလားဆိုသည့်ပုံနှင့် ပြုံးထေ့ထေ့ကြီးလုပ်နေသည်။ ဒါက အဘ၏ အကြားအာရုံထဲက ခွဲခြမ်းသိမြင်တတ်သောနိုးကြားမှုတွေ ဖြစ်သည်။ အနံ့အသက်ကိုလည်း အဘက ကောင်းကောင်းကြီး သိနေတတ်ပြန်သည်။ ကျွန်မတို့အိမ်ခေါင်းရင်းဘက်တွင် စပယ်ရုံကြီးရှိသည်။ အဘထိုင်သော ကွပ်ပျစ်နှင့်ဆိုလျှင် ဝါးနှစ်ရိုက်ခန့်တော့ ဝေးမည်ထင်သည်။ တပေါင်းတန်ခူးမို့စပယ်ရွက်ကလေးတွေက အရွက်ခြွေပြီးရွက်နုသစ်တွေ တက်နေဆဲရှိသေး၏။ မိုးနှင့်ဝေးသောရာသီမှာ စပယ်ပွင့်တွေကို တွေ့နိုင်ဖို့မလွယ်။ ပြီးတော့ မနက်တိုင်း စပယ်ရုံကလေးဆီ ကျွန်မရောက်မြဲ ဖြစ်သည်။

"စပယ်နံ့ မွှေးသဟ၊ ငါ့မြေး သွားကြည့်စမ်း၊ စပယ်တွေပွင့်ပြီထင်တယ်"

စပယ်ရုံဆီကို သွားကြည့်တော့ စပယ်ဦးကလေးက တစ်ပွင့်တည်းမာကျစ်ကျစ် လုံးခဲခဲကလေး ပွင့်နေသည်။ ဒါတင်မကသေး၊ ဝေးလွန်းလှသော ကောင်းကင်က မိုး၏ရနံ့ကိုပင် အဘက အာရုံခံစားကြည့်တတ်သေးသည်။

"မိုးနံ့ရသကွ၊ သိမ်းစရာရှိတာ သိမ်းဆည်းထားကြ။ မိုးရွာလိမ့်မယ်"

"လေကျလိမ့်မယ်ဟေ့၊ လေပူမွှေ့တယ်"

အဘပြောတိုင်း မှန်နေတတ်သည်မို့ကျွန်မတို့လူကောင်းမျက်မြင်တွေ အမြဲရှုံးနေရသည်။ မျက်စိမမြင်သော အဘကိုပဲ မိုးလေဝသဗေဒင်မေးရတတ်ပါသည်။ အဘရဲ့အာရုံခံစားမှုတွေက အံ့သြစရာကောင်းမနေပေဘူးလား။ အမြင်အာရုံ ချို့တဲ့ရှာသူတွေမှာ လူမစွမ်း နတ်မဆိုသကဲ့သို့ တခြားအာရုံတွေ အားကောင်းနေတတ်သည်ဆိုသောစကား ကျွန်မကြားဖူး ပါသည်။ သို့သော် အဘက ပိုလွန်းနေသည်။ သိလွန်းနေသည်။ အာရုံ ခံစားမှု ထက်မြက်လွန်းနေသည်။ အံ့သြစရာ။ သည့်ထက် အဘကို အံ့သြစရာ လေးစားရသည့်အချက်ကတော့ အဘ၏ သတ္တိ ဗျတ္တိတွေကိုပဲ ဖြစ်သည်။

* * *

ကျွန်မတို့ငယ်ဘဝတွေတုန်းက အဘနှင့်အတူ ရွာမှာပဲနေခဲ့ကြပါသည်။ နွေရာသီကျောင်းပိတ်ရက်ရောက်တိုင်း ရွာပြန်လေ့ရှိသည့် မြို့နေမြေးတွေကို အဘက တတမ်းတတမျှော်လေ့ရှိပါတယ်။ ရွာတွင် မြေးတွေရှိသည့်ရက်တွေမှာတော့ အိမ်ရှေ့တလင်းပြင်မှာ ထိုးထားသော အတောင်နှစ်ဆယ်ခန့်ရှည်လျားသည့် ဝါးကွပ်ပျစ်ကြီးပေါ်တွင် အတုံးအရုံး ပြားအိပ်ကြပါသည်။ အဘပြောသည့် အိပ်ရာဝင်ပုံပြင်ပေါင်းများစွာကို ကျွန်မတို့မောင်နှမတစ်တွေ နားထောင်ရတိုင်း မပါမဖြစ် ဇာတ်လမ်းက ဂျပန်တွေဝင်တုန်းက သူ ဘယ်လိုလက်သံပြောင်ခဲ့တယ်ဆိုတာတွေကို အပ်ကြောင်းထပ်ပြောနေတတ်ခြင်းဖြစ်သည်။

“အဲသည်တုန်းက အဘတို့တစ်ရွာလုံး ဖက်ဆစ်ဂျပန်ကို ကောင်းကောင်းကြီး လန့်နေရတဲ့အချိန်ပေါ့ကွာ။ ဂျပန်တွေက ဆမိတ်ခုံဘက်ကနေ အဘတို့ရွာတွေဘက် ကူးကူးလာတာ။ ရွာထဲက နွားတွေဆွဲ၊ ကြက်တွေဆွဲနဲ့ အနိုင်ကျင့်တော့တာ မြေးတို့ရဲ့။ လူတွေကိုလည်း အကြောင်းမရှိအကြောင်းရှာပြီး ပါးရိုက်ချင်ရိုက်တာကွ။ မခံချင်စိတ်ရှိပေမယ့် လက်နက်တွေနဲ့ဆိုတော့ ဘယ်လှုပ်ဝံ့လိမ့်မတုန်း။ အင်္ဂလိပ်က လိုက်တိုက်လို့အဲသည်ကောင်တွေ စစ်ဆုတ်ပြေးတော့မှ အဘတို့က ချောင်းတွယ်ရတာ။ အဘတို့

www.burmeseclassic.com

ရွာက ကျောင်းဆရာ ကိုဝဲကျော်က ကိုယ့်ရွာဘက်လာရင် ဆော်ရအောင် ဆိုပြီး ပြောက်ကျားတပ်တွေ ဖွဲ့ထားနှင့်တာကို ...”

“ပြောက်ကျားတပ်တွေထဲ အဘမပါဘူးလား”

“ပါတာပေါ့ကွ မင်းကလည်း”

အဘစကားပြောတိုင်း မကျေနပ်တာလိုလို မခံချင်တာလိုလို “မင်းကလည်း” ဆိုသည့်စကားကို ဆောင့်ဆောင့်အောင့်အောင့်ကြီး ပြောတတ်သည်။ သည်စကား အသုံးအနှုန်းက အဘလက်သုံးစကား။

“တစ်ညတော့ အဘ ကင်းပုန်းဝပ်ဖို့တာဝန်ကျရောကွ၊ တာဝန်ကျတယ် ဆိုပေမယ့် ကိုယ့်ရှိတဲ့ဓားမြှောင်ကလေးတစ်ချောင်း ခါးကြားထိုးပြီး ကင်းစောင့်ရတာ။ ပြောက်ကျားသာဆိုတာ ဘာလက်နက်မှ ရှိတာမှမဟုတ်တာ၊ ညကြီးသန်းခေါင်လောက်ရောက်တော့ အရှေ့ရွာဘက်က ဆူဆူညံညံ အသံတွေ ကြားရတာပဲကွ။ သေနတ်သံတွေရော လူအော်သံတွေရော ဆူလို့ပဲ”

ကျွန်မက အဘကို ငေးနေမိသည်။ သည်စကားတွေကို မကြာခဏ ကြားရတတ်သော်လည်း ကြားရတိုင်း ရင်ဖိုရသည်။ ည၏အလင်းရောင် အောက်မှာ အဘမျက်နှာကို မှုန်ရီဝိုးတဝါး။ ကျွန်မတို့မျက်စိထဲမှာတော့ အဘကို သူရဲကောင်းကြီးတစ်ယောက်လို မြင်ယောင်နေကြသည်။ ဓားမြှောင် တစ်လက်နှင့် တော်လှန်ရေးရဲဘော်ကြီးတစ်ယောက်၊ ဂျပန်တော်လှန်ရေး ထဲက ပြောက်ကျားစစ်သည်တော်ကြီး။

“အသံတွေကြားတော့ အဘတို့ရွာဘက်ကလည်း အသင့်ပြင်ထားရတာပေါ့။ ခဏနေတော့ မည်းမည်း မည်းမည်းနဲ့ ဂျပန်ကြီးတစ်ယောက် အဘ ကင်းပုန်းဝပ်တဲ့ဘက် ပြေးလာတယ်။ ကောင်းကင်အရောင်နဲ့ သေနတ်ကြီး ပါလာတာမြင်နေရတယ်။ တကယ်တန်း နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ရမှာ ဆိုတော့လည်း ရင်တွေပန်းတွေ တုန်နေတာပေါ့ကွာ။ လူတစ်ယောက်ကို ရန်မရှိ ဘာမရှိ ချက်ချင်းကြီး ခုတ်ဖို့ထစ်ဖို့ဆိုတာ မလွယ်ဘူးကွယ့်”

“အဘ မကြောက်ဘူးလား”

"လူလူချင်း ကြောက်ပါ့မလားကွ။ မင်းကလည်း လာပြန်ပြီ။ သူတို့မှာ သေနတ်တွေဘာတွေ ပါလာတာဆိုတော့ သတိတော့ ထားရတာပေါ့။ ဂျပန်က အဘ ကင်းပုန်းဝပ်တဲ့ဖျောက်ဆိပ်ပင်ကြီးအောက် တည့်တည့်ပြေးဝင်လာတော့ ဖြစ်ချင်ရာဖြစ်ကွာဆိုပြီး ဝင်လုံးရတော့တာပဲ"

"သချိုင်းကုန်းနားက ဖျောက်ဆိပ်ပင်ကြီးလား"

"အေး ဟုတ်တယ်။ ဖျောက်ဆိပ်ပင်ကြီးက အခုလောက်မကြီးသေးဘူး။ အဘတစ်ကိုယ်စာ ကွယ်သာရုံကလေးရယ်။ အဘက ဝုန်းဆိုထွက်ပြီး လုံးတာဆိုတော့ သူ့လက်ထဲမှာ သေနတ်ပါပေမယ့် အဘကို ပစ်ချိန်ဘယ်ရလိမ့်မလဲ။ အဘက ဝင်လုံးကတည်းက သူ့ရင်ဝကို ဓားမြှောင်နဲ့ စိုက်ချလိုက်တာ။ တော်တော်နဲ့မသေဘူးမောင်ရေ၊ သူ ဟန်ချက်ပျက်နေတုန်း ကိုယ်က အပေါ်စီးက ခွထိုးရတာ၊ ဟား … ဟား … ဟား … ဟား"

ကျွန်မကတော့ အဘနှင့် ဂျပန် လုံးထွေးသတ်ပုတ်နေတာကို မျက်စိထဲမြင်နေသည်။ အဲသည်တုန်းက အဘများ ရှုံးခဲ့ရင် …။ ကျွန်မမျက်ရည်တွေ ဝေ့လာခဲ့သည်။ ကျွန်မအထက်ကပ်လျက်အစ်ကိုက ကွပ်ပျစ်ပေါ်က ဝုန်းခနဲ ထထိုင်သည်။ ပါးစပ်က ဗလုံးဗထွေး မေးသည်။

"အဘရော ဘာမှမဖြစ်ဘူးလား"

အဘမျက်နှာကြီးက ရယ်နေရာမှ ချက်ချင်းပဲ တည်သွားသည်။ မေးရိုးကြီးတွေ ထောင်ထလာလေသလား။ ပျင်းတွဲတွဲဖြစ်နေသည့် ခန္ဓာကိုယ်သည်ပင် တင်းတောင့်နေသည်ထင်ရ၏။

"နည်းနည်းတော့ ခံရတာပေါ့ကွ၊ မင်းကလည်း၊ သည်မှာကြည့်စမ်း"

အဘက သူ့ဖျင်အင်္ကျီရင်ဘတ်ကြယ်သီးတွေကို ဖြုတ်ပြီး ညာဘက်ပခုံးစွန်းက ကန့်လန့်ဖြတ် အမာရွတ်ကြီးကို လှန်ပြသည်။ ဒဏ်ရာက တော်တော်ကြီးသည်။ သည်ဒဏ်ရာကြီးကိုလည်း အဘဇာတ်လမ်းနှင့်အတူ ကျွန်မတို့မြင်ဖူးနေကျ။ သို့သော် ပြတိုင်းလည်း ထကြည့်ကြမြဲဖြစ်သည်။

www.burmeseclassic.com

"သူက သေနတ်ထိပ်က လှံစွပ်နဲ့အဘလည်ပင်းကို ချိန်ထိုးတာလေ။ အဘက အရှောင်ကောင်းလို့ ပခုံးစိုက်ပါသွားတာ။ သည်ကောင်တွေ အတိုက်အခိုက်တော့ အကျွမ်းသားကွဲ့"

အဘက ရန်သူကိုပင် လှမ်းပြီး ချီးကျူးလိုက်သေး၏။ ကျွန်မတို့မှာ ခဏခဏ မြင်ဖူးနေကျ အဘပခုံးပေါ်က ဖူးကြွနေသော အမာရွတ်ကြီးကို ကိုင်ကြည့်ကြရင်း ကြက်သီးတဖျန်းဖျန်းထကြရသည်။ ဒါက ပွဲဦးတွက် အဘ၏ အောင်ပွဲ။ နောက်ပိုင်း ဂျပန်တော်လှန်ရေးဇာတ်လမ်းတွေက တသီကြီး။

ကျွန်မတို့အဘက သတ္တိရှိလိုက်တာမှ ...။

*　*　*

အဘသတ္တိကို အဘအပြောနှင့်ပင် မဟုတ်ဘဲ ကျွန်မကိုယ်တိုင် ကိုယ်ကျ လက်တွေ့ကြုံတွေ့ခဲ့ရဖူးပါသည်။ ကျွန်မ ရှစ်နှစ်သမီးလောက် တုန်းက ဖြစ်သည်။ သည်တုန်းက အဘ မျက်စိမကွယ်သေးပါ။ ကျွန်မ အစ်ကိုနှစ်ယောက်နှင့် ကျွန်မတို့မြေးအကြီးသုံးယောက်ကိုခေါ်ပြီး အဘနှင့် အတူ ရွာပြန်ခဲ့ကြသည်။ ရွာတွင် အဘပိုင်သော မြေကွက်များရှိသည်မို့ ပဲသိမ်းရင်း လည်ရင်းပတ်ရင်း ပြန်ခဲ့ကြခြင်း ဖြစ်သည်။ မှတ်မှတ်ရရ အဲသည်ညက လမသာပါ။ ခါတိုင်း ပြာလဲ့နေသော လရောင်အောက်မှ ကျွန်မတို့တလင်းပြင် ကွပ်ပျစ်ဝိုင်းကလေးသည်ပင် ပိန်းပိန်းပိတ်မှောင် နေ၏။ မှောင်လွန်းသောညမို့ ကျွန်မတို့မြေးအဘိုးလေးယောက် စောစော စီးစီးပင် အိပ်ပျော်သွားကြသည်။ ငယ်ဘဝတွေထဲက ကျွန်မ အမြဲတမ်းတ ရသည့်အထဲတွင် အဘ၏တလင်းပြင် ကွပ်ပျစ်ကလေးပေါ် အိပ်စက်ရသည့် အရသာ ပါသည်။ ဧရာဝတီမြစ်ပြင်ကျယ်ကို လျပ်တိုက်ပြေးဝင်လာသော အေးမြလတ်ဆတ်သည့်လေနှင့် ဆူသံညံသံမရှိသော ရွာကလေး၏ရင်ခွင် တွင် ကျွန်မတို့ အိပ်ရေးဝဝ အိပ်ကြရသည်မဟုတ်လား။ အထူးသဖြင့် မြို့မှာ ရှောင်လွှဲ၍မရသော သေးငယ်သလောက် ရက်စက်သည့်ခြင်တို့၏ နှိပ်စက်ခြင်းကို လုံးဝမခံစားရတာပဲ ဖြစ်သည်။

"ဟော့ကောင်တွေ ထကြစမ်း … ထကြစမ်း"

အိပ်လို့ကောင်းနေတုန်း အဘက ကျွန်မတို့မောင်နှမသုံးယောက်ကို အတင်းလှုပ်နိုးသည်။ ကျွန်မတို့အိပ်ရာမှ ကမူးရှူးထိုးထကာ အဘခေါ်ရာ နောက်ကို ဘုမသိဘမသိ လိုက်ခဲ့ကြရသည်။ အိမ်မြောက်ဘက် စည်းရိုးဘေးမှ စိမ်းစားသရက်ပင်ကြီးအောက်ရောက်တော့ ထန်းရွက်ပုံတွေကြားကို ကျွန်မတို့မောင်နှမတစ်တွေအား ထိုးထည့်လိုက်သည်။ ကျွန်မကတော့ အန္တရာယ်တစ်ခုခု ရှိနေမှန်း သိလိုက်ပြီ။

"ဒီမှာ ငါ့မြေးတွေ မကြောက်ကြနဲ့နော်။ အဘပြောမယ်၊ တောင်ဘက်ဝိုင်းက အောင်ဆင့်တို့အိမ် ဓားပြတွေ ဝင်နေတယ် သိလား ငြိမ်ငြိမ်နေ"

အဘက မကြောက်နဲ့ဆိုတော့မှ ကျွန်မတို့မောင်နှမတစ်တွေ ပို၍ ကြောက်လာကြသည်။ ကျွန်မက အဘရင်ခွင်ထဲ တိုးဝင်ပြီး အဘလည်ပင်းကို သိုင်းဖက်ထားလိုက်သည်။ အစ်ကိုလေးက အကြောက်လွန်ပြီး တဆတ်ဆတ်တုန်တော့ လူနှင့်ထိနေသော ထန်းရွက်ခြောက်တွေက 'ဒက် ဒက် ဒက် ဒက်' နှင့် မြည်နေပါတော့သည်။ အဘက အစ်ကိုလေး၏ တင်ပါး ကို ဆတ်ခနဲ တစ်ချက်ရိုက်ထဲ့ပြီး –

"ဟော့ကောင် ငြိမ်ငြိမ်နေစမ်း၊ မကြောက်နဲ့ အဘရှိတယ်"

ထိုခေတ် ထိုအခါကဆိုပေမယ့် ရွာမှာ ဓားပြတိုက်သံ မကြားရတာ ကြာပါပြီ။ သည်တစ်ခါတော့ မမျှော်လင့်ဘဲဝင်တာမို့ အငိုက်မိခံလိုက်ရတာပါပဲ။ အဘ၏တူမ ကျွန်မတို့ကြီးတော်ကလည်း ရွာမှာ လူချမ်းသာစာရင်းဝင်မို့ ဓားပြတွေက ကျွန်မတို့နေသည့်အိမ်ဘက် ကူးလာသည်။ ကြီးတော်၏ငိုသံ၊ တောင်းပန်သံတွေကို ကျွန်မတို့ အတိုင်းသား ကြားနေရ၏။ ဓားပြများ၏ ဟိန်းဟောက်သံတွေက ရွာကလေးထဲမှာ ကျားဆိုးဝင်သလို ဖြစ်နေသည်။

"ဟော့ကောင်တွေ ပါးစပ်ကမေးမရရင် ဆန်ကောပေါက်နဲ့ လည်ပင်းစွပ်ပြီး လှည့်စမ်းကွာ"

www.burmeseclassic.com

ခပ်မာမာအသံကြီးကြောင့် အဘကိုယ် တောင့်မတ်သွားသည်။ ခဏနေတော့ ကြီးတော်၏ နာနာကျင်ကျင် အော်သံတွေ အဆက်မပြတ်ပေါ်လာတော့၏။ ကျွန်မတို့မောင်နှမတွေမှာတော့ နေစရာပင်မရှိပါ။

"မင်းတို့ငြိမ်ငြိမ်နေရစ်ကြနော်။ ထွက်မလိုက်ခဲ့ကြနဲ့။ ထွက်လိုက်လာတဲ့သူ အဘက ရိုက်မှာ၊ ကြားကြလားဟေ့"

ကျွန်မတို့ကို ထန်းရွက်ပုံကြား ထားခဲ့ပြီး အဘ လှစ်ခနဲ ထွက်သွားသည်။ ဓားပြတွေက အဘမျက်နှာကို လက်နှိပ်ဓာတ်မီးဖြင့် ဆီးထိုးသည်။ အဘက မကြောက်မရွံ့နှင့် ကြီးတော်ရှေ့သွားရပ်သည်။ တစ်ချက်ကလေး မျက်နှာမပျက်ဟု ကြီးတော်က နောင်တွင် ပြောပြပါသည်။

"ငွေကြည်၊ နင့်မှာရှိတာ အကုန်ထုတ်ပေးလိုက်စမ်း"

"ပေးပြီးပါပြီတော်၊ ဘာမှမကျန်တော့ပါဘူး"

"ကဲ – သူမှာရှိတာ မင်းတို့ရပြီမှတ်လား၊ ကျေနပ်ဖို့ကောင်းပြီကွာ။ မင်းတိုပြန်ကြတော့"

ဓားပြတစ်ယောက်က အဘ၏ အင်္ကျီရင်ဘတ်ကို ဆွဲဆောင့်လိုက်တော့၊ အဘက မာမာတောင့်တောင့်ကြီး လုပ်နေသည်။ အံတွေကို တင်းအောင်ကြိတ်ထားသည် ဆို၏။

"ခင်ဗျား ဘာဝင်ရှုပ်တာတုန်း၊ သေသွားချင်လို့လား"

အဘက ရဲရဲဝံ့ဝံ့နှင့်ပင် သူ့အင်္ကျီရင်ဘတ်ကို ဆွဲထားသော ဓားပြ၏ လက်ကို ပုတ်ချလိုက်သည်။ လက်နှိပ်ဓာတ်မီးရောင်အောက်မှာ သွေးသောက်ကြီးမျိုးဆိုသည့် ဇာတိပုညတွေ လွှမ်းတက်လာသည့် အဘမျက်နှာကြီးကို ကျွန်မ ဘယ်တော့မှ မမေ့နိုင်တော့ပါ။ ခေါင်းဆောင်ဖြစ်ပုံရသော ဓားပြက အဘ၏ပခုံးကို လက်ဖြင့် တဖျတ်ဖျတ်ရိုက်ရင်း လေအေးကလေးနှင့် ပြောသည်။

"ကိုင်း – ကျုပ်တို့ကျေနပ်ပါပြီဗျာ"

အဲသည်တုန်းကသာ ဓားပြတွေက အဘကို တစ်ခုခုလုပ်လျှင် အဘကလည်း တစ်ခုခုပြန်လုပ်ဖို့ပိုင်းဖြတ်ထားပြီးသားဟု ဆို၏။ ဓားပြတွေ

ရွာထဲကထွက်သွားတော့ မောင်းတဒူဒူထုကာ လူတွေ တအုံးအုံးနှင့်စု၍ လိုက်ကြသေးသည်။ ဟိုဘက်ရွာ သည်ဘက်ရွာတွေကပါ ဝိုင်းညှပ်လိုက်ကြတာမို့ဆူပွက်၍နေတော့သည်။ ဓားပြအချို့ကို လက်ရဖမ်းမိသည်ဟု ကြားရ၏။ နောက်ရက်တွေမှာတော့ ကျွန်မတို့မောင်နှမသုံးယောက် တအားကြောက်နေသဖြင့် အဘက မြို့ကို ပြန်လိုက်ပို့သည်။ ဖေဖေက ကျွန်မ တို့ကို ဖျစ်ညှစ်ထားရင်း တဖွဖွပြောနေသည်။

"ကလေးတွေ မသေကောင်း မပျောက်ကောင်းကွာ၊ ကံကြီးပေလို့သာပေ့ါ"

သည်စကားကြားတော့ အဘက ချက်ချင်းပင် တုန့်ပြန်သည်။

"ဘာမှဖြစ်တာလည်းမဟုတ်ဘဲနဲ့ပြောရော့မယ် မင်းကလည်း။ ကလေးတွေကို မချောက်ပါနဲ့ကွ၊ ငါ့မြေးတွေက မကြောက်တတ်ဘူးကွနော အဘကိုတူတာကွနော၊ ဟား … ဟား … ဟား"

ကျွန်မတို့ကို မြှောက်သလိုလို ပင့်သလိုလိုနှင့် ပြောရင်း အဘက တဟားဟား ရယ်နေပါတော့သည်။ ရယ်မောနေသော်လည်း သည်စကားက အဘ၏ လေးနက်တည်ကြည်သော စိတ်နှလုံးက စီးဆင်းလာမှန်း ကျွန်မသိပါသည်။

* * *

ကျွန်မ ရှစ်တန်းတက်သည့်နှစ်တွင် အဘ မျက်စိကွယ်သွားခဲ့ခြင်းဖြစ်သည်။ ကျွန်မတို့ အကြီးအကျယ် စိတ်မကောင်းဖြစ်ပြီး အဘကို သနားနေကြပေမယ့် အဘကတော့ ဘာခံစားမှုမှမရှိ။

"အံမာ … အဘမျက်စိကွယ်ပေမယ့် အလင်းရောင်ကိုတော့ မြင်ရတယ်ဟေ့။ မှောင်တာ လင်းတာ အဘ ကောင်းကောင်းသိတယ်။ အဲဒီ အလင်းရောင်နဲ့အဘနေမှာပေ့ါ"

အဘသည် ခါတိုင်းကဲ့သို့တက်ကြွမြဲတက်ကြွနေခဲ့သည်။ အဘ မျက်စိကွယ်သွားတော့ ရွာမှာမနေဘဲ ကျွန်မတို့နှင့်အတူ မြို့တွင် လာနေသည်။ ကျွန်မတို့ကလည်း အဘကို ခါတိုင်းထက်ပိုပြီး ဂရုစိုက်ကြသည်။

မနက်အိပ်ရာထသည်နှင့် အဘကို သူ့ထက်ငါ သွားစကားပြောကြ၊ အဘအတွက် လိုအပ်တာတွေ လုပ်ပေးကြနှင့် အဘနားက မခွာကြပါ။ ကျောင်းကပြန်ရောက်လာလျှင် လွယ်အိတ်တောင်မချိတ်သေးဘဲ အဘဆီ အရင်တန်းသွားကြ၊ အဘအတွက် တကန့်တက ဝယ်လာသည့် ကျောင်းမုန့်တွေကို ကျွေးကြနှင့် ကလေးတစ်ယောက်လိုပင် စကြနောက်ကြနေကြသည်။

“ငါ မျက်စိကွယ်တာတောင် ခပ်ကောင်းကောင်းဟ၊ နို့မို့ရင် သည်ကောင်တွေ ငါ့နားကို ကပ်မှာမဟုတ်ဘူး”

အဘကပြောတော့ ကျွန်မတို့မျက်ရည်ဝဲကြရသည်။ အဘသည် မြေးတွေကို ချစ်လွန်းလှသလို သူ့မြေးတွေ လူစွမ်းကောင်းလုပ်လာလျှင် တပြုံးပြုံးနှင့် ချီးကျူး၍မဆုံးနိုင်ပေ။ ကျွန်မအောက်တွင် အငယ်သုံးယောက်ရှိသေးသည်။ အငယ်ဆုံးနှစ်ယောက် ကစားဝိုင်း ရန်ဖြစ်ပြန်လာသည့်နေ့က တစ်ဘက်က ခံလိုက်ရသော ကလေးမိဘများ အိမ်ကို လိုက်တိုင်သည်။ မေမေက ကလေးတွေကို ရိုက်ဖို့တုတ်ပြင်တော့ အဘက မခြင်မစမ်းနှင့် ထွက်လာပြီး မေမေ့လက်ထဲကတုတ်ကို ဆွဲချိုးပစ်လိုက်သည်။

“ကလေးချင်းရန်ဖြစ်တာပဲဟာ၊ ရန်ဖြစ်ပါတယ်ဆိုမှ သူဦးသူချ၊ ကိုယ်ဦးကိုယ်ချမှာပေါ့။ ဒီမှာ အခုနေ ကျုပ်မြေးတွေသာ ခံလာခဲ့ရင် ကျုပ်က ပြန်အချခိုင်းမှာ သိလား။ ကဲ – မကျေနပ်ရင် ခင်ဗျားကလေးတွေ လွှတ်လိုက်စမ်း၊ လူကြီးတွေ မပါကြေးဗျာ”

မအေလုပ်သူက အဘကို မျက်စောင်းတစ်ချက်ထိုးပြီး ပါးစပ်မှ ပြောဟယ်ဆိုဟယ်ဖြင့် ပြန်ထွက်သွားသည်။ အဘက သူ့မြေးအားလုံးကို ခေါ်လိုက်ရင်း တရားဟောတော့သည်။

“ဒီမှာ မင်းတို့ရန်ဖြစ်ရင် ဘယ်တော့မှ ခံမလာရစေနဲ့၊ ဦးအောင်သာ ချခဲ့ကြ၊ ခံပြန်လာခဲ့ရင် မင်းတို့ကို အဘက ဆီးရိုက်မှာ ကြားလား”

မေမေကတော့ အဘစကားကို ကြိုက်ပုံမရပါ။

“အဖေကလည်းနော်၊ ကလေးတွေကို မြှောက်မပေးပါနဲ့ နဂိုကမှ ဆိုးချင်နေကြရတဲ့အထဲ”

“ဟ မြှောက်ပေးရမှာပေ့ါ။ ကလေးတွေကို နေရာတကာ နှိမ်ထားရင် အစွမ်းအစ နည်းသွားတတ်တယ်။ ငါ့မြေးတွေ လူမိုက်ဖြစ်ချင်ဖြစ်ပစေ၊ လူကြောက်မဖြစ်စေရဘူး”

အဘ၏စကားကို ကျွန်မတို့တစ်တွေ မျက်လုံးအဝိုင်းသားနှင့် နားထောင်နေမိကြပါသည်။ မေမေကလည်း အဘ၏စကားကို ချက်ချင်း ချေပနိုင်ပုံမရသလို သက်ပြင်းသာ ချနေတော့သည်။

* * *

အဘကွယ်လွန်သွားခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ်လောက်ပင် ရှိရော့ မည်။ အဘသည် မျက်စိကွယ်ပြီးနောက် ဆယ်နှစ်လောက်ထိ ကျွန်မတို့နှင့် အတူနေသွားရသေးသည်။ တောင်ဝှေးတစ်ချောင်းနှင့် ကျွန်မတို့ခြံထဲ တတောက်တောက် လျှောက်သွားနေတတ်သော အဘ၏ပုံရိပ်များကား ကျွန်မစိတ်ထဲ အခုထိ စွဲမြဲနေဆဲပင်။ အဘ တောင်ဝှေးဆောင်ရခြင်းမှာ အိုလို့နာလို့မှဟုတ်ဘဲ မျက်စိမမြင်ခြင်းကြောင့်သာ ဖြစ်သည်။ အဘသည် ရက်ရှည် နာမကျန်းဖြစ်နေတာမျိုး အိပ်ရာထဲ ဘုန်းဘုန်းလဲနေတာမျိုး မရှိသလောက် ကျန်းမာရေးကောင်းသော အဘိုးအိုကြီးဖြစ်သည်။ အဘ၏ သတ္တိတွေကပဲ အဘကို အသက်ရှည်စေခဲ့တာလားလို့ ကျွန်မ တွေးကြည့် နေမိသည်။

အဘရှိနေစဉ်ကာလတစ်လျှောက်လုံးမှာလည်း ကျွန်မတို့အတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်မနေခဲ့ပါ။ အဘသည် လူပိုကြီးတစ်ယောက် မဟုတ်သည့် အပြင် ကျွန်မတို့အတွက် မရှိမဖြစ် လူကြီးတစ်ယောက်အဖြစ် အချစ်သာ ပိုခဲ့ရ၏။ အိမ်တွင် အပ်ဘူးပျောက်တာကအစ ပစ္စည်းတစ်ခုခုပျောက်လျှင် မျက်စိမမြင်သောအဘကို ကျွန်မတို့က မေးကြရသည်။ အဘက တောင်ဝှေး တတောက်တောက်နှင့် အိမ်အနှံ့ခြံအနှံ့ ဟိုရောက်သည်ရောက် ဟိုစမ်း သည်စမ်းဆိုတော့ ထိရင်းခိုက်ရင်းက အမှတ်သညာထားတတ်သည်။

www.burmeseclassic.com

"အဘ ကျွန်တော့်နာရီကလေး ဘယ်နားတွေ့တုံးဟင်"

"နာရီလား၊ အဘတော့ ရေဒီယိုတင်တဲ့စင်ပေါ် တွေ့မိမှတ်တာပဲ"

သွားရှာလျှင် နာရီကိုတွေ့ရဖို့သေချာသည်။ တစ်ခါတစ်ရံ ကျွန်မတို့မေ့တိမေ့လျော့နေမိသောကိစ္စကို အဘက သတိရှိနေတတ်သည်။ အထူးသဖြင့် ပစ္စည်းပျောက်ပစ္စည်းယူကိစ္စတွေမှာ မေ့သည်မရှိ။

"အနောက်ဘက်အိမ်က ချိန်ခွင်ပျောက်သွားတာ ပြန်ရပြီလား"

"အယ် – မရသေးဘူး"

"သွားတောင်း ငါ့မြေး၊ အခုသွားတောင်း။ လူတွေက လိုတဲ့အချိန်မှ သတိရကြတာ၊ မလိုဘူးဆိုရင် လှည့်တောင်မကြည့်ကြဘူး။ ထုံးစံကိုဖြစ်လို့ဗျာ"

အဘက သည်လို အသေးအဖွဲကိစ္စကလေးတွေမှာအထိ သတိရှိနေလေတော့ ကျွန်မတို့အတွက် အဘရှိနေတာ တန်ဖိုးရှိနေတော့သည်။ ကျွန်မ မှတ်မိပါသေးသည်။ ကျွန်မတို့အိမ်က ဖောင်ဆွဲမော်တော်ကိစ္စနှင့်ပတ်သက် ပြီး ကျွန်မအစ်ကိုကြီးက ဖေဖေ့ကို လုပ်ငန်းအတွေ့အကြုံတွေအကျိုး အကြောင်း ရှင်းပြနေသည့်အနားမှာ အဘ ထိုင်နေသည်။ ကွမ်းကလေး မြုံ့ရင်း နားထောင်နေသည်။

"ဖေဖေရာ ကျွန်တော်လည်း လူကြီးတွေဆိုတော့ တစ်လုံးမှ ပြန်မပြောခဲ့ရပါဘူး။ ဒီတစ်ခေါက် ကျွန်တော်တို့ မော်တော်စာရင်း မပါလောက်ဘူး"

အစ်ကိုကြီးစကားကို ဖေဖေက ဘာမှတ်ချက်မှ ဝင်မပေးသော်လည်း အဘက ချက်ချင်း မျက်နှာတင်းသွားသည်။

"မင်းကလည်း ဘာကြီးဖြစ်နေနေ ကိုယ့်ဘက်က ပြောစရာရှိတာတော့ ပြောခဲ့ရမှာပေါ့ကွ။ တကတည်း သတ္တိကလည်း နည်းလိုက်တာလွန်ရော။ ပြောလို့မရတာ တစ်ပိုင်းပေါ့"

"မဟုတ်ဘူးအဘရဲ့ ဒါက ပြောလည်း ထူးမှာမဟုတ်ဘူးဗျ၊ ဝန်ထောက်လက်မှတ်နဲ့စာထွက်တာဆိုတော့ ကျွန်တော်တို့မော်တော် အညာဆန်တုန်းက ပြစ်ချက်ရှိလို့တဲ့ စီနီယာအောက်သွားတာပေါ့ အဘရဲ့"

အစ်ကိုကြီးက ရှင်းပြသော်လည်း အဘက မလျော့ပါ။

“မင်းတို့စာထွက်တာတွေ ဘာတွေ ငါနားမလည်ပါဘူး။ မင်းပါးစပ်က တစ်လုံးမှ မပြောခဲ့ရတာကိုပဲ ငါမခံချင်တာ။ မင်းတို့လူ ‘စ’ ညှဲ့တာကို ငါပြောတာ။ သတ္တိဆိုတာ မှန်တာကို ပြောဝံ့ လုပ်ဝံ့တာကို ခေါ်တာကွ”

ဖြစ်ရလေခြင်းကွာဆိုသည့် ပုံမျိုးဖြင့် အဘက တောင်ဝှေးကောက်ကိုင်ပြီး ထွက်သွားတော့ ကျွန်မတို့မှာ အဘမကြားအောင် ခပ်အုပ်အုပ်ပင် ရယ်ခဲ့ကြသေးသည်။ အသက်ခုနစ်ဆယ်ကျော် ရှစ်ဆယ်အထိ ပြောဝံ့ပြောရဲသတ္တိကို တစ်ပြားသားမှ မလျော့ခဲ့သော အဘသည် သေခြင်းတရားကိုတော့ မလွန်ဆန်နိုင်ခဲ့ရှာပါ။ ကျွန်မယုံကြည်တာတစ်ချက်ကတော့ သေမင်းနှင့် စကားပြောခွင့်ရလျှင်ဖြင့် အဘသည် လွယ်လွယ်နှင့် လိုက်ပါသွားလိမ့်မည် မဟုတ်ဆိုတာပင် ဖြစ်သည်။

အဘဆုံးသည့်နေ့က ကျွန်မတို့တစ်အိမ်လုံး ဘယ်သူမှ မသိလိုက်ကြရပါ။ အဘ သိပ်နေမကောင်းသဖြင့် ဆရာဝန် အိမ်ပင့်ပြီး ဆေးထိုးရသည်ပင် သည်တစ်ကြိမ်သာ ရှိခဲ့ဖူး၏။ အဘဆုံးမည့်ညဦးက အိမ်သားတွေ အဘနားမှာ ဝိုင်းထိုင်ပြီး စကားတွေ ပြောနေကြတော့ အဘက ရယ်ရယ်မောမော ရှိနေခဲ့သည်။ ကျန်းမာရေးကောင်းလွန်းသော အဘကို ထိုမျှလောက်နှင့် သေဆုံးသွားလိမ့်မည်ဟု မည်သူမျှမထင်ခဲ့။ မနက်မိုးလင်း အဘအနားကို ကျွန်မသွားတော့ အဘကို နှိုးလို့ခေါ်လို့ မရတော့ပါ။ ကျွန်မတို့တစ်အိမ်လုံး ဆူပွက်သွားကာ အဘကို စမ်းကြည့်ကြတော့ အမှန်တကယ်ပဲ အဘ သေဆုံးသွားခဲ့ပြီ။

ကျွန်မသည် မျက်ရည်တွေကြားမှ အဘမျက်နှာကို လှမ်းကြည့်လိုက်သည်။ အသက်ကိုစွန့်လွှတ်ပစ်လိုက်ဖို့အတွက် သေမင်းကို အဘသတ္တိ ရှိရှိရင်ဆိုင်သွားပြီကော။ သေအံ့မူးမူးအချိန်မှာ အဘနှုတ်မှ ကျွန်မတို့မြေးတွေကို တစ်ခွန်းတလေလောက် လှမ်းခေါ်လိုက်ဖို့တောင် အားကိုးအားထား မရှာခဲ့ဘဲ ဘဝကို စွန့်ခွာသွားရဲသည့် အဘ၏မာနကို ကျွန်မနားလည်လိုက်မိပါသည်။ အဘ၏အတွေးအခေါ်နှင့် စိတ်ဓာတ် မှန်သလား

www.burmeseclassic.com

မှားသလား ကျွန်မမသိ။ ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ သည်လိုစိတ် ဓာတ်ကို ကြိုက်သည်။ အဘကိုင်ခဲ့သည့် လမ်းလျှောက်တုတ်ကလေးကို တစ်သက်လုံး သိမ်းထားဖို့ကျွန်မ ဆုံးဖြတ်ထားသည်။ သည်လမ်းလျှောက်တုတ်ကလေးက အဘ၏ တောင်ဝှေးမဟုတ်ဘဲ အဘ၏ မျက်လုံးများဖြစ်နေခြင်းကြောင့် ဖြစ်ပါသည်။

**ပိတောက်မြေမဂ္ဂဇင်း၊အမှတ်(၅)ဧပြီ၊၂၀၀၃**

www.burmeseclassic.com



ခင်ခင်ထူး
ချယ်

www.burmeseclassic.com

# ချလံ

မနက်မိုးလင်းတာနဲ့ အကြော်ဗန်းကြီး ခေါင်းပေါ်တင်ပြီး အရပ်တကာ နေရာတကာ လှည့်ရောင်းနေတဲ့ ဖိုးကြဲကို သည်ဘက်ရပ်ကွက်က လူတွေကတော့ သိနေကြပါပြီ။ သူ့ခေါင်းပေါ်က အကြော်ဗန်းကြီးကလည်း ၈ ပေဂြိုဟ်တုစလောင်းလောက်ရှိတာဆိုတော့ အဝေးကတည်းက လူမမြင်ရဘူး။ အဲသည် ၈ ပေ ဂြိုဟ်တုစလောင်း အကြော်ဗန်းကြီးထဲမှာ အကြော်ကစုံနေအောင်ပါတာပါ။ ကုလားကြော်၊ မြန်မာကြော်၊ တို့ဟူးကြော်၊ ဘူးသီးကြော်ကအစ မုန့်ဂုတိုးဝါကြော်၊ မုန့်လက်ကောက်ကြော်၊ မုန့်ဆီကြော်လိုမျိုးအထိ အမယ်စုံအောင် ပါတတ်တယ်။

"ကိုင်း – ဟောသည်ကဗျား ... စားကြဦးမလား ပဲကပ်ကြော် ... ကြက်သွန်ကြော် ... ကောက်ညှင်းကြော် ... အကြော်စုံပူပူနွေးနွေး ..."

ရှည်ရှည်လျားလျားနဲ့ ဆွဲဆွဲငင်ငင် ဟစ်လိုက်တဲ့ ဖိုးကြဲရဲ့အသံသြသြစီစီကြီးကို တော်တော်ဝေးဝေးကတည်းက ကြားနေရတတ်တယ်။ များသောအားဖြင့် သူ့ဗန်းထဲမှာ အကြော်စုံပါတတ်ပေမယ့် သူဟစ်သလို ပူပူနွေးနွေးတော့ မဟုတ်ဘူး။ ဖိုးကြဲရဲ့မယား မဂေါက်တေးက ညနာရီပြန်နှစ်ချက်လောက်ကတည်းက ထကြော်ပေးလိုက်တဲ့ အကြော်တွေဆိုတာက ရှားရှားပါးပါး နွေးတာက နွေးနေသေးပေမယ့် အေးတာက အေးနေပါပြီ။

သည်အကြော်တွေ မကုန်မချင်း ရွာရိုးကိုးပေါက် လှည့်ရောင်းနေတာဆို တော့ အေးချင်တိုင်းအေးနေတော့တာလေ။ အတော်ကလေး နေမြင့်ရင် တော့ အေးရုံတောင်မကတော့ပါဘူး။ ခဲကပ်တောင်နေတတ်တယ်။ ဒါပေ မဲ့ ဖိုးကြံကတော့ အကြော်စုံပူပူနွေးနွေးဆိုတာက တစ်ပြားသားမှ မလျှော့ ပါဘူး။

"ဟဲ့ ဖိုးကြံ … မင်းဟာက ပူပူနွေးနွေးဆိုကွ"

"ယူလာတုန်းက ပူပူနွေးနွေးလေဗျာ"

"ဟင် … ဘယ်မှာတုန်း ပဲကပ်ကြော်က"

ဝယ်သူက လိုချင်တဲ့အကြော်ကို ဗန်းကြီးထဲ ဟိုရှာ သည်ရှာလုပ် ရင်းမေးတော့ ဖိုးကြံက ပြုံးပြုံးကြီးနဲ့ခေါင်းခုစုတ် မျက်နှာကိုပွတ်ရင်း မင်သေသေဖြေတာပါပဲ။

"အဲ … ကုန်ခဲ့ပြီထင်တယ်… ကဲပါ တစ်ခါတလေ ကြက်သွန် ကြော်ကလေး စားစမ်းပါဟာ ကြက်သွန်က လေကောင်းသဟဲ့"

"စားချင်ပေါင် … မပါဘဲနဲ့ဘာလို့ထည့်အော်ရတာလဲ ဖိုးကြံရဲ့"

"ပါတာ မပါတာ ငါလည်းမသိပါဘူးဟာ … ပါးစပ်ထဲတွေ့ရာ ကောက်အော်လိုက်တာပဲ"

သူ့ဗန်းထဲက အကြော်တွေ မျိုးစုံအောင် သူမဟစ်နိုင်သလို ဖိုးကြံ ဟစ်တိုင်းလည်း မဟုတ်တာ စားသုံးသူတွေက သိနေကြပါပြီ။ ဖိုးကြံ ဗန်းထဲတွေ့တဲ့အကြော် မဝယ်ချင့်ဝယ်ချင်ဝယ်လိုက်တာနဲ့သည်ပြဿနာ က သည်မှာပဲ ပြေလည်သွားရတာများတယ်။ ဖိုးကြံကလည်း သူဟစ်ချင် ရာဟစ်၊ လူတွေကလည်း ကိုယ်ဝယ်ချင်တဲ့ဟာဝယ်။ လူတွေနဲ့ဖိုးကြံကြား မှာ ဘာစီးပွားရေးနည်းဗျူဟာမှ မလိုဘူး။ ဖိုးကြံကလည်း ဘာစီးပွားရေး နည်းဗျူဟာမှ နားမလည်ပါဘူး။ ရောင်းသူနဲ့ ဝယ်သူ ကျေနပ်ရင် ပြီးစတမ်းကိုး။ သူ့တာဝန်က မဂေါက်တေးထည့်ပေးလိုက်တဲ့ အကြော် တွေ မကုန်မချင်း သူလှည့်ရောင်းရမယ်။ ဗန်းထဲက အကြော်ကုန်လောက် ပြီ ဆိုရင်တော့ သူ့အိမ်ကို ပြန်မယ်။ အကြော်ရောင်းရသမျှငွေကလေး မဂေါက်တေးလက်ထဲ တစ်ပြားမကျန် ထည့်လိုက်ရင် ဒါပြီးပြီ။

ငွေကလေးအပ်လိုက်တော့မှ မဂေါက်တေးကလည်း နောက်တစ်နေ့စာအတွက် ပဲဝယ်၊ ဆီဝယ်၊ ထင်းကလေး ပြေးဝယ်ပြီး ပိုတဲ့ပိုက်ဆံကို လေးထောင့်မုန့်ပုံးစုဘူးကြီးထဲ ထည့်လိုက်တာပဲ။ ဖိုးကြွကို အကြော်ရောင်းတာ ဘယ်လောက်မြတ်သလဲလို့မေးရင် မဂေါက်တေးရဲ့ဘေးက စုဘူးကြီးကို မေးငေါ့ပြလိုက်တာပဲ။ ဒါကလည်း ပုံမှန်တော့ မဟုတ်ဘူး။ စုဘူးကြီးထဲကို တစ်ခါတလေ အရွက်ကြီးကြီး ထည့်နိုင်ပေမယ့် တစ်ခါတလေ အရွက်သေးသေးတောင် အနိုင်နိုင်ရယ်။ ဒါပေမဲ့ မဂေါက်တေးကလည်း ဖိုးကြွကို ဘာတွေသုံးပစ်ခဲ့သလဲလို့မမေးဘူး။ ဖိုးကြွကလည်း နင့်စုဘူးကြီးထဲ ဘယ်လောက်ရပြီမှန်းတုန်းလို့တစ်ခွန်းမမေးဖူးဘူး။ သူတို့လင်မယား စီးပွားဘယ်လောက်ဖြစ်သလဲဆိုတာ စုဘူးကြီးကလွဲပြီး သူတို့လင်မယားတောင် သိတာမဟုတ်ဘူး။ သည်စုဘူးကြီးက သူတို့လင်မယားရဲ့ငွေစုစာအုပ်ပဲ။ စာရင်းရှင် အပ်ငွေပဲ။ သည်ပုံးထဲက ပိုက်ဆံက သူတို့ရဲ့ပိုင်ဆိုင်မှုပဲ။

ဖိုးကြွတို့မှာက သားသမီးဆိုလို့တစ်ယောက်တစ်လေမှတောင် မထွန်းကားခဲ့လေတော့ လင်ကိုယ်မယား နှစ်ယောက်တည်းကိုး။ ငတ်တာ ပြတ်တာ လပ်တာရယ်လို့မရှိခဲ့ဖူးဘူး။ သိလည်း မသိဘူး။ သူတို့သိတာက အကြော်ကြော်ဖို့ရောင်းဖို့ပဲ။ သည်အလုပ်နဲ့သည်ဝတ္တရားကို သမိုင်းပေးတာဝန်ကြီးတစ်ရပ်လို လုပ်ကိုင် စားသောက်လာခဲ့ကြတာ နှစ်ပေါင်းတောင် အတော်ကြာပြီ။ ဖိုးကြွကို တစ်ယောက်ယောက်က အကြော်ရောင်းတာ ဘယ်လောက်ကြာပလဲလို့မေးရင် သူက ခေါင်းခုခွေအောက်က ထိပ်ပြောင်ပြောင်ကြီးကို အရင်လှန်ပြလိုက်တာပဲ။ ဦးဆွေးဆံမြည့် အမှုတော်ထမ်းခဲ့တယ်ပေါ့လေ။

"ဟော သည်ခေါင်းသာ ကြည့်ပါတော့ … ယုံမလားတော့မသိဘူး ဆံပင်တစ်မွေးမှကို မပေါက်ဘူးတာ … ကျုပ် လူမှန်းသိကတည်းက အကြော်ဖန်းရွက်လာခဲ့ရတာ။ တစ်သက်လုံးလည်း သည်အလုပ်တစ်ခု လုပ်စားဖူးတာပဲ"

ဖိုးကြဲရဲ့ခေါင်းမှာ ခေါင်းခုခွေအရာကလေးအတိုင်း ကွက်ပြီး ထိပ်ကြီး တပြင်လုံး ပြောင်ချောလို့လေ။ နားသယ်နဲ့ ဂုတ်အထက်နားက နီကျင်ကျင်ဆံမျှင်ငုတ်စိစိကလေးတွေ ကျဲကျဲပါးပါးလောက်ရှိရဲ့။ ခေါင်းခုကို နဖူးထိပ်ဘက်က နောက်ကို သပ်တင်ခဲ့တဲ့အကြိမ်ဟာ ထောင်ဂဏန်း သောင်းဂဏန်းဆိုတော့ သည်စွပ်ကြောင်းရာကြီးက ဂျုတ်နဲ့ခြစ်ထားသလို ပြောင်ချင်တိုင်းပြောင်နေတော့တာပါ။ ဖိုးကြဲကိုကြည့်လိုက်ရင် ထိပ်ပြောင် ပြောင်ရယ်၊ ရှပ်အင်္ကျီလက်စည်း ညိုညစ်ညစ်ကြီးရယ်၊ ဒူးခေါင်းအထက် ရောက်နေတဲ့ စားပွဲခင်းစလို ပုဆိုးတိုတိုရယ်ဟာ ဖိုးကြဲရဲ့သင်္ကေတပါပဲ။ အကြော်စုံ ပူပူနွေးနွေးဆိုတဲ့ အသံသြသြစီစီကြီးကလည်း ဖိုးကြဲရဲ့ ရာသက်ပန် နံနက်ချိန်ခါ တေးသံသာပါပဲ။ ဖိုးကြဲကိုယ်တိုင်ကလည်း မန္တလေးပဲကြော်လို အဆီတပြောင်ပြောင် ကောက်ညှင်းငချိတ်ရောင်ပေါက် နေတာမျိုး ဆိုပါတော့။

* * *

ဖိုးကြဲတို့မှာ ညီအစ်ကိုနှစ်ယောက် ရှိတယ်။ သူ့အစ်ကို ကိုဟန် ကတော့ နာမည်ကိုလိုက်ပြီး ဘဝအကျိုးပေးကောင်းလို့မြစ်ဆိပ်ကမ်းနား က သင်္ဘောဆိပ်မှာ ထမင်းဆိုင်ကြီး ဟီးနေအောင် ဖွင့်ထားနိုင်သူပါ။ ကိုဟန်မှာ နံကပ်တိုက်ကလေး ရှိတယ်။ ကားခရားရှည်ကလေး တစ်စီး ရှိတယ်။ ဇနီးကလည်း ထယ်ထယ်ဝါဝါထဲကပဲ။ သားသမီးတွေကလည်း ခေတ်ပညာတတ်တွေဆိုတော့ ဖိုးကြဲနဲ့ကတော့ တခြားစီပေါ့လေ။ တခြားစီ ဆို ညီအစ်ကိုနှစ်ယောက် စကားရယ်လို့ ဟုတ်တိပတ်တိ မပြောတာ တောင် အတော်ကြာပြီ။ အစတုန်းကတော့ ဖိုးကြဲက အစ်ကိုရယ်၊ ညီရယ်လို့ ကိုဟန်တိုက်ထဲ ဝင်လိုက် ထွက်လိုက် လုပ်ပါသေးတယ်။ ဒါပေမဲ့ သူလာတာ ကြိုက်ပုံမရတဲ့ မရီးစကားကြောင့် အစ်ကိုကိုလည်း ခပ်စိမ်းစိမ်း ဖြစ်သွားရတာပါ။

"ဖိုးကြီ ... နင်ငွေလိုရင်ပြော ... တို့ဆီတော့ ခဏခဏမလာခဲ့နဲ့ နင့်အစ်ကိုက မပြောပေမယ့် နင်သိတတ်ရမှာပေ့ါ။ သည်မှာက လူပေါင်း စုံ ထမင်းလာစားနေကြတာ ... နင်က အကြော်ဗန်းကြီးရွက်ရွက်ပြီး ဝင်လာ တော့ နင့်အစ်ကိုလည်း သိက္ခာကျတယ် ... လူမြင်လို့လည်း မကောင်းဘူး ပေ့ါဟာ"

မရီးရဲ့စကားကို ဖိုးကြိက အသည်းပေါက်မတတ် နာတာပါ။ ဟိုတုန်းက ဖိုးကြိရဲ့အမေ ဒေါ်စိန်တုတ်ဆိုတာ အကြော်သည်ကြီးပါ။ သည်ပျံကျရပ်ကွက်ကလေးထဲမှာ တခြားအကြော်ဆိုင်ကလေးတွေ ခေတ် မထခင်ကတည်းက အကြော်ကြော်ရောင်းခဲ့သူပေ့ါလေ။ ဖိုးကြိတို့အိမ် ခေါင်းရင်း ဝင်းထရံကလေးဘေးမှာ အကြော်တဲကလေးထိုးပြီးတော့ အမေ က သူတို့ညီအစ်ကို လူတန်းစေ့အောင် ထမင်းကျွေးခဲ့တာပါ။ မြေကြီးကို စောက်နက်နက်တူးပြီး ကျင်းဝတစ်ဘက်ကို ဖော်ထားတဲ့ အမေ့အကြော် ဖိုကလေးနဲ့မိုးပြဲဒယ်ကြီးတောင် အမေ့လက်ငုတ်အဖြစ် အခုထိရှိနေတုန်း ပဲ။ မအေက နေထွက်နဲ့နေဝင် အကြော်ကြော်၊ သူတို့ညီအစ်ကိုက အကြော် ဗန်းတစ်ချပ်စီရွက်ပြီး လည်ရောင်းခဲ့ရတာကိုက အကြာကြီးရယ်။ သည် တုန်းက အကြော်တစ်ခုကို ဆယ့်ငါးပြား၊ တစ်ကျပ်ဖိုး ခုနစ်ခုခေတ်။ အကြော် ငါးကျပ်ဖိုးဆို တစ်အိမ်လုံး စားကရောထဲကပဲ။ ညီအစ်ကို နှစ်ယောက် သေစာရှင်စာကလေးဖတ်တတ်တော့ မစိန်တုတ်က ကောက် ကာငင်ကာ ကျောင်းနုတ်လိုက်တယ်။ နောက်တော့ လူပျိုပေါက်ဖြစ်လာ တဲ့ အစ်ကိုက ရှက်လို့ အကြော်မရောင်းတော့ဘူး။ မြစ်ဆိပ်ကမ်းနား ဘက်မှာ ကြို့ရာကျဖမ်း အလုပ်လုပ်ရင်း စားနေကျ ထမင်းသည်ရဲ့သမီး မတင်မေနဲ့ အိမ်ထောင်ကျတယ်။ သည်တုန်းက မတင်မေတို့က လည်း လမ်းဘေးတဲကလေးထဲက ခရီးခရိုင်ထမင်းသည်ပါ။ အစ်ကိုနဲ့အိမ်ထောင် ကျပြီးမှ သူတို့ကံဇာတာပါလို့ကြီးပွားလာတော့ 'အောင်မေတ္တာ' ဆိုတဲ့ ထမင်းဆိုင်ကြီး ဟည်းဟည်းထလာခဲ့ကြတာ။ အကြော်သည် ဒေါ်စိန်တုတ် သား လမ်းတကာလှည့်ပြီး အကြော်ရောင်းခဲ့တဲ့ အစ်ကိုမ့ယားက အခု

ဖိုးကြံကို အကြော်ဗန်းကြီးရွက်မဝင်ခဲ့နဲ့ဆိုတော့ ဖိုးကြံက စိတ်နာတာလည်း ပါတယ်။ စိတ်ပျက်တာလည်း ပါတယ်။ ဘဝချင်း တခြားစီဆိုတော့ အနေချင်းကလည်း တခြားစီ ဖြစ်ရတော့တာပါပဲ။

ဖိုးကြံကတော့ အမေ့ရဲ့ လက်ကသုံးတောင်ဝှေးအဖြစ်နဲ့ အမေ့ တစ်သက်လုံး အကြော်ဗန်းရွက်ပြီး ကျွေးခဲ့တာပါ။ အမေဆုံးတော့ အမေ့ အမွေကို ဖိုးကြံက မပျက်မကွက်ဆက်ခံခဲ့တယ်။ သူ့မိန်းမ မငေါက်တေး ကလည်း ယောက္ခမ ဒေါ်စိန်တုတ်လက်ကျကို ငါးနှစ်လောက်မီလိုက် သေးတော့ အကြော်နဲ့ပတ်သက်သမျှ နည်းပညာ အကုန်ရလိုက်တယ် ပြောပါတော့။ ပဲဝယ်တာကအစ၊ ပဲကြိတ်တာ၊ ဆားစပ်တာ၊ ဆော်ဒါ ဖောက်တာ၊ လက်ချိန်ဆတာအထိ ဒေါ်စိန်တုတ်လက်ရာအတိုင်း။ သည် တော့ ဒေါ်စိန်တုတ်မရှိတော့ပေမယ့် မြေကျင်းမီးဖိုကလေးနဲ့ မိုးဗြဲဒယ် ကြီးက နှစ်ပေါင်းအစိတ်လောက်ရှိတဲ့အထိ နှစ်ပါးသွားနေရတုန်း။ ဖိုးကြံ နဲ့ အကြော်ဗန်းနဲ့ကလည်း သည်ကနေ့အထိ ဖွားဘက်တော်အဖြစ် လက်တွဲနေရတုန်း။ အကြော်ဗန်းက ဆီဝနေသလို ဖိုးကြံကလည်း ဆီဝ နေတာသာ ကြည့်တော့။

ဖိုးကြံတို့မငေါက်တေးတို့လက်ထက်ရောက်တော့ အကြော်က တစ်ခု ကို ငါးကျပ် တစ်ဆယ် ဖြစ်လာပြီ။ ရပ်ကွက်ထဲမှာလည်း အကြော်ဖို ကလေးတွေက ဟိုနားစုစု၊ သည်နားစုစု အလျှိုလျှိုနဲ့ပေါ်လာပြီ။ သည် တော့ ဖိုးကြံကလည်း အကြော်ဗန်း ခေါင်းပေါ်ကချလို့မဖြစ်ပြန်ဘူး။ ကိုယ့်တဲကလေးထဲမှာတင် တည်ရောင်းနေလို့ကတော့ ဘယ်မှာအလုပ် ဖြစ်ပါ့မလဲ။ သည်တော့ အကြော်လှည့်ရောင်းရင်းနဲ့သူ့ဘဝသူ ကျောင်း ရတာ သည်ကနေ့အထိပါပဲ။ ဖိုးကြံက ပိတ်ရက်မရှိဘူး။ နားရက်မရှိဘူး။ အားရက်ရယ်လို့လည်း မရှိဘူး။

ဖိုးကြံ အကြော်ရောင်းထွက်တော့မယ်ဆိုရင် မငေါက်တေးက ဒန် တစ်လုံးချိုင့်နဲ့ထမင်းကလေးကို အခဲလိုက် ထည့်ပေးလိုက်တယ်။ ဖိုးကြံ က အကြော်ရောင်းရင်း ဗိုက်ဆာလာတဲ့အချိန်မှာ သစ်ပင်အရိပ်ကောင်း

ကောင်းအောက် ဇန်းကိုချ။ ထမင်းခဲချေပြီး ရှိတဲ့အကြော်နဲ့စားလိုက်တာပဲ။ သူဆာတဲ့အချိန် သူကြိုက်တဲ့အကြော်နဲ့သူစားချင်သလောက် စားတယ်။ ညနေစာ အိမ်မှာစားတော့လည်း လင်မယားနှစ်ယောက် ကျန်တဲ့အကြော်ပဲ့ကလေးနဲ့ထမင်းကလေး ဆီဆမ်း ဆားဖြူးပြီး စားလိုက်ကြတာပဲ။ သူတို့လင်မယား နေ့တိုင်း အကြော်နဲ့ချည်း ထမင်းစားကြတာစိတ်မပျက်ဘူးလားလို့မေးရင် ဖိုးကြဲက 'ဟင့်အင်း' တဲ့။

"ကျုပ်တစ်သက်လုံး အကြော်နဲ့ပဲ ထမင်းစားလာရတာဆိုတော့ဟင်းနဲ့ဘာနဲ့ဆို ထမင်းမစားတတ်တော့ဘူးဗျ။ တစ်ခါတလေ သူများတွေထမင်းဝိုင်းက ဟင်းတွေကိုကြည့်ပြီး ကျုပ်ဖြင့် အော်ဂလီတောင် ဆန်ချင်တယ်။ လူတွေများ အကြော်ရှိတာ မစားကြဘဲနဲ့ဟင်းများ ချက်စားရတယ်လို့အံ့ဆရာ"

တကယ်လည်း သူ့ဘဝတစ်လျှောက်လုံး ဘာအသားငါးမှ မစားခဲ့ဖူးတာ အမှန်ပဲ။ သားနဲ့ငါးနဲ့များ ဝေးရာကရှောင်ဆိုသလို နေခဲ့တာထားတော့။ သူတကာ စားသောက်နေတာတောင် သူ့စိတ်ထဲ အကုသိုလ်များရန်ကောလို့တွေးမိနေတတ်တာပါ။

"ဖိုးကြဲရေ ... လာဦးဟေ့"

လို့များ ခေါ်လိုက်လို့ကတော့ ဖိုးကြဲတို့က အရိပ်ကောင်းကောင်း နေရာကောင်းကောင်းမှာ ဇန်းကို ကျကျနန ချတဲ့ပြီး ပယ်ပယ်နယ်နယ် ထိုင်ချလိုက်တော့တာပဲ။ သူ့ဖောက်သည်တွေနဲ့တွေ့တိုင်း ရောက်တတ်ရာရာစကားတွေပြောတာကလည်း ဖိုးကြဲအကျင့်ပါ။ လူတွေကလည်း ဖိုးကြဲလာရင် သတင်းစုံကြားရလို့ တစ်ခါတလေ အကြော်မဝယ်ချင်လည်းအကြော်ဇန်းနား ဝိုင်းလာကြတော့တာပဲ။ လေကြောတည့်လို့ကတော့မိန်းမပိုင်းကတောင် အရှုံးပေးရတဲ့ ဖိုးကြဲကိုး။ သတင်းတွေကလည်းစုံတယ်။ အရှေ့အနောက် တောင် မြောက် ရွာရိုးကိုးပေါက်သတင်းတွေမှတ်လား။

"ကောင်မရယ် ... ရေဆိပ်မှာ ခွဲထင်းလှေရောက်နေတယ် ... စည်းထင်းတွေလည်းပါတယ်။ အင်ကြင်းသားတွေများ ရဲလို့ ... မီးတောက်လိုက်မယ့်အမျိုးတော့"

"တစ်စည်း ဘယ်လောက်တဲ့လဲ"

"အစိတ်ဆိုလားပဲ"

"အစည်းကြီးတွေက တင်းတင်းရင်းရင်း ရှိရဲ့လားဟယ်"

"ဟောသည်လောက်ရှိတယ်"

ဖိုးကြံက ပါးစပ်ကလည်းပြောရင်း လက်နှစ်ဘက်ကို ဝိုင်းပြတယ်။ ကြည့်တဲ့သူက ဟုတ်ပါ့မလားဆိုတဲ့ အကြည့်မျိုးနဲ့ကြည့်လာရင်တော့ ဖိုးကြံက လက်တဖြည်းဖြည်းကားထားရာက ကြုံ့ဝင်သွားတတ်တယ်။

"ပြောရဦးမယ် မိဒွေးရယ် ... သန်းလှအကြောင်း ညည်းကြားပြီးပြီလား။ ဟင် ... မကြားရသေးဘူး ဟုတ်လား။ ကဲ ငါ့အကြော်ဗန်း ချပေးဦး ငါပြောပြမယ်။ ဒီမယ် သန်းလှကလေ သံရည်ကျိုတဲ့ မြသောင်းနဲ့တဲ့။ မြသောင်းအမေက ဒါကိုကြားတော့ ပါးရိုက်မယ် နားရိုက်မယ်နဲ့"

အဲသလို အတင်းအဖျင်းကလေးတွေကလည်း ကြားညှပ်တတ်သေးတာပါ။

"အရီးတင် ... အကြော်ယူဦးမလား။ အံမယ် မြေးတွေနဲ့ပွက်လောရိုက်နေတာပါပဲလား။ ပူဖောင်းမရလို့ဟုတ်လား။ ဒါများ မကြည်ညွှန့် အိမ်ဆိုင်သွားဝယ်ချေ။ တစ်လုံးတစ်ကျပ်တဲ့။ ကောင်းတာ ဆိုးတာကတော့ လေမှုတ်ကြည့်မှ သိမှာပေါ့"

ဆိုတာမျိုး လမ်းညွှန်တာတွေလည်း ပါရဲ့။

"ကိုအေး ဘယ်တုန်း၊ ကိုတင်ဆောင့်ဆီ သွားမလို့ဟုတ်လား။ ဒီမယ် ကိုတင်ဆောင်မရှိဘူး။ မြို့သစ်သွားတယ်။ ကျုပ်နဲ့ခုတင်လမ်းမှာ ရှောင်လာတာ"

အပေါက်စုံတဲ့ ဖိုးကြံကို လူတွေက အကြော်စားရုံသက်သက်မဟုတ်ပါဘူး။ စကားစုံကြားဖို့လည်း မျှော်တတ်ကြတယ်။ ဒါပေမဲ့ ဖိုးကြံက

အချိန်မမှန်တဲ့ရထားလိုပဲ။ သူလာချင်တဲ့အချိန်လာပြီး မလာချင်တဲ့နေ့ကျ မလာပြန်ဘူးမှတ်လား။ တစ်ခါတလေ နှစ်ရက် သုံးရက်လောက်အထိ မလာလို့ လူတွေက သူ့ကို မေးရင် မျက်နှာပြောင်တင်းတင်းကြီးကို ဝင်းသွားအောင် ရယ်ရင်းက ဖြေတတ်တယ်။

"ဘယ်လာနိုင်ပါ့မလဲအေ၊ ရွှေတိုးကုန်းအရပ်ထဲ သိန်းသန်းဝင်း ဇာတ်ပွဲရှိတယ်လေ။ အဲသည်သွားရောင်းနေတာလေ။ သည့်အရင်ရက်တွေက မလာနိုင်ဆို ရေဆိပ်မှာ သင်္ဘောတွေ ကုန်တင်ခံရှိတယ်။ ပြေးရောင်းနေရတာလေ။ ရောင်းကောင်းချက်တော့ သင်္ဘော မနေ့က ထွက်သွားပြီ။ အဲသဟာကြောင့် အခုမှ ညည်းတို့ရပ်ရောက်ရတာ။ ကဲ ကြုံတုန်းဝယ်စားဦး။ ကံကောင်းတယ်မှတ်"

အကြော်ဗန်းကြီးနဲ့သူရောက်မလာနိုင်တာကိုပဲ အကြောင်းပြချက်ကလေးတွေနဲ့ ဖိုးကြိုက ငယ်ငယ်ကတည်းက ဈေးရောင်းလာတဲ့သူမို့လားတော့မသိဘူး။ သူ့လေသံနဲ့သူဟန်ပန်က ယောကျ်ားတစ်ယောက်နဲ့မတူဘူး။ မိန်းမတစ်ယောက်လို လက်တို့ခြေတို့ပြောတတ်တာတွေက သူ့အကျင့်လို ဖြစ်နေပြီ။ ဘာပဲဖြစ်ဖြစ် ဖိုးကြိုဘဝကတော့ အေးအေးဆေးဆေးပါပဲ။ အကြော်ရောင်းပြန်လာရင် ဖိုးကြိုက တရေးတမော အိပ်မယ်၊ မဂေါက်တေးက ဈေးသွားဝယ်မယ်။ ဖိုးကြို အိပ်ရာနိုးတော့ ထင်းခွဲတယ်။ မဂေါက်တေးက ပဲကြိတ်တယ်။ မနက်အကြော်ကြော်ဖို့လှီးကြ၊ ဖြတ်ကြ၊ သင်ကြ၊ ဖျင်ကြတယ်။ ပြီးရင် ရေမိုးချိုး ထမင်းစား၊ တံခါးသော့ခတ်ပြီး ဗီဒီယိုရုံပြေးတော့တာပဲ။ ဗီဒီယိုပြီးလို့ပြန်လာရင် တရေးတမောအိပ်တယ်။ နာရီပြန်နှစ်ချက် သံချောင်းခေါက်သံကြားရင် နှစ်ယောက်သား အိပ်ရာနိုးကြပြီ။ ဖိုးကြိုက မီးမွေးတယ်၊ မဂေါက်တေးက ပဲနှစ်တွေ စပ်ကာဟပ်ကာဖျော်တယ်။ ဆီပူလာရင် ပဲမုန့်ညက်ကလေးတွေ လုံးတန်လုံး၊ ပြားတန်ပြားထည့်တယ်။ ဖိုးကြိုက အပေါက်ကလေးတွေပါတဲ့ ဂေါ်နဲ့ကျက်လာတဲ့အကြော်ကို ဆယ်တယ်။ ဆီစစ်ထားတယ်။ မနက် ၆ နာရီထိုးတော့ မဂေါက်တေးက အကြော်ဗန်းပြင်ပေးတယ်။ ဖိုးကြိုက အကြော်ရောင်း

ထွက်တယ်။ သည်လိုပုံစံကို နေ့စဉ်လုပ်နေခဲ့ကြတာ နှစ်ပေါင်းဘယ်လောက်ကြာကြာ ဘာတစ်ခုမှ ပြောင်းလဲသွားတယ် မရှိဘူး။

* * *

“တော့်အစ်ကို အစာအိမ်ပေါက်လို့ဆိုလား၊ ဆေးရုံတင်ထားရသတဲ့”

“ဟေ ဘယ်သူလာပြောတာတုန်းဟ”

“ကောင်လေးတစ်ယောက် လာပြောတာပဲ”

အကြော်ရောင်းပြန်လာတဲ့ ဖိုးကြီကို မဂေါက်တေးက ရင်ဘတ်ဆောင့်တွန်းလိုက်သလို ဆီးပြောတယ်။ ဖိုးကြဲလည်း အမောတောင် မဖြေရသေးဘူး။ ဆေးရုံကို ပြေးဖို့ခြေလှမ်းရတော့တာပေါ့လေ။ ဝေးနေပေမယ့် သွေးက ရှိသေးတာကိုး။ တံခါးပေါက်ရောက်ကာနီးမှ မရီးမျက်နှာကြီး ဘွားခနဲပေါ်လာပြီး သူ ဆေးရုံလိုက်သွားလို့ကြိုက်မှကြိုက်ပါ့မလားလို့ တွေးဖြစ်အောင်တွေးလိုက်မိသေးတယ်။

“ရေလေး မိုးလေး ချိုးသွားဦး ကိုဖိုးကြဲ၊ တော်ကြာ တော့်မရီးသူဌေးမက မျက်စောင်းထိုးလွှတ်လိုက်ဦးမယ်”

“သြော် အေး အေး”

မဂေါက်တေး သတိပေးလိုက်မှပဲ သူ့ခါးပေါ်က ချွေးစော်နံနေတဲ့ ရှပ်အင်္ကျီလက်စည်း ညိုညစ်ညစ်ကြီးကို ချွတ်တဲ့ပြီး ရေချိုးတယ်။ သူ့အဝတ်အစား သုံးလေးထည်ထဲက အကောင်းဆုံးလို့ထင်ရတာကလေး ကို ရွေးဝတ်လိုက်တယ်။

“ကိုဖိုးကြဲ တော် ဆေးရုံကအပြန် ဈေးဝင်ခဲ့ပါလား။ လမ်းကြုံသားပဲ ကျုပ် သက်သက်မသွားတော့ဘူး။ သည်မှာ ဈေးစာရင်းစာရွက်နဲ့ ပိုက်ဆံ။ အိတ်ထောင်ထဲ သေသေချာချာထည့်နော်။ ဘတ်စ်ကားပေါ် ခါးပိုက်နှိုက်ခံရဦးမယ်”

မဂေါက်တေး ပေးလိုက်တဲ့ ပိုက်ဆံနဲ့ဈေးစာရင်းစာရွက်ကို အိတ်ထောင်ထဲထည့်ပြီး ခပ်သုတ်သုတ်ပဲ ကားဂိတ်ဘက်ထွက်ခဲ့တယ်။ သူမှာ

အစ်ကို သေရေးရှင်ရေးကိစ္စသွားရတာတောင် မတင်မေ ကဲ့ရဲ့မှာစိုးလို့ သန့်စင်ဝတ်စားပြီးမှ သွားရတာကိုလည်း ဘယ်လိုမှ မအောက်မေ့နိုင်ပါဘူး။ အမေနဲ့အတူနေခဲ့ရတုန်းက ညီအစ်ကိုနှစ်ယောက်ရဲ့ကလေးဘဝကိုပဲ ရင်ထဲအောက်မေ့လာခဲ့တယ်။ နေပူစပ်ခါးထဲ အကြော်ဗန်းကြီးနဲ့ သူ့အစ်ကို မောင်ဟန့်ကို မျက်စိထဲမြင်လို့။

"မတင်မေ မတင်မေ"

ဆေးရုံဝင်းထဲအရောက် ကားပေါ်တက်တော့မယ့် မတင်မေကို သူအပြေးလှမ်းခေါ်လိုက်တယ်။ မတင်မေက ဖိုးကြံကို ခြေဆုံးခေါင်းဆုံး ကြည့်ရင်း သည်တစ်ခါ အကြော်ဗန်းကြီး ပါမလာဘဲ သပ်သပ်ရပ်ရပ်ဖြစ်နေတဲ့ ဖိုးကြံကို နည်းနည်းတော့ ကျေနပ်သွားပုံပါပဲ။

"နင့်အစ်ကို မနေ့ညက ဗိုက်ခွဲရတယ်။ သက်သာသွားပါပြီ။ ဟောဟိုလှေခါးကနေ တက်သွား ဘယ်ဘက်အခြမ်းက အရှေ့အနောက်တန်းနေတဲ့အခန်း တွေ့လား … အေး – အဲသည်ကျ ရှာကြည့်၊ နင့်အစ်ကိုမှိန်းနေတာ စကားသိပ်မပြောနဲ့ကြားလား"

"ဟုတ်ကဲ့ပါ"

ဖိုးကြံအသံက ဆောင့်ဆောင့်အောင့်အောင့်နိုင်သွားသလိုပဲ။ အရေးထဲများ အစ်ကိုနဲ့ စကားသိပ်မပြောနဲ့လို့ မှာသွားတဲ့ မရီးဖြစ်သူကို မြင်ပြင်းကပ်တာလည်း ပါမှာပေ့ါ။ ဆေးရုံခန်းထဲရောက်တော့ အစ်ကို့ကို ကျန်းကျန်းမာမာနဲ့တွေ့လိုက်ရတော့မှ ရင်ထဲကအလုံးကြီး ကျသွားတော့တယ်။ ညီအစ်ကိုနှစ်ယောက် တွေ့ကြတော့ နှစ်ယောက်စလုံး မလုံမလဲမျက်နှာတွေနဲ့။

"ဖိုးကြံ လာလေ"

အစ်ကို့ဘေးမှာ ဝင်ထိုင်ရင်း လက်ကလေးဆုပ်ပေးရမလိုလို၊ ခြေကလေး နယ်ပေးရမလိုလို ဖြစ်နေတဲ့ ဖိုးကြံကို အစ်ကို့သမီးက မျက်စောင်းလှမ်းထိုးတယ်။

"သမီး ညည်းဦးလေးလာတုန်း အပြင်ခဏသွားချင်သွားလေ၊ အဖေ သက်သာပါတယ်"

အစ်ကို့သမီးက ဖိုးကြဲကို စကားတစ်လုံးမှ မပြောဘဲ အပြင်ထွက် သွားတယ်။ ဖိုးကြဲကတော့ အစ်ကို့မျက်နှာ အစ်ကို့သံယောဇဉ်ကြောင့်သာ လာရတာပါ။ သည်လိုမျက်နှာပေးတွေကို မမြင်ချင်တာလည်း ပါတယ်။

"ငါလည်း ကြားကြားချင်း လိုက်လာတာပဲအစ်ကို … မင်းကော ဘယ့်နှယ်လဲ သက်သာရဲ့လား" ဖိုးကြဲကို နှစ်ပေါင်းများစွာ အဖက်မလုပ် ခဲ့မိတဲ့အတွက် ကိုဟန်ကတော့ သူ့လိပ်ပြာသူမလုံချင်သလိုပဲ။ ကိုယ့်ညီလေး ရယ်လို့ တစ်ခါမှ လူရှေ့သူရှေ့ သိဒ္ဓိတင်မပြခဲ့ဖူးပေမယ့် သူဆေးရုံတက် တာကို အမောတကောလာမေးရှာတဲ့ ညီလေးရဲ့မျက်နှာပေါ်က ချွေးစက် ကလေးတွေက သူ့အပေါ်ထားတဲ့ မေတ္တာစက်တွေလို့ ထင်လာတယ်။ ငယ်ငယ်က နေပူစပ်ခါးဘဝတွေကို မြင်ယောင်တယ်နဲ့တူပါရဲ့ လူမမာက ငိုတယ်။

"နာလို့လား၊ ငါဘာလုပ်ပေးရမလဲ"

သည်အချိန်မှာ ဖိုးကြဲဟာ သူဘာခိုင်းခိုင်းလုပ်ပေးမယ်ဆိုတာ ကိုဟန် သိပြီးသားပါ။ မျက်ရည်တွေကျနေတာကို ထိမ်းလိုက်ပြီး ဖိုးကြဲအကြောင်း ကိုပဲ မေးနေမိတယ်။ ဖိုးကြဲကတော့ ဘာမှမပြောင်းလဲတဲ့ သူ့ဘဝကို အဆန်းလုပ်မေးနေတဲ့ အစ်ကို့ကို တအံ့တသြငေးလို့၊ သူ့ဘဝလောက် ရိုးစင်းတာ သူ့ဘဝပဲရှိတာမှတ်လား။

"မင်း ဘာနဲ့လာတာလဲဖိုးကြဲ"

"ဘတ်စ်ကားနဲ့လေ"

"ဩော် … အေး … အေး၊ ရော့ မင်းလမ်းစရိတ်ယူသွား"

အစ်ကိုလုပ်သူက ခေါင်းအုံးဘေးမှာ ချထားတဲ့ သားရေအိတ်ကြီး ထဲက တစ်ထောင်တန်တွေ ထုတ်ပေးတော့ ဖိုးကြဲက ပြာပြာသလဲငြင်း လိုက်တယ်။ အစ်ကိုက ဇွတ်ပေးတော့ ဖိုးကြဲက သူ့အိတ်ထောင်ထဲ လက်နှိုက်လိုက်တယ်။

"ငါ့မှာပါပါတယ်အစ်ကို။ ငါ အကြော်ရောင်းတာ ငါတို့လင်မယား စားလောက်တယ်။ သည်မှာ တွေ့လား၊ ဒါက ဈေးဝယ်ဖို့ ငါထည့်လာတာ။ အိမ်ကစုဘူး သံပုံးကြီးလည်း ပြည့်တော့မယ်။ ငါ့အတွက် ငွေမလို ဘူး အစ်ကိုရာ"

ဖိုးကြံက တမင်ကြွားချင်လို့မဟုတ်ပါဘူး။ သူ့မှာ ချောင်လည်တဲ့ အကြောင်း နာမကျန်းဖြစ်နေတဲ့ အစ်ကို စိတ်ချမ်းသာစေချင်တာနဲ့ပဲ သူ့အိတ်ထောင်ထဲကငွေတွေကို ထုတ်ပြလိုက်တာပါ။ ဒါပါပဲ။ စကားတွေက တခြားအကြောင်းအရာတွေဘက် ရောက်သွားတယ်။ သူ့အကြောင်း၊ ကိုယ့်အကြောင်း တော်တော်ကလေး ပြောဖြစ်ကြတယ်။ ဖိုးကြံက စကားသိမ်းပြီး ထိုင်ရာကထလိုက်တယ်။ မရီးလုပ်သူမလာခင် ပြန်ချင်တယ် ထင်ပါရဲ့။ ပြီးတော့ အစ်ကို့ကိုနှုတ်ဆက်ပြီး ပေါ့ပေါ့ပါးပါးပဲ ဆေးရုံဝင်းထဲက ထွက်ခဲ့တယ်။

*  *  *

ဖိုးကြံပြန်သွားတော့ ကိုဟန်တစ်ယောက် သူ့ရဲ့ငယ်ဘဝတွေဆီ ပြန်ရောက်သွားတယ်။ ငယ်ငယ်တုန်းက အမေရယ်၊ သူရယ်၊ ဖိုးကြံရယ် ကွပ်ပျစ်ကြီးတစ်ချပ်ပေါ်မှာ ခြင်ထောင်မပါ စောင်မပါ လေတဖြူးဖြူး ကြားမှာ အိပ်ခဲ့ကြပုံတွေ၊ ညီအစ်ကိုနှစ်ယောက် အကြော်ရောင်းထွက်ရင်း အကြော်ဗန်းတွေ ဘေးချပြီး သားရေကွင်းပစ်ခဲ့ကြပုံတွေ၊ အမေကျွေးတဲ့ ထမင်းကြမ်းနဲ့ ဘယာကြော်ကို ဟင်းကောင်းလုပ်ခဲ့ရပုံတွေ၊ အခုထိ အကြော်ဗန်းတစ်ချပ် တုတ်တစ်ချောင်းနဲ့အရူးကြီးတစ်ယောက်လို သွားလာနေတဲ့ ဖိုးကြံရဲ့ပုံရိပ်တွေ၊ အမေမရှိတော့တဲ့နောက် သောင်သောင်သာသာရှိတဲ့ အစ်ကိုတစ်ယောက်အနေနဲ့ညီလေးအပေါ်မှာ သူတာဝန်မဲ့ခဲ့ပုံတွေ။

တွေးရင်းတွေးရင်းနဲ့မျက်ရည်တွေက လိမ့်ဆင်းကျလာပြန်တယ်။ မျက်ရည်တွေသုတ်ဖို့အိပ်ရာဘေးကျနေတဲ့ သူ့လက်ကိုင်ပဝါကို လိုက်စမ်း

တော့ တကယ်ကိုင်မိတာက စာရွက်ခေါက်ကလေး။ ဖိုးကြံအိတ်ထောင်ထဲက ကျကျန်ရစ်ခဲ့တာပဲဖြစ်မယ်။ ကိုဟန်က စာရွက်ခေါက်ကလေးကို ဖြန့်ပြီး ဖတ်လိုက်တယ်။ ခဲတံကို တံတွေးဆွတ်ပြီး ရေးထားတဲ့ ဖိုးကြံရဲ့ ဈေးစာရင်းစာရွက်ပါ။

| | |
|---|---|
| ကလပဲဆံ | ၁ိ |
| မက်ပဲ | ၁ိပြီ |
| ကျသွင်နီ | ၁ိ – ၅ဝါး |
| အကျောဆီ | ၂ိ |
| ဆော်ဒါး | ၁ ထုတ် |
| ဆာ | ၁ိ |
| ကော်ညှိမှုံမှုံ | ၁ ပြီ |

ဖိုးကြံရဲ့မိန်းမ မဂေါက်တေးရဲ့သတ်ပုံမမှန် လက်ရေးမညီမညာနဲ့ ရေးထားတဲ့ တစ်နေ့တာဈေးရင်း သည်စာရင်းတွေကို ဖိုးကြံမှ ဖတ်တတ်မှာပဲ။ ကိုဟန်က သဘောကျသလို တစ်ချက်ပြုံးရင်းက သူ နေ့စဉ်ရေးရေး ပေးနေရတဲ့ ဈေးစာရင်းတွေကို မျက်စိထဲ ဖျတ်ခနဲ မြင်သွားမိတယ်။ ကြည့်စမ်း။ သူ့ဈေးစာရင်းနဲ့ ငါ့ဈေးစာရင်း။

ကြက်သား၊ ဝက်သား၊ အမဲသား၊ ဘဲသား၊ ဆိတ်သား၊ ငါး ....။ တစ်နေ့တစ်နေ့ သူဟာ တိရစ္ဆာန်တွေရဲ့အသားစာရင်းကို မနက်လင်းတာနဲ့ပဲ ကောက်ရေးနေရပြီ။ သူတစ်ပါးအသက်တွေကိုသတ်ဖို့ သူ အမိန့်ထုတ်ပြန်နေရပြီ။ ကြက်သားနဲ့ ငါးဆိုရင် အရှင်တွေဝယ် လှောင်ထားရတာတောင် ရှိသေး။ ရေနွေးဆူဆူထဲ ထိုးနှစ်လိုက်ရတဲ့ လည်လှီးပြီးသား ကြက်တွေ၊ အုတ်ရေကန်ထဲက ဆတ်ခနဲဆယ်ယူပြီး မရှင့်တရှင် အကြေးလှန်ထိုးလိုက်ရတဲ့ ငါးတွေ၊ သည်ဟင်းတွေကို မြိန်ရည်ယှက်ရည် လာစား သောက်ကြတဲ့လူတွေ။

မနက်တိုင်း ကောင်တာထိုင်ရင်း ရေးရေးပေးနေရတဲ့ ဈေးစာရင်း တွေဟာ အကုသိုလ်ချလံစာရွက်တွေများလားလို့တောင် သူအောက်မေ့မိ

လာတယ်။ ပြီးတော့ သူ့လိုပဲ တစ်နေ့တစ်နေ့ လူတွေဟာ သည်လို ချယ်လီစာရွက်တွေ ဘယ်လောက်များများ ရေးနေကြသလဲ။ ကိုယ့်ဘဝ အတွက် တစ်နေ့တာဈေးစာရင်းတွေကိုရော စာရင်းစစ်မိကြရဲ့လား။ ကိုဟန်ဟာ တွေးရင်း တွေးရင်းနဲ့ပဲ ကြက်သီးမွေးညင်းထလာတော့တယ်။ ပြီးတော့ ဖိုးကြဲကိုလည်း မျက်စိထဲ မြင်ယောင်လာမိတယ်။ ဖိုးကြဲကတော့ ဈေးထဲရောက်လောက်ပြီ။ ဈေးစာရင်းစာရွက်ကလေး ရှာနေလောက်ပြီ။ ဒါပေမဲ့ သူ့အလွတ်ရနေမှာပါလေ။ ပဲရယ်၊ ကောက်ညှင်းရယ်၊ ဆီရယ်၊ ကြက်သွန်ရယ်ကလွဲရင် ဘာပါတာမှတ်လို့။

"သြော် ဖိုးကြဲ မင်းကမှ တကယ့်လူချမ်းသာအစစ်ဟ"

ဖိုးကြဲကတော့ ဆေးရုံကအပြန် ဖောက်သည်ဈေးဆိုင်ကိုဝင်တယ်။ ဈေးစာရင်းစာရွက်ကလေး ရှာမတွေ့တော့ပေမယ့် သူမှတ်မိပါတယ်။ ဈေးဝယ်ပြီးတော့ အထုပ်ကြီးထမ်းလို့ ကားပေါ် ပြေးတက်တယ်။ မဂေါက်တေး မျှော်ရှာ့မယ်လေ။

**ပန်မဂ္ဂဇင်း၊ အမှတ် ၃၊ ၂၀၀၃ ခုနှစ်**

www.burmeseclassic.com



ခင်ခင်ထူး
မဂေါက်စံသရက်

www.burmeseclassic.com

# မဂေါက်စံသရက်

သည်နေရာကလေးကို အမေကျေး နေ့စဉ်ဆက်ဆက်ကြီး လာနေရ တာကိုက ဆယ့်ငါးနှစ်တင်းတင်းပြည့်ခဲ့ပြီ။ အမေကျေး အသက်တောင် မှ ခုနစ်ဆယ်ကျော်လို့ ရှစ်ဆယ်တွင်းရောက်လာခဲ့ပေါ့။ ခါးကုန်းကုန်း လည်တုန်တုန်နဲ့ တုတ်ကလေးတစ်ချောင်းဆွဲပြီး ဟောသည်သရက်ပင်ကြီး အောက် နေမွန်းမတည့်ခင် အရောက်လာခဲ့ရတဲ့အခေါက်ပေါင်းတောင် မရေနိုင်တော့ဘူး။ လူကအိုအို၊ လက်ဆွဲခြင်းကလေးအိုအိုနဲ့ပေမယ့် သရက်ပင်ကြီးအောက်ဝင်လိုက်တိုင်း ရင်ထဲ တနင့်တပိုးခံစားရတဲ့ ဝေဒနာ ကတော့ မအိုသေးဘူး၊ မနေ့တစ်နေ့တုန်းကလိုပဲ။ ဆယ့်ငါးနှစ်ကြာ ဒဏ်ရာ ဟောင်းက သွေးစိမ်းရှင်ရှင်တွေ မဖြစ်စကောင်း လတ်လတ်ဆတ်ဆတ်ကြီး ထွက်အန်ကျနေသလိုပါပဲ။

"အို – မဂေါက်စံရဲ့ … အမေလာပြန်ပြီသမီးရဲ့ အမေ့ဘုရားသံ တရားသံများ မကြားလေရော့သလားကွယ့်"

သွားမရှိတော့လို့ အတွင်းဘက် ခွက်ဝင်နေတဲ့ နှုတ်ခမ်းလိပ်လိပ် ကလေးကြားက မပီတပီ ထွက်ကျလာတဲ့ လေသံ တိုးမျှင်မျှင်ကလေးနဲ့ မဂေါက်စံကို တခဲ့ရတဲ့အကြိမ်ပေါင်းကလည်း ဘယ်နည်းတော့မှာလဲ။ ပါလာတဲ့သစ်စေးသုတ် ဝါးခြင်းခါးသိမ်ကလေးကို သရက်ပင်အရိပ်ကြီး

အောက်ချပြီး ပယ်ပယ်နယ်နယ်ထိုင်ချလိုက်ရတယ်။ ယာထဲ ကိုင်းထဲက ဖြတ်တိုက်လာတဲ့ သစ်စိမ်းခင်းနံ့စူးစူးနဲ့ လေအေးအေးက အမေကျေး ရင်ကို ချမ်းမြေ့မသွားစေတာအမှန်ပဲ။ ခေါင်းတင် တဘက်ကလေးကို ယူပြီး နားသယ်စပ်က ချွေးဥကလေးတွေကို သုတ်ရင်း ဟိုမနီး သည်မနီး လူသူတိတ်ဆိတ်တဲ့ တောခြောက်ခေါင်ခေါင်ကြီးမှာ အမေကျေးတစ်ယောက် တည်း။ ခပ်လှမ်းလှမ်းက နွားကျောင်းသား တစ်ယောက်တစ်လေကိုတော့ မှုန်တိမှုန်မွား မြင်နေရရဲ့။ သေချာတာကတော့ ဟောသည် သရက်ပင်ကြီး အောက်ကိုများတော့ အမေကျေးကလွဲပြီး လူဆိုလို့တစ်ယောက်မှ လာတတ် တဲ့လက္ခဏာ မရှိဘူး။ အဝေးရွာက လှည်းတွေဘာတွေ ဘုမသိဘမသိ နားချင်နားမှပဲ။ သည်နားရွာတွေကတော့ မလာဝံ့ကြဘူး။ အမေကျေးက တော့ ဆယ်ငါးနှစ်လုံးလုံး နေထိုင်မကောင်းတဲ့ရက်ကလွဲရင် တစ်နေ့မပြတ် ဝတ်မပျက်လာရတယ်။ အမေကျေးလာတိုင်း သရက်ပင်ကြီးပေါ်က ကျေး ငှက်တွေက တကျီကျီ တကြာကြာနဲ့ ကြိုတတ်ကြတယ်။

"သတ္တဝါအပေါင်း ငြိမ်းအေးကြပါစေ။ ဝဋ်ကြွေးဝဋ်တုံ့များရှိရင် သည်ဘဝ သည်ခန္ဓာမှာပဲ ကင်းရှင်းကြပါစေတော့ ..."

အမောကလေးပြေတော့ အမေကျေးက လက်ဆွဲခြင်းပေါ်က အုပ် ဆိုင်းယူလာတဲ့ ညောင်ချဉ်ရွက်တွေကို မြေကြီးပေါ် တစ်ရွက်ချင်းဖြန့်ခင်း လိုက်တယ်။ ပြီးတော့မှ ခြင်းထဲကပါလာတဲ့ ထမင်းအုပေါင်းကလေးရယ်၊ ကြံသကာခဲကလေးရယ်ကို ထည့်ပုံလိုက်တယ်။ သီတီတီ မှုန်ပြယ်ပြယ် ဖြစ်နေတဲ့ သူ့မျက်လုံး နီစပ်စပ်ကလေးကို တဘက်စနဲ့ ပွတ်သပ်ပြီး သရက်ပင်ကြီးကို မော့ကြည့်တယ်။ ဒါကလည်း အမေကျေး ရောက်လာတဲ့ အခါတိုင်း ကြည့်နေကျ အလုပ်ပဲ။ ကြည့်တာကလည်း သရက်ပင်ကြီး တစ်ပင်လုံးကို ပိုက်စိပ်တိုက်ရှာနေတာမျိုး။ တစ်ကိုင်းချင်း တစ်ခက်ချင်း မျက်လုံးက ငန်းတိုက်ပြီး ရှာသွားတာ။ သူမြင်ရသလောက်ပေါ့လေ။

"အင်း – သရက်သီးတွေ ဘယ်တော့များမှ သီးမှာပါလိမ့်။ ကျုပ် မသေခင်များ သီးပြလိုက်ပါရော့လား။ အင်း – အနိစ္စ – ဒုက္ခ – အနတ္တ"

ပါးစပ်က တတွတ်တွတ်ရွတ်ရင်း အမေကျေး ဘုရားကို အာရုံပြုတယ်။ အမေကျေးရဲ့တရားရွတ်သံဟာ တိတ်ဆိတ်ငြိမ်သက်နေတဲ့ ရွာဝေး၊ အိမ်ဝေး ယာခင်းတွေကြားမှာ ကွင်းလေနဲ့အတူ အလိုက်သင့်ပါသွားလေရဲ့။ သရက်ပင်ကြီးကတောင် တရားနာနေသလိုပဲ။ အာရုံများ ယူနေသလိုပဲ။ ငြိမ်လို့။ သရက်ပင်ပေါ်က ကျေးငှက်တွေကလည်း အမေကျေးရဲ့ ပရိတ်ရွတ်သံကို နာနေကြဟန်တူရဲ့။ ကျီကျီကြာကြာအသံတွေ မပြုကြတော့ဘဲ တိတ်ဆိတ်သွားလိုက်ပုံများ တစ်ကွင်းလုံး ငြိမ်လို့။ ကြက်သွန်ခင်းစပ်က ယာကန်သင်းပေါ် ပေါက်နေတဲ့ ထန်းပင်ကြီးနှစ်ပင်ကတောင် နေ့တိုင်းလိုလို မြင်နေကျပေမယ့် ထူးထူးဆန်းဆန်းကြီး ငုံ့ကြည့်နေကြတယ်။

❋ ❋ ❋

ဒေါ်ကျေးမှာ သမီးတစ်ယောက်ရှိတယ်။ မဂေါက်စံ တဲ့။ တောစံပယ်ပွင့်ကလေးလို ရုပ်ရည်ကလေး သနားကမားပေမယ့် စကားမပြောတတ်ရှာဘူး။ မွေးရာပါပေ့ါလေ။ မဂေါက်စံ အပျိုဖျန်းကလေးဖြစ်တော့ ဖအေဖိုးစံအို ဆုံးသွားရှာတယ်။ လောကကြီးထဲမှာ ကိုယ့်သွေးသားရယ်လို့ တွယ်တာစရာ သည်သမီးကလေး ရှိနေသေးတာမို့ ဒေါ်ကျေးကတော့ လင်ဆုံးတာကို ဖြေနိုင်ခဲ့ပါတယ်။ ကျန်ခဲ့တဲ့မြေကလေး နှစ်ကွက် သုံးကွက်ကို သားအမိနှစ်ယောက် ထွန်တုံးလည်း တင်နိုင်ခဲ့တယ်။ ထွန်ရေးလည်း ငင်နိုင်ခဲ့ပါရဲ့။ ကြက်သွန်ကလေး၊ ပဲကလေး၊ ဝါကလေးများလည်း စိုက်နိုင်ခဲ့ပါရဲ့။ မနက်လင်းတာနဲ့ ထမင်းအိုးတစ်လုံးချက်၊ ရေအိုးကလေး ခေါင်းပေါ်ရွက်ပြီး ယာခင်းတွေဘက် ထွက်နေကျ။ မနက်ခင်းနေကလေး မရင့်ခင် ကြက်သွန်ခင်းကလေး ပေါင်းလိုက်၊ ရေသွင်းလိုက် လုပ်ကြရတယ်။ ကြည်းတော ကုန်းခေါင်ခေါင်ရွာဆိုတော့ ရေရှား မိုးရှားပေ့ါ။ အတောင်လေးငါးဆယ်လောက်နက်တဲ့ ရေတွင်းနှုတ်ခမ်းပဲ့ကြီးထဲကရေကို ဝါးမောင်းတံနဲ့ ငင်ပြီး ကြက်သွန်ခင်းတွေထဲ ရေသွင်းရတယ်။ ဒေါ်ကျေးက ကြက်သွန်ခင်းထဲ ရေမြောင်းလိုက်၊ မဂေါက်စံက ရေမောင်းငင်၊ တစ်ပုံး

နှစ်ပုံးမကပါဘူး။ ပုံးနှစ်ရာ သုံးရာ။ သမီးကလေး ပင်ပန်းမှာစိုးလို့ ဒေါ်ကျေးက ထဘီတိုတိုပါအောင်ဝတ်ပြီး ရေမောင်းကူငင်တော့ မဂေါက်စံက တအားအားနဲ့တားရှာတယ်။

"အား ပါးပါး … အား အား"

ပါးစပ်က တဝူးဝူး တဝါးဝါးအော်ရင်း လက်ဟန်ခြေဟန်နဲ့မအေကို တွန်းဖယ်ပြီး သူ့ရင်ဘတ်ကလေးသူ ပုတ်ပြတယ်။ သူ လုပ်ပါ့မယ်ပေါ့။ သူ့လက်မောင်းအိုးတွေကို ယောကျ်ားလေးတစ်ယောက်လို ဆုတ်ညှစ်ပြလိုက်၊ မအေ့ရဲ့လက်မောင်းသေးသေးကလေးကို ဆုတ်ညှစ်ပြလိုက်နဲ့ သူလုပ်တတ်သမျှနဲ့လုပ်ပြသေးတာ။ အမေ့မှာ အားမရှိဘူး။ ကျုပ်က သန်သန်မာမာကြီး ကျုပ်ပဲ လုပ်မယ်ဆိုတဲ့သဘောပေါ့။ မဂေါက်စံက မအေကို ညှာပြီး အပင်ပန်း အဆင်းရဲခံလေ ဒေါ်ကျေးက ရင်မကောင်း ဖြစ်ရလေပါပဲ။ ဘဝအကျိုးပေး မကောင်းရရှာတဲ့ကြား ပင်ပန်းတကြီး ရှိလိုက်တာလို့တွေးမိတယ်။

"သမီး … ဂေါက်စံ ထမင်းစားတော့မလား"

မဂေါက်စံက နားကလည်း အကြားအာရုံ ဆွံ့အ,လေတော့ အနား သွားပြီး လက်ကုတ်ပြောမှ သိတာပါ။ ဒေါ်ကျေးက လက်နဲ့ထမင်းလုတ် ခွံ့တဲ့ပုံစံမျိုးလုပ်ပြတော့ မဂေါက်စံက ခေါင်းညိတ်ပြတယ်။ သူ့ဗိုက်ကို သူပုတ်ပြတယ်။ ဆာပြီပေါ့။ သားအမိနှစ်ယောက် ကြက်သွန်ခင်းဘေး ခပ်လှမ်းလှမ်းက ထနောင်းပင်ရိပ်သွားပြီး ထမင်းတောင်းကလေးဖွင့် ပါလာတာကလေး စားကြတယ်။ စားသောက်ပြီးရင်တော့ သားအမိ နှစ်ယောက် ပါလာတဲ့ ပုဆိုးဟောင်း၊ တဘက်ဟောင်းကလေး မြေကြီးပေါ် ခင်းပြီး ထနောင်းမြစ်ပေါ် ခေါင်းအုံးလို့တရေးတမော အိပ်ပျော်သွားတတ် ကြတာပါပဲ။ နိုးလာတော့ နေမွန်းလွဲသွားပြီ။ သားအမိနှစ်ယောက် နောက် ထပ် ကြက်သွန်တစ်ခင်း ရေသွင်း။ နေစောင်းတော့ ရွာကိုပြန်ခဲ့ကြတယ်။ ဒါက သားအမိနှစ်ယောက်ရဲ့နေ့စဉ်လုပ်နေကျ အလုပ်ပဲ။

* * *

သည်တစ်နွေ ကြက်သွန်ပေါ်ချိန်မှာ ဒေါ်ကျေးက သူ့သမီး ဆင်ပေါက်မကလေးကို ကျောက်နီနားဆွဲကလေး ဝယ်ဆွဲပေးလိုက်တော့ မင်္ဂလာစံတစ်ယောက် အတော်ပျော်သွားပုံပါပဲ။ လှချင်ပချင်တဲ့ မိန်းကလေးစိတ်ကလေးက သူ့သူ့ကိုယ်ကိုယ် ရှိစမြဲမဟုတ်လား။ မှန်ချပ်ဟောင်းကလေးထောင်ပြီး ကြည့်လိုက်၊ နားကို စမ်းကြည့်လိုက်၊ ဟိုစောင်း သည်ငဲ့လုပ်လိုက်နဲ့၊ ခါတိုင်း မရိုးမယဉ်ကလေး လှတဲ့ မင်္ဂလာစံက သည်လိုဆိုတော့ ပြည့်စုံတဲ့အလှ ဖြစ်သွားရှာတယ်။

"အမာ့ … ပါး ပါး … အား ဂူး"

မင်္ဂလာစံက သူ့ရင်ဘတ်ကို ပုတ်ပြပြီး အိမ်ခြံပေါက်ဝကို လက်ညှိုးထိုးပြတယ်။ ပြီးတော့ လက်တစ်ဘက်နဲ့နားကပ်ကို ကိုင်ပြပြီး ကျန်တဲ့လက်နဲ့ဝိုင်းပတ်ပြတယ်။ ဒေါ်ကျေးကတော့ သည်သမီး ဘာကိုဆိုလိုမှန်းသိတယ်။ မင်္ဂလာစံက ရွာထဲကို လည်ပြီး နားဆွဲကလေး သွားကြွားဦးမယ်ဆိုတော့ ဒေါ်ကျေးက ကျေကျေနပ်နပ်ကြီး ခေါင်းညိတ်ပြလိုက်တယ်။ မင်္ဂလာစံလည်း အိမ်ထဲက တရှူးထိုး အပြေးထွက်သွားတော့တာပဲ။ သွားတာတောင်မှ ရိုးရိုးမဟုတ်ဘူး။ ခြေထောက်ကို ဟိုဘက်တစ်ချောင်းထောက်လိုက် သည်ဘက်တစ်ချောင်းထောက်လိုက်နဲ့ခုန်ဆွခုန်ဆွဖြစ်လို့၊ ဒေါ်ကျေးက သမီးအပျိုမကိုကြည့်ပြီး ရယ်လိုက်တာများတော့။

"အရူးမ … အပေါမ"

နောက်ရာသီအတွက် ကြက်သွန်ခင်းတွေ ထွန်ကြ၊ ထယ်ကြ၊ စိုက်ကြ၊ ပျိုးကြလုပ်အပြီး ရွာမှာ တစ်ပတ်လောက် နားကြရတယ်။ ကြက်သွန်တွေ အမြစ်တွယ်ပြီဆိုရင်တော့ ရေလောင်း ပေါင်းသင်အလုပ်တွေ လှိုင်ကြရပြီပေါ့။ တကယ့်အလုပ်များမယ့်ခေါင်ချိန်ကြီးမှာပဲ ဒေါ်ကျေးတစ်ယောက်သံစူးတော့တာပါပဲ။ ဖိနပ်မပါ ဘာမပါနဲ့အမှောင်ကြီးထဲ ဖောက်ခနဲ စူးဝင်သွားတဲ့ သံချောင်းကြီးက ဖဝါးထဲ ထုတ်ချင်းပေါက်လုမတတ် ဆိုတော့ဖျတ်ဖျတ်ကို လူးနေရတော့တာပါ။ ခြေဖဝါးထဲ စူးနစ်ဝင်နေတဲ့သံချောင်း

ကို နုတ်ဝံ့တဲ့သူတောင် မရှိသလောက်။ ရွာလယ်က ကိုမာဒင်က မျက်စိစုံမှိတ်ပြီး နုတ်ပစ်လိုက်တော့ သွေးတွေဆိုတာ ဒလဟော။ သွေးစိမ်းပွက်ပွက်ထကရော။ အနားရှိတဲ့ အဝတ်စုတ်နဲ့ပိတ်ပြီး ဒေါ်ကျေးမှာ အော်ဟစ်နေရတော့တာပါ။ တစ်ရက် နှစ်ရက်နေတော့ ခြေထောက်ကြီးက မန်းလိုက်ပြီး ယောင်ကိုင်း လာလိုက်ပုံများ။ ရွာဦးဆရာတော်က စက်ဘီးဆေးဆရာခေါ်ပြီး မေးခိုင်ဆေးထိုးဖို့လာပြောတယ်။ ခြေထောက်ဒဏ်ရာထက် သမီးလေးကို တစ်ယောက်တည်း တောထဲလွှတ်ရတာ စိတ်မချတာနဲ့ပဲ ကြက်သွန်ကလေး ငါးတောင်း လှမ်းရောင်းရောင်းလိုက်ရတော့တာပဲ။ လှမ်းရောင်းဆိုတာက ကြက်သွန်မပေါ်သေးခင် ပွဲစားရဲ့ဖြတ်ဈေးနဲ့ငွေကြို ယူပြီး ကြက်သွန်ပေါ်တာနဲ့ ထိုးဆပ်ရတာပါ။ ထက်ဝက်ခေါက်ချိုး ရှုံးတယ်ဆိုပေမယ့် မရှိတဲ့ တောသူတောင်သားများ သည်လိုယူကြရတာကိုး။

ဒေါ်ကျေး အလုပ်မလိုက်နိုင်တော့ မဂေါက်စံတစ်ယောက်တည်း ကြက်သွန်ခင်းတွေဆီသွားရတယ်။ မနက်စောစောကြီးမှာ ရေနံမီးခွက်ကြီး ထွန်းပြီး သနပ်ခါးကျောက်ပြင်ရှေ့ပြင်ဆင်ဖြီးလိမ်းနေတဲ့ သမီးကို လှမ်းကြည့်ရင်း ဒေါ်ကျေး သက်ပြင်းချမိတယ်။ ဘယ်စိတ်ကောင်းနိုင်ပါ့မလဲ။ ခါတိုင်း သနပ်ခါးပိန်းကြားရိုက်နဲ့ မဂေါက်စံ၊ ခုတော့ မျက်နှာချေတွေ ပြာဟောက်နေအောင် လိမ်းတတ်နေပြီ။ နှုတ်ခမ်းနီများ ရဲနေအောင်ဆိုးတတ်နေပြီ။ ကျောက်နီနားဆွဲကလေးကလည်း တရမ်းရမ်းနဲ့ဆိုတော့ တောထဲတောင်ထဲ မိုးမသောက် ကျီးမနိုးခင် လွှတ်ရတာ ဒေါ်ကျေး စိတ်မချ ဖြစ်ရတယ်။ ခြေထောက်ဒဏ်ရာကလည်း ကောင်းနိုးရာရာ ဆေးမြီးတိုနဲ့တစ်လကျော်ကျော်လောက်ကုယူရတယ်။ ဒဏ်ရာ နည်းနည်း သက်သာလာပြီဆိုတာနဲ့ ဒေါ်ကျေး ကြက်သွန်ခင်း ဆင်းတော့တာပါပဲ။ ခါတိုင်း မအေ မောင်းငင်မှာ စိုးရှာတဲ့ မဂေါက်စံက မအေ့လက်ကိုဆွဲပြီး မောင်းငင်ခိုင်းတာမျိုး ဖြစ်လာတယ်။ မဂေါက်စံက သူ့ရင်ဘတ်ကို ပုတ်ပြ၊ အသက်ပြင်းပြင်းရှူပြလုပ်ပြီး မောလို့တဲ့ ထနောင်းပင်အောက် သွားခွေ နေတာမျိုးလည်း တစ်ရက်မဟုတ် လုပ်နေတော့ ဒေါ်ကျေးစိတ်ထဲ တစ်မျိုး

ပဲလို့တော့ အောက်မေ့သား။ အလုပ်ပင်ပန်းလို့နေရှာမှာပေ့ါလေလို့ဖြေတွေး ရတော့တာပေ့ါ။ နောက်ဆုံးတော့ မဂေါက်စံရဲ့ဝေဒနာကို ဒေါ်ကျေး ရိပ်မိသွားခဲ့တာပါပဲ။ သူလည်း ငယ်ရာကကြီးလာခဲ့ရသူ မဟုတ်လား။ မဖြစ်ကောင်းမဖြစ်ရာများလား။ မဟုတ်လောက်ပါဘူးလေလို့လည်း တွေးမိ ပါရဲ့။

“ဂေါက်စံ … ငါ့သမီး ဘာဖြစ်လို့လဲ၊ မူးလို့လား”

ဒေါ်ကျေးက နားထင်ကို လက်ညှိုးနဲ့ထောက်ပြပြီး မူးသလားလို့ မေးတော့ မဂေါက်စံက ခေါင်းညိတ်ပြတယ်။ ပြီးတော့ ချုံးပွဲကြီးချငိုတယ်။ ဒေါ်ကျေး သိလိုက်ပြီ။ လူ့ကိစ္စ လူ့သဘာဝ ဖြစ်တတ် ပျက်တတ်တဲ့ သဘောပေမယ့် အလွန်ရိုးရှင်းတဲ့ ရွာကလေးမှာ သည်ကိစ္စက သိပ်ကို ကြီးလွန်းနေမယ့်ပြဿနာ။ နူရာ ဝဲစွဲရတဲ့အဖြစ်မျိုး။ မဂေါက်စံ ငိုတော့ နားဆွဲကလေးက လှုပ်လို့၊ နှုတ်ခမ်းနီတွေက ပြယ်လို့၊ မှန်ယိုနေတဲ့ဆင်ရိုင်း တစ်ကောင်နဲ့ တွေ့ခဲ့ပြီကော။ ထန်းပင်ကြီးနှစ်ပင်တော့ သည်သားအမိကို ငုံ့ကြည့်လို့။

* * *

မဂေါက်စံရဲ့ မပေ့ါမပါးသတင်းက ရွာထဲမှာ ဗျိုးဟစ်စရာလိုပဲ၊ ကြက်သွန်မြောင်းထဲက ရေလို နေရာအနှံ့ရောက်သွားတယ်။ မဂေါက်စံမို့ ပေ့ါ။ တခြားလူကောင်းဆိုရင်တော့ ဘာပြဿနာရှိမှာလဲ။ ဘယ်သူနဲ့ပါလို့ ဖွင့်ပြောလိုက်ရုံပေ့ါ။ မဂေါက်စံကတော့ နားလည်းမကြား၊ စကားလည်း မပြောတတ်၊ စာနဲ့ရေးပြဖို့ကလည်း စာမတတ်နဲ့ဆိုတော့ တရားခံကို ချက်ချင်းကြီး ဘယ်သိနိုင်ပါ့မလဲ။ ဒါနဲ့ပဲ ရပ်ရွာလူကြီး ဘဘိုးထီက သူ့အကြံရသလို လုပ်ကြည့်ရင်တော့ ဖြစ်နိုင်ကောင်းရဲ့လို့ စဉ်းစားတယ်။

“ကဲ – မာဒင်၊ ရွာထဲ လိုက်အော်စမ်းကွာ။ ရွာထဲရှိတဲ့ယောကျ်ား မှန်သမျှ ကနေ့ည ငါ့အိမ်ဝိုင်းထဲ စုကြလို့၊ မလာတဲ့ကောင် တရားခံပဲလို့”

ညရောက်တော့ ဘဘိုးထီရဲ့ခြံဝိုင်းကြီးထဲမှာ အောက်လင်းဓာတ်မီး ကြီးထွန်းပြီး လူဆင့်မောင်း တဒူဒူ ထုလိုက်တော့ ယောကျ်ားတွေတင်မက

ပါဘူး၊ တစ်ရွာလုံး ရှိသမျှ မိန်းမတွေရော၊ ကလေးတွေရော အုံးလို့။ ဒါက တရားခံရှာတဲ့ပွဲကိုး။ ဘယ်သူလဲ၊ ဘယ်ကောင်လဲ၊ ငါ့ယောကျ်ားလား၊ ငါ့သား ငါ့တူလား။ သည်လောက် ရက်စက်ယုတ်မာတဲ့ကောင်ဟာ ဘယ်သူများပါလိမ့်။ ဒေါ်ကျေးနဲ့ မဂေါက်စံတို့သားအမိလည်း ရောက်နေကြပြီ။ ဘဘိုးထီကတော့ ရွာလူကြီးပီပီ ရှေ့မျက်နှာ နောက်ထားပြီး ပြောရတော့တာပါ။ မျက်နှာလည်း မကောင်းရှာဘူး။ သူကိုယ်တိုင်က သမီးတွေ တစ်ကျိပ်နှစ်ယောက်လောက် ရှိသူကိုး။

"ကိုင်းဗျာ – ကျုပ်ရွာသားတွေကိုလည်း မျက်နှာတော့ ပူပါရဲ့၊ နို့ပေမဲ့ မပြောမပြီး မတီးမမြည်ဆိုသလိုပေ့ါ။ ဂေါက်စံဆိုတာ ကျုပ်တို့သမီး၊ ကျုပ်တို့နှမလေး မဟုတ်လား။ တစ်သက်လုံးက မဲ့တစ်ပေါက်မစွန်းခဲ့ကြတဲ့ သားအမိ ခုလိုဖြစ်လာတော့ ရွာလည်း မကောင်းဘူး။ ကြားလို့လည်း မကောင်းဘူး။ သည်တရားခံမမိရင် နောက် သည်ထက်အတင့်ရဲတော့မယ်။ ရပ်ရွာက စောင့်ရှောက်ကြရမယ့်သဘောပါ။ သူတကာလိုလည်း ပြည့်စုံတဲ့ ဘဝ မဟုတ်ရှာရတဲ့အထဲ စကားမပြောတတ် နားမကြားနဲ့ဆိုတော့ ဖြစ်လာမှတော့ ရင်ဆိုင်ကြရမှာပဲ။ ကိုင်း – တရားတဘောင်လည်း မလုပ်ပါဘူး။ တာဝန်ယူရင် ပြီးပါတယ်။ ဒါ ကျုပ် အညှာတာဆုံးပြောတာ။ စစ်လို့ပေါ်ရင်တော့ ထောင်တန်းကျမယ့်ကိစ္စနော။ တာဝန်ရှိသူက လူဆန်ရပေမပေ့ါ။ ကျုပ်လုပ်တာကို လက်ခံရင်ပေ့ါဗျာ"

ဘဘိုးထီက သည့်ထက်ရှည်ရှည်ဝေးဝေး ပြောမနေတော့ပါဘူး။ ယောကျ်ားတွေကို ဆယ်ယောက်တစ်တွဲ၊ ဆယ်ယောက်တစ်တွဲ အောက်လင်းဓာတ်မီးရောင်အောက် လာရပ်ပြခိုင်းတယ်။ မဂေါက်စံက ယောကျ်ား တစ်ယောက်ချင်းကြည့်ပြီး လူရွေးရတာပါ။ ရွာထဲက ယောကျ်ားတစ်ယောက်မှ မကျန်ဘူး။ အသက်ငယ်ငယ် လူပျိုပေါက်ကနေ အသက်ရှစ်ဆယ်အထိ ပါတယ်။ မီးရောင်အောက် လာရပ်ပြရတဲ့သူတွေခမျာ မျက်နှာတောင် ဘယ်လိုထားရမှန်းမသိကြပါဘူး။ မဂေါက်စံက ခေါင်းရမ်းပြမှပဲ ဟင်းခနဲ သက်ပြင်းချပြီး တစ်ဘက်ပြေးကပ်ရတော့တာပါ။ မဂေါက်စံက တရားခံ

ရှာနေတာကို သိတယ်။ သူ့ဘက်က သေချာရတော့မယ်ဆိုတာကိုလည်း သိတယ်။ မျက်ရည်တွေကြားကပဲ အရှက်အကြောက်တွေကြားကပဲ တရားခံကို ရွေးပေးနေရရှာတယ်။

"အား ... အူး အူး"

ခေါင်းပေါင်းကြီး ခပ်အုပ်အုပ်ဆောင်းထားတဲ့ ကိုဖိုးတုတ်ရင်ဘတ်ကို မဂေါက်စံ လက်ညှိုးနဲ့ထောက်ထားလိုက်တော့တာပါ။ ကိုဖိုးတုတ်လက်ကို ဆွဲတဲ့ပြီး ဘဘိုးထီအိမ်ထဲ ခေါ်လာတယ်။ ကျန်တဲ့သူတွေကို ပြန်လွှတ်လိုက်တယ်။ မဂေါက်စံရဲ့ဗိုက်လက်သည်ဟာ ကိုဖိုးတုတ်ပဲလို့အဖြေပေါ်သွားပြီးနောက် ရွာရပ်က မဂေါက်စံနဲ့ကိုဖိုးတုတ်ကို အကြင်လင်မယားအဖြစ် အသိအမှတ်ပြုလိုက်ကြရတော့တာပဲ။ ရှိသမျှနဲ့မင်္ဂလာဆောင်ကြတယ်။ ကိုဖိုးတုတ် ဆိုတာက ကိုးကျင်းကိုးကျောင်း ထန်းသမား။ နောက်တော့ ဒေါ်ကျေးတို့အိမ်ကလေးမှာ ကိုဖိုးတုတ်ဟာ အိမ်သားအဖြစ် လူတစ်ယောက် တိုးလာခဲ့တော့တာပါ။ ဒါပေမဲ့ လူသာတိုးတာ မေတ္တာတိုးလာတာ မဟုတ်ပြန်ဘူး။

စကားမပြောတတ်တဲ့ အပျိုနုနုထွတ်ထွတ်ပေမယ့် မဂေါက်စံကတော့ ရှာတေလေ ကိုဖိုးတုတ်ကို လင်သားရယ်လို့ဖြစ်လာမှတော့ ကြင်နာရှာပါတယ်။ ကိုဖိုးတုတ် စားဖို့ သောက်ဖို့ ချက်ပြုတ်ကျွေးမွေးရှာတယ်။ ကိုဖိုးတုတ် ရေချိုးဖို့ရေငင်ပေးတယ်။ ကိုဖိုးတုတ် ညောင်းနေတယ်ထင်ရင် နင်းနှိပ်ပေးရှာတယ်။ ကိုဖိုးတုတ်ရဲ့အလုပ်က ခပ်ဝေးဝေးထန်းတောရွာတွေမှာ ထန်းချိုင်တဲ့အလုပ်ပါ။ ထန်းတက်သမားပြောပါတော့။ မနက်လင်းရင် ထန်းလိုးဓား ခါးကြားထိုးပြီး ထွက်သွားလိုက်တာ ညနေ နေဝင်ရီတရော ကျမှ ထန်းရည်မူးပြန်လာတတ်တယ်။ နေ့လယ်စာကို ထန်းရှင်က ကျွေးပေမယ့် ညစာကိုတော့ မဂေါက်စံတို့အိမ်မှာ စားတယ်။ ခါတိုင်း သားအမိနှစ်ယောက် ပဲပြုတ်ကလေး၊ ငပိဆားပြားကလေးနဲ့ပြီးပေမယ့် ကိုဖိုးတုတ်က မစားနိုင်လေတော့ မဂေါက်စံမှာ တောပြန်ဟင်းစားရှာဖွေပြီး ချက်ရတဲ့ အလုပ်ပိုတာတောင် အဖတ်တင်သေးတယ်။ ကိုဖိုးတုတ်က အပျိုရသကော

ရယ်လို့ ကြင်ကြင်နာနာမရှိဘဲ အောက်လင်းဓာတ်မီးရောင်အောက် တရားခံရှာယူခဲ့တာဆိုတော့ စိတ်ကလည်း နာပုံရတယ်။

ဒေါ်ကျေးကတော့ တစ်သက်လုံးက ရှူးရှူးပေါ်ပေါ်နေလာခဲ့တဲ့သမီး ကလေး လင့်တာဝန်တွေ ပိုလာတာမြင်ရတော့ စိတ်မကောင်းဖြစ်ရပြန် တယ်။ မဂေါက်စံမှာ မပေါ့မပါးကြီးနဲ့ဆိုတော့ သမီးလုပ်ရမယ့်အလုပ်ကို ဒေါ်ကျေးကဝင်လုပ်ရတယ်။ မမြင်ရသေးတဲ့ မြေးကလေးမျက်နှာရှိသေး တာကိုး။ ဒါပေမဲ့ ကိုဖိုးတုတ်ကတော့ မဂေါက်စံကို ရှိတယ်တောင် မအောက်မေ့ဘူး။ မူးဟယ်၊ ရမ်းဟယ်၊ သရန်းဟယ်နဲ့လုပ်တော့ ဒေါ်ကျေး ဝင်ပါရပြန်ရော။

"ဖိုးတုတ် … ငါ့သမီးမှာ စကားမပြောတတ်တာကလွဲရင် ဘာ အပြစ်မှမရှိဘူး။ နင်ရန်ရှာစရာမလိုဘူးဟဲ့ … လူယုတ်မာကောင်"

ကိုဖိုးတုတ်က လူယုတ်မာဆိုတဲ့စကားကို တော်တော်နာကျည်းသွား တယ်။ ယုတ်မာခဲ့သူပေမယ့် ယုတ်မာတယ်ပြောရင် ဘယ်ကြိုက်ပါ့မလဲ။

"ခင်ဗျားသမီး သောက်အ,ကို ကျုပ်က မပေါင်းချင်ဘဲ ပေါင်းနေရ သာကိုးဗျ"

"နင် သည်လိုမမိုက်ရိုင်းနဲ့"

"ရိုင်းတော့ ခင်ဗျားတို့က ဘယ့်နှယ်လုပ်ချင်သေးလို့တုန်း"

သမီးဇောနဲ့ ဒေါ်ကျေး ဒေါသထွက်ပြီး ရှိသမျှအားနဲ့ ဝင်လုံးတော့ တာပါပဲ။ သူ့နှာအုံကို ဖျင်းခနဲ အရိုက်ခံလိုက်ရတော့ ကိုဖိုးတုတ်က ဒေါ်ကျေးကို တွန်းလှဲပစ်လိုက်တယ်။ သူ့ကြောင့် အရှက်ကြီးရှက်နေရ ရှာတဲ့မအေကို စော်ကားလာတော့လည်း မဂေါက်စံ သွေးတွေ ဆူပွက်လာ တော့တာပါပဲ။ ကိုဖိုးတုတ်ရဲ့လက်မောင်းကို ဝင်ပြီး ခွေးဆိုးတစ်ကောင် လို မလွှတ်တမ်း ကိုက်ဆွဲတယ်။ အဲသည်ညက ကိုဖိုးတုတ်နဲ့ ဒေါ်ကျေး တို့သားအမိ ရန်ဖြစ်လိုက်၊ သတ်လိုက်ပုတ်လိုက်ကြတာ ပွက်ပွက်ဆူလို့။ ရွာကတော့ စိတ်မကောင်းကြဘူးပေါ့။ ကိုဖိုးတုတ်က သူ့ထန်းလှီးဓား ယူပြီး ထန်းတောတွေဘက် ထွက်သွားတယ်။ လက်မောင်းက အသား ဆိုတာ တစ်ကိုက်စာ ဟောက်ပက်ကြီးနဲ့။

 www.burmeseclassic.com 

မနက်လင်းတော့ အိမ်မှာ မဂေါက်စံ မရှိတော့ဘူး။ ရွာထဲမှာလည်း ရှာလို့မရဘူး။ ကြက်သွန်ခင်းတွေဘက်လည်း မရှိဘူး။ မဂေါက်စံ ပျောက်သွားတဲ့သတင်းက အစတော့ စိတ်ဝင်စားစရာ မရှိဘူး။ တစ်နေရာရာကို ထွက်သွားတာလောက် ထင်ကြတာပါ။ ဆွမ်းခံဝင်ချိန်လောက်ရောက်တော့ ယာခင်းစပ် နွားတွေလွှတ်တဲ့ နွားကျောင်းသားတစ်ယောက် ရွာထဲကို ကမူးရှူးထိုး ပြေးဝင်လာတယ်။

“မြောက်ကုန်းက သရက်ရိုင်းပင်ကြီးမှာ မဂေါက်စံ ကြိုးတန်းလန်း ကြီးနဲ့သေနေတယ်”

သည်သတင်းက ရွာထဲကို ကစုန်ဆိုင်း ဝင်လာတော့တာပါပဲ။ ဒေါ်ကျေးတစ်ယောက်လည်း မြေကြီးပေါ် ဗိုင်းခနဲ ပစ်လဲကျသွားတယ်။ ကိုဖိုးတုတ်ကတော့ ထန်းတောတွေထဲမှာ ထန်းရည်မူးနေလောက်ရောပေ့။ ရွာထဲကလူတွေအားလုံး ဗျိုးဟစ်စရာမလိုဘဲ သရက်ကုန်းမှာ စုပြီးသား ဖြစ်သွားတော့တယ်။ မဂေါက်စံကတော့ သရက်ရိုင်းပင်ကြီးမှာ ကြိုးတန်း လန်းနဲ့လူတွေကို နှုတ်ဆက်နေသလိုပါပဲ။ ခပ်လှမ်းလှမ်းက ထန်းပင်ကြီး နှစ်ပင်ကတော့ လူတွေကို ငုံ့ကြည့်လို့။

* * *

သည်အဖြစ်အပျက်တွေက ဆယ်လေးငါးနှစ်တောင် ကြာခဲ့ပါပြီ။ လည်ပင်းကြိုးကွင်းစွပ်ပြီး သရက်ပင်ပေါ်က ခုန်ချသေသွားတဲ့ မဂေါက်စံ ရဲ့အလောင်းကို ကြိုးဖြုတ်ပေးမယ့်သူတောင် မနည်းရှာကြရတယ်။ ဒါမျိုးက အထုံပါတတ်တယ်လို့ အယူရှိကြတာကိုး။ နောက် ကိုယ့်ရွာ ကိုယ့်မြေ မှာမြှုပ်ရင်လည်း ရွာခိုက်တတ်တယ်လို့ အစွဲရှိကြတော့ မဂေါက်စံရဲ့ အလောင်းကို ရွာနဲ့တမျှော်တခေါ်ကြီးဝေးတဲ့ ချောင်းရိုးကလေးကျော်ပြီး သင်္ဂြိုဟ်ကြရတယ်။ ဘဘိုးထီက ရွာက ထန်းရည်သမားတွေကို မူးအောင် တိုက်ပြီး သင်္ဂြိုဟ်ခိုင်းလိုက်တာနဲ့ ကိစ္စပြီးသွားရတော့တာပါ။

မပြီးဘဲ ကျန်နေရစ်တဲ့ကိစ္စကတော့ သည်သရက်ရိုင်းပင်ကြီး အသီး ‘အ’ သွားတဲ့အဖြစ်အပျက်ပါ။ သည့်အရင်က သရက်ရိုင်းပင်ဆိုပေမယ့်

BURMESE CLASSIC .com


အသီးတော့ သီးသေးတယ်။ အကင်းဘဝကတည်းက လေခြွေလို့ငှက်စာဆော်လို့ကုန်တာမျိုးတော့ရှိရဲ့။ အခုတော့ သရက်ရိုင်းပင်ကြီးက သီးကို မသီးတော့တာ။ တောထဲတောင်ထဲ အလေ့ကျပေါက်နေတဲ့ ပိုင်ရှင်မဲ့ အရိုင်းပင်ကြီးပေမယ့် သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ရာက အခုလို မသီးတော့ဘူးဆိုတာကလည်း လူတွေအတွက် ဇာတ်လမ်းဖြစ်လာပြန်တယ်။ မဂေါက်စံရဲ့အသက်မဲ့ခန္ဓာကိုယ်ကြီးက ရေကူးချောင်းခြား ရောက်သွားပေမယ့် ဝိညာဉ်က သရက်ရိုင်းပင်ကြီးမှာ ကပ်ကျန်ရစ်ခဲ့သလိုလို ပြောကြတယ်။

"အဲသာ – ဂေါက်စံ မကျွတ်လို့ဟဲ့။ ကိုယ်ဝန်ကြီးနဲ့အစိမ်းသေတာဆိုတော့ မကောင်းသူ မကောင်းသား ဖြစ်သွားရှာထင်ပါရဲ့။ သရက်ပင်က အသီးတွေ သူ စားစားပစ်တာနေမှာပေါ့။ သူကျွတ်မှပဲ သရက်သီးက သီးမှာ။ အမယ်လေး မဂေါက်စံသရက်ပင်ကြီးနား ယောင်လို့မှ မသွားကြနဲ့နော်"

ရွာက သည်လိုပြောကြ ဆိုကြလေတော့ အမေကျေးတစ်ယောက် သမီးရှိတဲ့ သရက်ပင်ကို ဝတ်မပျက်သွားပြီး အစာကျွေးရတယ်။ ဘုရားစာတရားစာရွတ်ပြီး အမျှအတန်းများ ဝေရတယ်။ နေ့စဉ်နေ့တိုင်း သရက်ပင်က အသီးသီးပြီလားလို့မမြင်မကန်း မျက်လုံးတွေနဲ့မော့မော့ကြည့်ရတယ်။ နှစ်တွေသာကြာရော သရက်သီး မသီးပါဘူး။ ဒါပေမဲ့ သရက်ပင်ကြီးကတော့ မဂေါက်စံသရက်ပင်လို့နာမည်ရသွားတော့တာပါပဲ။

"ဟော"

လက်ဆွဲခြင်းကလေးဆွဲပြီး ပြန်မယ်လုပ်တုန်း အမေကျေးရဲ့မျက်လုံးတွေက သရက်ပင်ကိုင်းတစ်ကိုင်းဆီ ရောက်သွားတယ်။ သရက်ကင်းကလေးတွေ တွေ့လိုက်မိလေသလားလို့ မျက်လုံးကို ပွတ်သပ်ကြည့်မိတယ်။ ဟုတ်ပါကော။ သီးကင်းခပ်ကြီးကြီးတွေပါ။ သေချာပါတယ်။ အမေကျေး မျက်လုံးမမှားလောက်ဘူးထင်ပါရဲ့။ မဂေါက်စံ ကြိုးဆွဲချ

www.burmeseclassic.com

သေသွားတဲ့ကိုင်းမှာ သရက်သီးကလေး သုံးလေးလုံး တွဲလွဲခိုလို့ အချိန်မဟုတ်၊ အခါမဟုတ် သီးနေတဲ့ အတီသီးကလေးကို အမေကျေး မျက်လုံးအခါခါပွတ်ကြည့်ရင်း ဝမ်းသာလွန်းလို့ ငိုတော့တာပဲ။

"ဂေါက်စံ ကျွတ်ပြီ"

မဂေါက်စံသရက်ပင်ကြီးက သရက်ကင်းတွေ တွေ့ပြီဆိုတာကလည်း သတင်းဖြစ်ရတော့တာပေါ့။ ရွာကလည်း ဂေါက်စံကလေး ကျွတ်ရှာပြီရယ်လို့ဝမ်းသာကြတယ်။ သည့်ထက်ဝမ်းသာစရာကောင်းတာက မဂေါက်စံသေကတည်းက ပျောက်သွားတဲ့ ကိုဖိုးတုတ်တစ်ယောက် ရွာပြန်ရောက်လာတာပါ။ မဂေါက်စံသရက်ပင်ကြီးနဲ့ သိပ်မဝေးတဲ့ အမေကျေးတို့ကြက်သွန်ခင်းကလေးထဲမှာ လယ်တွေ ဘာတွေများ ထွန်လိုက်လို့မောတော့လည်း သရက်ပင်ကြီးအောက် လာအိပ်လို့ ထန်းသမားဘဝကိုသူစွန့်လိုက်ပြီ။

မဂေါက်စံသရက်ပင်ကြီးသီးတော့မှ လူတွေက နားကြ ခိုကြ လှည်းတွေချွတ်ကြ။ နွားတွေလှန်ကြ။ နွားကျောင်းသားတွေ အိပ်ကြ။ ဒေါ်ကျေးက သားမက်ရှိရာ ယာတဲကို ထမင်းလာပို့တော့ ထန်းပင်ကြီးတွေက ငုံ့ကြည့်ကြလို့ မဂေါက်စံကျွတ်သွားပြီဆိုပေမယ့် မဂေါက်စံရဲ့နာမည်ကတော့ သရက်ပင်ကြီးနဲ့တွဲပြီးကျန်ရစ်ခဲ့လေရဲ့ လူတွေပါးစပ်ထဲ စွဲသွားပြီဆိုတော့လည်း ပျောက်ပျက်သွားဖို့က အခက်သားမဟုတ်လား။

**မဟေသီမဂ္ဂဇင်း။ ၂၀၀၃ ခုနှစ်၊ မေလ**

www.burmeseclassic.com

